



လောကကြီးသည်! ကာမဘောင်ကြီး ပေတည်းဟု

သန်းကြည်သည် မှန်ပဲ

## နွံအညစ်ဝယ်

လောကကြီးသည် ကာမဘောင်ကြီးပေတည်းဟု ဘုန်းဘုန်းဟောပြခဲ့သည်မှာ မှန်လှပါကလား...ဟု သန်းကြည် အောက်မေ့မိသည်။ ယောကျ်ား၊ မိန်းမအရွယ်အစားစား အတန်းစားအမျိုးမျိုးတို့သည် ကာမဘုံသားများဖြစ်သော နေရာ၌ ဂျပန်ကော်ရုပ်များ တခုနှင့်တခု မကွဲပြားသလို လုံးစေ့ပတ်စေ့ တူကြသည်တကား၊ ဩော်... ကာမဘောင်ကြီးမှာ လူဖြစ်လာရတာမို့လည်း ထမင်းဝဝ စားရတော့သကိုးဟု သန်းကြည်သည် တရားကျရာကပြောင်ချော်မိလေသည်။

သန်းကြည်သည် မှန်ထဲက ကိုယ့်ရုပ်ကိုငေးစိုက်၍ကြည့်မိပြန်၏။ ရှည်လျားသော ကိုယ်လုံးပေါ် မှန်ဘီလူးသည် တစ်တစ်ရစ်ရစ် အသားညိုညက်ညက် မိန်းမတယောက်ပုံကို ကိုးယိုကားယား ပြလေ၏။ သန်းကြည်သည် ကိုယ့်မျက်နှာကိုယ်ကြည့်လေ့ မရှိလှ။ ဘာကြောင့်ဆိုလျှင် မျက်နှာတယ်မလှသောကြောင့် ဖြစ်လေ၏။ မျက်နှာခပ်ဝိုင်းဝိုင်းလုံးလုံးမှာ နှာခေါင်းပါးစပ်၊ မျက်လုံးမျက်ခုံးတို့သည် တခုမှ လှတယ်ဟုမရှိ။ ကံမသဖြင့် အားလုံးစုလိုက်သော် အဆင်ပြေရှာသည်။ သန်းကြည်၏ ကိုယ်လုံးကိုယ်ထည်မှာ ကြွကြွရွရွတော့ အရှိသားပင်...၊ ကြော့ရှင်းသည် မဟုတ်သော်လည်း ဝတ်ပုံစားပုံကြောင့်လား၊ အနေအထိုင်ကြောင့်လားမသိ၊ စိတ်ထိခိုက်စရာတော့ ဖြစ်လေသည်။ အသားရောင်ကို ရှိသည့်အတိုင်းပြသော အော်ဂန်ဒီ များများပဒုမ္မာအင်္ကျီကို မိုက်မှဘော်လီချိတ်ထိုးထားတာ ပေါ်အော် တိုတိုဝတ်သည်။ အင်္ကျီမှာ ကျပ်လည်းကျပ်လေရာ၊ ကြယ်သီးကို ဆွဲတပ်လိုက်သော် ကန့်လန့်အစင်းအရစ်များ စီရီလာသည်။ ရင်ဘတ် ကြယ်သီး တလုံးကိုမူကား မတပ်ဘဲထားလိုလှရာ ရင်ဖုံးသည် ဝ တခြမ်းလိုကွေးကာ ဟနေလေသည်။

သန်းကြည်၏အလှမှာ ထိုမျှပင်ရှိသည်။ သူမ၌ ကြီးမားကြမ်းတမ်းသော လက်များခြေများ ရှိသည်။ လက်ချောင်းများကား အရစ်ရစ်တွန့်၍ ပုတိုသည်။ လက်သည်းများသည် အဖျားကား၍ ပက်ပြဲဖြစ်နေသည်။ ခြေချောင်းများမူကား အင်မတန်ညိုမဲကာ သနပ်ခါးကြောင်းများအုပ်ကာ ပြားပပ် ပြန့်ကျဲလျက်ရှိသည်။ သန့်ရှင်းခြင်းလည်းမရှိ၊ သို့သော်... သန်းကြည်သည် ဒါတွေကို ဂရုမစိုက်ချေ။

သန်းကြည်အဖို့ အလှကို တန်ဖိုးထားခြင်းမရှိ။ သူမ၌ ကာမဂုဏ် သစ္စာတရားတခုသာ ရှိလေသည်။ သန်းကြည်သည် ကြေးစား၍ ယောကျ်ားတကကနှင့် အိပ်သော မိန်းမတယောက်မျှသာ ဖြစ်လေသည်။ သူမ၌ ကိုယ်ခန္ဓာရှိလျှင် တော်ပေပြီ။

မိမိကို ထမင်းကျွေးသော ကိုယ်ခန္ဓာကို သန်းကြည်သည် မှန်ထဲမှနေ၍ ကြည့်မဝတော့ချေ။ တနေကုန် အိပ်ထားသဖြင့် တွန့်ကြေသော အင်္ကျီကို ဆွဲဆန့်သည်။ အနီနှင့် အဝါပွင့်များခြယ်သော လင်မရစ်လုံချည်ကို ပြင်၍ ကိုယ့်ဓလေ့အတိုင်း ဘိုသီဘတ်သီ ဝတ်သည်။ ခါးသေးသဖြင့်သာ မချောကျခြင်းဖြစ်လေ၏။ ထို့နောက် သန်းကြည်သည် ခေါင်းဖြီးစပြုလေသည်။

အပြင်၌ မိုးသည်ဖွဲနေ၏။ မိုးသံကို နားထောင်ရသည်မှာ ပျင်းစရာပင်၊ ဘဝမှာ ထူးထူးခြားခြားဘာမှ မရှိ၊ ထပ်တလဲလဲ ဖြစ်နေတာများကိုသာ တွေ့ရသည်။ ရုပ်ရှင်၊ ပြဇာတ်များကိုလည်း သိပ်မကြည့်ချင်တော့ချေ၊ ပိုက်ဆံလည်း ကုန်လှသောကြောင့်ပေတည်း။ ရှာရခက်သောငွေကို စုရမည်။ စုနိုင်မှ သည်အတိုင်း ငြိမ်ငြိမ်နေသွားနိုင်မည်။

ခေါင်းဖြီးပြီးသော် သန်းကြည်သည်ငိုင်နေပြန်သည်။ အိပ်ရေးဝဝနှင့် ငိုင်ရခြင်းမှာ စည်းစိမ်ရှိလှ၏။ စိတ်သည်လေးလေးပင်ပင်နှင့် ဟိုသည်ကို ရောက်လာသည်။ အိမ်နီးချင်းများအကြောင်း၊ ညနေ ထမင်းချက်ဖို့အကြောင်း၊ မနက်ဖြန် ဆူးလေဘုရားပွဲတော်မှ ကြည့်ချင်ပွဲ သွားရမည့်အကြောင်း။

သန်းကြည်သည် အိမ်ရှေ့အိမ်ကိုကြည့်မိသည်။ ငြိမ်ချက်သားကောင်းလှသည်။ တံခါးများလည်း ပွင့်နေသည်။ အိမ်ရှေ့အိမ်၌ ယောကျ်ားချည်းလေးယောက်နေသည်။ အသက်အကြီးဆုံး ဖြစ်ဟန်တူသော အသက်သုံးဆယ်ရွယ်လူမှာ ကိုတင်လှအမည်ရှိ ရုံးဝန်ထောက်ဖြစ်သည်။ သူ့ကိုယ်သူ လူပျိုဟုပြောကာ ရှုပ်ပွေရမ်ကားလှသော လူပေတည်း။ သို့သော် အမြင်ကပ်စရာ မာနကြီးလှသည်။ သန်းကြည်က ပြုံး၍မှ ပြန်မပြုံးချင်သော ခွေးမျိုးကြီးပင်၊ အရက်သောက်လျှင်လည်း လုံချည်မနိုင်အောင် သောက်တတ်သည်။ သူနှင့်တွဲသော ကောင်မများမှာ ငယ်ငယ်လှလှနှင့် အင်္ဂလိပ်စကားတတ်ကြတာ တွေ့ရသည်။ သို့သော်လည်း တလှည့် အခန့်မသင့်လျှင်တော့ မိမိကိုကြို့ရဦးမည်ဟု သန်းကြည်က ထင်စားထားလေသည်။ သည်တော့မှ လက်စားချေရမည်။

ကိုလှတင်ထက် နည်းနည်းငယ်ပုံရသော ရခိုင်ကြီးမှာ လူအေးကြီးပင်၊ သူ့နာမည်က စံထွန်းလှကျော်ဆိုလား၊ ကျော်ထွန်းလှစံဆိုလား၊ စံလှထွန်းကျော်ဆိုလား။ ရှေ့နောက်ညီညီ မမှတ်တတ်ပါပြီ။ ရုံးလိုက်သည်မှာ ထင်းတုံးကြီးအတိုင်းဟု သန်းကြည်ကဥပမာထားသည်။ လူအိုပမာ ငြိမ်းချမ်းသူဖြစ်သော်လည်း သည်လူသာလူပျို အစစ်ဟု လည်ပတ်သော သန်းကြည်ကသိသည်။ သူ့ကိုတော့ သန်းကြည်သည် ဘယ်လိုမှစိတ်မထား၊ အဖက်လည်းမလုပ်ချေ။ သူဘာအလုပ်လုပ်သည်ဆိုတာတောင် မသိ။

အသက်အစိတ်ခန့်ရှိ အသားညိုညို၊ စုတ်ချွန်းချွန်းသေးသေးကွေးကွေးလူကား သန်းကြည်နှင့် ရင်းနီးသော ကောလိပ်ကျောင်းသားအောင်ခင် ဖြစ်လေသည်။ အောင်ခင်ကို သန်းကြည် အံ့သြသည်။ ကျောင်းသားဆိုပြီး ကျောင်းမှန်မှန်တက်သည်လည်း မရှိ၊ စာမေးပွဲလည်း အင်မတန် ဖြေခဲသည်၊ ဖြေလျှင်လည်း အောင်ခဲသည်။ အဝတ်အစားကိုလည်း ဂရုမစိုက်၊ ဘန်ကောက် လုံချည်ဝတ်သော်လည်း အဖို့တန်မှန်းမသိ၊ ခေါင်းကလည်း ပွယောင်းယောင်းနှင့်၊ မျက်နှာက လက်လည်းမရှိသည့် ပူစီကလေးလိုနေသော်လည်း သေသေချာချာများကြည့်လျှင် တဖွတ်ထိုးမိုက်မဲဟန်ကလေးကို နှုတ်ခမ်းထောင့်များမှာ၊ မျက်နက်ဆန်များမှာ၊ နဖူးရေများမှာ တွေ့ရသည်။ အောင်ခင်ကြောင့် ယခုတလော ပိုက်ဆံရှုပ်ရသည်။ သူသည် သန်းကြည်ကို အလုပ်ပြီးပြီးသသ မဆက်ဆံချေ။ အလကားနေရင်းနှင့် တဆယ်ငါးကျပ် ပေးလျှင်ပေးသည်။

ပင်နစ်စလင်ဖိုးကြောင့် သူပိုက်ဆံမရှိသည့်အခါမူကား သန်းကြည်သည်အကြွေးစာရင်းနှင့် မှတ်တတ်သည်။ အောင်ခင်ကမူ ဘာမှ သတိမူပုံမရှိ၊ သူအလိုရှိလျှင် တံခါးလာခေါက်တတ်သည်။ အလိုမရှိလျှင် မျက်နှာထား ခပ်ကြီးကြီးနှင့် မှုန်ကုပ်ကုပ် လုပ်တတ်သည်၊ ဘာပဲဖြစ်ဖြစ် အောင်ခင်ကလေးတော့ ဘုန်းတန်ခိုးကြီးလို့ အသက်ရှည်ပါစေ။

ကျန်တယောက်မူကား တယောကျော် ကိုမောင်မောင်ပင်ဖြစ်သည်။ ကိုမောင်မောင်မှာ မိန်းမနှင့်ကလေးများကို အညာမှာထားခဲ့ပြီး ရန်ကုန်မှာသောင်တင်နေသောလူဖြစ်လေသည်။ ကိုမောင်မောင်သည် အငြိမ်မနေနိုင်သော လက်ချောင်းများနှင့်အတူ မွေးဖွားလာသည်။ သူ့လက်ချောင်းများသည် တယောထိုးတံနှင့် သံကြိုးများကို မကလိရလျှင် ဖဲချပ်များကို တဖျတ်ဖျတ် လှန်တတ်သည်။ တရေးနိုးထပြီး တီးဆိုလျှင် တီးဆိုသည်။ အိမ်ရှေ့ပြတင်းပေါက်နှင့် ကပ်နေသော သူ့အိပ်ရာပေါ်၌ ပက်လက်ကြီးလှဲကာ ဖဲချပ်များကို မှတ်လျှင်မှတ်နေသည်။ ကိုမောင်မောင်ကား လူချောပင်။ သူသည် သန်းကြည်ကို စွဲမက်သော မျက်လုံးများနှင့် ကြည့်ရှုသာ ကြည့်တတ်သည်။ ပြီးတော့လည်း ဘာမှ မလုပ်ရားချေ။ သူ့သွေးများသည် ရေခဲသာသာပင် နွေးမည်ထင်ရသည်။ သည်လိုပင်စွဲမက်သော မျက်လုံးများနှင့် ကြည့်ကြည့်နေကာ ကြည့်ကြည့်နေရင်းဖြင့်သာ အဆုံးသတ်သည်။ သန်းကြည်က ကြိုးစားပါ၏။ သို့သော် သူသည် ဘယ်တော့မှ တံခါးလာမခေါက်ချေ။

သူတို့နှင့်သိရသည်မှာ အောင်ခင်မှတဆင့် ဖြစ်လေ၏။ သန်းကြည်သည် သူတို့အားလုံးကို မိမိထက် အင်မတန် အထက်တန်းကျသည်ဟုထင်ကာ သိပ်ပြီး မရဲလှချေ။ ဘာပဲဖြစ်ဖြစ် တခါသော အခါ၌မူကား... ယောကျ်ားဟူသော ဆန့်ကျင်ဘက် လိင်၏ အရိပ်အရောင်များကို သူတို့၌ အားတက်စရာ မြင်ရသည်။ စင်စစ်သော မိန်းမတယောက်ဖြစ်သော မိမိကိုသူတို့သည် အလိုရှိကြသည်ကို သူမ တွေ့ရလေသည်။ ရခိုင်ကြီးသည်ပင် မရိုးသောအချိန်ကို တွေ့သည်။ ကိုမောင်မောင်လည်း ပူနွေးလာသည်ကို တွေ့သည်။ ကိုယ်ယုံကြည်သော တံခါးလေးတွေ ကိုယ်စီပတ်ထားကြတာသာရှိသည်။ သန်းကြည်သည် အောင်ခင်ကလေးကို အံ့သြပြန်သည်။ ထို့နောက်ကား သူမ၏ သစ္စာတရားအတိုင်းပင် လောကကြီးသည် ကာမဘောင်ကြီးပေတည်း။

"အော်... ထမင်းအိုး တယ်ရပါဦးမယ်..."ဟု သန်းကြည်ညည်းကာ မှန်ရှေ့မှခွာသည်။ မီးဖိုချောင်သို့ရောက်သော် မနက်က ဟင်းများ နံနေသည်ကိုတွေ့ရသည်။ လင်တော်မောင် ပြန်လာလျှင် ဟင်းမရှိရကောင်းလားဟု ဆူပွက်ဦးမည်၊ ဈေးဝယ်ရမှာလည်း ပိုက်ဆံနမြောမြောရှိလေရာ၊ သန်းကြည်သည် ငံပြာရည်ချက်ကလေးတခွက် ချက်ရန်ပြင်လေသည်။

ထို့ကြောင့် ငရုတ်သီးထောင်းရသည်၊ ကြက်သွန်လှီးရသည်၊ ပုစွန်ခြောက် ထောင်းရသည်။ အားလုံးပြီး၍ ချက်တော့မည်ပြင်တော့ ဆီမရှိချေ။

သန်းကြည်သည် တခွန်းဆဲလိုက်ပြီး သတိရလာသည်။ ဟိုဘက်အိမ်မှ ဒေါ်လေးထံ သွားဝယ်မည်။

ဟိုဘက်အိမ်က ဒေါ်လေးဆိုသည်မှာ ဘယ်သူဟူ၍ ပြောရမည်မှာ ရာဇဝင်နှင့် ချီပြီးပြောမှ ရှင်းမည်။ ဒေါ်လေးသည် ဟိုဘက်အိမ်မှ တရုတ်လင်မယားအိမ်တွင် အိမ်တွင်း စီမံခန့်ခွဲသော မိန်းမဖြစ်လေသည်။ ဒေါ်လေးသည် အိမ်ရှင်တရုတ်၏ ကိုယ်လုပ်တော်လည်းဖြစ်သေးလေရာ၊ အသားဖြူစပ်စပ် သားကလေးတယောက် မွေးပေးပြီးသည်နှင့် အိမ်နောက်ဖေး၌ သူမ၏သြဇာ လုံးလုံးသက်ရောက်သွားသည်။ သို့သော်လည်း ပိုက်ဆံမကိုင်ရချေ။ ထိုအခါ ကိုင်ရသော ဆီ၊ မုံ့ညင်းချဉ်၊ ကြက်သွန်ဥ၊ ပဲငံပြာရည်တို့ကို ပိုက်ဆံဖြစ်အောင် ကြံသည်။

သန်းကြည်သည် "ဒေါ်လေးရေ... ဆီတမူးဖိုးလောက် ပေးပါဦး"ဟု အော်လိုက်သည်။ သည်အချိန်ဆိုလျှင် တရုတ်လင်မယား အိမ်ပြန်မရောက်သေးရာ၊ ခုလို အော်ရဲသည်။

အပြင်၌ မိုးသည်တိတ်လေပြီ။

သန်းကြည်၏ ယောက်ျား ကိုမြမောင် ပြန်လာလေပြီ။

ကိုမြမောင်သည် အလွန်အေး၍ စကားနည်းသော လင်ပေတည်း။ သူကို ယုယလည်း ဂရုမစိုက်အဖက်မလုပ်၍လည်း ဝမ်းမနည်းချေ။ သူသည် အလုပ်နှင့်လက် မပြဲသော လူပေတည်း၊ ယခုတလအတွင်းတော့ မြူနီစပယ်မှ အမှိုက်ကျုံးသော ကားကိုမောင်းသည်။ ဘယ်တော့ လူသွားလမ်းပေါ်တက်မောင်းပြီး အလုပ်ပြုတ်မည်လဲမသိ၊ ကိုမြမောင်သည် အလုပ်မျိုးစုံကို စပ်စပ်တတ်သည်။ သို့သော် ဘယ်ဟာကိုမှ ကျကျနနမတတ်ချေ။ သန်းကြည်၏ ၁၅ကျပ်ပေးရသော လက်ပတ်နာရီကလေး နဂိုချည့်ချည့်နဲ့နဲ့ကို ပြင်ပေးမလိုနှင့် လျှောက်ဖြုတ်ရာ၊ ပြန်မတပ်တတ်တော့ဘဲ သည်တိုင်းပစ်ထားရသည်။

အကျင့်စာရိတ္တနှင့် ပတ်သက်လျှင်တော့ သန်းကြည်သည် သူ့မလင်ကို အင်မတန်အထင်ကြီးသည်။ ကိုမြမောင်သည် အရက်လည်း သောက်တတ်သည်၊ ကုတ်ကင်းလည်း ပွတ်တတ်သည်။ ဖဲလည်းရိုက်တတ်၊ မြင်းလည်းလောင်းတတ်၊ ကိုးမီးလည်း ကစားတတ်၊ ဘာမှမတတ်တာမရှိ။ ခါးပိုက်နှိုက်တောင် တတ်သည်။ သို့သော် သူသည် ဘာကိုမှ စွဲစွဲမြဲမြဲမလုပ်ချေ။ သူတို့လင်မယားသည် အင်မတန် ရန်ဖြစ်ခဲသည်။ ကိုမြမောင်သည် ညဉ့်မှန်မှန်ပြန်အိပ်သော လင်ဖြစ်သည်။ သန်းကြည်၏ ဒေ့သည်လာလျှင် အလိုက်သိစွာ မီးဖိုချောင်၌ သွားထိုင်တတ်သည်။ အလုပ်ကိစ္စနှင့် သန်းကြည်အိမ်ပြန်နောက်ကျလျှင် မညည်းမညူ သန်းခေါင်သန်းလွဲ တံခါးဖွင့်ပေးတတ်သည်။

သည်လိုလင်မျိုးနှင့် ဘယ်မယားက ရန်ဖြစ်မည်လဲ။

တခုသာရှိသည်။ ကိုမြမောင်သည် ပိုက်ဆံအလွန်သုံးသောသူဖြစ်၏။ သူ့ကို မရအရ ဖောအောင်ရှာပေးရလေသည်။ သူဘယ်လို သုံးသည် ဆိုတာတော့... သန်းကြည်အဖို့ မေးကောင်းသော အရာမဟုတ်ချေ။ မေးလျှင် သူတို့ရန်ဖြစ်လေတော့သည်။

ယခုလည်း စကားတလုံးမှ မပြောဖြစ်ဘဲ၊ ထမင်းစား၍ ပြီးသွားလေပြီ။

သန်းကြည်ကသာ တွတ်တွတ်ပြောသည်။ ထမီ ဘိန်းစားရုတ်သွားသည့် အကြောင်း၊ ဟိုဘက်အိမ်က အောင်သွယ်ဒေါ်မြအိမ်မှာ သမီးရည်းစားနှစ်ယောက် ချိန်းတွေ့သည့်အကြောင်း၊ နံရံပျဉ်ပြားကို လွန်ပူနှင့်ဖောက်ပြီး ချောင်းကြည့်တာ ဘာမြင်ရကြောင်း၊ ကိုမြမောင်ကတော့ "အင်း...အင်း"ဟု လေးလေးကြီး လိုက်ကာ ထမင်းစားပြီးသည်နှင့် ရုပ်အင်္ကျီအိတ်ထဲက ကွာစိများကို တစိပြီးတစိကိုက်သည်။

"ကိုမြမောင်"ဟု သန်းကြည်က ထမင်းပွဲသိမ်းရင်း ခေါ်သည်။

"ဟေ"ဟု သူကထူးသည်။

"မနက်ကလေ သိလား"ဟု သန်းကြည်က ပြောသည်။

"အင်း"ဟု သူကဖြေသည်။

"ဟိုဘက် အစွန်ဆုံးက ကောင်မဖြူဖြူဟာလေ... ဟိုညနေညနေ ဘော်လီမပါဘဲ သရက်ထည် အင်္ကျီတထပ်ထဲ ဝတ်ဝတ်ပြီး လမ်းသလားတဲ့ ကောင်မလေးသိတယ်မှတ်လား"

ကိုမြမောင်က မကြားသလို နေလေသည်။

"အဲဒါ ဆိုက်ကားစီးလာပြီး သူ့အိမ်ထဲ ကုပ်ပြီး တံခါးပိတ်နေတာကိုး၊ ဆိုက်ကားသမားက တက်လိုက်လာပြီး ပိုက်ဆံတောင်းတော့ ဘယ်ရှာတွေ့တော့မတုန်း၊ ကျုပ်ကိုမေးတော့ အမြင်ကပ်ကပ်နဲ့ လက်ညှိုးထိုးပြလိုက်တာ... အဟိ..."

သန်းကြည်နှင့် "ကောင်မဖြူဖြူ"မှာ ပြိုင်ဘက်များပေတည်း။

"မင်းကလဲကွာ"ဟု ကိုမြမောင်က နောက်ကျပြီးမှဟန့်သည်။

"အို... ဘာလဲ ... မတရားသဖြင့်"

"မင်းကော... မလုပ်ဖူးဘူး"

"အမယ် ကျုပ်က ပိုက်ဆံမပါမှ လုပ်တာပါတော်"

သန်းကြည်တို့ ရစ်အိမ်တွဲ နှစ်ထပ်တန်းလျားမှာ နောက်ဖေးမှ လှေခါး ဟိုဘက်စွန်းတခု၊ သည်ဘက်စွန်းတခု တပ်ကာ အလည်မှ စကြံရှည်ဖြင့် သွယ်ကာထားရာ၊ အိမ်ခန်းပေါက်တိုင်းကို နောက်ဖေးချောင်မှဝင်ရသည်။ ဘယ်အိမ်ပေါက်ကို ဝင်လိုသူမဆို ဟိုဘက်လမ်းလှေကားမှသော်လည်းကောင်း၊ သည်ဘက်လမ်း လှေကားမှသော်လည်းကောင်း တက်ရမည်။ လှေကားမှ တက်ပြီးသော် ဝင်လိုရာ အိမ်ပေါက်ကို ဝင်ပြီးသည်နှင့် ပျောက်လေရာ၊ ဆိုက်ကားသမားသည် လှေကားမှတတ်လိုက်လာသော်လည်း ဘယ်အိမ်ခန်းကိုဝင်၍ ပိုက်ဆံတောင်းရမှန်းမသိတော့ချေ။

"အခုလေ... ဟိုဘက်လမ်းက လူတွေကပါ ကျုပ်တို့လမ်းမှာ လာဆိုက်ပြီး ဒီဘက်လှေကားကတက်၊ ဟိုဘက်လှေကားက ဆင်းသွားရောတော့။ သည်လိုချည်း လုပ်နေတယ်၊ ခုကျုပ်တို့ ဆိုက်ကားစီးချင်လို့တောင် စီးလို့မရဘူး၊ သွားမယ့်လမ်းပြောလိုက်ရင် မလိုက်တော့ဘူးရှင့်"

သည်လိုနှင့် တညနေကုန်သည်။ မှောင်ရီလာသော် သန်းကြည်သည် ဖယောင်းတိုင် နှစ်ဆယ့်ငါးတိုင်အား မီးပွင့်ပြာကလေးကို ထွန်းသည်။ သူတို့အိမ်ခန်းကလေးသည် ပြာလဲ့မှောင်ဝေကလေး ဖြစ်နေသည်။ ညဥ့်၏ အဆင်သည် လျို့ဝှက်နက်နဲလာသည်။ ဆန်းကြယ်လာသည်။ သန်းကြည်သည် ပျော်၏၊ ကျေနပ်၏။ ဆေးပေါ့လိပ်တိုတိုကို ကြွက်လျှောက်ပေါ်မှ လှမ်းယူကာ မီးညှိသည်။

အပြင်လမ်းထိပ်မှ ညဈေးတန်း၏ အသံဗလံသည် ဝေ့၍လာသည်။

သန်းကြည်သည် အပြင်ထွက်ချင်စိတ်ပေါက်လာလေသည်။ လူသူတွေထဲမှာ ရောပြီး လျှောက်ချင်သည်။ မျက်စိသည့် ပြုံးကျယ်ကာ ထက်မြက်သည်။

"လမ်းလျှောက်ရအောင်တော်"

"အိပ်ချင်တယ်ကွာ..."ဟု ပြော၏။ ကိုမြမောင်သည် အိပ်ရာသို့ ဝင်သည်။

"ကိုးနာရီတောင် မထိုးသေးဘူး"

သန်းကြည်သည် အိမ်ရှေ့ပြတင်းမှ ငေးနေသည်။ အိမ်ရှေ့ကိုလှတင်တို့အိမ်၌ မီးအလွန်လင်းနေသည်။ ခါတိုင်းထက်ပင် ဆူညံဆူညံလုပ်နေကြသည်။ ကိုမောင်မောင်သည်ပင် လက်အလကား အားနေပြီး စကားဝိုင်းထဲဝင်လျက် ရှိသည်။ ရခိုင်ကြီးကမူ ခပ်ငြိမ်ငြိမ်ပင်၊ ယောက်ျားအားလုံးတို့၏ မျက်နှာအမူအရာကို မျက်စိကောင်းသော သန်းကြည်သည် စေ့စေ့ငှ မြင်လေ၏။ "ကိုအောင်ခင် ကလေးကော... ဘယ်ရောက်နေပါလိမ့်"

သန်းကြည်၏ စပ်စုစိတ်သည် ကြွလာကာ ဘာဖြစ်သလဲဆိုတာ သိချင်လာသည်။ သူတို့ ခါတိုင်းလို စကားငြင်းကြတာမဟုတ်။ ရန်ဖြစ်ကြတာ မဟုတ်။ ဟော... ကိုလှတင်ကြီး၏ တိုင်းသံကို ကြားရပြန်သည်။

သန်းကြည်သည် ကိုမြမောင်ကို ငဲ့ကြည့်သည်။ လင်လုပ်သူမှာ အိပ်ရာပေါ် မှောက်လျက်ကြီးလှဲလျက် ငြိမ်နေသည်။ သူ့လက်များ၌ စီးကရက်တလိပ် မီးမညှိရသေးဘဲ ညှပ်လျက်ရှိသည်။

"ကျုပ် အိမ်ရှေ့အိမ် သွားလိုက်ဦးမယ်။ ဘာဖြစ်ကြတယ် မသိဘူး၊ ကိုအောင်ခင်များ ဓားထိုးခံရသလား မသိဘူး"ဟု ပြောပြောဆိုဆို နောက်ဘေး ဘုံလှေကားမှ ဆင်းခဲ့သည်။

အိမ်တန်းလျား၏ အောက်ခန်းများကား တချို့ပိတ်လေပြီ၊ ဖိနပ်ချုပ်ဆိုင်နှင့် စာပုံနှိပ်စက် နှစ်ခန်းတွဲများသာ မီးထိန်ကာ အလုပ်လုပ်လျက်ရှိသည်။ သန်းကြည်သည် ညရိပ်နှင့် မီးရောင်များကိုဖြတ်ကာ ခဏလေးနှင့်ရောက်ခဲ့သည်။

သည်အိမ်ကို ကိုအောင်ခင် အကြောင်းပြု၍ ခုလိုဆင်ခြေရှာတွေသည် အခါတော့ လာရဲသည်။ သန်းကြည်သည် သူမရှိသမျှ အသိဉာဏ်ဖြင့် မျက်နှာလို မျက်နှာရ အမူအရာကိုပြုကာ "ဘာလုပ်နေကြလဲ...ဟင်"ဟု မရဲတရဲမေးသည်။ သူမသည် ကောင်းကောင်းလည်း မရယ်ရွှင်ပြုံ့ရာ စပ်ဖြဲဖြဲဖြစ်နေသည်။

ကိုလှတင်သည် ဘာမျှမပြော...၊ စိတ်ညစ်ဟန်ဖြင့် သန်းကြည်ကို အဖက်မတန် ဟန်ပြဖို့ရာတောင် မေ့ပြီး ငေးကြည့်နေသည်။ ကိုမောင်မောင်က လက်ဖဝါးများ အချင်းချင်းပွတ်ကာ ရပ်နေလေသည်။ ရခိုင်ကြီးက ခပ်ဆိုင်းဆိုင်းနှင့် "ဘာမှမလုပ်ပါဘူး။ အကောင်ကလေး မူးလာလို့"ဟု ပြောသည်။

သန်းကြည်မှာ စိတ်ပူသွားပြီး "အော်... ကိုအောင်ခင့်နယ်နော်"ဟု ရေရွတ်ကာ ရှေ့သို့တိုးလာ၏။

အကောင်ကလေးကမူ မူးလဲနေတာ အမှန်ပင်၊ ပါးစပ်မှ အန်ဖတ်များလည်း ရင်ဘတ်ပေါ် ပေနေသည်။ တဟင်းဟင်းညည်းကာ "မူးတယ် ...မူးတယ်"ဟု အော်လေသည်။ စကားတွေလည်း မပီမသ များနေသည်။ သို့သော် ကိုအောင်ခင်ကလေး မဟုတ်ချေ။

ကောင်ကလေးမှာ အောင်ခင်ထက်ပင် ငယ်ပုံရသေး၏။ ဩော်... ကလေးကလေးမှ ကလေးကလေးပါပဲ။ သူ့အမေများမြင်ရင် ဘယ်နယ်နေပါ့မယ်...။ သန်းကြည်သည် ရင်ဆို့မိသည်။ သည်လိုမြင်ကွင်းမျိုးမှာ သူမအဖို့ ရိုးလှပြီဖြစ်သော်လည်း သည်လောက် ငယ်ရွယ်မွန်ရည်သူကလေးမျိုး ဖြစ်နေပုံတော့ မတွေ့ဘူးချေ။
"ခွေးမသားလေး"ဟု ကိုလှတင်က ဆဲသည်။

"ကဲ...သူ့ပစ္စည်းတွေ ကျတော်သွားယူခဲ့မယ်"ဟု ရခိုင်ကြီးကဆိုသည်။

ကိုကိုမောင်က ကောင်ကလေးခေါင်းကိုထူကာ "ဟေ့ ဝင်းမောင် ဝင်းမောင်"ဟု ခေါ်လေသည်။

သန်းကြည်သည် ဘာမှန်းမသိသော်လည်း ကူညီဖို့အသင့်ရှိနေသည်။ "ဝင်းမောင်လေး"ဟု စိတ်ထဲကရွတ်သည်။ မိန်းမကလေးလို လှပချောမွတ်သော မျက်နှာကလေးကို ချစ်သည်။ ဝင်းမောင်လေး။

သို့လျှင် အိမ်ရှေ့အိမ်၌ လူတယောက်တိုးလာသည်။ သန်းကြည်သည် အိမ်ရှေ့ပြတင်းပေါက်မှာချည်းနေသည်။ ဝင်းမောင်ကတော့ သူမကို ဂရုမစိုက်ချေ။ မျက်လုံးချင်းများဆုံလျှင် ပြုံးပြလိုက်မည် ကြံသည်။ သန်းကြည်သည် စိတ်အနည်းငယ် တည်ငြိမ်သည်။ ညစ်လည်း ညစ်ညူးသည်။ ဝင်းမောင်၏ သန့်ရှင်းသော ကလေးငယ်လို မျက်နှာကလေးကို မြင်လျှင် ကိုယ့်မှာ အပြစ်တွေ ပုံနေသလို ခံစားမိသည်။

ဝင်းမောင်၏အကြောင်းကို ရသမျှ စုံစမ်းလေရာ သူမသည် ကိုအောင်ခင်ကလေးကို ကပ်ရပေသည်။ သို့သော် သူက တယ်မပြောချင် "ခင်ဗျား ကောင်လေးကို မမြူနဲ့နော်"ဟု ရက်ရက်စက်စက်ပြောသေးသည်။ ပြီးတော ငွေငါးကျပ်ပေးသည်။

သန်းကြည်သည် ရင်ထဲက နာလေသည်။ ရင်နာနာနှင့်ပင် ကောင်လေးကို စိတ်ဝင်စားမြဲရှိလေသည်။

လင်သည်ကိုလည်း ပါးစပ်မငြိမ် ပြောမိသည်။ "ကိုမြမောင်ရေ အဲဒီကောင်လေးဟာ ဘယ်ကပါလိမ့်...ဟင်၊ သူဌေးသားကလေးနဲ့တူတယ်၊ ပိုးလုံချည် ခါးကမချဘူး" ကိုမြမောင်က မျက်လုံးလှန်ကြည့်သည်။ သန်းကြည်သည် အနည်းငယ်တုန်သွားသည်။

"ဒီကောင်လေးတော့ ပျက်စီးပါလိမ့်မယ်၊ ဟိုကကောင်တွေနဲ့ပေါင်းရင်"ဟု ပူပန်သည်။ ကောင်လေးသည် အောင်ခင်နှင့်တွဲပြီး ထွက်တတ်လာသည်။ သန်းကြည်သည် စိတ်မသက်သာတော့ချေ။ သူမသည် အခွင့်အရေးကိုရှာသည်။ ထို့ကြောင့် တနေ့တော့ တွေ့သည်။

"ကျမတို့အိမ် လာလယ်ပါ၊ နေ့လည်နေ့ခင်း ပျင်းရင်လေ၊ ကိုအောင်ခင်တို့နဲ့ ခင်ပါတယ်"ဟု သူမပြော၏။ သန်းကြည်၏အသံသည် အက်လှသည်။ ပြီးတော့မျက်နှာသည် ညိုတဝက် ပြုံးတဝက်ရှိသည်။ ဝင်းမောင်က ပထမမျက်မှောင်ကုတ်သည်။ ထို့နောက်တမျိုးပြုံးနှင့် "မသန်းကြည်ဆိုတာလား"ဟု မေးလေသည်။ သန်းကြည်သည် ကမန်းကတန်း ခေါင်းညိတ်၏။ သူမ ဝမ်းသာရမလား၊ ဝမ်းနည်းရမလားမသိ။

"ကျွန်တော် အိမ်မလယ်တတ်ပါဘူး"

ဆယ့်လေးငါးရက် ကြာသော် သန်းကြည်သည် မနေနိုင် မထိုင်နိုင်နှင့် ဝမ်းမောင်တို့အိမ်သို့ကူးရန် ရမယ်ရှာပြန်သည်။ ဝမ်းမောင်ကို နီးနီးကပ်ကပ်မတွေ့ရလျှင် မနေနိုင်တော့ဘူးဟာလားကွယ်၊ ခက်သည်။ သန်းကြည်သည် မနက်က စီစဉ်ထားသည့်အတိုင်းဈေးကဝယ်လာသည့်

ကောက်ညှင်းထုပ်လို ကျစ်ကျစ်ထုပ်ထားသော ပုစွန်ချဉ်ထုပ်ကို ပန်းကန်ဖြူဖြူ ရှာ၍ပြင်သည်။ ပါးပါးလှီးသော ကြက်သွန်ကို ရေနာနာဆေး၍ အပေါ်မှအုပ်၏။ မိုးမျှော် ငရုတ်သီးကို အနီအစိမ်းမျှ၍ လှီးထည့်၏။ ငရုတ်သီးခြောက် ထောင်းလည်းထည့်၏။ အပေါ်မှ ဆီရွှဲရွှဲဆမ်းလိုက်ပြီး ခြေလန်နေပြန်လေ၏။

သို့သော်လည်း ရောက်ခဲ့သည်။ "ဖျာပုံက ကျမအမက ပို့လိုက်တယ်၊ စားကြည့်စမ်းပါ သိပ်ကောင်းတာပဲ"ဟု သူမသည် ဝင်းမောင်၏မျက်နှာကို မဝံ့မရဲကြည့်၍ ပြောလေသည်။ ဝင်းမောင်ကနားမလည်သလို "ဖျာ"ဟုပြော၏။ "အင်း...အင်း"ဟု မခံ့လေးစားပြောပြီး ယူထားသည်။ သန်းကြည်က ယောက်လည်လည်နှင့်နေသေး တာကိုပင် ထိုင်ပါမပြော။

ပြန်လာပြီးဝမ်းနည်း၏။ သို့သော်လည်း သန်းကြည်သည် အိမ်ရှေ့အိမ်မှ ရောယှက်ထွေးရှုပ်လာသော အသံများထဲမှာ ခပ်ညှပ်ညှပ်နှင့် စကားဆတ်ဆတ်ပြောတတ်သော ဝမ်းမောင့်အသံကို နားထောင်ရင်းသာ အလုပ်လုပ်သည်။

ခုတလော သန်းကြည်သည် ပိုက်ဆံကြပ်သည်။ သူမသည် ညဥ့်ဈေးတန်းကို သိပ်မလျှောက်ဖြစ်၊ အင်္ကျီကို သပ်သပ်ရပ်ရပ် ဝတ်သည်။ အောင်ခင်ပေးသော ပိုက်ဆံနှင့်လောက်အောင်နေသည်။ တနေ့က ဆိုလျှင် ပိုက်ဆံတမူးထဲ ကျန်တော့ရာ ကိုမြမောင်၏ အပေါင်းအဖော်များနှင့် ပိုကာနိုင်အောင်ဒေါင်း၍ ပိုက်ဆံဖြစ်အောင် လုပ်ရသည်။

ကိုမြမောင်သည် ညည်းညူလာသည်။ "ဟော့... မင်းမှာ ပိုက်ဆံမရှိဘူးလား" ထို့နောက် ပြုံးစေ့စေ့နှင့်

"ဟိုသူဌေးသားကောင်လေးက မင်းကို တယ်ကြည့်ပါလားကွ" သန်းကြည်သည် အကြီးအကျယ် စိတ်ဆိုးသည်။ ဆောင့်၍ အောင့်၍ ထသွားသည်။ "လောကကြီးဟာ ဒုက္ခဘောင်ကြီးပါကလား"ဟု ဘုန်းဘုန်း၏ ဆုံးမစကားတခွန်းကို ကိုးကားမိပြန်လေ၏။

အမှန်ပင် ဝင်းမောင်သည် သူမကို ကြည့်နေလေသည်။ သူ၏ သိမ်မွေ့သော မျက်လုံးထဲတွင် အထင်အမြင်သေးသောဟန်ကို တွေ့သည်။ သန်းကြည်သည် ထိုမျက်လုံးများ၏ အကြည့်ကို မီးလိုပူသည်။ "မင်းကို ငါမမြူပါဘူးကွယ်၊ ဘယ့်နဲ့လဲ ကိုအောင်ခင်" သို့သော် ကိုအောင်ခင်သည် သူမကို အလွန်မျက်မုန်းကျိုးဟန် ပြုလာသည်။ "ခင်ဗျားကြီး ကောင်လေးကို အရောဝင်ထား သလား"ဟု မေးလာသည်။ သန်းကြည်သည် ဘာမှမဖြေတော့ချေ။

သန်းကြည်သည် လဆုတ်ခြောက်ရက် ညဥ့်အိမ်ရှေ့ပြတင်း၌ ငိုင်နေပြန်၏။ အိမ်ရှေ့အိမ်၌ ခါတိုင်းလိုမီးလင်း၏။ အောင်ခင်နှင့် ဝင်းမောင်နှစ်ယောက်ထဲ ရှိဟန်တူသည်။ သူတို့သည် ရန်ဖြစ်နေကြသည်။ တခါတခါ စကားလုံးတောင် ကွဲတော့မလိုဖြစ်သည်။ ထို့နောက် ငြိမ်သွားပြီး ဝင်းမောင်၏ ထူးထူးဆန်းဆန်း ကျယ်လောင်သော အသံကိုကြားရ၏။

"အချစ် လောကကြီးဟာ အဆင်မပြေ၊

အချစ်ရဲ့ ဖူးစာနတ်က

သူလှည့်ပတ်ကာ ထပ်ကာသာ ဂြိုလ်မွှေ"

"ကောင်လေး မူးနေပြီ"ဟု သန်းကြည်ပြောမိ၏။ သူမသည် စိတ်ထိခိုက်နေသည်။ အိမ်ရှေ့အိမ်မှမီး ဖြုတ်ကနဲ ငြိမ်းသွား၏။ သူတို့ အိပ်ကြတော့မလား။ မှောင်ထဲမှ သူတို့လှေကားမှ ဆင်းလာသည်ကို ခပ်ဖြူဖြူတွေ့ရ၏။ အိမ်ဘေးဆီသို့လျှောက်ပြီး တိုက်ရိပ်က ကွယ်လိုက်၏။ ဘယ်သွားကြတာပါလိမ့်ဟု တွေး၍ မဆုံးမီ မီးဖိုချောင်မှ တံခါးခေါက်သံကြားသည်။

ငွေပြတ်၍ စိတ်ညစ်နေသော ကိုမြမောင်က အပြေးကလေးထ၍ တံခါးဖွင့်သည်။

သန်းကြည်သည် အိမ်ရှေ့သို့ရောက်လာသော အောင်ခင်နှင့် ဝင်းမောင်ကိုကြည့်၍ ထိတ်၏။

"ကဲ... မချော ဟောဒီမှာ"ဟု အောင်ခင်က ဒေါသသံနှင့် ဝင်းမောင်ကို မေးငေါ့ပြ၏။ ဝင်းမောင်၏ မျက်နှာမှာ အရက်ကြောင့်လား၊ အရှက်ကြောင့်လား မသိ နီနေ၏။ မျက်လုံးများကား ပူလောင်၏။ သန်းကြည်သည် ဟစ်၍ ငိုလိုက်ချင်၏။ ပူလောင်သော မျက်လုံးများကို အစုံတွေ့ခဲ့ဖူးလေပြီ။ မရေတွက် နိုင်လေပြီ။ သို့သော် ဝင်းမောင်လေးထံမှာတော့ မတွေ့ပါရစေနဲ့။

ဆုတောင်းဆိုသည်မှာ အလကားပင်။ ဘယ်တော့မှမပြည့်။ ဝင်းမောင်သည် အောင်ခင်ကို တိုးတိုးပြော၏။ အောင်ခင်က "ခွေးမသား"ဟု ဆဲပြီး ထွက်သွားသည်။ ကိုမြမောင် ထွက်သွားသဖြင့် ပွင့်နေသော တံခါးမှ ဆင်းသွားသံကို ကြားလိုက်၏။

"တံခါးသွားပိတ်ချေပါ"ဟု ဝင်းမောင်က မောဟိုက်သော လေသံနှင့်ပြောလေ၏။

သန်းကြည်သည် ငြိမ်လျက်နေပေ၏။ ဖယောင်းတိုင်နှစ်ဆယ့်ငါးတိုင်အားသည် အလွန်ပင်လင်းနေ၏။ အိမ်ဦးခန်းမှာ မဟာမြတ်မုနိပုံတော်သည် ရွှေခြည်မှုံများနှင့်လက်နေလေ၏။ သန်းကြည်သည် စစ်ကိုင်းချောင်ကို သတိရနေလေသည်။

"တံခါးပိတ်ချေပါလေ"

သန်းကြည်သည် ခေါင်းငုံ့၍ "မပိတ်နိုင်ဘူးကွယ်"ဟု ဖြေးညှင်းစွာပြောလေသည်။

"အလို... ဘာဖြစ်တာတုန်း"

"ကျမ နေမကောင်းဘူး"ဟု သန်းကြည်သည် ပြောမိပြောရာ ပြော၏။

ဝင်းမောင်သည် ခဏမျှ တိတ်ဆိတ်၏။ ထို့နောက် တချက်ရယ်ကာ "ဘယ်လောက် လိုချင်သလဲ"ဟု မေးလေ၏။

"ကျမ ပိုက်ဆံရှိသားပဲ"ဟု ဒေါသနှင့်ပြော၏။ စင်စစ်တော့ နစ်ကျပ်ပြည့်အောင် မရှိချေ။ ဝင်းမောင်ကိုပါးရိုက်လိုက်ချင်၏။ ဆဲရေးတိုင်းထွာ လိုက်ချင်၏။ သည်လိုလုပ်၍ ကောင်ကလေးများငိုလျှင် ချော့ပြီးသိပ်လိုက်မည်။ သားငယ်လေးလို ပုခက်လွှဲလိုက်မည်။

သို့သော် သန်းကြည်  ဘာမှမလုပ်ရဲချေ။ ေးစင်းသော မျက်လုံးများနှင့် ကြည့်ကာ "ဖာသယ်ဆီကို ရှင်ဘာဖြစ်လို့ လာချင်တာလဲ"ဟု မပွင့်တပွင့်ပြော၏။

ဝင်းမောင်သည် ရုတ်တရက်နားမလည်ချေ။ နားလည်သည့်အခါ စက်ရုပ်ကြီးလို ခဏတောင့်သွား၏။ ရှက်သွား၏။ စိတ်ဆိုးသွား၏။ နောက်ဆုံးတော့ ပျော့ခွေသွားကာ "နွဲ့. နွဲ့"ဟု တကိုယ်တည်း စွဲလမ်းသော နာမည်ကို တသည်။

သန်းကြည်၏ေးစင်းသော မျက်လုံးများသည် အသက်ဝင်လာသော ဝင်းမောင်မရှိတော့ချေ။

ကိုမြမောင်နှင့် မိုးလင်းလင်းချင်း ရန်ဖြစ်ရသည်။

"မင့်လင်ကလေးမို့ ပိုက်ဆံမယူလိုက်တာလား"ဟု ဆဲသည်။

"ပိုက်ဆံလိုချင်ရင် ကျုပ်ရှာပေးပါမယ်ရှင်... ကိုအောင်ခင်ဆီက ခုလိုချင်ခုရပါတယ်"ဟု သန်းကြည်ကအော်၏။

ကိုမြမောင်၏ မျက်နှာ၌ အဓိပ္ပာယ်ကို ဖမ်းမိဟန်ပေါ်လာ၏။

ချက်ခြင်းပင် မကောင်းကြံဟန်သို့ ပြောင်းကာ "မဟုတ်ဘူး မင်း ဒီကောင်လေးဆီက ပိုက်ဆံကိုရအောင်ယူရမယ်။ မဟုတ်ရင် မင်းနဲ့ငါတော့ အသိပဲ"ဟု ကြိမ်း၏။

"ကောင်ကလေးပိုက်ဆံကို တသက်မထိဘူး။ ကျုပ်ကိုလည်း တသက် သူမထိရဘူး"

ကိုမြမောင်သည် အလွန်ဒေါသကြီးလာကာ သန်းကြည်ကို ရိုက်နက်လေ၏။ သန်းကြည်သည်ငြိမ်၍သာ ခံလေသည်။ ယောင်ပြီး တတောင်နှင့် ခံတွတ်မိသည်ကိုပင် ထိန်းချုပ်ထားသည်။ "သတ်လိုက် သတ်လိုက်"ဟု ဒေါသပြေအောင် အော်မိသည်။

အိမ်၌ တယောက်ထဲကျန်ခဲ့သော သန်းကြည်သည် ရေမချိုး၊ ခေါင်းမဖြီးဘဲ အိမ်ရှေ့၌ ထိုင်သည်။ ရှိသမျှကို ကိုမြမောင် ယူသွားလေပြီ။ "လောကကြီးမှာ ငွေ... ကွ... ငွေ"ဟု သူကပြောခဲ့သည်။ သန်းကြည်ကတော့ ဂရုမစိုက်။ ဝမ်းပိုက်ထဲမှာ ဆာလောင်လျက်ရှိသည်။ လေထနေသည်။ ဘယ်နစ်နာရီရှိပြီလဲ၊ ညနေတော့ စောင်းပြီ။

အိမ်ရှေ့အိမ်၌ ငြိမ်နေသည်။ ဝင်းမောင်ကို ရိပ်ကနဲ ရိပ်ကနဲတွေ့ရ၏။ အလုပ်များနေသလိုပင်။ ကိုမောင်မောင်၏ တယောထိုးသံကို တကျွီကျွီကြားရသည်။ ကိုလှတင်နှင့် ရခိုင်ကြီးတော့ မရှိကြချေ။

ကိုအောင်ခင်သည် အိမ်ရှေ့သို့လာရပ်ကာ လိုလိုချင်ချင်ပြုံးပြလေသည်။

သန်းကြည်သည် ဘာမှမသိဘဲ ရမ်းပြီး ဝမ်းသာပြုံး ပြုံးရသည်။

တနာရီခန့် ကြာလျှင် ကားတစီး ဆိုက်လာသည်။ ကောင်ကလေးတွေ အများကြီးပါလာသည်။ ဆူညံဆူညံနှင့် ဝင်းမောင်နာမည်ကို ခေါ်ကြသည်။ အထုပ်အပိုးများကို အိမ်ပေါ်ကချသည်။ ထို့နောက် ဝင်းမောင် ဆင်းလာလေရာ သန်းကြည်သည် ရင်ဒိတ်ကနဲခုန်မိသည်။

ဝင်းမောင်သည် လှမ်းမော်၍မကြည့်။ ရင့်အိုသောမျက်နှာထားနှင့် ကားထဲဝင်ထိုင်လိုက်သည်တွင် သန်းကြည်သည်ကားနံပါတ်ကို မှတ်လိုက်ရသည်။

အောင်ခင်က အိမ်ပေါ်ပြန်ရောက်နေပြီး "ဗျို့… မသန်းကြည်"ဟု အော်နေလေ၏။ ထို့နောက် အူရှင်စွာ စပ်ဖြဲဖြဲနှင့် သီချင်းဆိုလေ၏။ "လောကကြီးမှာ… လူလာဖြစ်တာ…၊ သေရဖို့ရယ်… နေရဖို့ရယ်… တကယ် သည်နှစ်လမ်း သေရဖို့ မဟုတ်ဘူးနော်"ဟု သူ့ကိုယ်သူ ဆိုရင်း သတိပေးနေသေး၏။

သန်းကြည်သည် ငေးနေလေ၏။ စိတ်ဆွေးမြေ့၏။ ကိုယ်လက်များ အရိုက်ခံထားရ၍ နာနေ၏။ အူတကြုတ်ကြုတ် မြည်နေ၏။ လက်ထဲ၌ ခြူးပြားပင်မကပ်။ မျက်ရည်များ အေးစိမ့်၍ ကျလာ၏။ အပ်ပျောက်မြေကျ ရှာမရသောကြောင့် ရင်ဟာ၏။ အသဲကွဲတယ်ဆိုတာ ဒါပါပဲ။ မဲ့ပြုံးပြုံးကာ "လောကကြီးမှာ ငါဘာဖြစ်လို့ လူလာဖြစ်ပါလိမ့်"ဟု မေးမိ၏။ သို့မေးရသော်လည်း သူမ၏ မျက်ရည်များသည် အမြဲတမ်းပူလောင်လေ့ရှိကာ သည်တခါသာ အေးစိမ့်၍ ကျရသည့်အတွက် ကျေနပ်မိလေသည် ။ ။

— ကြည်အေး

(ရှုမဝမဂ္ဂဇင်း)

## ရာသီမိုး

## (၁)

လေးငါးရက် ကြာခဲ့ပြီ ဖြစ်သော်လည်း အေးအေးသည် ရှက်ကြောက်၍ မပြီးနိုင်ဘဲရှိသည်။ ရင်ကလည်းခုန်ပါဘိ၊ စာကျက်ရင်း၊ ထမင်းစားရင်း၊ စကားပြောရင်းက အမေ့ပြောစကားများကို ပြုန်းခနဲသတိရတတ်သည်။ မျက်နှာကလေး ရဲရဲသွားအောင် ရှက်တတ်သည်။ အတန်းထဲက ကောင်မကလေးများကပင် "အေးအေး ဘာဖြစ်လို့လဲဟင်..."ဟု မေးကြသည်။ အေးအေးသည် ငေးပြီး ဘာမှမပြောဘဲ ရှက်၍သာ နေသည်။

အမေ့ပြောစကားမှာ စင်စစ်တော့ ဆန်းလှသည်မဟုတ်။ မိန်းမအဖြစ်နှင့်မွေးဖွားလာသော လူသတ္တဝါတိုင်း အရွယ်ရောက်စ၌ မိခင်ထံက ကြားရမည့် စကားပင်တည်း။

လွန်ခဲ့သော သောကြာနေ့မနက်က အေးအေးသည် ခါတိုင်းထက်အိပ်ရာထ နောက်ကျသည်။ အိမ်ဘေးက သူငယ်ချင်းမကလေးများနှင့် ပုံပြောတမ်းကစားကြရာ တစ္ဆေပုံရောက်သွားသောကြောင့် ကြောက်လည်းကြောက်၊ ကြိုက်လည်းကြိုက်ဖြစ်ကာ ညဥ့်နက်သွားကြသောကြောင့်ပင် ဖြစ်လေ၏။ ထိုညက လအလွန်သာသည်။ ထုပ်ဆီးတိုးတမ်းတော့ မကစားရတော့ပြီ၊ အမေသည် အေးအေးကိုညတိုင်း လမ်းမထွက်ခွင့် မပေးတော့ချေ။ အမေ့အကြောင်းပြချက်မှာ "အေးအေး ညည်းကလေးမဟုတ်တော့ဘူး"ဟူ၏။

"ကလေးမဟုတ်တော့ဘူး"ဟု ပြောတာလောက် မကြိုက်တာမရှိဘူးထင်သည်။ သို့သော်လည်း အေးအေးသည် လိမ္မာချင်သောသမီးဖြစ်လေရာ အမေ့စကားကို မကျေနပ်လှသော်လည်း လမ်းမ မဆင်းတော့ချေ။ ထို့ကြောင့် သူငယ်ချင်းမကလေးများက အေးအေး၏အိမ်ကို လာကြရ၏။ ကတမ်း၊ ခုန်တမ်း ကစားရ၏။ ထမင်းလက်သုပ် ရောင်းကြရ၏။ ပုံပြောကြရ၏။ အေးအေးကိုယ်၌ကလည်း တယ်ပြီး ခုန်ပေါက်ပြေးလွှားချင်လှသည်ဟု မရှိတော့ချေ။ အေးအေးသည် စိတ်ကူးယဥ်လာလေသည်။ မိမိ၏ ပုံပြောအလှည့်ရောက်သော် ကိုယ့်ဒဏ္ဍာရီကိုယ်ဖာသာထွင်ယူ မိလေ၏။ အေးအေး၏ပုံထဲက ဇာတ်လိုက်မှာ ဥစ္စာစောင့်ဘဝက ဝင်စားလာသော 'မမိုးသူ' ဖြစ်လေ၏။ မမိုးသူဟူသော အမည်မှာ အေးအေး၏ အဖွားနာမည်ပင်တည်း။ အေးအေးသည် ကြားဖူးနားဝနှင့် ဖြီးကာဖျန်းကာနေလေ၏။ လူဝင်စားမကလေးသည် မွေးမွေးခြင်း "အကိုကြီးရေ"ဟု တလုံးပီပီသသ အော်လိုက်သည်။ လသာသောညတိုင်း မာလကာပင်အောက်မှာထိုင်ပြီး ငိုတတ်သည်။ ပယောဂဆရာနှင့် အစွဲချွတ်ပြန်တော့ အကိုကြီး ဥစ္စာစောင့်နှင့်လည်း မခွဲချင်၊ လူ့ဘဝက မိဘများနှင့်လည်း ချစ်ခင်နေ၍ အလွမ်းဇာတ်စလေတော့သည်။ အေးအေးသည် ကိုယ့်ပုံမှာကိုယ်တိုင်ဇာတ်လိုက်ဖြစ်ကာ ငိုတရှိုက်ရှိုက်ပင် ဖြစ်လုမခန်း ရှိလေ၏။

အိပ်ပျော်တော့တောင် အေးအေးသည် ဥစ္စာစောင့်အိပ်မက်များကိုဆက်၍ မက်နေသေး၏။ အိပ်မက်ထဲ၌ ဥစ္စာစောင့် အကိုကြီးမှာ ကိုကိုမောင်ဆွေဖြစ်နေသည်။ ကိုကိုမောင်ဆွေသည် အေးအေးမှာထားသော ယင်ငန်သီးများကို အမေတို့ အဖေတို့ မသိအောင်ဖွက်၍ ယူလာသည်။ မိုးလင်း၍ အိပ်ယာမှ နိုးသော် နေရောင်သည်အတော်ပင် ဝင်းဝါလျက်ရှိပေပြီ။ အဖေတောင် ကမ်းနားလမ်းကုန်တိုက်သို့ ထွက်သွားပြီဖြစ်လေသည်။ အေးအေးသည် အလွန်အိုက်နေသည်။ အင်္ကျီကို ကမန်းကတန်းချွတ်ပစ်ကာ ရေချိုးခန်းသို့ ပြေးဝင်သည်။ ရေချိုးပြီးမှာ အပြင်၌ထွက်ကာ သွားတိုက်နေလေ၏။

အမေက ထမင်းဟင်း ချက်ပြုတ်နေရာက ဖြုန်းကနဲရပ်လိုက်ကာ အေးအေးကိုစိုက်ကြည့်သည်။ ကြာတော့ မနေတတ် မထိုင်တတ်ပင်ဖြစ်လာသည်။ အမေသည် သည်လိုပင်မျက်တောင်မခတ်ကြည့်တတ်သည်။ ညအိပ်ယာဝင်ပြီဆိုလျှင် အေးအေးသည် အမေနှင့်မျက်နှာချင်းဆိုင်ပြီး နေချင်သော်လည်း အမြဲကျောပေးပြီး အိပ်ရသည်။ ဒါမှ အိပ်ပျော်သည်။ သို့မဟုတ်လျှင် အမေက တစေ့စေ့ကြည့်နေတတ်ရာကား နေမထိထိုင်မသာနှင့် အိပ်မပျော်တော့ချေ။

ယခုတလော ကြည့်ပုံကတော့ ပို၍ပင် စိတ်ညစ်စရာကောင်းသေးသည်။ အမေ့အကြည့်ထဲတွင် အပြစ်ဆိုချင်ဟန် ဆူပူချင်ဟန်များကို တွေ့ရသလိုလို ထင်မိသည်။ အေးအေးသည် အပြစ်မရှိပါဘဲ အပြစ်ရှိသလိုဖြစ်ကာ မလုံမလဲရှိလှသည်။

အမေက ပထမဆူပြီး အစပျိုးသည်မှာ "ရေချိုးပြီးမှ သွားတိုက်ရသလားအေ့... ထမင်းစားပြီးမှပဲ တိုက်ပါတော့အေ..."

တကယ်တော့ အမေသည် ဒါကိုအရေးတကြီးထား၍ပြောချင်တာမဟုတ်ဟု အေးအေးသိလေသည်။ အေးအေးသည် ဘာမှပြန်မပြောဘဲ သွားတိုက်မြဲတိုက်နေသည်။

"အေးအေးနော်...."ဟုအမေက ချော့သံလိုလို ငေါက်သံလိုလို မဝေခွဲတတ်သော အသံနေအသံထားနှင့်ပြောသည်။ "အေးအေးနော် ညည်းမငယ်တော့ဘူး၊ ကလေးမှ မဟုတ်ဘဲ..." ထို့နောက် အမေသည် မျက်နှာကို တဖက်လွှဲကာ "ရေချိုးတဲ့အခါ ထမီကို ရင်ရှားရတယ်အေ့"ဟုပြောလိုက်လေရာ အေးအေးနားထဲ၌ အမြောက်ဆယ်လုံး တပြိုင်ထဲ ပစ်လိုက်သလို အလန့်တကြား မြည်ဟီးသွားလေ၏။

အေးအေးသည် ယောင်ကမ်းကမ်းနှင့်သွားဆက်တိုက်လိုက်သေး၏။ ထို့နောက် ဘာမှမပြောဘဲ မိမိအိပ်ယာသို့ ပြန်ပြေးခဲ့လေသည်။ ရှက်လိုက်တာ၊ ရှက်လိုက်တာ အမေ့ကိုစိတ်ဆိုးချင်သလိုလိုပင်၊ ဘာဖြစ်လို့ သည်လိုပြောရပါလိမ့်၊ ငါဘာသာငါလုပ်မှာပေါ့...၊ ငါသိသားပဲဟာ၊ သို့သော်လည်း အမှန်မှာ အေးအေးသည် ထဘီရင်ရှား ဝတ်ဖို့တခါမှ စိတ်မကူးမိသေးချေ။

စိတ်ကိုတင်းပြီး ထမင်းစားသော်လည်း မမြိန်ရှက်ချေ။ ထို့ကြောင့် ကျောင်းသို့ စောစောထွက်ခဲ့ရ၏။ အေးအေးကို ယခုကျောင်းသို့ တယောက်ထဲမလွှတ်တော့ပြီ။ တအိမ်ကျော်က ကိုကိုမောင်ဆွေကို သွားစောင့်ရ၏။ ကိုကိုမောင်ဆွေက ကျောင်းအထိ လိုက်ပို့ပြီးမှ သူ့ရုံးသို့သူဆက်၍ သွားလေ၏။

ကိုကိုမောင်ဆွေ၏ အိမ်သို့ရောက်သော် အေးအေးသည် ခါတိုင်းလိုပျော်ရွှင်စိတ်နှင့် လှမ်းပြီးမအော်ခေါ်မိချေ။ အိမ်ရှေ့လှေကားမှာ ခပ်ငေးငေးထိုင်မိ၏။ ရှက်စိတ်များဝေနေ၏။ ဘာကြောင့်သည်လောက် ရှက်နေသလဲတော့မသိ၊ အရင်တုန်းကဆိုလျှင် ရှက်လျှင်ငိုပစ်လိုက်သည်။ ယခုတော့ ငိုလည်းမငိုချင်ပေ။ ဖျားသလို တကိုယ်လုံး ပူနေလေသည်။ ထိတ်လန့်ခြင်းလည်းဖြစ်လေသည်။

ကိုကိုမောင်ဆွေကတောင် ပြောရသည် "ဟော့... မိအေး နေမကောင်းဘူးလား။ မျက်နှာတွေ အမ်းနေသလိုလို" ကိုကိုမောင်ဆွေသည် နဖူးကို ခပ်ဖိဖိလာ၍စမ်း၏။ ထို့နောက် အေးအေး၏ နဖူးပေါ်ကဖွေ့ပိုကလေးကို ရစ်ဝေ့၍ပေါက်သော ဆံပင် လိမ်လိမ်ကွေ့ကွေ့ကလေးများကို ချစ်စနိုးသပ်၍ ပေးလေ၏။

သည်တော့မှ ငိုချင်လာ၏။ အားလည်းရှိလာလိုက်သေး၏။ ကိုကိုမောင်ဆွေ၏ လက်ဖဝါးများမှာ နွေးထွေးလှသည်။ အရွယ်ရောက်သော ယောကျာ်းလက်မို့မှာ၍ ကြမ်းသော်လည်း ဖိကပ်ပြီး နေလိုက်ချင်၏။ အေးအေးသည် မျက်ရည်စများနှင့် မော့၍ ကြည့်၏။ ကိုကိုမောင်ဆွေ၏ လက်ချောင်းများကြားမှ သူ့မျက်နှာကို တမြောင်းစီမြင်ရသည်။ သိပ်ချောတာပဲဟုထင်၏။ မိန်းမထဲမှာတော့ အေးအေးတို့အတန်းကို အင်္ဂလိပ်စာပြသော ဆရာမလေးသည် အချောဆုံးပင်။

အေးအေးသည် မိမိလည်းချောရင် ကောင်းမှာပဲ၊ ချောသလာမသိဟု တွေးမိ၏။ ကိုကိုမောင်ဆွေ၏ လက်ချောင်းများကို ဖယ်ရှားပစ်ပြီး ပြုန်းကနဲ ပြေးထွက်သွား၏။ ဘုရားစင်အောက်မှာ ချိတ်ထားသော မှန်ကိုခြေဖျားထောက်ပြီး ကြည့်လေ၏။ မှန်ထဲတွင် မျက်နှာတခုလုံး ရဲရဲနီသော ကလေးလည်းမဟုတ်၊ လူကြီးလည်း မပီသေးသည့် မိန်းမငယ်တစ်ယောက်ကို မြင်ရလေ၏။

"အောင်မယ်... အပျိုက မှန်ကြိုက်တတ်လာပြီ"ဟု ကိုကိုမောင်ဆွေက နောက်သည်။ သူအင်မတန်စတတ်သည်။ စည်းကမ်းမရှိသောစကားမျိုးကိုလည်း ပြောလေ့ရှိသည်။ သူ့စကားများမှာ အမေတို့ပြောစကားများနှင့် ကန့်လန့်ချည်းဖြစ်လေသည်။ သို့သော် ကိုကိုမောင်ဆွေက ဘာပြောပြော အေးအေးမရှက်၊ ဂရုလည်းမစိုက်၊ အမိပ္ပာယ်လည်း မကောက်၊ ရယ်ကာသာ နေသည်။ ကိုကိုမောင်ဆွေကြီးကိုချစ်သည်။

နစ်ယောက်သားကျောင်းသို့သွားသော် အေးအေးသည် ခါတိုင်းထက်ပျော်သလိုလို စိတ်လှုပ်ရှားနေလေသည်။ ပုခုံးပေါ်လာတင်သော သူ့လက်ကိုပဲ သဘောကျနေသည်။ ပါးပြင်ကိုဆွဲယူပြီးမျက်နှာအပ်ကာ နမ်းလိုက်ချင်သည်။ စင်စစ်တော့ ကိုကိုမောင်ဆွေသည်

အေးအေး၏မိတ်ဆွေကောင်းကြီးပေတည်း။ အေးအေးမှာ ပြောစရာတွေလည်းရှိ၊ အမေ့ကိုလည်းမပြောရဲဖြစ်နေသည့်အခါ ကိုကိုမောင်ဆွေကိုပြောရသည်။ အမေတို့မကြိုက်သော ရုပ်ရှင်အကြောင်း၊ သီချင်းအကြောင်း၊ ဝတ္ထုမဂ္ဂဇင်းအကြောင်းများကို သူနှင့်ပြောရသည်။ သူငယ်ချင်းများနှင့်မခေါ်သည့်အခါမျိုး၌ကား "အမယ်လေး... ကိုကိုမောင်ဆွေ ရှိပေလို့၊ နို့မဟုတ်ရင် သိပ်ပျင်းမှာ၊ သူတို့ကို ငါကချည်း စစခေါ်နေရမှာ"ဟု တွေးပြီး ကျေးဇူးတင်တတ်သည်။

အိမ်မှုဆိုလျှင် ဘာမှမလွှတ်လပ်ချေ။ အမေက နေရာတကာပါလွန်းသည်။ အခုတလောဆို ရက်တာကလည်းတမျိုးနှင့် ဘယ်လိုနေရမှန်းမသိချေ။ အိမ်မှာစကားပေါ့ စကားပျက်ပြောလို့မရ။ သီချင်းကျယ်ကျယ်ဆိုလျှင်တောင် ယခုမကြိုက်ချင်ကြတော့ပြီ။ မနက်အိပ်ယာကထ၍ ရေချိုးလျှင် စိတ်ဒုက္ခတမျိုးဖြစ်သည်။ အမေ့စကားကို နားလည်းထောင်ချင်၏။ ဂွတိုက်ပြီး လုပ်ချင်စိတ်လည်း ထူးထူးဆန်းဆန်းပေါ်ပေါက်လာတတ်သေးသည်။ သို့သော် အမေကွယ်ရာပင်ဖြစ်စေဦးတော့ အေးအေးသည် စိတ်တမျိုးဖြစ်ကာ ဝမ်းကွဲအမ အပျိုကြီးများဟန်ကို အတုခိုးကာနေမိလေတော့သည်။ ထမီကို ခြေသလုံးသားကလေး ပေါ်ရုံသာလုန်ကာ သေသေသပ်သပ် ဆပ်ပြာတိုက်သည်။ ရင်မှာဝတ်ထားရသဖြင့် ကျပ်တတ်တတ်နေသော်လည်း စောင်ခြုံထားရသလို စိတ်လုံခြုံလျက် ရှိနေလေတော့သည်။ မျက်နှာကိုဆပ်ပြာတိုက်ရင်း လူကြီးများလုပ်သလို မျက်လုံးဖွင့်စမ်းသည်။ အရင်ကဆိုလျှင် ရေအထပ်ထပ်လောင်းပြီးမှ မျက်စိဖွင့်ရဲသည်။ ကံကောင်းချင်တော့ ဆပ်ပြာမြှုပ်များသည် မျက်လုံးထဲသို့ မဝင်ဘဲနေကြရာ အေးအေးသည် ကျေနပ်သွားပြီး နောက်နောင်မျက်နှာတိုက်လျှင် မျက်လုံးဖွင့်ဖွင့်ပြီးနေဖို့ ဆုံးဖြတ်လိုက်လေသည်။

ဘာပဲဖြစ်ဖြစ် ရက်တာကတော့ မပျောက်နိုင်။ အမေ့ကိုလည်း မျက်နှာချင်းမဆိုင်ဝံ့သလိုဖြစ်နေလေရာ အိမ်မှာတယ်ပြီး မနေမိတော့ချေ။ ကိုကိုမောင်ဆွေဆီချည်းပဲ သွားနေသည်။ သူငယ်ချင်းမကလေးများနှင့်လည်း ယခုတလောမတွေ့လှ။

သည်လိုဆိုပြန်တော့လည်း အမေ့မှာ ပြောစရာရလာပြန်သည်။ "ဟဲ့... မအေး၊ လည်လှချည်လားအေ၊ နေဝင်မိုးချုပ်အထိ သူများ အိမ်မှာနေရသလား မိန်းကလေးအေ့... ယောကျ်ားလေးမဟုတ်ဘူး"

အေးအေးသည် ဘာကြောင့်မှန်းမသိ၊ အလွန်နာကြည်းသွားကာ မျက်နှာအောက်သိုး၍ "ဘယ်က သူများအိမ်ရမှာလဲ၊ ကိုကိုမောင်ဆွေဆီသွားတာ"

အမေသည် တခုခုပြောဦးမည်ပြုပြီး မပြောတော့ချေ။ မျက်လုံးများအရောင်တောက်လာကာ သမီးဖြစ်သူကိုကြည့်သည်။ အေးအေးနားမလည်နိုင်သော လျှို့ဝှက်သည့် အရိပ်အငွေ့များ သန်းသလိုလို၊ ယခုတလောဒါတွေချည်း တွေ့နေရသည်။ ကြပ်ပါဘိတယ်နော်ဟုသာ ညည်းချင်သည်။ သို့သော်လည်း အေးအေးသည် တယ်ဂရုမစိုက်တော့ဘဲ ကိုယ့်ဘာသာ နေတတ်သလို နေသွားဖို့သာရှိသည်။ အမေက ဘာလိုချင်မှန်းမသိ၊ သမီးဖြစ်သူက ဘာပေးရမှန်းမသိ၊

မိမိအပေါ်မိဘများသည် အနည်းငယ် ရက်စက်လာသည်ဟု ထင်စပြုသည်။ ဘာကြောင့်ငါဟာ ကလေးမဟုတ်တော့လို့လား၊ မိန်းကလေးမို့လား။ သို့သော် အေးအေးသည် သူငယ်ချင်းမလေးများနှင့် ပြန်တည့်သွားကာ ကိုကိုမောင်ဆွေတို့ အိမ်ဘက်သို့ မရောက်ပြန်တော့ချေ။ ထို့ကြောင့် အိမ်လည်ပြဿနာသည် အလိုလိုပြေသွားလေသည်။

(၂)

ကျောင်းတတ်ရသည်မှာလည်း ပျင်းစရာကောင်း၍လာသည်။ အထူးသဖြင့် အတွက်တွက်ရသည်မှာပျင်းစရာသက်သက်ပေတည်း။ အင်္ဂလိပ်စာဖတ်ရတာ ပျော်စရာကောင်းသည်။ ခင်လက်မကလေးအကြောင်းများဆိုလျှင်တော့ ဖတ်၍ မငြီးနိုင်၊ ဖားမကြီးသားနှင့် ခင်လက်မလေးကို မင်္ဂလာဆောင်တော့မည် လုပ်သည့်အခါမှုကား အေးအေးသည် မခံချိမခံသာ ဖြစ်လျက်ဒေါသထွက်၏။ သည်လောက်အရုပ်ဆိုးတဲ့ ဖားကြီးများဟု မဲ့ရွဲ့မိ၏။ ပုံပြောဆရာကိုလည်း သည်းမခံနိုင်ဖြစ်မိသည်။ သို့သော်လည်း ကံကောင်းထောက်မ၍ ခင်လက်မကလေးသည် နောက်ဆုံးပန်းနတ်သားကလေးနှင့်ရလေရာ အေးအေးသည် စိတ်နလုံးနူးညွတ် နစ်မြောသွားလေသည်။

ထိုနေ့သည် သောကြာနေ့ဖြစ်ရကား အင်္ဂလိပ်စာဖတ်ပြီးသော် မိန်းကလေးတို့သည် အချုပ်အလုပ်သင်ရန် တချိန်ယူကြရသည်။ သူတို့အခေါ်အတိုင်းထို "အပ်ချုပ်ချိန်"မှာ ပျော်စရာကောင်းလှပေ၏။ မိန်းကလေးများဝိုင်းစုကာ စကားမျိုးစုံပြောရသည်။ အချုပ်အလုပ်သင် ဆရာမကမူကား ထိုအချိန်ဆိုလျှင် ကျောင်းအုပ်ဆရာမကြီး၏မောင်နှင့် စကားပြောနေတတ်သည်။ ဆရာမ၏ ထူးဆန်းသော ပြုံးစနကလေးများကိုမြင်ရတတ်သည်။ ဘာဖြစ်ဖြစ်ကျေနပ်၏။ အကြောင်းမူကား ကျောင်းသူမလေးများကို အဖက်လှည့်၍မျှ မလုပ်သောကြောင့် သူတို့တတွေထင်သလို နေနိုင်သည်။ ပြီးတော့လည်း သူတို့၏ချုပ်လုပ်ပြီးသား ပစ္စည်းများမှာ ကိုင်ကြည့်ချင်စရာပင် မကောင်းလှချေ။ သိုးမွေးဦးထုပ်ကလေးများမှာ နကိုရောင် ပျောက်ကာ ချေးနှင့်လည်း ညစ်သေး၏။ အပင်ကျကာ အပေါက်အပေါက်နှင့်လည်း ရှိသည်။ အေးအေး၏ဦးထုပ်မှာ အပင်တရာနှင့်စထားရာ တမိုက်မျှရသော် အပင်နစ်ဆယ်ကျော်ကျော်ကလေး ကျန်တော့သဖြင့် အပင်သိမ်းဖို့ရာမလိုတော့ဘဲ ဖြစ်နေလေတော့၏။ အေးအေးနှင့်မတဲ့ဆုံး နယ်လီကမူကား အပင်တရာစလျှင် တရာ့ငါးဆယ်လောက်ရအောင် ဟိုကသည်က ကောက်တတ်လေသည်။ ထို့ကြောင့် နစ်ကုန်ခါနီး၍ စစ်ဆေးကြည့်ရှုလာခါနီးလျှင် ဆရာမသည် လက်မအားတော့ချေ။ သိုးမွေးဦးထုပ်များ တလုံးပြီးတလုံးထိုးကာ ကျောင်းသူမကလေးများ နာမည်ကပ်ရသည်။

အေးအေးသည် မိမိ၏စာအိတ်ကလေးကို ယူကာ ထိုးလက်၏ သိုးမွေးစနှင့် သိုးမွေးခင်ကိုယူလေ၏။ ပန်းရောင်သိုးမွေးမှာ လက်ကချေးညှော်နှင့်ချေးကြောင့် လိမ္မော်ရောင် ညစ်ထပ်ထပ်အကွက်များ ထင်နေ၏။ လက်ကို ဘယ်လိုပင် ဆပ်ပြာနှင့် ဆေးသော်လည်း မစင်ချေ။ သိုမွေးဦးထုပ်မှာ

နမ်းကြည့်သည့်အခါ ချဉ်စော်ပင် နံလိုက်သေး၏။ စိတ်ပျက်သွားပြီး ဘေးက ကလေးများ၏ ပစ္စည်းလေးများကို ကြည့်သော် သူလိုကိုယ်လိုထက် မထူးသည်ကိုတွေ့ရ၏။ စိတ်သက်သာသွားပြီး နယ်လီ့ ဦးထုပ်ကိုကြည့်သည်။

နယ်လီကို ခက်သလောက် မျက်နှာကြော မတဲ့လှရကား၊ နယ်လီလုပ်သည့် အရာကိုလည်း ကောင်းမည်မထင်ချေ။ သို့သော် နယ်လီထိုးနေသော ဦးထုပ်မှာ အားလုံးထဲတံင် အဖြူစင်ဆုံး နကိုရောင်အပေါ်ဆုံးပေတည်း။ အဆင်အကွက်လည်းမပျက်ရှိလေရာ၊ အပင်ကျပုံ လိုသည်ထက် ပိုပွားပုံ မပေါ်ချေ။ နယ်လီ၏ လက်ချောင်းကလေးများသည် သွက်လက်လှသည်။

"သူက ကုလားချီးမကိုး တတ်မှာပေ့ါ ဒါပေမယ့် သူ့ဟာကြီးက ကောင်းလဲ မကောင်းပါဘူး..."ဟု တွေး၏။

နယ်လီသည် အေးအေး၏ကိုကိုမောင်ဆွေကို အင်မတန်အရေးပေးချင်၏။ နယ်လီသည် အပျိုဘော်လည်းဝင်လာပြီ၊ အတန်းထဲတွင်အကြီးဆုံးလည်းဖြစ်၍ အင်္ဂလိပ်သွေးနှင့် ကုလားသွေးလည်း တဝက်တပျက်စပ်ရကား ထွားကျိုင်းသန်မာလှသည်။

"ငါတော့ပြီးတော့မယ် ဆရာ"ဟု နယ်လီကဦးထုပ်ကလေးကို မြှောက်၍ပြလေ၏။

"ဟုတ်လား..."ဟု ဂရုမစိုက်သလို ဟန်လုပ်ပြီး ခေါင်းမလှည့်သော်လည်း မျက်စိကစွေစောင်းလှမ်းကြည့်မိသည်။

"ဒီကိုလာပါကွဲ့၊ ဟေ့ လာကြပါကွယ် အားလုံး တို့ဒီမှာ စကားပြောရအောင်..."

ကျောင်းသူမကလေးတို့သည် လက်ကအချုပ်ထိုးတချက်၊ မထိုးတချက်နှင့် စကားပြောကြသည်။

ဆူဆူညံညံကြားထဲက နယ်လီသည် အားလုံးကိုလွှမ်းမိုး၍ အော်ရယ်တတ်သည်။ ကြွေးလည်း နဲနဲမှမရ။ လက်ကိုင်ပုဝါကို အင်္ကျီရင်ဘတ်ထဲထည့်လိုက်၊ ပြန်ထုတ်လိုက်နှင့် လုပ်သည်။ ကျစ်ဆံမြီးကိုလည်း ဘယ်တဘက် ညာတဘက် ပြင်ပြီးကျစ်ပြန်သည်။ နောက်ဆုံး၌ကား မျက်နှာပြောင်စပ်စပ်နှင့် အချောက်တိုက်ရယ်ကာ "ဟောဟိုမှာ"ဟု မေးငေါ့၍ပြလေသည်။

နယ်လီမေးငေါ့ပြရာသို့ အားလုံးလည့်၍ သွားကာကြည့်ကြလျှင် ကျောင်းအဆင်းလာကြိုသော မော်တော်ကား ဒရိုင်ဘာများကို တသိုက်ကြီးတွေ့ရ၏။

"ဟောဟိုမှာ ညည်းအဆက်"ဟု နယ်လီက မဆီအဆိုင် အေးအေးကိုလက်ညှိုးထိုးလေ၏။

"အောင်မာ... ငါ့ဘာသာငါနေတာပါ... နင်ကဘာလဲ..."ဟုသာပြောတတ်၏။ သို့သော် အေးအေးသည် ထိုစကားမျိုးကိုမကြိုက်သလို ကြိုက်သလိုရှိကာ မျက်နှာထား မတတ်ဘဲ လှမ်းတော့ကြည့်လိုက်မိ၏။

နယ်လီပြသူမှာ ရုပ်ဖြောင့်ဖြောင့် ကိုယ်ခပ်တောင့်တောင့်ပင်၊ သို့သော်လည်း ယောက်ျားမားမားကြီးဖြစ်ရကား အေးအေးသည် စိတ်မထွေပြားလှချေ။

ထိုလူသည် ဘယ်သူ့ကိုမှန်းမသိပြုံး၍ပြသည်။ အေးအေးသည် စိတ်တုန်လှုပ်သွားကား မျက်နှာပျက်သွားပြီး ဘေးကမိန်းကလေးများရိပ်မိသလားဟု လှည့်ပတ်ကြည့်မိ၏။ နယ်လီကခပ်ရဲရဲကလေး ပြန်လည်ပြုံးသည်ကိုတွေ့ရ၏။ နယ်လီလုပ်သလို လုပ်ချင်ချင်လည်းဖြစ်လာ၏။ သို့သော် ထိုလူသည် အေးအေးကို အဖက်မလုပ်ချေ။

ကျောင်းသူမကလေးတသိုက်သည် စကားပြောအနည်းငယ်တိုးသွားသည်။ အေးအေးလည်း စိတ်ဝင်စားလာသည်။ ဆရာမအလိုတော်ရိ သုံးလေးယောက်သည် ခပ်လှမ်းလှမ်းမှာ တည်းတည်ကြည်ကြည်နေကြသည်။ သူတို့ကြားမှာ ကြောက်လှရသည်။ အေးအေးသည်တိုးဝင်လာသော ခေါင်းများကြားဝယ် ဇက်ခိုင်နေမိလေသည်။

"ဟေ့ ဟေ့... ဟိုဘက်ကစားကွင်းမှာ လာလာကစားတဲ့ ကောင်က ဘယ်သူတဲ့လဲ"ဟု မေက မေးလေ၏။

"ဘယ်ကကောင်လဲ မသိပေါင်တော်"ဟု နယ်လီက ဖြေ၏။

"အမယ်...ညည်းကိုစာလိုက်ပေးတာ ငါတွေ့သားပဲ၊ မနေ့ကနေ့လည်အိမ်ပြန်တော့လေ... ညည်းတောင် စာကို ဆွဲဆုတ်ပစ်သေးတယ်လေ"

"မဟုတ်ပါဘူးဟယ်... မြမြကိုမေးကြည့်ပါဦး၊ အဲဒီတုန်းက မြမြရှိပါတယ်၊ ငါ့ကိုစာလိုက်ပေးတာ မဟုတ်ပါဘူး၊ သူ့ဘာသာ ဘော်လုံးလိုက်ကောက်တာပါ"

မြမြက နယ်လီကိုထောက်ခံ၏။ စင်စစ်မြမြနှင့်နယ်လီမှာ နှစ်ယောက်သားတိုင်ပင်၍ ရည်းစားကိုယ်စီထားကြသူများ ဖြစ်လေ၏။ သူတို့နှစ်ယောက်သည် ရည်စားစာချင်း လဲဖတ်ကြသည်။ ညနေကျောင်းဆင်းချိန်မှာ ကိုယ့်ရည်းစားကိုယ် ချိန်းတွေ့ကြသည်။ သူတို့၏ ရည်းစားများမှာလည်း ကစားကွင်းသို့လာကစားကြသော တရုတ်ကပြား တေတေပေပေကလေးများပေတည်း။

မြမြနှင့်နယ်လီတို့သည် အေးအေးကိုများတော့ ဂရုစိုက်လောက်စရာဟု မထင်ကြပေ၊ အေးအေးရှေ့မှာပင် ညစ်တီးညစ်ပတ်စကားများ ပြောလေသည်။ ဘယ်ကတတ်သလဲတော့ မသိ၊ အေးအေးပြောလိုက်သည့် စကားများကိုလည်း အနက်ကောက်ပြီးရယ်တတ်သည်။ အပျိုဟန်ပန်လည်းလုပ်တတ်သည်။ ထို့နောက်အေးအေးကို သင်ကြသည်မှာ "ဟိုဘက်က လက်ဖက်ရည်ဆိုင်ကို ဟိုကောင်မတွေနဲ့ လိုက်လိုက်မသွားနဲ့... အဲသည်မှာနောက်ပိုးတွေရှိတယ် သိရဲ့လား.."

"ရှိတော့ဘာဖြစ်သလဲ"ဟု အေးအေးက ခပ်ရိုးရိုးမို့မေးမိသည်။

"လက်သရမ်းတာပေ့ါ ရှင့်"

"ဘယ်လိုလဲကွ"

"ဟော ဒီလို"ဟု နယ်လီက လက်သရမ်းပြလိုက်လေရာ… အေးအေးသည် နာလည်းနာ၊ ရှက်လည်းရှက်ပြီး ငိုရသေး၏။

အဲသည်တုန်းကတော့ အေးအေးသည် နယ်လီတို့နှင့် အရောမဝင်တော့ဟု ထင်စားမိ၏။ သို့သော် မနေနိုင်ချေ။ နယ်လီနှင့် မြမြတို့ ပြောကြသည်များကို ယခုအဓိပ္ပာယ်လည်း နားလည်တတ်လာ၏။ တိတ်တဆိတ်လည်း အရသာတွေ့၏။ ကိုယ်တိုင်လည်း ပြောကြည့်ချင်၏။ မတတ်လို့သာနေရသည်။ မိမိထက်ငယ်သေးသော ကလေးမများနှင့် ဖယ်ခုနစ်လုံးကောက်ရတာ ဒန်းလွှဲရတာကိုအမြဲ မပျော်ပိုက်နိုင်ပြီ။

"အေးအေးရေ နင့်ကိုကိုမောင်ဆွေလဲ မတွေ့သေးပေ့ါလား"ဟု နယ်လီက ဟိုဟိုသည်သည်ကြည့်ကာ ပြောလေ၏။

"သူက လေးနာရီမှ ရုံးဆင်းမှာ"

"ငါညည်းကို စောင့်နေပေ့ါမယ်၊ ညည်းတယောက်ထဲ"ဟု နယ်လီကပြောလေ၏။

"ဟင့်အင်း၊ ငါစာကူးနေမှာပေ့ါ"

နယ်လီ့ကို ကိုကိုမောင်ဆွေနှင့် မတွေ့စေချင်ပေ။

"ငါလည်းစာကူစရာရှိသေးတယ်၊ တို့နှစ်ယောက်အတူ ကူးတာပေ့ါ"

မြမြကလည်း သူပါနေမည်ဟုပြောလေရာ အေးအေးမတတ်နိုင်တော့ချေ။

"ကိုကိုမောင်ဆွေက ညည်းဦးလေးအရင်းလား"ဟု မြမြက မေး၏။ မိန်းကလေးမျက်နှာမှာ မျက်နှာပိုးမသတ်တာကို ဟန်လုပ်ပြီးလုံ့လုပြီ ထင်နေသောအမူအရာနှင့်ပင်။

"ဦးလေး နှစ်ဝမ်းကွဲ"ဟု အေးအေးက မဖြေချင့်ဖြေချင် ဖြေ၏။

"ချောတယ်နော်…."

"အင်း…"

"သူနဲ့ပါလာတဲ့ လူကြီးက သာချောသေး"

အေးအေးကနိုးကြားလာကာ "အမယ် ဘာချောလို့တုန်း... ဒီလူကြီးက သွားခေါကြီးဥစ္စာ၊ ကိုကိုမောင်ဆွေက အသားလဲဖြူသေးရဲ့"

"သွားမခေါပါဘူးတော်..."

"ခေါလွန်းလို့..."

"အမယ်... ငါတော့ ကိုကိုမောင်ဆွေက ပိုချောတယ်ထင်တယ်"ဟု နယ်လီကမျက်စ တဖက်ချီ၍ပြောလေ၏။ ထိုအခါများဆိုလျှင် နယ်လီသည် လူကြီးစင်စစ်ဖြစ်လေပြီဟု အေးအေးထင်တတ်သည်။ နယ်လီ့အမူအယာများသည် အတော်အတန်ကြီးရင့်ပေပြီ။

မြမြကနယ်လီကို ပြိုင်မငြင်းချေ။ သူတို့သည် အချင်းချင်းနားလည်ပြုံးပြုံးကြလေ၏။ "အေးလေ... ငါကတော့ ဟိုလူကြီးက ချောတာပဲပေါ့"

လေးနာရီထိုးသော် သူတို့သုံးယောက်သည် ကိုကိုမောင်ဆွေနှင့် ဟိုလူကြီးတို့နှင့် အတူပြန်ကြသည်။

နယ်လီနှင့် မြမြတို့သည် အေးအေးကို တယ်ဂရုမစိုက်တော့ဘဲ ယောကျ်ား နှစ်ယောက်ကိုသာ စကားပြောလျက်ရှိလေသည်။ သူတို့သည် အပျိုမားမားကြီးများနှင့် မတူတူအောင်ကြိုးစားရသည်မှာ မောလှလေပြီ။ နယ်လီပင်လျှင် မျက်စ တဖက်ချီရလွန်း၍ ညာဘက်မျက်ခုံးတဖက်ထဲ ညောင်းလျက်ရှိ၏။ ဘယ်ဘက်ပြောင်းချီမည် ကြံသော်လည်း ဘယ်မသန်ရကား နှစ်ဖက်လုံးမြင့်တက်သွားသဖြင့် လက်လျှော့ရလေ၏။

ကိုကိုမောင်ဆွေနှင့်ပါလာသူမှာ "ကောင်မလေးတွေ... ကောင်မလေးတွေ..."ဟု ပါးစပ်က ခေါ်ရင်းလက်က ကောင်မလေးနှစ်ယောက်ကို ပွတ်သပ်ဖက်ယက်လုပ်လာ၏။ ကိုကိုမောင်ဆွေကလည်း တချက်တချက်ဝင်ပြီး ခေါင်းပုတ်လား၊ ပါးဆွဲလား လုပ်လေရာ အေးအေးသည် မျက်ရည်များ စို့လာမိလေတော့သည်။

အေးအေးမျက်စိထဲမှာ သူတို့လေးယောက်ကိုကြည့်၍မရ။ မိမိကိုယ်ကို လူမမယ်အရွယ် ကလေးလို့ထင်ကာ စိတ်အားငယ်၏။ မိမိကို ဘယ်သူကမှ မဖက်မလုပ်ဘူးထင်၏။ ခါတိုင်းလို ကိုကိုမောင်ဆွေနှင့် နှစ်ယောက်ထဲ အေးအေးပြန်ချင်လေ၏။ သူတို့တတွေ လက်တွေ၊ မေးတွေ၊ ပုခုံးတွေ၊ ခါးတွေ ရှုပ်နေတာကိုတော့ ကြည့်ရတာနည်းနည်းရှက်သည်။

သို့သော် အေးအေးသည်မျက်ရည်ကျကျနနမစို့ရခင် ကိုကိုမောင်ဆွေ၏လက်တဖက်သည် အေးအေး၏ပခုံးကို ညင်သာစွာလာ၍ ဆုပ်၏။ စိတ်ပြေလိုက်တာ၊ ကိုကိုမောင်ဆွေကိုချစ်တယ်၊ ကိုကိုမောင်ဆွေ၏ လက်ချောင်းများသည် အေးအေး၏ကျစ်ဆံမြီးကို ဖြေနေကြလေသည်။ အေးအေးကားရင်ထဲ၌ လှိုက်လှဲကျေနပ်၏။ ကိုကိုမောင်ဆွေသည် နယ်လီတို့ကို ဂရုမစိုက်တော့ဘဲရှိလေ၏။

"အေးအေးက ငြိမ်လှချည့်လား"ဟု ဟိုလူကြီးကလှည့်လာသော်
ကိုကိုမောင်ဆွေ၏လက်မောင်းများသည် မာကျောသွားပြီး အေးအေး၏ပုခုံးနှင့်လည်ဂုတ်ကို ဖိမိလေ၏။ အေးအေးသည် ပြုံးရွှင်ကာ နေလိုက်မိပြီး မကြားချင်ယောင် ဆောင်နေလေသည်။

ထိုညနေအိမ်ပြန်ရသည်မှာ ပျော်ရွှင်မှု သက်သက်မျှမက ရလေသည်။ ထူးဆန်းသော ဝေဒနာများပါလာသည်။ ရင်လည်း ပထမဆုံး ခုန်လေပြီ။

(၃)

"မိအေးနော် ... တင်ဆွေနဲ့ တော်တော်ရော... တော်ကြာမှ ရီဟ ရီဟနဲ့ နွားပြာကြီး အောက်သွားမရှိဘဲ ဖြစ်နေဦးမယ်"

ဤသို့အမေက မျက်နှာတိ မျက်နှာထားနှင့် ပြောသော် အေးအေးသည် ထိတ်လန့်အံ့အားသင့်ကာ ဘာကိုနားလည်ရမလဲဟု စဉ်းစား၍မရဖြစ်လေ၏။ အမေ့ စကားပုံးကိုလည်း စက်ဆုပ်ရွံရှာသည်။ ကိုကိုမောင်ဆွေဘက်ကလည်း နာသည်။ မိမိအတွက်တော့ ကြောင်တိကြောင်တောင်ဖြစ်ရအောင်ကို ရှက်ကြောက်တုန်လှုပ်၏။ ဒေါသလည်း ပြင်းစွာထွက်၏။ ဝမ်းနည်းငိုချင်ကြီးလည်းဖြစ်၏။ အမေ့ကို မုန်း၍သွား၏။ ရန်သူလို သဘောထားမိလေသည်။

အမေသည်သမီးငယ်၏ ရပ်တည်ရာမရအောင် ထိခိုက်သွားပုံကို ရိပ်မိဟန်ဖြင့် အသံအနည်းငယ်ပျော့လာသည်။

"တင်ဆွေဆိုတာ အနမရ၊ အကြမ်းမရ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား အကောင်မျိုး... မအေးရဲ့...။ ဆွေမျိုးစပ်ပေမယ့် သစ္စာစောင့်တတ်တဲ့ လူမျိုးမဟုတ်ဘူး၊ ကိုယ်လဲအရွယ်ရောက်လာပြီပဲ၊ ပွတ်သီးပွတ်သပ် နေလို့ဘယ်ဖြစ်မလဲ၊ မိန်းကလေးနဲ့ ယောကျ်ားလေး..."

အေးအေးကမူကား နောက်ဆက်တွဲစကားများ နားမဝင်တော့ပြီ။ နှုတ်ခမ်းကိုကိုက်ပြီးသာ ကြိတ်ပြီးနေသည်။ ပါးစပ်ကဘာမှလည်းမရှင်းချင်တော့၊ ဘဝသည် ကြမ်းကြုတ်၍လာလေပြီ။

အိမ်မှာနေချင်စိတ်များ ပျောက်လျက်ရှိ၏။ ကိုကိုမောင်ဆွေဆီလည်း အရင်လောက်အခါခါ မသွားဝံ့၊ စိတ်တွေညစ်လှ၏။ ထွက်ပြေးချင်၏။ စိတ်အမြဲဆိုး နေမိ၏။ ထူးဆန်းထွေပြားလှသည့် စိတ်ဝေဒနာများဖြစ်ပေါ်နေပေ၏။ အားကိုးရာကိုရှာချင်၏။ မတွေ့။ ကိုကိုမောင်ဆွေ၏ အပြစ်ကင်းစင်သည်ဟု မိမိယုံကြည်သော မျက်နှာကို မှုန်ရေးရေးစဲကာမြင်ရလေ၏။

ဒုက္ခများ ဝိုင်းရံလျက်ရှိသည်ဟုထင်သည်။ အမေသည်မိမိကို အပြစ်ရှာလျက်ရှိသည်မဟုတ်လား။ အိမ်ရှေ့အိမ်မှာ ဂဏန်းသင်္ချာအပိုပြပေးသော ကုလားဆရာကြီးကိုလည်း လူပျိုကြီးမို့ မယုံစားရပြန်ပြီတဲ့၊ ဘယ်လိုဘယ်လိုမှန်းမသိ၊ အေးအေး၏ ကော်ပီစာအုပ်ထဲ လာဆွဲသွားသော

သွေးတစက်တစက်ကျသည့် မြားဒဏ်ရနှင့် အသဲပုံကိုလည်း အမေသည်စစ်ကြော မေးမြန်း၍မဆုံး၊ နယ်လီစတာဟု ထင်သော်လည်း မပြောပြဝံ့ပြန်ချေ။

ယောကျ်ားသူငယ်ကလေးများ အနားသို့ရောက်ပြီဆိုလျှင်တော့ အေးအေးသည် လှုပ်ပင်မလှုပ်ရဲတော့ချေ။ အမေ၏ စုံစမ်းမေးမြန်းနေသော မျက်လုံးများကား စူးရှပြင်းထန်လှချေ၏။ သည်အထဲ အေးအေးကလည်း ကဲ၍ တညဆင်းကစားလိုက်သေး၏။ ပြေးရင်း ကစားရင်း နယ်လီ့မောင်လေးနှင့် ဖက်မိသည်ကို အိမ်ထဲမှာအိပ်ပျော်နေပြီဟု ထင်ရသော အမေကမြင်လိုက်ကာ "ထဦးဟဲ့ ဒီအရွယ်နဲ့ ထဦးဟဲ့"ဟု လက်ဝါးနှင့် ကျောပြင်ကိုလည်း ချသေးသည်။ သည်ဘဝမှာ ဘာများ ပျော်စရာရှိတော့သလဲ။

ထို့ကြောင့် သေသွားလျှင်ကောင်းမည်၊ သေကြောင်းကြံစည်တော့မည်။ မိဘများညှဉ်းပန်းရက်စက်မှုကြောင့် အပြစ်မရှိသောသမီးကလေး သတ်သေသွားရပုံကို စာပေတခုဖွဲ့နွဲ့သွားမည်။ ထိုအခါ မိဘတို့သည် "တို့မှားလေခြင်း သမီးရဲ့"ဟု ငိုကြွေးကြပေတော့မည်။ နောင်တပူလောင်ကြပေတော့မည်။ လူသူလေးပါးကလည်း "အတော်မိုက်တဲ့ မိဘတွေပါကလား"ဟု ဆိုကာ မိမိကို သနားစုတ်သတ်ကြပေလိမ့်မည်။ အို… သိပ်ကောင်းမှာပဲ ဒါဟာအကောင်းဆုံး လက်စားချေနည်းပဲ။

သေသွား၍ တစ္ဆေဖြစ်လျှင်တော့ အကုန်လိုက်ခြောက်မည်ဟုလည်း ဒေါသထား၏။ သို့သော် တစ္ဆေဖြစ်လျှင် တခြားတစ္ဆေများနှင့် အတူနေရမှာကြောက်လိုက်ပါဘိ။

မိမိ၏သတ်သေခြင်း ဝတ္ထုကို အလွန်ခန်းနားသည်ဟု ထင်စားလာ၏။ နောက်ဆုံးနှုတ်ဆက်ခဲ့တော့မယ်၊ ထိုခဏ၌ ဖခင်ဖြစ်သူကို သတိရ၏။ အဖေသည် ဘယ်လိုများအငြိုးထားလေသည်မသိ၊ ဆံပင် အုပ်လုံးသိမ်းထားသည်ကိုလည်း ကုလားမနှင့်တူသည်ဟု ဆူစရာမရှိ ကြံဖန်ဆူ၏။ စိတ်နာသည်။ သူတို့ကို နှုတ်ဆက်စာပင် မရေးခဲ့ချင်တော့။

ဟောဒီ ဝရံတာက ခုန်ချလိုက်ရင်တော့ အုန်း ခနဲနေမှာပဲဟု တွေးကာဝမ်းနည်း၏။ မျက်ရည်များသည် ကြွေကျသော သစ်ရွက်များလို တဖြောက်ဖြောက်ကျလေ၏။ နာကြည်းပြီးသည့်နောက် စွန့်ခွာရခြင်းသည် အလွန်လှသော ကဗျာတပုဒ်ကိုဖြစ်စေ၏။

အပြင်၌လသည် အလွန်မြင့်ကာကြည်ကြည်လင်လင်သာလေပြီ။ တိမ်တို့သည် လနှင့်ဝေးရာသို့သွား၍ စုကာငြိမ်နေကြသည့်အခါ အားလုံးသည်ဖြူ၏။ ပုတိုသော အရိပ်နက်များက ဖြူသည့်အရာမှန်သမျှကို ပို၍ပင် ဖြူစေသေး၏။ အဖြူနှင့်အနက်သည် သေမင်းနှင့် သချိုင်းလိုပင် တွဲဖက်မိ၏။ အေးအေးသည် လူစိတ်များပင် ပျောက်လျက်လာတော့သည်။

ဝရံတာလက်ရမ်းကို မှီလျက်နေ၏။ နောက်ငါးမိနစ်အတွင်းမှာ လှုပ်ရှားခြင်းကြီးတခု ဖြစ်ပေါ်တော့မည်။ သို့သော်လည်း ထိုခဏအတွင်းမှာတော့ အေးအေးသည် ခပ်ငြိမ်ငြိမ် မလှုပ်မယှက် နေချင်၏။ ထို့ကြောင့် စိတ်အေးအေးထားကာ လမ်းပေါ်သို့ ငုံ့ကြည့်နေလိုက်သည်။

လှလိုက်တာနော်။

အေးအေး၏မျက်စိထဲ၌ ကာကီယူနီဖောင်းလောက်လှတာမရှိ။ ထို့ကြောင့် ပုလိပ်များ စစ်သားများကို အစဉ်ချစ်သည်။ အထူးသဖြင့်ပုလိပ်များကိုပိုချစ်သည်။ သူတို့သည် သေးသွယ်နွဲ့ပျောင်းနိုင်သည်။ မေးကြိုးသိုင်း၍ ဦးထုပ်ဆောင်းလိုက်လျှင် မျက်နှာသည် ရှည်သွယ်ကာ မျက်လုံးမျက်ခုံးများ ပို၍ထင်လင်းလာပေ၏။

အေးအေးသည် ရင်မ၍ နှစ်ဆင့်ရှိုက်ကာ ငေး၏။ ပတ်တရောင်လှည့်သော ပုလိပ်ကလေးသည် သတ်သေမည်ကြံသော ကလေးမတယောက် ခေါင်းပေါ်တွင်ရှိနေမှန်း မသိဘဲ စက်ဘီးကိုဖြေးညှင်းစွာ စီးလာ၏။ အလွန်ဖြေးညှင်းစွာ စီးလာလေ၏။ သူ့ဦးထုပ်ပေါ်၊ ပခုံးပေါ်၊ ဒူးပေါ်ကို လရောင်သည် ဖြာယှက်ကွန့်မြူး၍ ကျလာလေ၏။

အလှကိုမြင်ခြင်း၊ ဘဝကိုငြီးခြင်း၊ လွတ်ရာကိုရှာခြင်းတို့သည် ပျက်ကယ်ဖြစ်ဖြစ်၊ တကယ်ဖြစ်ဖြစ် နပျိုလန်းဆတ်လှသေးသည့် နလုံးထဲမှာစုပေါင်းမိသည့် ဤအခါ၌ကား ဘယ်လမ်းမ မဆို ငွေဖဲပြားတခွေ ဖြစ်နေမည်ဖြစ်၏။ ဘယ်သီချင်းမဆို လရောင်မှာ စောင့်ခိုင်းသည့် မှာတမ်းပင် ဖြစ်နေမည်ဖြစ်၏။ အေးအေးသည်ကဗျာကို ရွတ်စပြုလေသည်။

လမင်းလဲ နေရစ်ပေတော့။

အေးအေးသည် တယောက်ထဲ လေလွင့်လာကာ အိပ်ယာထဲသို့ဝင်လေသည်။

(၄)

ယခုတော့ စိတ်ကူးတခု ဆန်းသစ်လေပြီ။ လောက၌ခေါင်းဝှက်၍ ငိုစရာ ရင်ခွင်တခုတော့ရှိရမည်ဖြစ်လေ၏။ ထိုစိတ်ကူးကြောင့် အားလည်းနွဲ့ရ၏၊ ရင်လည်းနွေးရ၏။ အသက်ရှည်ရှည်လည်း နေချင်လာ၏။ အေးအေးသည် အနည်းငယ် ငြိမ်ဆိမ်သွား၏။ စိတ်သည်သာ မမြင်ကွယ်ရာမှာမို့ ပျံသန်းလွင့်ပါနေပေ၏။

အမြဲတမ်းအိပ်မက်မက်နေသလို ဖြစ်နေပေ၏။ ပုံဝတ္ထုများကို ကြိုက်လာ၏။ စာဖတ်ပြီးနေချင်သည်။ ဘုရားရှိခိုးလျှင်တောင် ဖြူဖွေးအေးစက်သော ကျောက်ဆင်းတု၏မျက်နှာကို မျက်တောင်မခတ်ငေးကြည့်ခြင်းဖြင့်သာ အဆုံးသတ်၏။ ကြည်ညိုသဒ္ဓါစိတ်တွေပွား၏။ တခါတရံတော့လည်း သီချင်းကိုစိတ်ပါလက်ပါဆိုပြီး အဆုံး၌ငိုကြီးချက်မ ငိုချရ၏။

စိတ်အာရုံတို့သည် ထွေဆန်းလှပေတော့သည်။ ဆန့်ကျင်ဘက်လိင်ကို တွန်းလှန်ရုန်းကန်လိုခြင်းလည်းရှိသည်။ တပ်မက်စွဲငင်ခြင်းလည်းရသည်။ ယောကျ်ားများ၏ မျက်လုံး၌ ရမက်ကိုမြင်တတ်လေပြီ။ မရဲမဝံ့လည်း တုံ့ပြန်တတ်လေပြီ။ လူတိုင်းပင် မသန့်ရှင်းဘူးဟုထင်သည်။ မိမိကမူ သန့်ရှင်းချင်သေးသည်။သို့သော်လည်းမရ။ ကိုယ်ကိုယ်ကိုယ် စက်ဆုပ်ရွံရှာ၏။ သို့သော် သူသည် ချစ်ချင်ကြိုက်ချင်သော စိတ်များ ဝေလျက်ရှိတာတော့ အမှန်ပင်တည်း။

ရင်သည်မကြာခဏ ထိတ်ရ၏။ အမေ၏မျက်လုံးတဝင့်မှာပင် သတိရကာထိတ်ရ၏။ ကိုကိုမောင်ဆွေနှင့်ခါတိုင်းလို စကားတွေပြောနေရာအကောင်းသားက အမေ့ကိုသတိရလျှင် မျက်စိမျက်နှာ ပျက်သွားလေတော့သည်။ လက်ဖျားများ အေးစက်လေတော့သည်။

"မိအေးဘာဖြစ်တာလဲ"ဟု ကိုကိုမောင်ဆွေက မေးတတ်သည်။

"ဘာမှမဖြစ်ပါဘူး"

သို့သော်လည်း ဖြေသည့်အသံသည် မူမမှန်ချေ။

သူ့မျက်လုံးများနှင့် ကြာရှည်ဆိုင်မိတတ်သည်။ ပထမတော့ ကိုယ်ကစပြီးလွှဲရ၏။ ထို့နောက်ကား စွန့်စားလိုစိတ်များဖြင့် အနိုင်ပြိုင်၍ ဆိုင်တတ်သည်။ ထိုအခါ ထွေပြားခြင်းတခုကိုတွေ့ရ၏။ ထိုထွေပြားခြင်းသည် ကိုကိုမောင်ဆွေ့ မျက်လုံးများမှာ ရှိတာလား၊ မိမိ၏ မျက်လုံးများထဲ၌ရှိကာ အရှေ့ကကာနေတာလား မပြောတတ်တော့ပြီ။

ဘယ်သူမှ မမြင်သောနေရာ၌ ကိုကိုမောင်ဆွေနှင့် နှစ်ယောက်ထဲထိုင်နေချင်သည်။ ယခင်ကလို သူ့ရည်းစားများအကြောင်းကို နားမထောင်နိုင်တော့ချေ။ မိမိသာ ပိုင်ဆိုင်ချင်၏။ အမြွတ်ထွက်သည်မှာ ကိုကိုမောင်ဆွေက'အေး'ဟု လေးလေးစားစားခေါ်လာခြင်းပင်၊ ကျေနပ်၏။

အမေ့ရှေ့၌ဆိုလျှင် သူတို့သည်မတိုင်ပင်ဘဲပြိုင်တူ ဟန်တောင်မိလျက်သား ဖြစ်လေ၏။ တယောက်ကိုတယောက် အဖက်မလုပ်သလိုပင် နေသည်။ တခါတလေ ရန်ပင်လိုနေလိုက်ကြသေးသည်။ စိတ်အေးသွားသောအမေက တဖက်သို့လှည့်သွားလျှင် တယောက်ကိုတယောက် နားလည်ပြုံး ပြုံးကြ၏။ သူက မျက်လုံးတဖက်မှိတ်သည်။ အေးအေးကရုက်သည်။

အမေ့ကွယ်ရာမှာမို့ထင်ရဲ့၊ ငယ်ငယ်ကတည်းက လုပ်နေကျဖြစ်သော တယောက်လက်တယောက် ဆုပ်ခြင်းသည်ပင် အဓိပ္ပာယ်ရှိလာ၏။ အေးအေး၏ ကျစ်ဆံမြီးကို ဆော့ကစားသောလက်သည်လည်း အဖိုးတန်လာလေ၏။ အေးအေးသည် ရင်လှိုက်မောပန်းမိလေပြီ။

သို့သော်လည်း အေးအေးသည် သည်ကြားထဲက ရည်းစားတယောက် ကောက်၍ရလေသည်။

နယ်လီ၏မောင်လေးသည် ပြုန်းကနဲအရပ်ရှည်လာ၏။ နယ်လီထံမှတဆင့် စာတွေတစောင်ပြီးတစောင်လာ၏။ အင်္ဂလိပ်လိုရော ဗမာလိုရောရေး၏။ ဖတ်လို့လည်းကောင်းလှ၏။ ရွယ်တူချင်းမို့ ပိုပြီးနားလည်နိုင်သော အကြောင်းအရာများပါတတ်သည်။ ဥပမာ ပိုင်သာဂိုရပ်သီအိုရီဆိုသည်မှာ က နှစ်ထပ်နှင့် ခနှစ်ထပ်ပေါင်းလျှင် ဂနှစ်ထပ်နှင့်ညီမျှသည်ဟု အလွတ်ကျက်ထားလျှင် အလွယ်လေးပင်ဖြစ်ကြောင်း။

အေးအေးသည် ရည်းစားစာမရေးဘူးရကား၊ နယ်လီ၏ထံမှပင် အကူအညီယူရသည်။ နယ်လီကကြည့်ကြပ် စီမံပေး၍ တညလသာသာ၌ စာတိုက်ပုံးအနီးတွင် ချိန်း၍တွေ့ကြ၏။

"ဟေ့ အေးအေး ငါတို့ ခိုးပြေးရအောင်၊ ပဲခူးကိုသွားမယ်... မီးရထားစီးသွားမယ်၊ ငါတခါရောက်ဖူးတယ်ဆရာ၊ သိပ်ပျော်စရာကောင်းတာပဲ ငါတို့ဦးလေးအိမ်ရှိတယ်"ဟု ပီတာကပြော၏။

အေးအေးသည်ရှက်မူရှက်ရာ ကလေးများနှင့် ပီတာ၏ဖုန်ပေသော ဘောင်းဘီရှည်ကလေးကိုသာ ကြည့်၍သဘောကျနေလေ၏။ သည်ဘောင်းဘီရှည်ကလေးကြောင့် ပီတာသည်ချစ်စရာကောင်းလှသည်။

သူတို့သည်လူမှန်းသိတတ်စကတည်းက တယောက်နှင့်တယောက်သိကျွမ်းလာကြရကား ယခုလို သမီးရည်းစားဖြစ်ပြီး ချိန်းတွေ့ရသော်လည်း သိပ်ပြီးအိပ်မက်မဆန်ချေ။

"အို... မောင့်အသည်းကလေး..."ဟု ပီတာက သူ့အမသင်ပေးလိုက်သလို ဟန်ပန်လေသံနှင့်ခေါ်လေ၏။

"ဘာလဲအချစ်"ဟု အေးအေးက မရဲတရဲထူးကြည့်ရင်းက ခေါ်ရထူးရတာ အရသာတွေ့သွားလေတော့သည်။

သူတို့သည် အိပ်မက်ဆန်လာပြီထင်သည်။ အေးအေးသည် အနည်းငယ်ချမ်းတုန်လာသည်။ ပီတာကို ကြည့်လိုက်သော် သူလည်းချမ်းတုန် နေဟန်ကို တွေ့သည်။ ထိုခဏ၌ နှစ်ယောက်လုံးမှာ ပြောင်းလဲခြင်းဖြစ်သည်။ အေးအေးသည် ငိုချင်လာသည်။ သူတို့သည် ကလေးသူငယ် မဟုတ်တော့ပြီ...။ သို့မဟုတ် မကြာခင်ပင် ကလေးသူငယ်မဟုတ်တော့ပြီဆိုတာကို ဝန်ခံရတော့မည်ဟု သိလာ၏။ မနက်ဖြန်ပင်လျှင် အရွယ်ရောက်ပြီးသော ယောကျ်ားနှင့် မိန်းမဖြစ်တော့မည်။ အေးအေးသည် အန္တရာယ်ဆိုတာကိုမြင်၏။

ရင်တွင်း၌ ဟုတ်ကနဲပူ၏။ အိမ်ပြန်ပြေးရလျှင်ကောင်းလေမလား။ သည်မှာ ယခုလိုဆိတ်ငြိမ်ပြီး နှစ်ယောက်သားရပ်နေရခြင်းကိုလည်းနှစ်သက်၏။ ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ။

ပီတာကသူမ၏လက်မောင်းကလေးကို ကိုင်လိုက်ရာမသိလိုက်ဘဲ၊ ဖျပ်ကနဲ ရုန်းမိ၏။ အင်္ကျီစကိုသာ သူကကိုင်မိထား၏။ အေးအေးသည် သွေးရောင်လျှမ်းသော ပီတာ၏မျက်နှာကို တချက်ကြည့်ကာ ဘာမှမပြောဘဲ ပြေးထွက်ခဲ့လေသည်။

အေးအေးသည် ပီတာကိုနောက်ထပ်မတွေ့ချင်တော့သည့်အကြောင်းကို စာတစောင်ပြီး တစောင်ရေးရသည်။ နယ်လီနှင့်လည်း စိတ်ဆိုးရသည်။ သို့သော် စင်စစ်ပီတာနှင့် ထပ်ပြီးတွေ့ချင်သည်။ ဟိုညကထက်ပိုပြီး ပြင်းထန်သော တွေ့ခြင်းမျိုးကိုပင် တောင့်တသည်။ တညလောက်များပီတာသည် အိမ်ရှေ့ကိုဖြတ်၍ အသည်းကွဲသည့် သီချင်းတပုဒ်လောက် ဆိုသွားလျှင် အေးအေးသည် မျက်ရည်စနှင့် ချက်ခြင်းဆင်းခဲ့မည် ဖြစ်ပေ၏။

ကိုကိုမောင်ဆွေကို မေ့နေ၏။ သတိရပြန်လည်း ပေါ့ရွှတ်ရွှတ်နိုင်သည်။ အို...သူ့ရည်းစားအိမ်တွေသွားနေမှာပေ့ါ၊ ဒါမှမဟုတ် သူ့သူငယ်ချင်းတွေနဲ့ ဖဲကစားနေမှာ။ အလကားဂျပိုးကြီးဟု ဆဲလိုက်မိ၏။ သို့သော် ကိုကိုမောင်ဆွေကို ဘယ်လိုမှန်းမသိ သိပ်ချစ်တာပဲနော် ဟုတွေးမိလေသည်။

သည်လိုနှင့် အေးအေးသည် ရှစ်တန်းစာမေးပွဲကို ကျအောင်သာ ဖြေနိုင်လေသည်။

အဖေ၏အမိန့်ကြောင့် အေးအေးသည် နယ်လီနှင့်စကားမပြောရတော့ချေ၊ ကျောင်းလည်းပြောင်းလိုက်ရသည်။ ပီတာနှင့်လည်း စိတ်ကောက်ကာလမ်းမှာ တွေ့၍မှ စကားမပြောနိုင်ကြ၊ အမေကလည်း ဘာစိတ်ကူးပေါက်ပြန်သည်မသိ ကိုကိုမောင်မောင်ဆွေနှင့် ဟိုဟိုသည်သည်လွှတ်ပြန်သည်။ ရောရောထွေးထွေးနေ၍ ရပြန်သည်။

အေးအေးသည်ယခင်ကလောက် စိတ်လှုပ်ရှားခြင်းများ ဆက်တိုက်မဖြစ်တော့ဘဲ ဣန္ဒြေအတော်ရလာသည်။ ကိုယ်ခန္ဓာလည်း လူကြီးနှင့် တူလာလေပြီ။ မှန်ရှေ့မှာ ကြည့်လိုက်လျှင် ယခုဖွင့်လှစ်လိုက်သော နှင်းဆီလိုနုနယ်သော်လည်း အဖူးမဟုတ်တော့ပြီဆိုတာကိုတွေ့ရ၏။ အဆင်အပြင်လည်းတတ်လာ၏။ သပ်ရပ်လာ၏။

ကာလပေါ် သီချင်းများကို ကျက်ချင်လာသည်။ သီချင်းများကူးရသည်။ အော်တိုစာအုပ် များလည်း တပင်တပန်းထားရ၊ ရေးရသည်။ တခါတရံ ကာရန်မကိုက်သော ကဗျာကလေးများကိုစပ်သည်။ ရေးကဗျာများထဲကလည်း မသိမသာကူးထပ်ချရသည်။ တနေ့တော့ ဝတ္ထုတွေလည်းရေးဦးမည်ဟု စိတ်ကူးထားသည်။ နာမည်ကျော်ကြားခြင်းဆိုတာကို စုံမက်မြတ်နိုးလာလေတော့သည်။

"မဟုတ်ဘူးအေး၊ အေးဟာအရင်လိုမဟုတ်တော့ဘူး... စိမ်းစိမ်းကြီး..."ဟု ကိုကိုမောင်ဆွေက ဝမ်းနည်းစကားပြောလာလေသည်။

ဟင့်အင်းစိမ်းတာမဟုတ်ပါ၊ အေးလည်းပြောမပြတတ်၊ စင်စစ်တော့ ကိုကိုမောင်ဆွေအပေါ်၌ အရင်လိုဒရောသောပါးလည်းနိုင်၍ အဓိပ္ပာယ်လည်း ကင်းမဲ့သော အာရုံမျိုးမရှိတော့တာအမှန်ပင်၊ အေးအေးသည် အစွဲတခုတော့ ရှိနေသည်။ ထိုအစွဲသည် ကိုကိုမောင်ဆွေပင်ဖြစ်၍ ဘဝတလျှောက်မှာ သဏ္ဍာန် အမျိုးမျိုးကို ဆောင်၍သွားလျှင် သွားမည်ဖြစ်သော်လည်း အတွင်းကတော့ သည်အစွဲအတိုင်းပင် နေမည်ဖြစ်လေ၏။ အထဲက ကွီနိုင်လုံးသည် ကွီနိုင်လုံးပင်ဖြစ်ကာ အပြင်က သကြားက ဒိုင်းမွန်းပုံ၊ လခြမ်းပုံ၊ အစုံ ပြောင်းချင်ပြောင်းမည်။ ဒါကိုနားလည်အောင် ပြောပြချင်သည်။

"ဒေါ်ဒေါ်က ဘာပြောထားလဲ အေး..."ဟု သူကမေးပြန်၏။

"ခုတော့ ဘာမှမပြောပါဘူး.... အမေက အရင်တုန်းကတော့..."

"ဆိုစမ်း"ဟု သူကပြော၏။ သို့သော်ဘယ်လိုပြောရမလဲ ယခုတော့ ထိုစကားများကို ရှက်စရာ မျှသာမက မဟုတ်တာဟုလည်းထင်ပြီ။

"အေးမပြောချင်ဘူး..."

"ဘာလဲ ကိုကိုမောင်ဆွေနဲ့ ကြိုက်သွားမှာ စိုးလို့တဲ့လား...."

ကြည့်စမ်း ဆိုးလိုက်တာ၊ အေးအေးသည် မနစ်မြို့နိုင်သလိုဖြစ်ကာ သူ့မျက်နှာကို ကြည့်သည်။ သူသည်လူငယ် တယောက်ပင်ဖြစ်ကာ မိမိနှင့် ကိုယ်ရင့်တန်းတူ ဖြစ်ပါကလားဟု ပထမဆုံးသိလာလေ၏။ သူ့မျက်နှာက ခပ်ရဲရဲပင်။ မနစ်မြို့သလို ဖြစ်မိ၏။ ထို့နောက်ကား ရင်တွင်း၌ ကျင်၏။ အပြစ်ရှိသည်ဟုပင် ကိုယ့်ကိုယ်ကိုယ်ထင်လာ၏။ သည်လိုမနစ်မြို့မိသည့်အတွက် ဘာနှင့်ပင် လျော်ရလျော်ရ လျော်လိုက်ချင်၏။ အနစ်နာခံလိုက်ချင်၏။ စင်စစ်တော့ ကလေးဘဝ တလျှောက်လုံး၏ အကောင်းဆုံးသောအဖော်ပင် မဟုတ်ပါသလား။

ပြီးတော့ ကိုကိုမောင်ဆွေကို ချစ်သည်၊ သိပ်ချစ်သည်။

အေးအေးသည် မျက်ရည်လည်လာပြီးနောက် ပြုံးကာ ခေါင်းခါပြသည်။

"ဟုတ်တယ်... ကြိုက်နေပြီလို့ပြောလိုက်"

သူ့ပါးစပ်က အရက်နံ့လည်း နံသည်။ အေးအေးသည် အခြေအနေကိုသိသည်။ ကိုကိုမောင်ဆွေက ပြောင်ပြောင်ပင် ဖြားယောင်းနေသည်ဆိုတာ သိသည်။ ခက်လိုက်တာက သူဖြားယောင်းတာကို အေးအေးက သဘောကျနေခြင်းပင်တည်း။ သူကမဖြားယောင်းတောင် သူမကစပြီး ဖြားယောင်းဖြစ်ချင်ဖြစ်မှာပဲဟု ခေါင်းမာစွာတွေး၏။ တခါတုန်းက ကိုကိုမောင်ဆွေ၏ အိပ်ခန်းထဲသွားပြီး သူ့ကိုယ်နံ့ကလေးတွေကို ခေါင်းအုံးမှာ အိပ်ယာမှာ ရုပ်အင်္ကျီမှာ ရှာဖွေ၍နမ်းခဲ့တာ ကိုယ့်ဖာသာ ဘယ်မေ့နိုင်မလဲ။

အေးအေးသည် မိုက်မဲရမှာကို မကြောက်ဘဲရှိသည်။

"အေး... မှတ်မိသေးလား... ကိုယ်တို့ အင်းလျားကို သွားတာလေ"ဟု သူကမေး၏။

"အေးက ခုလောက်မထွားသေးဘူး၊ အေးနဲ့ကိုယ်နဲ့ နှစ်ယောက်ထဲ လှေတစင်းနဲ့ ဟိုအဝေးကြီး လှော်သွားပါရော"

ဒါတွင်ဘယ်ကပဲ့မလဲ၊ အေးမှတ်မိသေးသည်မှာ ငြိမ်၍စီးဆင်းခြင်းမရှိသော ရေပြင်ပေါ်မှ လေတိုး၍လှုပ်ရှားလာသော လှိုင်းတွန့်ကလေးများရယ်၊ ညနေစောင်း၏ ကျနေ နီရဲရဲရှေ့မှ ရွှေလျှံမောင်းသော တိမ်တွေရယ်၊ ပြီးတော့...။

"ပြီးတော့... ထိုင်ခုံ ကျဉ်းကျဉ်းကလေးထဲမှာ အေးနဲ့ကိုယ်နဲ့ နှစ်ယောက် တိုးပြီးထိုင်ရပါကော"

အေးသည် ညို့ကွင်းထဲသို့ အလွယ်နှင့်ပင်လိုက်ခဲ့သည်။

"အဲဒီထဲကပါ...အေး"

အေးအေးသည် စိတ်တွင်းမှခေါင်းခါလေသည်။ အဲဒီထဲကတော့မဟုတ်ပါဘူး၊ သို့သော်လည်း လောကမှာမယုံကြည်ခြင်းက တခြား၊ မယုံတာကို မိုက်မဲစွာလက်ခံတာက တခြားပင်။

ဒါဟာ အချစ်ပဲဟု အေးအေး၏နုပျိုသော စိတ်ကလေးက ဆုံးဖြတ်ပေးသည်။ သူ့လက်နှစ်ဘက်နှင့်ဆုပ်ကိုင်ထားသော ပခုံးကလေးများကို မတွန့်မိ၊ ဒါမှ တကယ်ချစ်ကြိုက်ခြင်းနှင့်တူသည်ဟု ထင်စား၏။

"အေး...အိမ်မှာနေရတာ မပျော်ဘူး မဟုတ်လား"

မသိ။

"အေးဟာ ကလေးလေးမဟုတ်တော့ဘူး။ ဒီလို ငုတ်တုတ်ကြီး လုပ်မနေနဲ့ဗျ"

ထို့နောက် ယခုမှ တစိမ်းနှင့်တူလာသော ကိုကိုမောင်ဆွေသည် စကားတွေ အများကြီးပြော၏။ နားထောင်းရင်းသူဟာ ငါ့အပေါ် စိတ်ကောင်းမှထားရဲ့လားဟုလည်း ကြောက်ရွံ့မိသေး၏။ သို့သော် ငယ်ကတည်းက ယုံကြည်လာသူကို ဆက်ပြီး ယုံကြည်ချင်၏။ လိမ်ပြောတာတွေကိုလည်း လိမ်ပြောတာမှန်းသိသည်။ သို့သော် မသိချင်ယောင်ဆောင်လျှင် စိတ်ကူးယဉ်ချင်သောအရွယ်၌ စိတ်ကူးယဉ်ခွင့်ရမည်ကို ကျေနပ်၏။ သို့သော် သူ့နေရာမှာ တခြားလူရောက်နေပြီး ခုပြောတဲ့စကားတွေ ပြောနေရင်ကော...

အေးအေးကို ချောက်လည်း ချောက်၏။ ချော့လည်း ချော့၏။ ညာလည်း ညာ၏။ အေးအေးကမူကား စိတ်လက်လျော့ထားလိုက်သည်။ သူမစိတ်ထဲတွင် သူ့ကိုချစ်ကြိုက်နေပါ၏ဟု ဝန်ခံစကားကို တမင်ပြောနေမှတော့ အားလုံးသည် ပြီးစီးအေးချမ်းလေပြီ။

နောက်ဆုံး၌ သူကပြောသောစကားနှင့် မဆီမဆိုင် အေးအေး၏နူတ်ခမ်းများကို စုတ်ယူလိုက်လျှင်တော့ အေးအေးသည် တကယ့်ကိုချစ်ကြိုက်သွားလေတော့သည်။

(၅)

အပြင်၌ မိုးတွေသည်းနေပြီကို အေးအေးသိလေသည်။ အေးအေးသည် ချစ်သူနှင့်ရှိန်း၍ ရုပ်ရှင်ကြည့်နေသည်။ အေးအေးသည် ဘယ်လိုပင်လူကြီးဟန်ဖမ်းသော်လည်း ငယ်ရွယ်သေးခြင်းမှာပျောက်ကွယ်၍ မသွားရကား ဟိုလူသည်လူများက ဝိုင်းကြည့်ကြသည်။ ပြီးတော့ ကိုကိုမောင်ဆွေကလည်း ဟိုဘက်ပခုံးကို ရဲရဲတင်းတင်းကျော်၍ ဆုပ်ထားသည်။ မီးငြိမ်းလိုက်တော့မှပင် နေသာထိုင်သာရှိသည်။

"အိမ်ရှေ့အိမ်"ဟု ပြောင်လိမ်ကာ ထွက်ခဲ့ရ၏။ ယခုတလော အေးအေးသည် ကျိတ်၍ရိုက်ခြင်းခံရသည်။ အဖေနှင့်အမေသည် စိတ်ချမ်းသာခွင့်ကိုမပေးတော့ချေ။ အေးအေးက ကိုယ့်ကိုယ်ကိုယ် တကယ်ကြီးရင့်တာထက် ပိုပြီးကြီးရင့်ပြီဟုထင်သလောက် သူတို့က တကယ်ငယ်ရွယ်တာထက် ပို၍ ငယ်သေးသည်ဟု ထင်သည်။ သူတို့သည် သမီးလုပ်သမျှကို ပိတ်ပင်ဆန့်ကျင်ခြင်းနည်း တခုသာသုံးတတ်သည်။

ထိုအခါ လိမ်ရ၏။ စဉ်းလဲရ၏။ အလိုအလျောက်နေလျှင် မလုပ်မိမည့် ကိစ္စတွေကိုလုပ်မိရ၏။

ယခုအခါတော့ အေးအေးသည် အနည်းငယ်ကြောက်နေလေသည်။ ခါတိုင်းဆိုလျှင် ၁၂နာရီပွဲကြည့်မြဲပင်...။ သည်တခါ ညနေပွဲကြည့်သည်။ဆောင်းဦးပေါက်လာကာ အေးမြခြင်းနှင့်အတူ ညတာရှည်လာသည်။ ထို့ကြောင့် စောစောမိုးချုပ်လေရကား အိမ်ပြန်လျှင်တော့ အဆူခံရတော့မှာပဲဟု ပူသည်။ သို့သော်လည်း သူက ပူဆာလွန်းလှသည်။ ဘယ်တတ်နိုင်မလဲ၊ ချစ်တယ်ဆိုရင် စွန့်စားရတာပဲ။

သည်လောက်ဆိုလျှင် တော်ပေသေး၏။ ယခုအပြင်မှာ မိုးရွာပြီ။ ရာသီမဟုတ်ရွာသောမိုး၊ ရွာမည်မထင်ဘဲရွာသောမိုး။ သူတို့သည် ထီးလည်းမယူခဲ့ကြ။

"ကို... မိုးတွေရွာကုန်ပြီ"

"ရွာပေ့စီလေ"ဟု သူကပြောပြီး ရုပ်ရှင်ကြည့်မြဲကြည့်သည်။

"သူကတော့ ဘာဂရုစိုက်မလဲ၊ ကြောက်ရတဲ့လူမှ မရှိဘဲ"

"အေးရဲ့ ကိုယ်ချစ်ချင်တဲ့ လူချစ်ရတာ၊ ချစ်လို့ ချစ်သလို လုပ်ရတာ ဘာမှကြောက်စရာမရှိဘူး"

"အေး… သိပ်ကြောက်တာပဲ"

ကိုကိုမောင်ဆွေက ဘာမှပြန်မပြောတော့ချေ။

အေးတယောက်ထဲသာ ပူရသည်။ မေးလျှင်ဘယ်လိုပြောရပါ့မလဲ၊ ယခု သူတို့ကို တွေ့ခွင့်မပေးတော့ချေ။ စင်စစ်တော့ ရုပ်ရှင်ကြည့်ချင်လှသည်မဟုတ် နှစ်ယောက်အတူ နီးနီးကပ်ကပ်နေချင်သည်။ ငယ်ငယ်ကလိုမျိုး ပျော်ပျော်ရွှင်ရွှင်နေခွင့်ပေးလျှင် သည်လိုရှိန်းတွေ့ပြီး မိုးမိနေသည့်အဖြစ်ကို ရောက်မည်မဟုတ်။

"ကဲ… မိုးတွေပိုသည်းလာပြီ"

"နောက်တပွဲဆက်လိုက်ရုံပေ့ါအေးရာ"

မိုးသည် မမျှော်လင့်ဘဲ သဲလာသည်။ ရုပ်ရှင်လည်း မိုးစဲကိုမစောင့်နိုင်ဘဲပြီးသည်။ အပြင်သို့ထွက်လာသော် မိုးသံလေသံသည် ဝေါကနဲ လာတိုး၏။ ကောင်းကင်သည်မဲမှောင်ကာ လျှပ်များပင် ဝင်းဝင်းပြက်ချေသေး၏။ မှောင်သဖြင့်ဆိုင်များသည် မီးစတင်ထွန်းကြပေပြီ။ လမ်းမီးများလည်း လင်းပြီ။ ညပဲ ညပဲ နာရီကိုကြည့်သော် ငါးနာရီထိုးပြီးစကလေးပါပဲ၊ ယခုနေပြန်ရလျှင် နာရီကို မြှောက်ပြနိုင်၏။

သို့သော် မိုးသည်သွန်အန်၍ကျလာ၏။ ဘယ်သူမှမသွားနိုင်၊ မိုးခိုပြီးနေရသည်။ ယာဉ်များသည် တချို့ကရပ်ကာ တချို့က အပြင်းမောင်း၍ ပြေး၏။

"ချမ်းနေမှာပဲနော် အေး…"

ချမ်းရမှန်းတောင်မသိပြီ။ စိတ်ပူကာ ငိုမဲ့မဲ့ဖြစ်လာ၏။

"အေးရယ် အလကားအပြင်မှာ လေတိုက်ခံနေမဲ့အတူတူ တပွဲထပ်ကြည့် လိုက်ရအောင် မိုးကပက်နဲ့၊ ဟောဒီအမိုးအောက်က ကူးသွားမယ်"

"နေပါဦး မိုးသိပ်မသည်းတော့ဘူး ထင်တယ်"

"သည်းနေတာပဲ၊ လေငြိမ်သွားတာတခုပဲ"

"ဒုက္ခပဲ ကိုရဲ့၊ ဒုက္ခပဲ၊ အေးကိုတော့ ရိုက်တော့မှာပဲ"

"အို… ကိုယ်လိုက်ပို့ပေးမယ်၊ မရိုက်ရအောင်ပြောပေးမယ်၊ ဘာလုပ်တာမှတ်လို့၊ ဘိုင်စကုတ်ကြည့်တာပဲ၊ နေပါဦး၊ အေးကို တသက်လုံး ဘယ်သူက ဘယ်လိုက်ပို့လို့တုန်း

ကိုယ်ကချည်း ပို့ရတာမဟုတ်လား"

"အခုအေးက အပျိုဖြစ်နေပြီကိုးရှင့်"ဟု အမေ့စကားကို ထပ်ပြော၍ လှောင်လိုက်မိသည်။

"ကြည့်မိမှတော့ မထူးပါဘူး၊ သူတို့ကို ရှင်းပြရုံပေါ့၊ မိုးလည်းရွာနေတာကိုး၊ လာပါ အထဲထဲသာ ဝင်ထိုင်နေရအောင် မိုးတိတ်သွားတော့ပြန်ထွက်မယ်"

"ပြီးအောင်တော့ မကြည့်ရဘူးနော် မိုးတိတ်ရင်ပြန်မယ်"

သူကဘာမှမပြောဘဲ အေးလက်ကိုဆွဲကာ ဟိုဘက်ရုံသို့ပြေး၏။

သို့သော် မိုးသည် ပို၍သဲကာ တညလုံးမစဲအောင် ရွာတော့မည့်ဟန် ဆင်လေ၏။

အားလပ်ချိန်မှာ ထွက်လာသော် မိုးသည်သည်းတုန်းပင်။

အေးအေးသည် လက်မှတ်ရောင်းသော ရုံကလေး၏မှောင်ရိပ်ကိုခိုကာ မျက်ရည်သုတ်သည်။

"ကို အေးမပြန်ရဲတော့ဘူး"

"ကောင်းတာပေ့ါ ခိုးပြီးသားဖြစ်တာပေ့ါ"

"အမယ်လေး မနက်ဖြန်ကျရင် ကျောင်းမှာ နာမည်ကျော်တော့မှာပဲ ကိုရယ်၊ အမေတို့ကိုလည်း မတွေ့ရဘူးပေ့ါဟင်၊ အေးကြောက်တယ်၊ အိမ်လည်းပြန်ချင်တယ်၊ ပြီးတော့ဆာလည်းဆာတယ်"

အေးသည် ကို၏လက်မောင်းကိုလှုပ်၍ လှုပ်၍ငိုလေ၏။ အေးအေးတကယ် ဒုက္ခဖြစ်မှန်းသိ၍ ကိုကိုမောင်ဆွေလည်း တည်ကြည်လာသည်။ သူ့မျက်နှာ၌ ရိုးဖြောင့်သော အမူအရာကို တွေ့ရလာသည်။

"လာအေး မိုးရေထဲသွားမယ်၊ ကားတွေ ရပ်မပေးရင် လျှောက်ပြန်မယ်ကွဲ၊ မရိုက်စေရပါဘူး။ ကိုယ်အပြစ်ခံရအောင်ပြောမယ်အေး၊ ကိုယ့်ကို သူတို့ဘာမှ မလုပ်နိုင်ပါဘူး၊ အေးကိုနှိပ်စက်မယ်ကြံရင် ကိုယ်အိမ်ပေါ်က မဆင်းဘူး ပြီးတော့ အေးနဲ့ ကိုယ်နဲ့ဟာ..."

"ဆွေမျိုးအရင်းကြီးပဲ"ဟု အေးအေးက ခါးခါးသီးသီးထောက်၏။

ကိုက မျက်နှာပျက်သွားပြီး...

"ဟုတ်တယ်အေး၊ အေးဟာ ကလေးပဲ ရှိသေးတယ်၊ စာလဲ ကောင်းကောင်းမသင်ရသေးဘူးနော်"

သည်လိုစကားကိုတော့လည်း မကြားရက်ပါ။ သည်လောက် ငယ်ငယ်ကလေးနှင့် ဘဝ၏တွေ့စမြဲအဖြစ်များကိုတော့ မတွေ့ချင်သေးတာ အမှန်ပင်။ သို့သော် ချစ်တယ်လေ၊

ချစ်တယ်ဆိုတာ တဘဝမှာ တခါပဲဟုလည်းထင်၏။ ဘယ်သူ့မှလဲ မချစ်နိုင်ပါဘူး၊ အသက်၆ဂကျော်လို့ အမယ်အိုဖြစ်နေလဲ ကိုပဲ၊ ကိုပဲ…

"အေး မပြန်ဝံ့ဘူး"ဟု ဖြေးညင်းစွာပြော၏။

"ပြန်ရင်တော့ ဆိုးတော့ တော်တော်ဆိုးမှာပဲ၊ ရှစ်နာရီခွဲပြီ"

"ဘာလုပ်ကြမလဲ"

ကိုသည် မျက်ခုံးပင့်ပြ၏။ ပြုံးစေ့စေ့လုပ်လိုက်သေးသည်။ ပြီးမှ အေးအေး၏ ဆံပင်ကလေးများကို အကျင့်ပါနေသော လက်များဖြင့်မွှေ့ရမ်းလိမ်ဆွဲသည်။ အေးအေးလည်း မျက်ရည်ကျရပြန်ကာ စိတ်ထဲက ဦးလေးတော်သွားပြန်လေသည်။ အားနည်းနည်းရှိလာသည်။

"အေးသဘောပဲ အိမ်လိုက်ပို့ဆိုရင်လဲပို့မယ်၊ မပြန်ရဲဘူး ဆိုရင်လဲ…"

အေးအေးသည် မော့ကာကြည့်နေလေရာ သူသည်ပင်ရင်ဆို့သွားဟန်ဖြင့် "အေးရာ ခက်လိုက်တာကွာ၊ အေးအသက် ဘယ်နှစ်နှစ်ရှိပြီလဲ"ဟု တခါမှ မညည်းဖူးသူ၊ ပျော်ပျော်နေ၍ သေခဲသူက ရှည်ရှည်ဝေးဝေးညည်းလေ၏။

"၁၆ နှစ်"

"ပြည့်ပြီးပလား"

"ပြည့်ပြီးပြီ"

"သနားတော့ သနားတယ် အေးရယ်"

သည်လိုဆိုတော့လည်း အတော်ကျေနပ်သွားကာ သတ္တိတွေ ရှိလာပြန်၏။

မိုးတိတ်သွားသော် ကိုးနာရီထိုးပြီးလေပြီ၊ သည်အချိန်ဆိုလျှင် အိမ်မှလိုက်ရှာနေကြပြီ။ အိမ်နီးချင်းများက တစေ့တစောင်း ကြည့်ကြပြီ။ ဘယ်နည်းနှင့်မှပြန်၍ မဖြစ်ဟု အေးအေးထင်လေသည်။ အေးအေးသည် ဘာကိုမှ ရင်မဆိုင်ရဲတော့ချေ။ လွှတ်ရာသာပြေးစို့ရဲ့ဟု ပြောတော့မည်။ မျက်ရည်ပူတို့သည် တပေါက်ပြီးတပါက်ကျလာလေသည်။

ဤသို့ သူတို့နှစ်ယောက်ယှဉ်တွဲကာ လျှောက်ခဲ့ကြ၏။ သူ၏ယုယသော လက်များသည်လာ၍ သိုင်းဖက်ထားကြရာ ထိုလက်များသည် သည်လိုပင်အမြဲ နူးညံ့နေပါစေဟု ဆုတောင်းရတော့မည်။ အလင်းရောင်ကို ကတ္တရာလမ်းပေါ်မှရေအလွှာက ဖမ်းယူကာ ပြိုးပြက်နေရာ ထိုရွှေလို ဝါမောင်းသော်လည်း ရွှေမဟုတ်သောအရောင်တို့ပေါ်ဖြတ်သွားသော အေးအေး၏ခြေများသည်

အလှမ်းမရေရာဘဲ ဘယ်မှန်းမသိသော သူခေါ်ရာသို့ ဆုတ်ဆိုင်းဆိုင်းပင် လိုက်လျက်ရှိလေသည်။
__ ကြည်အေး

(ရှုမဝမဂ္ဂဇင်း)

## မေ့ချစ်သူ

သူသွားတော့မယ်လေ.....။

တင်မေ့ကိုတောင်မှ တင်မေမှန်းမသိတဲ့သူ သွားပါတော့မယ်၊ ဒါဟာတင်မေပါ။ တခါတုန်းက မိုက်မိုက်ရူးရူးကလေး တင်မေရယ်လေ။ သူကတော့ ဘာမှမသိတဲ့ မိုက်ကမ်းခြင်းနဲ့ သွားတော့မယ်။ ကြည့်စမ်း တိုက်ပုံအင်္ကျီတောင်ဝတ်ပြီးပြီ။ အိအိ ဘိုကလေးများ အဲဒီလို အရင်ကစတိုင်မပျက် သပ်လိုက်ပါဦးဇော်ရယ်... အော်... ကုတင်ပေါ်ပြန်ထိုင်ပြီး စီးကရက်သောက်ရပြန်ပါပြီ။

တင်မေသည် စားပွဲပေါ် လက်ဖဝါးနှစ်ခုကိုထပ်၍ချကာ လက်ဖမိုးပေါ် မေးတင်ပြီး ရီဝေသော မျက်လုံးများနှင့်ငေးနေမိလေသည်။ ဘယ်သူမှ မကြားနိုင်သော စိတ်တွင်းကစကားပြောနေမိလေသည်။ ရှေးက ကိုဇော်ဖေကို တခါတုန်းက ကြွမ်းခဲ့ဖူးသည့် မျက်လုံး၊ မျက်ခုံး နှာတန် ပါးစပ်ကအစ အသေးစိတ်ပြီးမှတ်မိနေ၏။ သူဘာမှသိပ်ပြီး မပြောင်းလဲ။ နားထင်ဆံစကလေးများ ဖြူနေတာနှင့် မကောင်းမှုကို မွေ့လျော်တာကြာရှည်ခဲ့၍ ဘာကိုမှ မမှုမထီသည့် ပြက်ရယ်အပြုံးက မျက်နှာပိုင်းထင်ပေါ်နေတာပဲပိုလာပါ၏။ မဖမ်းမိနိုင်အောင်ပြောင်းပါစေဦး တင်မေတယောက်ကဖြင့် နောက်ထပ် နှစ်ပေါင်းနှစ်ဆယ် အကြာမှာလည်း မှတ်မိနေပါဦးမည်။

ကိုဇော်ဖေကမူ စီးကရက်ကိုသာ... ဂရုထားပြီးသောက်နေရာက တင်မေငေးကြည့်နေတာကို သတိပြုမိသွားပြီ။ ဆပ်ကနဲ ကိုယ်ကိုတွန့်လိုက်လေ၏။ မဝေခွဲနိုင်သလို အံ့ဩသလို အမူအရာ ပေါ်လာပြီး "ဟုတ်ပြီ မင်းသည်လိုနေတော့ ဘယ်သူနဲ့ တူသလိုလို ရှိပ့ါလိမ့်..." ဟု ကမန်းကတန်း စိတ်ထက်သန်စွာ ပြောလိုက်လေရာ၊ တင်မေသည်အကြီးအကျယ်လန့်ဖြန့်သွားပြီး ကိုယ်ကိုမတ်ကာ အနေအထား ပြောင်းလိုက်မိလေ၏။

"အို... ဘာဖြစ်လို့ လုပ်လိုက်ရတာလဲ" ဟု စိတ်ရှုပ်သွားကာ...

"မင်းနဲ့ ငါနဲ့ တွေ့ဖူးသလားဟင်... တခါတုန်း တွေ့ခဲ့ဖူးတယ်ထင်တယ်"

တင်မေသည် မျက်နှာတဖက်လှည့်ပြီး "တွေ့ခဲ့ဖူးသားပဲ၊ မမှတ်မိဘူးလား"ဟု လေးသံကလေးနှင့် ခပ်သဲ့သဲ့ပြောလိုက်လေသည်။

"ဟုတ်ပါတယ်... တွေ့ဖူးပါတယ် ဘယ်မှာပါလိမ့်. ပြောပြစမ်းပါဦးကွယ်"

တင်မေသည် ဟားတိုက်ပြီးရယ်လိုက်ရကောင်းမလား။ ပေါက်ကွဲပြီး ငိုလိုက်ရကောင်းမလားဟု ခဏမျှတန့် နေမိလေသည်။ တတ်နိုင်လျှင်တော့ နှစ်ခုစလုံး မလုပ်မိအောင် ချုပ်တီးမည် ဖြစ်လေ၏။ ကိုယ့်ကို မမှတ်မိသည့် ချစ်သူ့မျက်နှာကိုလည်း စစ်ဆေးသည့် အပြုံးဖြင့် စိုက်ကြည့်လိုက်ဖို့ စိတ်မရှိ။ ကိုဇော်ဖေ၏ ဘယ်မိန်းမကိုမှမလေးစားသည့် ပြက်ရယ်ပြုံးကိုလည်း ဒေါသထွက်ဖို့စိတ်မကူး။

တမိနစ်ပဲရရ ရသမျှ အချိန်ကလေးတွင် စားပွဲပေါ် လက်ဖဝါးနှစ်ခုထပ်၍ချကာ လက်ဖမိုးပေါ် မေးတင်ပြီး ငေးနေချစ်စိတ်သာ ရှိလေသည်။

"ပြောစမ်းပါကွ သိရအောင်"ဟု သူကမေးပြန်၏။ တင်မေက ရုတ်တရက်ရှိုက်၍ ခြေကိုသာဆောင့်လိုက်မိလေ၏။ ကိုဇော်ဖေက မချိမခံသာဖြစ်သလို စီးကရက်ကို လွှတ်ပစ်ကာ ပြုံးကနဲထလာပြီး တင်မေကို ကြုံးမပွေ့ယူလိုက်၏။ မေးဖျားကိုပင့်၍ မော့စေပြီး စူးစိုက်ကြည့်ကာ "မပြောဘူးလား ပြောမလား"ဟု ညှစ်ပြီးမေး၏။

"အို... အို... လွှတ်ပါဇော်"

"ဇော် ဟုတ်လား။ ငါ့မယားတောင် ဇော်လို့ တခါမှမခေါ်ဖူးဘူး။ မင်းနဲ့ငါနဲ့ တွေ့ခဲ့ဖူးတာ အမှန်ပဲ။ ကဲ ဆိုစမ်း ဘယ်မှာလဲ"

တင်မေသည် ကြမ်းတမ်းသည့် လက်မောင်းများကြားတွင် ငြိမ်၍သွားကာ သူ့ရှပ်အင်္ကျီ ကြယ်သီးကြိုးမှ ရွှေစကြာကလေးကို လှုပ်ကစားကာနေလေ၏။ ရှည်ဝေးလှသည့် အရပ်ဟောင်းကို ပြန်ရောက်နေ၏။ ကိုဇော်ဖေက အဖြေကို စောင့်နေရာက သက်ပြင်းချပြီး တင်မေ့ကိုယ်ကလေးကို သတိပေးသလိုလှုပ်လိုက်လေရာ...

"အဝီစိမှာ..."

ကိုဇော်ဖေသည် ပွေ့ထားသည်ကို မြန်ဆန်စွာ လွှတ်ချလိုက်လေသည်။

ရုတ်တရက်မို့လည်း တကြောင်း... ငယ်ငယ်ကလို အင်အားမရှိတော့သည်ကလည်း တကြောင်းနှင့်မို့ တင်မေမှာ နောက်ပြန်ယိမ်းယိုင်သွား၏။ တတောင်ဆစ်နှင့် စားပွဲကို ပြင်းထန်စွာ ခိုက်မိသွား၏။ ကိုယ်ကိုမနည်းဟန်ပြီး ကုလားထိုင်ပေါ် ပြန်ထိုင်ရသည်။ ကျဉ်၍သွားသော တတောင်ဆစ်ရိုးကို လက်နှင့်ဆုပ်ပြီး မောပန်းစွာ မော့ကြည့်နေမိပြန်သည်။ အရင်တုန်းက ဇော်ပဲနော်... ရက်စက်တုန်းပဲ။

ကိုဇော်ဖေကား အော်၍ ရယ်လျက်ရှိလေသည်။

"ဟားဟား ဒါဖြင့် တို့သေပြီးရင် အဝီစိမှာ ပြန်တွေ့ကြဦးစို့လား ဟင်"

"အို... သည်ဘဝမှာ ရှင်ပြန်မလာတော့ဘူးလား"ဟု လွမ်းဟန်ပြုကာ သရော်လိုက်မိလေသည်။

"ခက်တာက... ကိုယ့်ချစ်သူက ပိန်လဲပိန် အိုလဲ အိုနေပြီကွ... ဒါပေမယ့် ခွဲမသွားဘူးလို့တော့ မပြောနိုင်ပါဘူးလေ၊ ပြီးတော့... ပြန်တွေ့ဦးမယ်ဆိုလဲ အချိန်တွေအများကြီးကျန်သေးတယ်။ တော်တော်နဲ့ မသေသေးပါဘူးနော်၊ ဪ... မင်းအသက် ဘယ်လောက် ရှိပလဲဟင် ၁၆နှစ်လား ၁၈နှစ်လား"

လှောင်သေးတယ်ဇော်ရယ်၊ သို့ပေမည့် တင်မေကတော့ သူလှောင်တာ ရက်စက်တာ ကြမ်းတမ်းတာ တွေကို တေပေပြီးတွေ့ခဲ့ရဖူးပြီ ဖြစ်၍ ရင်တွင်းမှာ ဘာမှမဖြစ်တော့ပါ။ တင်မေသည် အင်မတန်လည်သည့်ဟန်မျိုးကို အခုရနေပြီးဖြစ်ရာ၊ သူ့ကိုယ်သူမသိဘဲ၊ ကိုယ်အထက်ပိုင်းကို တွန့်ကနဲ လှုပ်ကာ ခေါင်းတချက် ညိမ့်၍ မျက်စေ့တဖက် မှတ်လိုက်မိပြီး ပြုံးတဝက် မဲ့တဝက်နှုတ်ခမ်းနှင့်...

"အို... ရှင်နဲ့တွေ့တဲ့ အခါတိုင်းဟာ ၁၅နှစ်ပဲ.."

တင်မေသည် မိမိအမူအရာကိုပြန်သတိရပြီး ထိတ်လန့်သွားမိလေသည်။ ဒါဟာ အပေါ်စားမဆန်ဘူးလား။ စင်စစ်တော့လည်း ငွေနှင့်လာသော ယောကျ်ားဟူသမျှကို သည်လိုအမူအယာမျိုး သည်လိုအပြောမျိုးနှင့် ဧည့်ခံရမည့်သူအဖို့ အပေါ်စား ဆန်ရမှာက ဓမ္မတာပင် ဖြစ်ပေသည်။ သို့သော် ကိုဇော်ဖေ တယောက်ကိုမူ ဘယ်ဘဝက နေပြီးပဲ ဖြစ်ဖြစ်... တင်မေသည် သစ္စာရှိသောချစ်သူကောင်းတယောက် အဖြစ်နှင့် လက်ခံချင်လေ၏။ ထူးတော့လဲ မထူးပါဘူးလေ၊ ခု ရွှေပေးမရသည့် ဣန္ဒြေကလေးနှင့် ချိုချိုကလေးပြုံးပြီး ကြိုမယ်ဆိုလျှင်လည်း... ဒါဟာ တင်မေလို့ သိမှာမှ မဟုတ်ဘဲဟု တင်မေသက်ပြင်းချလေ၏။

ကိုဇော်ဖေကမူ... တင်မေဖြေပုံကို သဘောကျကာ အော်ရယ်လျက်ရှိပြန်၏။

ကြည့်လေ... ရယ်နေလိုက်တာ... ခေါင်းကိုနောက်ပစ်ပြီး ပေါ့ဆဆ ရယ်ပစ်လို့ပါကော။ ဟိုတုန်းက... ဟိုတုန်းကဟန်ကလေးတွေ... နီရဲနောက်ကျိသော မျက်လုံးများတွင်းက မျက်ရည်များပင် ကျလာပါပြီ။ အသားကလဲ ပွစိစိနှင့်အဆီပြန်လို့၊ သို့ပေမဲ့ စက်ဆုပ်စရာကြီးလို့ပဲ ခုတောင် မထင်နိုင်ပါလားကွယ်...။

"ဩ ၁၅နှစ် ဆိုတာကို သဘောကျနေသကိုး..."

တင်မေသည် မျက်တောင်တွန့်ပြီး သူရယ်နေသည်ကိုသာ ကြည့်နေမိလေ၏။ မိမိပြောလိုက်တုန်းကတော့ သူခုကောက်ယူသည့် အဓိပ္ပာယ်မျိုးနှင့် မဟုတ်ချေ။ တိုက်ဆိုင်ချင်၍သာ တိုက်ဆိုင်သွားပေသည်။ လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ခန့်တင်မေ ၁၅နှစ်သမီးက တွေ့ခဲ့သည်များကို သူတကယ်ပင်မေ့လေပြီ။

တင်မေ ပြောလိုက်သည်မှာ မှန်ကန်သော သစ္စာစကားပေတည်း။ တင်မေ့ဇာတ်လမ်းမှာ ဒီတော့ ၁၅နှစ် သမီးကစလေသည်။ ဒီတော့ ၁၅နှစ်ဆိုသည့် အရွယ်ကို ဘယ်မှာမေ့နိုင်ပါ့မလဲ... ကိုဇော်ဖေကို ယခု ၃၅နှစ် အရွယ်မှာ တွေ့ပြန်လဲ ၁၅နှစ်သမီးအရွယ်က စိတ်များနှင့်တွေ့ရသည်။ သူ့ကို အစွဲကြီးစွဲနေသည့် မိုက်မဲသော စိတ်များသည် ခုလည်း မိုက်မဲလျက်ပင် ရှိကာ နောင်လည်း ဆက်၍ မိုက်မဲဖို့ အသင့်ရှိလေသည်။ ခုနေများ ကိုဇော်ဖေက တင်မေကို ပြန်မှတ်မိပြီး...

တင်မေသည်ဇရာဖိစီး၍ အမယ်အိုဖြစ်သည့်တိုင်အောင်ပင် မိုက်မဲချင်လှပါသည်။

သည်တော့ ဘယ်ခါမှာမဆို ကိုဇော်ဖေတယောက်အပေါ်မှာဖြင့် တင်မေသည် အမြဲတမ်း ၁၅နှစ်ပဲရှိပေမည်။

ကိုဇော်ဖေသည် ရုတ်တရက် တင်မေကိုရော၊ ထိုအခန်းကျဉ်းကလေး ကိုပါ ငြီးငွေ့သွားသလို အပြင်းအတန် သမ်းလိုက်ပြီး အိတ်ထဲက တဆယ်တန်ငွေစက္ကူလေးရွက်ကို ထုတ်၍ စားပွဲပေါ် ပစ်တင်လိုက်လေ၏။ တင်မေလည်း ရင်ထဲတွင် လှိုက်လှဲ ဝမ်းနည်းသွားပြီး မျက်လုံးများ ရီဝေလာပြန်၏။ မသိလိုက် မသိပါ...
လက်ဖဝါးနှစ်ခုကို ယှက်၍ စားပွဲပေါ်ချကာ လက်ဖမိုးပေါ်မေးတင်ပြီး ငေးနေမိပြန်၏။

"ဟော"ဟု ကိုဇော်ဖေကဆိုလေ၏။

"အဟုတ်ပါ... မင်းကိုတခါတုန်းက သိဖူးပါတယ်။ အဝီစိမှာတော့ မဟုတ်ပါဘူးကွယ်။ နတ်ပြည်မှာလို့ငါထင်တယ်"

ကိုဇော်ဖေသည် တင်မေ့နဖူးလေးကို မတို့မထိနမ်းကာပေါ့ပါးစွာ ထွက်သွားလေသည်။

သူညကလာပြီး မနက်ကျတော့ သွားပြီလေ၊ လေ့ကားက ပြေးဆင်းသွားသည့် ခြေသံများသည် ဆူညံ့ရာက အဝေးရောက်တော့ ပျောက်သွား၏။ အခြား ယောကျ်ားတွေနှင့်ဘာမှမကွာခြား။ တင်မေသည် အပြေးထပြီး ပြတင်းကမျှော်ကြည့်လိုစိတ်လည်း မပေါ်တော့။ သည့်ထက်မက အနောက်ကလည်း အတင်းလိုက်ပြီးဖမ်းတောင်မှ ကိုဇော်ဖေသည်
သူ့စိတ်ကမလိုတော့ဘူးဆိုသည့်အခါမှာ လှည့်ကြည့်ဖို့ စိတ်ကူးတော့မည် မဟုတ်ချေ။ တင်မေကတော့ သိခဲ့လှပါပြီ။

ထို့ပြင် လာပြီးပြန်သွားသည့် အဖြစ်မျိုးကတော့ တင်မေ့အဖို့ ရိုးလှပေပြီ။

ယခုလိုတော့ ဘယ်တုန်းက တွေ့ပိုင်ပြီးကျန်ရစ်ခဲ့ဖူးပါသလဲ၊ အမှန်မှာ တွေ့ပိုင်ရုံတင်မကပဲ ဇော်... ဇော်... အို.ဇော်... ဟု မောတတပမ်းကြီး ပင်တသပြီးနေရစ်ပါသေး၏။ လက်ဖမိုးပေါ်မှာ ပူနွေးသော အရည်များ ရွှဲနေ၏။ စားပွဲခုံပေါ်သို့ပင် ကျရောက်စိုစွတ်နေပါသည်ကော။ မထင်ပဲနှင့် ကိုယ့်ကိုယ်ကိုယ်ငိုနေမှန်း သိရ၍လန့်ဖြန့်မိသေး၏။

စင်စစ်တော့လည်း တင်မေလိုအသားအရေချောက်ခမ်းပြီး အသက်ကြီးရင့်သည့် ပြည့်တန်ဆာမကြီးတယောက် ငိုနေသည်ကိုမြင်လျှင် ဘယ်သူသည် ချစ်သူစွန့်ပစ်၍ ၁၅နှစ်အရွယ် အပျိုပေါက်စကလေးတယောက် ငိုနေသည်ဟု ထင်ပါလိမ့်မလဲ။ ဤသို့ တင်မေသည် အမြီးအမောက်မတဲ့တွေးကာရှိသည်။ ဒီဟာမကြီး ဝါရင့်လွန်းလို့ ဧည့်မရှင်တော့တာနဲ့ ငိုနေတယ်လို့ တင်မှာပေ့ါ…

သို့သော်လည်း ကိုဇော်ဖေနှင့် ပတ်သက်ပြီဆိုလျှင် တင်မေသည် သူ့ကိုယ်သူအရာရာပါစားပေးထားသည် ဖြစ်ရကား မျက်ရည်ကို သုတ်ပစ်ဖို့ပင် မကြိုးစား… "ဇော်ရယ် ဇော်ရယ်"ဟုပင် တတပြီးငိုရှိုက်လိုက်ရချေသေး၏။

ကဲ သူသွားပြီလေ တင်မေကိုမှ တင်မေမှန်းမသိဘဲ တခါတည်း ထွက်သွားပြီး မသိသားဆိုးဝါးလှချေလားဇော်ရယ်။ တင်မေကိုမှ မမှတ်မိနိုင်လောက်အောင် ဦးနှောက်ထဲမှာ အရက်ခိုး အရက်ငွေ့တွေ ဆို့ပိတ်နေပြီးလားကွယ်။ တွေ့ရတဲ့ မိန်းမတွေ ထောင်သောင်းမကများလွန်းလို့ တင်မေတယောက်ကိုကော ထူးပြီးမမှတ်မိနိုင်တာလေလားကွယ်…

အမှန်ဆိုရလျှင်မူ ညကတုန်းကဖြင့် သူများမှတ်မိသွားတော့မှာလား၊ မှတ်မိသွားတော့မှာလားဟု တထိတ်ထိတ် ပူကာ ဣန္ဒြေချည်း ပျက်နေမိလေသည်။ တင်မေမှာ ဘာမှ မချုပ်တည်းနိုင်ချေ။ သတိထားနေရက်လည်း ယောင်ကာ ဇော် ဇော်နှင့် တဇော်တည်း ဇော်မိ၏။ ဦးလေးဇော်လို့များ တခွန်းထွက်သွားလိုက်လျှင်တော့ လုံးလုံးပေါ်ရချေရဲ့။ ဘုရားသိကြားမလို့ တင်မေ့ကို တွေ့ခဲ့တာ အဝီစိမှာလား နတ်ပြည်မှာလားတောင် သိမသွားချေ…ဟာ…ဟာ…

ကိုဇော်ဖေသည် တညလုံးမင်းဘာဖြစ်နေတာလဲဟု မေးကာနေ၏။ သူ့စိတ်ထဲတွင် ထူးပါတယ်ဟုတော့လည်း ထင်ချင်ထင်ပေမည်။ တင်မေကတော့ သူမှာပါလာသည့် ပုလင်းကိုသာဖွင့်ပြီး တခွက်ပြီးတခွက်သာ ချော့ပြီးတိုက်နေရ၏။ ကိုဇော်ဖေသည် အရင်တုန်းကလိုပင် သောင်းကြမ်းမူးရူးပြီး ပစ္စလက္ခတ် အိပ်ပျော်သွားသည့်အခါမူကား တင်မေသည်အခန်းထောင့် စားပွဲပေါ် လက်ဖဝါးနှစ်ဖက်ထပ်ပြီးတင်ကာ လက်ဖမိုးပေါ် မေးတင်ပြီး သူ့ကိုငေးနေမိသည်မှာမို့ လင်းလုမှစားပွဲပေါ် ခေါင်းချပြီး မှေးကနဲ ငိုက်ရသည်။ သိပ်မကြာပါဘူး၊ ဇော်လာပြီး နှိုးတာပဲမဟုတ်လား…

နောက်ဆုံးမှာမူ ကိုဇော်ဖေသည်မိမိကို သည်အသက်အရွယ်အထိ သည်ဘဝထဲကနေပြီး အစွဲကြီးစွဲနေသေးသည့် ချစ်သူထဲကလား ငွေလေးဆယ်ပေးလျှင် တညပျော်ရသည့် ပြည့်တန်ဆာထံကလားဟူ၍မှ ခွဲခြားပြီးမသိသည့် မိုက်ကန်းခြင်းနှင့် ထွက်သွားချေပြီ။ တကယ်တော့ ဤသို့လျှင် တင်မေ့ကို တင်မေမှန်းမသိဘဲ… လာပြီးပြန်သွားရုံသာရှိသည့် ကိစ္စမှာ

အင်မတန်ဝမ်းသာစရာ.. အို... ဆို့ထက် အသက်ပျောက်သွားလောက်အောင်ကို ဝမ်းသာပစ်ချင်စရာပဲ ဖြစ်တော့လေသည်။

တခါတုန်းကလည်း ( တင်မေပြန်ပြီး မှတ်မိပါသေး၏။ ) ခုလိုပင် တင်မေသည် လက်ဖဝါးများကိုယှက်၍ စားပွဲပေါ်ချကာ မေးတင်ပြီး ငေးနေမိခဲ့ဖူးလေသည်။ အင်း... နည်းနည်းပဲ ကွာသည်ကတော့ ထိုအခါက တင်မေသည် ၁၅နှစ်အရွယ် မြူမထင်သည့် အပျိုပေါက်ကလေးသာ ရှိသေးခြင်းဖြစ်တော့လေသည်။

စားပွဲပေါ်တွင် အရက်ပုလင်းနှင့်ဖန်ခွက်ရှိသည် ထင်ပါရဲ့...

စားပွဲတဖက် တင်မေနှင့် မျက်နှာချင်းဆိုင်တွင် ကိုဇော်ဖေထိုင်လျက် ရှိလေသည်။ သူ့ဆံပင်များသည် အမြဲ ထိုးထိုးထောင်ထောင်ရှိကာ မျက်လုံးများလည်း ရီဝေနောက်ကျိလျက်ရှိ၏။ ကော်လာလည်ပင်းသည်လည်း ပွင့်ဟနေ၏။ အတော့်ကို ဝင်သွားပြီဖြစ်၍ ခြေပစ်လက်ပစ်ဖြစ်နေပေ၏။ လက်များမှာ တုန်တုန်ရီရီနှင့် ပုလင်းနှင့်ဖန်ခွက်ကို ဘယ်ဟာမှမြဲအောင် မကိုင်နိုင်ချေ။ အရက်ငှဲ့ထည့်သည့်အခါ ဖန်ခွက်ထဲ ဖြောင့်ဖြောင့်တန်းတန်းမကျဘဲ စားပွဲပေါ်သို့ ဖိတ်ဖိတ်နေ၏။ ဖန်ခွက်ကိုယူပြီး သောက်ပြန်တော့လည်း ရှေ့သွားနှင့် ဖန်ခွက်နှုတ်ခမ်းက ဆောင့်မိသေး၏။ အင်္ကျီရင်ဘတ်က ပေပေရေရေ...။

ဒါကတော့ တင်မေအစွဲကြီး စွဲသည့် ကိုဇော်ဖေ့စတိုင်။

တင်မေသည် သူ သောက်နိုင်သမျှ သောက်နေစဉ်မှာ စကားတလုံးမျှ မပြောဘဲ ငေးပြီးမျက်တောင်မခတ်ဘဲ ကြည့်နေမြဲ ဖြစ်လေ၏။ တင်မေ့ မျက်စိထဲတွင်မူ သူ့အမူအရာများသည် အင်မတန်ဟန်ပါ၏။ ဘာကိုမှ ဂရုမစိုက်ပုံကလေးကလည်း သူရဲကောင်းဆန်သလိုလို။ နောက်ဆုံး၌ ကိုဇော်ဖေသည် စားပွဲပေါ်ထိုးပြီး ကျသွားတတ်သည်။ တင်မေ့ခေါင်းကိုလည်း လက်ကိုးယိုးကားယားဖြင့် လာရိုက်မိတတ်သည်။ သူ့မယား မခင်သန်းက နောက်ဖေးမီးဖိုချောင်ကနေပြီး ဆဲဆိုကာနေတတ်သည်။ ... တင်မေသည် သူ့ကိုယ်ကြီးကို မနိုင့်တနိုင်နှင့် ထူမကာတွဲပြီး အိပ်ရာပေါ်အရောက်ပို့ရမြဲ ဖြစ်လေသည်။ တခါတလေ သူ့ခေါင်းကြီးကို ခေါင်းအုံးပေါ်ချ၍ မရဘဲ တင်မေ့ရင်ခွင်ပေါ်မှာ မှိန်းပြီးကြာလျှင် အိပ်ပျော်သွားတတ်၏။ သည်တော့မှ တင်မေထလာနိုင်တော့သည်။

တင်မေ့အင်္ကျီများသည် မကြာခဏ အရက်များပေရေကုန်၏။ အရက်အနံ့အသက်များလည်း ကိုယ်မှာကပ်လာ၏။ တင်မေကတော့ ချိုချဉ်မွှေးမြသည့် ရနံ့တမျိုးကလေးဟုယူဆ၏။ တင်မေမှာ ရင်တနွေးနွေးနှင့် ငိုချင်လို ခံစားပြီး ကျန်ရစ်တတ်လေသည်။

သည်လိုဖြစ်ရသည်မှာ ကိုဇော်ဖေတို့ပြောင်းလာပြီး ခင်မင်လာကြသည့်အချိန်ကတည်းကပင်

ဖြစ်လေ၏။ တနစ်ကျော်ကြာသွားပေပြီ။ တင်မေသည် ကိုဇော်ဖေ့အိမ်ကို ချဉ်းကူးကာနေလေသည်။ နှုတ်ခမ်းမှာ "ဦးလေးဇော်... ဦးလေးဇော်"နှင့် ခေါ်၍မပြတ်။ တင်မေမှာ ရင်ထဲတွင် တနွေးနွေးနှင့် နှာခေါင်းတွင် ချိုချဉ်မွှေးမြသည့် ရနံ့ကလေး တရစ် ဝဲဝဲဖြစ်နေခြင်းမှာ တဖြည်းဖြည်း ပြင်းထန်လာ၏။

ကိုဇော်ဖေကတော့ တင်မေ့ကို ခလေးကလေး ထင်နေ၏။ တင်မေ ထွားကြိုင်းဖွံ့ဖြိုးလာတာကိုလည်း သတိမထား။ တင်မေ့မျက်လုံး ငေးငေးများကိုလည်း အဓိပ္ပာယ်မရှာ။ အရက်သောက်တာ မိန်းမလိုက်တာကို အမြဲ ဆူပူဆဲဆိုသည့် မယားအစား ပြုစုအလိုလိုက်သည့် တူမကလေးလို ချစ်ခင်သည်။ ကိုဇော်ဖေ၏လောကတွင် တင်မေတယောက်သာ သူ့ဖက်သားရှိ၏။ ထို့ကြောင့်တင်မေကို ဖြူစင်စွာချစ်၏။ ဒါကိုသိသည့် လူတစ်ယောက်ကတော့ တင်မေကံကောင်းနေသေးသည်ဟု ဆိုမည်ဖြစ်လေ၏။

တင်မေကတော့ မိမိကံကို မိမိဖန်တီးချင်ပြီ။

သောက်တာက ကိုဇော်ဖေဖြစ်သော်လည်း စင်စစ်ရူးမူးတာက တင်မေပင်ဖြစ်တော့လေ၏။ ရင်တွင်းမှာ မချိမဆန့်ဖြစ်လွန်းတော့ နည်းလမ်းကိုရှာ၏။

ဥပမာဆိုပါတော့...

တညနေတွင် ကိုဇော်ဖေနှင့် တင်မေတို့မှာ မြို့ပြင်လမ်းလျှောက်ခင်း၏နဘေး မြက်ခင်းမှာရောက်နေကြလေ၏။ သူကမြက်ခင်းပေါ်တွင်မှောက်ကာ မြက်ပင်ကလေးများကို နှုတ်လျက်ရှိ၏။ မူးပြီးထိုးမလဲသည့်တိုင်အောင် အမြဲတမ်းတော့ ခပ်ထွေထွေရှိရကား တင်မေစွဲသည့် သင်းရနံ့ကလေးကတော့ တပျံ့ပျံ့ နေလေ၏။ ထွေထွေကလေး ဆိုပြန်တော့လည်း သူ့ဟန်ပန်က တမျိုးချစ်စရာ တင်မေမှာမူ လက်ဖမိုးပေါ်မေးတင်၍ ငေးသည့် မျက်နှာထားမျိုးဖြင့် သူ့ကိုသာ တစိုက်မတ်မတ် ငေးကြည့်ကာနေလေ၏။ ကြက်သီးထနေ၏။ ချမ်းစိမ့်ပြီးနေလေ၏။ ပြီးတော့ ငိုချင်လာ၏။

တင်မေက သူ့နဖူးပေါ် ကျနေသော ဆံပင်ကို တင်ပေးရင်းက နဖူးကိုနောက်သို့ လန်ကျသွားအောင် နိပ်လိုက်ပြီး မျက်နှာကိုမော့စေလေ၏။ ထို့နောက်မရိုးသားသဖြင့် တုန်လှုပ်နေသောအသံဖြင့်...

"ဦးလေးဇော်"

"ဘာလဲ"

"ဦးလေးဇော်"

"ဘာလဲဟ"

"ဦးလေးဇော်"

သည့်တခါမှာတော့ တင်မေသည် ငိုသံပါလာပြီ တင်မေ့မျက်နှာသည်လည်း သူ့မျက်နှာပေါ် ကျလာတော့မလို နီးကပ်လာလေရာ ကိုဇော်ဖေသည် "ဩ ကြပ်လိုက်ပါဘိ"ဟု ညည်းကာ လူးလဲထလေသည်။

"ဘာဖြစ်နေတာလဲ တင်မေ"

တင်မေသည်ခေါင်းကိုသာ ခါနိုင်လေ၏။ သူက ရိပ်မိပုံလည်းမရ။ တင်မေသည် သူ့ကိုမကြည့်တော့ဘဲ မျက်နှာလွှဲနေလေ၏။ တင်မေ့မျက်နှာကလည်း သွေးလျှမ်းပြီး နီရဲနေ၏။ သူမသိအောင်လည်း တိတ်တဆိတ်ရှိုက်လျက် ရှိလေ၏။ ကိုဇော်ဖေကမူ ကောင်မလေးအရူးထတာပါပဲဟူသော အနေဖြင့် ဂရုမစိုက်ဘဲ ရှိလေသည်။

"ဦးလေးဇော်"

"လာပြန်ပြီ"

"ဦးလေးဇော်လို့ မခေါ်ချင်ဘူး"

"ဦးလေးပေလို့ ခေါ်ဟာ"ဟု သူက စိတ်ပေါက်ပေါက်နဲ့ပြော၏။

သူတို့နှစ်ယောက်သည် တိတ်ဆိတ်နေပြန်လေ၏။

"ဦးလေးဇော်"

ကိုဇော်ဖေက သက်ပြင်းချလေ၏။

"မခင်သန်းကို တင်မေမုန်းတယ်"

"ဟားဟာ ဘာဖြစ်လို့လဲဟင်"

"သူက အားအားရှိ ဆူပူနေတာပဲ၊ သူဆူတာ ဘာဖြစ်လို့ ခံနေရတာလဲဟင်၊ ပြီးတော့ ဦးလေးဇော့်ကို ပျော်အောင်မထားဘူး၊ ဘာမှလည်း ဂရုမစိုက်ဘူး... တင်မေသာမရှိရင် ဦးလေးဇော်သိပ်မူးတဲ့အခါ ဘယ့်နယ်လုပ်မလဲ"

တင်မေသည်မြန်ဆန်စွာပြောလေ၏။ ကိုဇော်ဖေကမူ ဘာမျှမပြော။ တွေးနေဟန်ရှိလေ၏။ တင်မေကတော့ မိမိစိတ်များ လေနေသည်ထင်၏။ အမှန်ပင်လေနေ၏။ ထို့ကြောင့်မှောင်၍ အိမ်ပြန်ရန်ထကြသည့်အခါတွင် တင်မေသည် "ဇော်ရယ်"ဟု မကြားတကြား သက်ပြင်းကလေးမှုတ်ထုတ် လိုက်မိလေ၏။ ကိုဇော်ဖေက အံ့ဩသလိုဖြစ်သွားပြီး သူ့နားသူမယုံနိုင်သလို ဘာမျှမပြောဘဲ နေလေ၏။

"ဇော်"ဟု လမ်းယှဉ်လျှောက်ရာက ရဲတင်းမိုက်မဲစွာ ခေါ်လိုက်မိလေ၏။

"ဇော်... ဟုတ်လား"

တင်မေသည် မျက်နှာကို တဖက်လှည့်ပစ်ပြီး "ဟောသည်လမ်းဟာ ဘယ်တော့မှ မဆုံးရင်ကောင်းမှာပဲ ဇော်"ဟု လွမ်းလွမ်းဆွေးဆွေး ညည်းညူလိုက်လေရာ...

"ဘာဖြစ်လို့လဲကွယ်"

"အိမ်ပြန်မရောက်အောင်လို့ပေါ့"

သည်အခါမှာမူ သူသည်မျက်နှာအနည်းငယ်နီလာပြီထင်၏။ တင်မေက ဝမ်းသာ၏။ ရှက်စိတ်ဆို၍ နည်းနည်းမှလည်းမရှိပါ။ မိုက်ချင်နေ၏။ ဘေးအန္တရာယ်ကို တောင့်တနေ၏။ တင်မေသည် သူ့အနား တိုးကာ ခါးကို သိုင်းဖက်လိုက်လေ၏။ အရောဝင်နေကျမို့ မထူးဆန်းသည့် အပြုအမူ။ သို့ပေမည့်။

ကိုဇော်ဖေက ချောက်ချားနေသော အသံဖြင့်...

"တင်မေ နင်မငယ်တော့ဘူး"

"သိသားပဲ"ဟုပေါ့ဆစွာ ခေါင်းကိုမော့ပြီး ပြောလိုက်မိသေး၏။

ခဏကြာသော် ကိုဇော်ဖေ၏လက်မောင်းသည် တင်မေ့ပခုံးပေါ် လာတင်လေ၏။ သူတို့နှစ်ယောက်သည် တင်းကြပ်စွာ ဖက်ရင်း... မှောင်တည်းတွင်အိမ်ပြန်ရောက်ကြလေ၏။ သူ့စိတ်ထဲ ဘာရှိမည်တော့ ခုထိ တင်မေမသိ။ တင်မေကတော့ပျော်သည်။

တင်မေသည် ခုကစပြီး ပျော်ရတော့မည်ထင်လေသည်။ သို့သော်နောက်တနေ့တွင် ကိုဇော်ဖေသည်ဘာကိုမှ မမှတ်မိတော့သလို နေလေ၏။ ညကအဖြစ်ကို မူးပြီးမက်သည့် ကတောက်ကတက် အိပ်မက်ဟုပင် ထင်နေသလားမသိ။

တင်မေသည် သူသောက်သမျှကိုသာ စားပွဲပေါ် လက်ဖဝါးနှစ်ခု ယှက်ချပြီးမေးတင်ကာ ကြည့်ရှုံသာ တက်နိုင်လေတော့သည်။

တင်မေ့အသည်းထဲက ဇော်သည်ငါးရက်မျှ ပျောက်သွားလိုက်သေးသည်။ ကိုယ့်ဇော်ကိုဖြင့် တင်မေက အတွင်းသိ၊ အစင်းသိဖြစ်လေရာ ငါးရက်လုံးပင် စိတ်တိုနေရပေသည်။
ဇော်ကလူပေလူတေတယောက်ဖြစ်လေရာ၊ သည်လိုပဲပျောက်သွားတတ်သည်။ အရက်သမား တစုနှင့်မလင်းအောင်သောက်လိုက်၊ ရီတီတီကြားဖြတ်ကာလကလေးများတွင် ဟော်တယ်မယ်တွေနှင့် တဖက်ငါးရာလူးလိမ့်နေတတ်၏။ ဒါကိုတင်မေအတတ်သိ၏။

တင်မေကမူကား ဇော်ပြန်လာမချင်း၊ စိတ်ထဲက ဘာဖြစ်မှန်းမသိ ဒေါသဖြစ်သလို၊ စိတ်ညစ်သလိုနှင့်

လှုပ်ရှားထကြွသော ဝေဒနာကို ခံစားနေရလေ၏။ ဇော်၏ မိန်းမ မခင်သန်းကမူ လာလျှင်ဆူပူလိုက်မည်။ ကြိမ်းမောင်းလိုက်မည်ဟု ဟန်ပြင်ထား၏။ အဆူအပူများကို ကြောက်၍လည်း ဇော်ကထွက်ပြေးတတ်၏။

တင်မေကမူ ဆူးတောင်များရှိသော လိပ်ပြာကို လိုက်လံကာ ဖမ်းချင်နေ၏။ ( တင်မေ၏ စိတ်ကူးတိုင်းပြည်ထဲတွင်ကား ပန်းလိပ်ပြာကလေးမှာ ဆူးကလေးတွေနှင့်။ ဖယ်လိုက်လျှင် လက်ကို လာ၍ ရှတတ်၏။ စူးတတ်၏။ ဒါပေမည့် စူးတာရှတာကလေးကိုပဲ လိုချင်သလား၊ မလိုချင်သလား မခွဲတတ်။ စိတ်ထဲကမူ လာ၍စူးလျှင် "အမယ်လေး" ဟု အော်ပစ်လိုက်ချင်၏။ အော်လိုက်ရမှ စိတ်ကပြေသွား၏။)

တနေ့လုံး ပြတင်းမှ မှီကာဇော်ကိုစောင့်သည်။

မခင်သန်းမှာ မီးဖိုချောင်မှ ကျိန်ဆဲရေရွတ်လျက် ရှိ၏။ သို့သော် အရိပ်အယောင်မှ ပေါ်မလာ။ လေက တိုက်ဖုံ့တိုင်း ရွေလျား၍နေသော သစ်ပင်ရိပ်များကို တင်မေက ကျိန်ဆဲနေ၏။ ပြာသောကောင်းကင်မှာ ကြေးမုံလိုဝင်းလက်နေသည်။ သစ်ကိုင်း သစ်ခက်တို့မှာ အောက်သို့သာ ငိုက်ယွန်းနေကြသည်။ မြေပြင်ပေါ်တွင် လာ၍ထင်ကြသော အကွက်တို့မှာ လေကသုတ်ဖုံ့လိုက်တိုင်းပြား၍ပြား၍ သွားကြလေ၏။ ပုံသဏ္ဍာန်တို့သည် တွန့်ယှက်ကာ ဝါးသွားကြ၏။ နောက်ပြန်၍ ငြိမ်လာ၏။ နောက်ပြန်၍ ဝါးသွားပြန်၏။

တင်မေ့မှာ စိတ်မှန်းလို့ မတည်မကျ။ ဇော်... ဇော်... ပြန်လာပါတော့ကွယ်... သို့သော်လေတချက်အဖုံ့တွင် မြေပြင်မှ အရိပ်ကွက် အရိပ်ပြောက်တို့သည် လွင့်ပါး၍ လှုပ်ရှားသွားကြပြန်လေ၏။ ပုံသစ်တခုသို့ ကူးပြောင်းသွားကြပြန်လေ၏။ သည်လိုနှင့် ဒေါသထွက်ရပြန်ပါ၏။

ကနေ့ကလည်း ဇော်အိမ်ပြန်မလာ။ တင်မေသည် အစောကြီးအိပ်ယာဝင်သည်။ တရေးနိုးသောအခါ တဖက်ခန်းမှ ဇော်၏အသံကြားရ၏။ အရက်သံမှာ ပြတ်သားစွာပေါ်လာ၏။ မိန်းမကဆူ၏။ တခါတခါ ကျယ်လောက်လာ၏။ ဇော်ကမူ တိတ်ချက်ကောင်းနေ၏။

နောက်တနေ့တွင်ကား ဇော်ကို ယခင်ကလမ်းလျှောက်လေ့ရှိသော မြို့အပြင် မြက်ခင်းကလေးတွင် တွေ့ကြပြန်လေ၏။

ခါတိုင်းကဲ့သို့ပင် တင်မေက သူ့ကိုကြည့်ကာ မခိုးမခန့်ရယ်၏။

"ဘာလဲ ဒီကောင်မလေး..."ဟုဆိုကာ ခေါင်းကိုပုတ်လိုက်၏။ တင်မေက ကျင်လည်ဖြတ်လတ်စွာ ကွေ့ရှောင်လိုက်သဖြင့် လွတ်သွား၏။ နောက်တကြိမ်မူအဖျားခတ်၍ ထိပွတ်မိလေရာ၊ ဆံပင်တွေမှာ ဖွာရာကြဲသွား၏။

တင်မေစွဲသည့် သင်းရနံ့ကလေးက မွှေးအပျံ့ပျံ့ထွက်လာ၏။ မျက်လုံးမှာရီဝေနေ၏။ ခါတိုင်းလည်း ရီဝေနေကြ မှုန်ဝေ့ဝေ့ဖြစ်နေကြ။ သို့သော် သည်တကြိမ်မူ တင်မေက ပို၍ မူးယစ်နေ၏။ မျက်တောင်မှာ စင်းကျနေ၏။ အကြည့်မှာ ရီဝေနေ၏။

နှုတ်ကမူ "ဇော်...ဇော်"ဟု တေးကာရန်ယူသလို ရွတ်နေလေ၏။

"ဘာလဲ... ဒီကောင်မလေးဘာဖြစ်နေလဲ"

ဒါပဲ ကိုဇော်ဖေက ပြောသည်။

နှစ်ယောက်သားဆက်၍သာ လျှောက်သွားကြ၏။ အရိပ်များသည် ရှည်သည်ထက် ရှည်လျားလာကြသည်။ နောက်မှောင်ရိပ်များသည် တခုနှင့်တခုကူးဆက်ကာ ဆက်သွားကြလေသည်။ ကျေးငှက်ကလေးများ တွတ်တွတ်ထိုးသံသည် ဆူညံ၍လာ၏။ ခေါင်းပေါ်မှ အရွက်များပြွတ်ကာ မိုးလာကြ၏။

"မှောင်လာပြီကွ"ဟု ကိုဇော်ဖေကဆို၏။

"မှောင်.... မှောင်..."

ကိုဇော်ဖေကဘာမျှ မပြောနိုင်။ ငေးကြောင်ကြောင်နှင့်သာ တင်မေ့ကို စိုက်ကြည့်နေရ၏။ တင်မေကတော့ နဲနဲမှမဖြုံ ဘယ်သူ့ကိုမှမကြောက်။ အံ့သြသည့် အကြည့်ကို တင်း၍နေနိုင်၏။

"မှောင်... မှောင်လေ"

ထပ်၍ပင်ပြောလိုက်သေး၏။

ပန်းရနံ့ကလေးတွေမှာ မှောင်သောသစ်ရိပ်အကြားမှ... ဖြတ်သန်းကာဝင်လာ၏။ ဘာပန်းတွေ ဘာရွက်တွေ၊ ဘာပင်တွေဟု မခွဲခြားနိုင်တော့၊ မြင်မြင်သမျှ စိမ်းမှောင်မှောင်သာ ဖြစ်နေ၏။ ဟိုက တွဲလွဲ ဒီကတွဲလွဲဆိုင်းနေတာ ညွတ်ကိုင်းကာကျနေတာတွေ၊ ပိန်းပိန်းတွေ၊ အပြောက်အပြောက်သာဘဲ စိတ်ထဲကသိနေ၏။ ဘာမှ မထင်ရှားတော့။

သို့သော် တင်မေ့အဖို့ ထင်ရှားနေတာမှာ သင်းတပျံ့ပျံ့ရနံ့ကလေး။ အရက်ငွေ့။

တင်မေကသာ စကားတွေပြောနေ၏။ သူကအင်းလိုက်၏။ တင်မေကပြောရင်း စိတ်ပါလာ၏။ ငယ်ငယ်က တယောက်ထဲနေခဲ့ရတာတွေ၊ အမေတညလုံးပြန်မလာ၍ မှောင်ကြီးမဲကြီးထဲ စောင့်နေရတာတွေ။

"အဲဒီတုန်းကလေ သိပ်ကြောက်တာပဲသိလား။ သိပ်ကိုကြောက်တာပဲ မီးကလည်းမရှိဘူး၊ ဘာမှ မမြင်ရဘူး၊ ကြယ်ရောင်ကလေးသာရှိတယ်၊ ဒါပေမယ့် မလင်းသလိုပါပဲ၊ တယောက်ထဲဆိုတော့

တမျိုးပဲလေ။ သိပ်ကိုကြောက်တာပဲ၊ ဘာမှ မမြင်ရပြန်တော့ သရဲတို့ တစ္ဆေတို့ကို စိတ်ကူးကြောက်ရတယ်။ တယောက်ထဲနေရတာ စိတ်ကူးဖြစ်တယ်နော် ဇော်ရေ..."

ကိုဇော်ဖေကား အင်းလိုက်၍သာ နေနေ၏။ တင်မေက ဆက်ပြော၏။

"သိပ်စိတ်ကူးလို့ကောင်းတာပဲ၊ ထင်ရာ မြင်ရာ လျှောက်တွေးတော့တာပဲ၊ နောက် စိတ်ကူးရင်းနဲ့ ကြောက်တယ်ဆိုတာ ဘာမှန်းမသိတော့ဘူး၊ သိပ်လဲ ရယ်စရာကောင်းတယ်။ စိတ်ကူးထဲမှာ ကြယ်ကလေးတွေဟာ စပယ်ပွင့်ကလေးတွေဖြစ်နေကြတယ်။ နောက်စကြာလို လယ်ပြီး လကြီးဖြစ်သွားပြန်ရော၊ လကြီးကကြီးလာပြီး မျက်နှာပေါ်မိုးလာတော့ ငွေရောင်ကလဲ တလက်လက်နဲ့ မျက်နှာကတော့ ကြောက်စရာမကောင်းဘူးရှင့်။ ပြုံးနေတာပဲ။ အဲဒီကစပြီး တယောက်ထဲနေရတာ မကြောက်တော့ဘူး။ ဇော်ကော ဘယ်နယ်လဲ..."

ဇော်ကား ခေါင်းကိုသာတွင်တွင်ခါနေလေ၏။

"နင့်ဟာကလည်း အရက်မူးတဲ့လူ လျှောက်ပြေးတာကျနေတာပဲ၊ ပေါက်ကရ ရောက်တတ်ရာရာပဲကိုး"

မြို့အပြင် ချောင်းကလေးတခုနားသို့ ရောက်သွား၏။ တခါမှ သည်ချောင်းကလေးမျိုး ရှိသည်ဟု မကြားဘူး။ ရေမှာ ရေညှိတို့ဖြင့်သာပြွမ်းလေ၏။ မှော်ပင်ပိန်းပင်တို့ကား ဒရစပ်ပေါက်နေကြ၏။ အပေါ်မှာ ဇလပ်ပင်များက အုပ်၍နေကြ၏။ အကိုင်းများက ညွှတ်ကွေးကာ ရေသို့ထိလုဘနမ်း ဖြစ်နေလေ၏။ တချို့ ပျော့ပျောင်းသောနွယ်ချောင်းတို့သည် ရေထဲတွင် တဝက်နစ်မြုပ်လျက်ရှိ၏။ ငှက်ကလေးများ၏ တကျီကျီအော်သံမှာ စူးရှ၍လာ၏။ မြူငွေ့တို့ကလည်း သန်းလာလေသည်။

"နင်မငယ်တော့ဘူး"ဟု ကိုဇော်ဖေက တချက်ဆိုလိုက်၏။

တင်မေကား ကြားလိုက်သည်ဟုပင် မထင်သည့်အလား "ရေစပြကလေး သွားရအောင်"ဟုဆိုကာ ကိုဇော်ဖေ့လက်ကို အတင်းဆွဲခေါ်နေလေ၏။

"ရေထဲကျသွားလိမ့်မယ်"

"မကျပါဘူး ဇော်ရယ်"

ကိုဇော်ဖေက လက်လျော့လိုက်၏။ တင်မေသည် ရေစပ်နားသို့ အရောက်သွား၏။ ဇလပ်ကိုင်းများကို လက်နှင့်ဖယ်ရှားပစ်ရ၏။ တင်မေက သမင်မကလေးလို မြူးတူးဖြတ်လတ်စွာ ခုန်ပျံ၍သွား၏။ တနေရာတွင် ခြေတဖက်ရေထဲနစ်သွား၏။

"အမယ်လေး"ဟု ငယ်သံပါအောင် အော်လိုက်သည်။

ကိုဇော်ဖေက ပြေးကာသွား၍ပွေ့ရ၏။

"ဘာဖြစ်တာလဲကွ"

"ဇော်ရယ်"ဟုဆိုကာ တင်မေက ကိုဇော်ဖေ့ကို ဖက်ထား၏။ ကိုဇော်ဖေကလည်း ပြန်ဖက်ထား၏။

"အိမ်ပြန်မယ်"ဟု တင်မေက အထူးအဆန်းဆို၏။

သည်တခါမူ ဇော်ကမပြန်ချင်။ တင်မေကမူ အမူးပြေလေပြီ။

"ဒီကောင်မလေး သိပ်ခက်တာပဲ"ဟု ဆိုကာ တင်မေ့ကို တိုး၍ ဖက်ထား၏။

"လိမ္မာစမ်းပါကွယ်"

"ဘာ လိမ္မာရမှာလဲ ပြောစမ်းပါဦး"

"မင်းကိုမင်း ကလေးလေးထင်နေသလား"

"ကလေးမဟုတ်တော့ ဘာဖြစ်သေးလဲ..."

ကိုဇော်ဖေကရယ်မောကာနေလေ၏။

သူတို့သည် သစ်ပင်အောက်မြက်ခင်းသို့လျှောက်သွားကြ၏။ တင်မေ့ စိတ်မှာမခံရပ်နိုင်အောင် ဖြစ်လာ၏။ တင်မေက စိတ်ထဲက အလိုမကျတိုင်း မြက်များကိုသာ ဆွဲနုတ်နေလေ၏။ ကိုဇော်ဖေကမူ သူ့ကိုဖက်ထား၏။ သို့သော် တင်မေ၏ အဖက်က ပို၍ကြမ်း၏။

"ဖက်ပါဦးဇော်ရယ်"

တင်မေအစွဲကြီးစွဲခဲ့သော ဇော်၏ သင်းပျံ့ပျံ့ ရနံ့ကလေးမှာ သင်းမြ၍လာ၏။ အဝေးမှ ချောင်းရိုးတလျှောက်ဝေ့လာသော စိမ်းဆတ်ဆတ်ရနံ့များထက်လှပ၏။ ချစ်စရာလည်းကောင်းလှ၏။

ဇော်၏ပါးစပ်ကမူ "ခက်တာပဲ"ဟု ငြီးတွားနေ၏။

"ဘာခက်တာလဲ ပြောစမ်းပါဦး။ ပြောလေ ပြောလေ..."

ကိုဇော်ဖေကားဘာမှ မပြောနိုင်။ တင်မေမှာ ကိုဇော်ဖေ၏မျက်နှာနားသို့ ကပ်ကပ်လာ၏။ နောက်မျက်လုံးနှစ်လုံးထိသွားကြ၏။ တင်မေက နဲနဲမှမျက်စိကို မပိတ်လိုက်ပဲ ကြည့်နေ၏။ မြင်သမျှကို ငေးကာ ကြည့်နေလေ၏။ ကြည့်ရင်း မျက်တောင်စင်းလာ၏။ ငေးလာ၏။

တင်မေက "ဟင့်အင်း  ဟင့်အင်း"နှင့် ညည်းညူနေလေ၏။

ကိုဇော်ဖေကမူ ကလေးလေးဟုအောက်မေ့ကာ မူးရစ်ရစ်နှင့် ဖက်၍ထား၏။ တင်မေက လူးလိမ့်၍ နေလေ၏။ ကိုဇော်ဖေက ငြိမ်သက်ကာတွေးနေ၏။ ကျေးငှက်ကလေးများသည်

တကျိုကျိုအော်မြည်ကာ သူတို့ ကိုယ်ပေါ်မှ ဖြတ်သန်းပြေးသွားကြ၏။

နောက်ဆုံး၌ တင်မေက ကိုဇော်ဖေ့ကိုတွန်းပစ်ကာ "ပြန်မယ်"ဟုပြောပြီးထွက်သွား၏။ ကိုဇော်ဖေမှာ အံ့သြကာ ကျန်ရစ်၏။ ခေါ်၍လည်းလှည့်မကြည့်။ သည်တော့မှ နောင်တရကာလိုက်၏။ မမှီတော့။ တင်မေကား အနားကပ်ပင်မခံ။ ယခင်လမ်းလျှောက်နေကြ မြက်ခင်းကလေးသို့ ရောက်လာအခါ မှီလုမှခင်ရှိလာ၏။

"ကောင်မလေးနေဦး"

ဘာမှပြန်မပြော။

"ကောင်မလေး နေဦးဟ ငါပြောပါဦးမယ်"

လှည့်၍ပင်မကြည့်။

ကိုဇော်ဖေက ပြေးလိုက်သောအခါ တင်မေက ထွက်ပြေး၏။ ဒါနှင့် မြို့ထဲဝင်လာ၍မမှီတော့။

သည်ကတဲကတင်မေနှင့် ကွဲကြတော့သည်။ တင်မေမှာ အိမ်ထဲက အိမ်ပြင်မထွက်ဘဲနေ၏။ နေနိုင်အောင်လည်းနေ၏။ ကိုဇော်မှာ အစကတော့ သည်လိုနေလိမ့်မည်ဟု မယုံကြည်ချင်ဘဲ၊ စိတ်ကောက်တာပဲဟု အောက်မေ့၏။ သို့သော် သည်ကတည်းက တယောက်နှင့်တယောက် မဆုံကြတော့ပေ။ ခါတိုင်းကဲ့သို့ပင် ကိုဇော်ဖေသည် အိမ်မှ ၄၊ ၅ ရက်ပျောက်သွားပြန်၏။ အရက်နှင့်ပော်တယ်မယ်ကြားတွင် အိပ်ပျော်ကာနေပြီးပြန်ရောက်လာ၏။ တင်မေ့ကို အစအနပင် မတွေ့ရတော့ပေ။

နှစ်တွေ၊ နှစ်တွေကြာခဲ့ပေပြီ။

ယခုမူ တင်မေမှန်းမသိတော့ဘဲ တွေ့ရပြီ။ သူပြန်သွားပြီ။ သူပြန်သွားပြီလေ။ ဘာတတ်နိုင်သေးသလဲ။ ဟိုတုန်းက တွေ့တုန်းကလဲ ဘာမှမတတ်နိုင်။ အခုလဲ မတတ်နိုင်။ ဘာများထူးသလဲ။

သူကတော့ သူ့ဘဝ အလေ့ကျအတိုင်း ပျော်ပါးသွားပြီလေ။ အရက်ချိုမြမြကလေး မြည်းကာ အနမ်းကလေးနှင့် တို့ကစားကာ နေ၏။ တခါတလေ ပါးချင်းအပ်ကာ စကား တတွတ်တွတ်ပြော၏။ အရက်ကို အနမ်းနှင့်မြည်းလိုက်ပါသေး၏။

တညလုံး ချစ်သူနှင့် တအိပ်ယာထဲအိပ်ရ၏။ သို့သော် သူကမသိ။ ချစ်သူဟူ၍ဝေးစွ။ တညသုံးလေးဆယ် ပေးရသည့် မိန်းမတွေ ထောင်သောင်းထဲက အစက်ကလေးတစက်မျှပင် ထင်ချင်မှ ထင်မည်။ သိပ်မျှော်လင့်မနေပါနဲ့လေ။ သေချာပါတယ်။ တစက်မှမထင်ပါဘူး။

ပိုက်ဆံပစ်ပေးပြီး အခန်းထဲကမှ ဆင်းသွားသော ခြေသံများကို ကြားယောင်ယောင်ဖြစ်လာရပြန်ပါ၏။

ခြေသံတို့ကား နှစ်ကာလကိုရေတွက်နေ၏။ နှစ်တွေကုန်လွန်ခဲ့ပေပြီ။ အဖြစ်အပျက်မျိုးစုံနှင့် ကြုံတွေ့ကာ နောက်ဆုံးသည်ဘဝသို့ ရောက်လာရ၏။ သူ့ကို ဘယ်တော့မှ တွေ့ရလိမ့်မယ်ဟုလည်း မမျှော်လင့်ခဲ့။ တွေ့လည်းမတွေ့ချင်။ တွေ့မယ့်တွေ့တော့လည်း တအိပ်ယာထဲမှာ တွေ့ကြရ၏။ တွေ့ပေမယ့် အတိတ်မရှိ။ သူက ကိုယ့်ကိုမသိ၊ ကိုယ်ကသာသိကာ မချိတရိဖြစ်နေရ၏။

ပြတင်းပေါက်မှ လေကလေးသုတ်ဖြူးကာ ဝင်လာ၏။

ကိုဇော်ဖေတင်ထားခဲ့သော ငွေစက္ကူများသည် စားပွဲပေါ်မှ လွင့်ကျသွား၏။ တင်မေသည် ချက်ချင်းလိုက်ကာကောက်၏။ လေတချက် ဝှေ့တိုက်လိုက်ပြန်ရာ အနားသို့ ရောက်ခါမှ ဝေးသွားသဖြင့် တဖန်လိုက်ကောက်ရပြန်၏။ ရပြီ။

နောက်ဆုံးတော့ရပေပြီ။

ငွေစက္ကူမှာ အရက်စွန်းထားသဖြင့်လားမသိ။ ဝါကာ တွန့်နေ၏။ ယခင်က သင်းပျံ့ပျံ့ရနံ့ကလေးမှာ ထွက်လာပြန်လေသည်။

"ဇော်"ဟု ပါးစပ်က အလိုအလျောက်ထွက်လာသည်။

သင်းပျံ့ပျံ့ရနံ့ကလေးမှာ လှိုင်၍လာပြန်၏။ တင်မေအစွဲကြီးစွဲခဲ့တဲ့ ရနံ့ကလေးများ။ ရနံ့ကလေးသာလျှင် ကျန်ရစ်နေလေ၏ ။ ။

— ကြည်အေး

(တာရာမဂ္ဂဇင်း၊ အတွဲ ၄ အမှတ် ၂၀)

## ထိုည

အပျိုမလေးသည် မော့၍ ကြည့်လိုက်၏။ လသည် အင်မတန်ပင် မြင့်၍ နေလေပြီ။ လ သည် ပြာသောကောင်းကင်ဂယ် ရွှေရောင်လိုလို ငွေရောင်လိုလို ဂင်းမှည့်နေသဖြင့် ဖဲပြာပေါ်တွင် ဟိုလိမ့် သည်လိမ့် လိမ့်ကာ ဟန်ယူနေသော အရည်ရင့်ရင့် ပုလဲလုံးနှင့် ပမာတူ၏။ ဆောင်တော်ကူးခိုင် ပမာ အိ၍နေသော တိမ်တောင်တို့သည် လရောင်တဂက် အရိပ်တဂက်ဖြင့် ပြိုတော့မည့် ပမာ လေးပင်စွာ တွဲကျနေပေ၏။ စိန်ကြယ်ပွင့်တို့သည်လည်း တဖျတ်ဖျတ်တောက်ကာ မျက်တောင် တခတ်ခတ်နှင့် လက် နေကြလေသည်။

လေ သည် "ကန်သာ" ကို ဖြတ်၍ ပြတင်းမှ တိတ်တဆိတ် ခိုးဂင်ကာ မေ့ဆေးသဘွယ် ကြာပန်းရနံ့များဖြင့် မူးမေ့ခွေပျော့သွားအောင် ထုံလိုက်လေ၏။ ပြတင်းမှာ တွယ်ကပ်နေသည့်

အိုင်ဗီနွယ်များသည် လရောင်တွင် လှနေကြ၏။ ပျော့ညက်သော ခန်းဆီးအဖြူသည် လရှိရာသို့ လက်လှမ်းကာ လူးလိမ့်နေလေ၏။

အပျိုမကလေးသည် ည၏အလှကို အနစိတ်၍ အမွှမ်းတင်ကာ နူးညွှတ်ဖွယ်ရာ စိတ်ကူးအိပ်မက် မက်နေ၏။ လွမ်းရမလို ဆွေးရမလို ထိုအိပ်မက်သည် ဇာတ်လမ်း အခြေတည်ရာ မရှိသဖြင့် အရှည်ကြီး မျောနေတော့သည်။ အနက်မထင်သော အိပ်မက်သည် သူ့အား နွမ်းလျခွေပျော့ကာ မဆန့်တငံ့ ဖြစ်စေလေ၏။ ကိုင်း…. ဘာလိုနေပါလိမ့်။ ည၏ အလှကို စိတ်ဝင်စားနေသည်မှာ ရူးသွပ်စွာ တဖတ်သတ်ပင် အယူသီးနေတော့မလောက် ဖြစ်၏။ သို့ပေမဲ့ ကျေနပ်နှစ်သိမ့်မှု မရှိပဲ ဟာ နေသည်မှာ ဘာလိုနေပါသလဲ။

အပျိုမကလေးသည် အိပ်ရာပေါ်သို့ နွမ်းလျစွာ လှဲချလိုက်သည်။ ပြတင်းမှ မြင်ရသော လ၊ တိမ်၊ ကြယ်တို့နှင့် ပြည့်စုံသည့် ကောင်းကင်တဂက်တပျက်ကို ပြတင်းပေါင်သည် ပန်းချီကားတချပ် ဖြစ်အောင် လေးထောင့်ပုံ ကွယ်ပေးလေ၏။ သူမသည် ည ပန်းချီကားကို ကြည့်ရင်း ပို၍ပို၍ နွမ်းခွေလာ၏။ ထို ပန်းချီကားချပ်သည် ကဗျာယဉ်တပုဒ်ပမာ သူမအား ညို့နိုင်စွမ်းသည်။

ဂီတသံကို ကြားရလေ၏။

ဂီတသံသည် အလွန်တရာ အေးဆေး ချွဲ့နွဲ့သော တယောနှင့် အဆို တွဲထားသည့် အသံပင် ဖြစ်၏။ အသံသည် သဲ့သဲ့လေး ပေါ်လာရာမှ အလွန် ဖြည်းလေးစွာ နီး၍နီး၍ လာ၏။ အနီးဆုံးသို့ ရောက်လာလေ၏။ ဝေးရာမှ နီးလာသော်လည်း နီးရာမှ ဝေးမသွားချေ။ အပျိုမကလေးသည် အသက်မရှူဘဲ စိတ်ထက်သန်စွာ နားထောင်၏။

"ပန်းပွင့်တွေလည်း လရောင်ဦးဂယ်

ငှက်ကလေးတွေလည်း တေးသံကျူးကာ

မြူးလို့ ချစ်သွေးဂင်

ငယ်ချစ်ခင် မောင့်ရင်တွင်းမှာ

ချစ်တင်းဆိုလို့ ပျော်စေချင်"

အပျိုမကလေးသည် သူကိုယ်တိုင် ဇာတ်လိုက်ဖြစ်လာ၏။ အလွန် နွဲ့လျ စွာ ထ ထိုင်လေ၏။ ဂီတသံသည် သူမ၏ ပြဿနာကို ရှင်းပေး၏။ ဘာလိုနေသည်ကို ရိပ်မိလာလေ၏။ သူမသည် ပင့်သက်ရှူကာ ပခုံး တွန့်လိုက်လေ၏။

သူမ၏ စိတ်မျက်စိဂယ် မိန်းမပျိုလေး၏ အချစ်ကို မျှော်မှန်းခွင့်ပန်နေသော ယောက်ျားပျို၏ သဏ္ဍာန် တယော ပိုက်နေဟန်ကို မြင်ရပေသည်။ ယောက်ျားပျိုသည် အချစ်သွေးကြောင့် မည်မျှ

တုန်လှုပ်ချောက်ချားနေလိမ့်မည်နည်း။ သူ၏ မျက်လုံးတို့သည် မည်မျှ ဂင်းပြောင်နေလိမ့် မည်နည်း။

တယောသံသည် လှိုင်းတွန့်ကလေး ဖော်သွား၏။ ပန်းခက်ကလေးတွေကို ဖော်သွား၏။ အရောင်အလျဉ်းသင့်စွာ စပ်သွား၏။ အကွက်စိပ်ကလေးများ မထိတထိ ဆက်စပ်၏။

ဂီတသံသည် ဂရုဏာသံ ပါ၏။ ချစ်သော်လည်း မုန်းချင်စရာ၊ အင်မတန်ပဲ ချွဲလွန်းသည်။ ဂီတသံသည် အသက်ပါ၏။ အားတက်သည့် အရိပ်အယောင်ကိုလည်း ပြလေ၏။ လက် လျှော့မလိုလိုလည်း ထင်ရသည့် ကြောက်ရွံ့သလိုလို စကားနာထိုးသလိုလို အနေအထားနှင့် အချစ်ဝေဒနာကို ပြဆို၏။

အဖြေ ထွက်ပြီးပြီ။

ပန်းနုတ်သမီးကလေး၏ အဟန်ဖြင့် ဒူးချ၍ ထိုင်နေရာမှ ဒူးထောက်ကာ ပြတင်းကို မှီလေ၏။ အပျိုမကလေးသည် စောင့်စားနေသည့် ချစ်သူသို့ ညွှတ်ခဲ့လေပြီ။ သူမသည် အနက်မထင်သည့် အညည်းကလေး တချက်ကို တိုးတိုးသက်သာ မှုတ်ထုတ်ကာ မဂ့် မရဲ ရှေ့သို့ ယွန်းကာ ပြတင်းမှ ငုံ့ကာ ဂီတသံဖြင့် အချစ်ပန်ကြားနေသူကို ကြည့်လိုက်လေသည်။

"ဟာ…."

ယောက်ျားပျိုသည် တယောပိုက်ကာ စောင့်စားနေဟန်ပင်။ သို့သော် အောက်တန်းစားတယောက်၊ ခေါင်းစုတ်ဖွားနှင့်၊ အဂတ်အစားသည်လည်း အထက်တန်းစား၏ ဂိုက်မျိုး တစက်မှ မပါချေ။ လမ်းဘေး ဖုတ်တောထဲမှာ ထိုင်လို့ပါကော။ ဘယ့်နှယ် ကြမ်းပိုးပါလိမ့်။ ဂီတသံနှင့် မတန်လိုက်သည့် ဖြစ်ခြင်း။

အပျိုမကလေးသည် ရင်ကို မ ကာ အနောက်သို့ ယိုင်သွားလေ၏။ ပြူစူသော မျက်နှာထား၊ ကျိန်ဆဲနေသော နှလုံးဖြင့် ပြတင်းတံခါးကို ဂျုံးကနဲ ပိတ်၏။ အိုင်ဗီနွယ်ကလေး တနွယ် တံခါးမှာ ညပ်ကာ ကြေမွသွား၏။ ခန်းဆီးကလေးသည်လည်း မြောက်တက်သွား၏။

အပျိုမကလေးသည် အိပ်ရာပေါ်သို့ ဆောင့်အောင့် လှဲချကာ စောင်ကို ခေါင်းမြီး တင်းတင်းခြုံ၍ မျက်စိ အတင်းမှိတ်၍ အိပ်၏။

ညသည်လည်း မလှတော့ပြီ။ တေးသံသည်လည်း မ နု တော့ပြီ။

ကြည်အေး

တာရာမဂ္ဂဇင်း အတွဲ ၁ အမှတ် ၄ ဧပြီ ၁၉၄၇

( ခေါင်းလောင်းသံ group မှ တပ်ဆင့်ကူးယူဖော်ပြသည် ။ )

# ကွာခြားခဲ့သည်



(၁)

လွန်ခဲ့သော အနှစ် တရားငါးဆယ်ခန့်က ဒလမှာ ဘယ်တော့မှမတည့်သော ညီအစ်မနှစ်ယောက် ရှိသည်။ အကြီးဖြစ်သူမှာ အရုပ်လည်းမလှ ဉာဏ်လည်း အချည်းနှီး။ သည်အထဲက မိန်းမတကာနှင့် ပြိုင်ချင်၍ မပြိုင်ရလျှင် ညီအစ်မချင်း ပြိုင်ချင်သောစိတ်ရှိသည်။ သူ့မှာ အားကိုးပြုစရာဆို၍ ဖအေရွာသူကြီးက ခွဲပေးခဲ့သည့် လယ်ဧက တထောင်ခန့်ရှိကာ ဒါကို အမှီပြု၍ မာနတလူလူ တက်ကာ ကျေနပ်နေတတ်သည်။ အငယ်ဖြစ်သူမှာ ရုပ်အဆင်း ထယ်ဝါသည်။ စိတ်နေလည်း ကြီးမြင့်သည်။ ဒလမှနေ၍ ရွှံ့ရောင်ဂါသည့် တစ်နေ့တစ်နေ့ တက်ကာကျကာနေသော ရန်ကုန်မြစ်ကျယ်ကို ကျော်ဖြတ်ကာ မြို့တော်သို့ မျှော်လေ့ရှိသည်။ သူ့၌လည်း အဖေ့အမွေ လယ်ဧက တထောင် ရှိပြန်သည်။

သို့သော် သူသည် သူ့အဖြစ်ကို ကျေနပ်သည်မရှိ။ တောရွာသူမှန်ပေမဲ့ ရွှံ့ပေမည်စိုးသဖြင့် မိုးတွင်းတောင် ပိန်းတန်းဖိနပ်နှင့် ဆင်းရကား ဒလသားလူပျိုသိုးတို့သည် ဘယ်သူ့ကို ပိုစုံမက်အပ်သည်ကို စဉ်းစား၍ မရချေ။ သို့သော် အစ်မက စဉ်းစား၍ ရသဖြင့် ဒလသားနှင့်ပင် အိမ်ထောင်ကျသည်။ ညီမက ရန်ကုန်ကလာသော မြေတိုင်းစာရေးများကို ဆိုလျှင် နည်းနည်း ပြုံးယောင်ပြသည်။ အသက် သုံးဆယ်ကျော်လုမှ ရန်ကုန်က ကျောင်းဆရာတယောက်နှင့်

အိမ်ထောင်ကျသည်။ ပြီးတော့ လင်ကို ပစ်ထွက်သွားပြီး ဘို(အင်္ဂလိပ်)နှင့် ရသလိုလို ဒလသားတို့ ကြားသေးသည်။ ဒလကိုတော့ လုံးဝ ပြန်မလာချေ။ အင်္ဂလန်တောင် ပါသေးသလား မဆိုနိုင်။

(၂)

ဒလ၌ အစ်မဖြစ်သူက မွေးသော သားသမီးရှစ်ယောက်အနက် ကိုလွန်းဖေသည် မအေနှင့်အတူဆုံးပင်။ သားဦးလည်းဖြစ်သဖြင့် မအေနှင့် မခွဲရက်အောင် ခင်သည်။ မအေကို သူပင် ဂတ်ကြီးဂတ်ငယ် ပြုသည်။ သူသည် ရွာကို ခင်သူတည်း။ မအေက လွှဲသော လမ်းအလုပ်ကို သူ ဦးစီးရင်း ကျောက်နီလက်စွပ် ဂတ်ရင်း ရှစ်လွှာပုဆိုးကို ဆီးရင်း သူ အိမ်ထောင်ပြုမည့်နှစ်တွင် လယ်ကေ ခုနှစ်ရာကျော်မှာ ချစ်တီးလက်သို့ ရောက်နှင့်လေ၏။

‘သြော် ဥစ္စာကံပေး မရသေး နောင့်နေးဗျာပါ မရှိရာ… တဲ့ ဇာတာစန်းလက် တက်ခဲ့အခါ အကျိုးပေးလိမ့်မယ် အမေ ဘာမှမပူနဲ့’ စသည်ဖြင့် အိုမင်းပြီးဖြစ်သော အမေကို အားပေးတတ်သည်။

သို့သော် သူ၌ အပူရှိသည်။ သူကြိုက်သော မိန်းမကို စိန်နားကပ်နှင့် တင်တောင်းမှ ရနိုင်မည်ဆိုသဖြင့် နည်းလမ်းဟူသမျှ ကြံဆလေသည်။ ဆန်သဗ္ဗန်နှင့် ဟိုဘက်ကမ်း တခေါက်လိုက်ကာ ရွှေတောင်တန်း၌ နေသည်ဆိုသော ဆွေမျိုးများကိုရှာသည်။ တစ်နေ့သ၌ ရှာလို့တွေ့သော်လည်း မယားဘိုကတော်ကို စိတ်နာသော ကျောင်းဆရာကိုသာ တွေ့ရကား ဘာမှ မ စ ချင်ဟန်လည်းမရှိ။ မ စ နိုင်ပုံလည်း မပေါ်ချေ။ ကိုယ့်မှာ ပါလာသည့် ငှက်ပျောခိုင်နှင့် အုန်းသီးများသာ ပေးဆုံးခဲ့ရ၏။ အဲ တဂမ်းကွဲမောင်နမ သုံးယောက်ကိုတော့ တွေ့ခဲ့ရ၏ ဆိုပါတော့။ တောရွာသားပေမို့ ဆွေမျိုးကို ခင်ချင်သော သတ္တိရှိသဖြင့် ဂမ်းသာအယ်လဲ ရှိခဲ့ရ၏။ သူတို့က ခပ်စိမ်းစိမ်းရှိသည်ကိုပင်အပြစ်မမြင်နိုင်။ ဟင် ငါ့နမတွေ ညီတွေ ရန်ကုန်မြို့မှာမွေးပြီး အင်္ဂလိပ်ကျောင်းတက်သဟေ့ ဟု မစားရဘဲ ဝ သော သတင်းကိုပါးစပ်အပြည့်ဆောင်ကာ ပြန်ခဲ့ရသည်။

ကိုလွန်းဖေသည် သူကြိုက်သော မိန်းမကိုတော့ ရနိုင်အောင် သွက်လက်ပေသည်။ ဖြစ်ပုံမှာ နမလတ်၏ စိန်နားကပ်ကို ဟန်ပြမည်ဟု ငှားကာ မိန်းမတောင်းခြင်းတည်း။ သို့သော စိန်နားကပ်မက်သဖြင့် လင်ယူသောမိန်းမက မင်္ဂလာဆောင်သည့်နေ့မှစ၍ စိန်ဇာရံ နားကပ် ကလေး မှုန်ပျပျကို နားမှမချလေရာ နမ နား၌ တနည်းအားဖြင့် မပြောင်တော့ဘဲ တနည်းအားဖြင့်သာ ပြောင်လေသတည်း။

သည့်အတွက် နမ မမြစိန်သည် တသက်လုံး မကျေနိုင်။ မှန်ကြည့်တိုင်း နားမှ မင်ကွက်သော ဥသသဖရားနားတောင်းကို ညှိုးမိသည်။ သူသည် ပျောက်ဆုံးသွားသော အဒေါ်နှင့် နည်းနည်း ဆင်ချင်တယ် ပြောရမလားမသိ။ စိတ်နေမြင့်သည်။ အစွဲအလမ်းကြီးသည်။ သေသည်အထိ အစ်ကိုနှင့် ယောင်းမကို မခေါ်တော့။ မပြောတော့။ သေတော့လည်း ရန်ကုန်မှာ သွားသေသည်။ သူလည်း

ရန်ကုန်သားနှင့်ရသည်။ သို့သော် သူရသော ရန်ကုန်သားမှာ ဗဟန်း၌ ပန်းခြံ စိုက်စားသူ ဖြစ်လေ၏။ မမြစိန်ကို မနှစ်လိုသူများက ဘုရားကျွန်မျိုးထဲ ပါပြီလို့ပြောသည်။ ရွှေတိဂုံဘုရားစောင်းတန်းမှာ ပန်းတကြော်ကြော် အော်လို့ ရောင်းဟန်ပင် မြင်သည် ဆိုကြသည်။ သို့သော် တကယ်မှာ သူတို့သည် ခြံမြေကိုရောင်း၍ ပိုက်ဆံဖြစ် ပိုက်ဆံက ဘာမှမဖြစ်တော့ဘဲ ကုန်သည့်တစ်နေ့၌ ရွှေတိဂုံဘုရား၏ များစွာသော ခြသေ့်ရုပ်တရုပ်၏ တင်ပါးနားမှာ လူလည်းနေလို့ရသော မစိန်ညွှန့်ဆေးပေါ့လိပ် ပိုလိုစီးကရက် သကြားလုံး ဆားငန်သီး ကြစုသီး စသည်တို့ကို ရောင်းသော ဆိုင်ကလေးဖွင့်ခြင်းတည်း။ မမြစိန်၏လင်သည်ကမူ ရိုင်းသောသူမဟုတ်။ သူသည် ရန်ကုန်သား စစ်စစ်လည်းမဟုတ်။ အညာသွေးများစွာပါလေရာ ကပ်စေးနဲတတ်သော်လည်း ဆွေမှန်းမျိုးမှန်း သိတတ်သည်။ ထို့ကြောင့် ဒလမှ ဂင်ထွက်သွားလာသော ဆွေမျိုးများကို ဘုရားဖူးလာရင် သူ့ဆိုင်မှာတွေ့လေ့ရှိသည်။ မမြစိန်၏ယောကျ်ားသည် စီးပွားရေး၌ လာဘ်မြင်သည်လို့လည်း ဆိုရမည်ထင်၏။ မကြာခင်ပင် သူသည် လက်ဖက်ရည်ဆိုင် ဖွင့်ကာ ဘုရားဖူးခရီးသွားများကို စောင့်ရောင်းလေ၏။ သို့သော်လည်း သူ့မယားမှာ သမီးတယောက် မွေးပြီးကတည်းက ကျန်းမာသည်ရယ်လို့မရှိဘဲ ဆရာမပြတ် ဆေးမလပ်အောင် နေရလေရာ စုမိဆောင်းမိ မရှိချေ။

(၃)

အင်မတန် အေးသည့် ကျောင်းဆရာ(ယခုကျောင်းအုပ်ကြီး)သည် လင်သည်ကို ပစ်သော မိန်းမ၏ ကလေး သုံးယောက်အနက် အငယ်ဆုံးလည်းဖြစ် တယောက်တည်းသော သမီးလည်းဖြစ် စနေသမီးလည်းဖြစ်သော တင်တင်သည် ဖအေလို အေးလည်းမအေး ကျောင်းဆရာလည်းမဖြစ်။ သူ့အဖေက တားသည့်ကြားက ဆရာဝန်အတက်ကိုသင်သည်။ တင်တင်သည် မအေလို ထည်ဝါသောရုပ်ရည်နှင့် စိတ်နေမြင့်ခြင်းရှိသည်။ မအေ့ထက် အနည်းငယ် ပို မိုက်ချင်ချင် ရှိသည်မို့ အပျိုဘဝမှာ ရည်းစား သုံးလေးဆက် ဆက်မိပြီး တယောက်နှင့်မှမရ။ သို့သော် တင်တင်၌ ဆွေမျိုးမိဘကို ငဲ့သောသတ္တိပါလာသည်။ ထို့ကြောင့် တကယ်တမ်းကျတော့ ဖအေကိုငဲ့ကာ သူ စိတ်မတူသော သူကို မယူဖြစ်။

အသက်အစိတ်ပြည့်လု၍ "ဒေါက်တာဒေါ်တင်တင် အယ်လ်အမ်ပီ" ဟူသောဆိုင်းဘုတ်ကို အိမ်မှာ ချိတ်မိသော် ဖအေပေးစားသော ကောလိပ်ကျောင်းမှ အင်္ဂလိပ်နည်းပြဆရာကလေးနှင့်ယူသည်။ ဒေါ်တင်တင်သည် သမီးလိုချင်သည်ဟု တမြည့်တည်းမြည်ဆဲ သမီးတယောက်ရသည်။ သူ့သမီးအားဖြင့် သူ့ဘဝမှာ မကျေနပ်ဟူသမျှကို ချေပစ်မည်လို့ ကြံုးဝါးသည်။ ဖအေကသာ မသိသော်လည်း ဒေါ်တင်တင်သည် ပျော်ရွှင်သောကလေးဘဝကို ရခဲ့သည်ဟုမရှိ။ စည်ကမ်းကြီးသော ဖအေက သင်ကြားသည်များကိုလည်း သံသယအတိနှင့် အားနာစွာ လက်ခံသည်။ ဖအေက တသက်လုံး အပြစ်ဆိုလာသော မအေကို မြင်ဖူးချင်သည်။ မအေကို ကာကွယ်ချင်သည်။

သူငယ်ချင်းကြားမှာ မအေအကြောင်း စကား မစပ်ခဲ့သည်များကို နစ်နာစိတ်ပေါ်ပြန်တော့ ကိုယ်ဘဂကိုယ် စိတ်နာပြန်၏။ နောက်ဆုံးတွင် သာယာသော အိမ်ထောင်ဘဂကိုသာ မျှော်သည်။

သူရသောလူမှာ သူ အထင်ကြီးလှေ့ မရှိသော ကျောင်းဆရာပင် ဖြစ်ပေသည်။ တစ်နေ့၌ သတင်းစာဆရာ ဖြစ်လာလေရာ ကျေနပ်ခြင်း တကွက်ပေါ်ခဲ့၏။ သူ လိုချင်သော သူ့မျှော်မှန်းရာတို့ တည်စေအံ့သော သမီးအလှကလေးကိုမွေးသည်။ ဖအေက ယောကျ်ားလေးလိုချင်သည်လို့ တ တတ နေသော်လည်း သည်သမီးကို ဘယ်သူမှ ဘယ်လိုမှ ပိုမချစ်အောင် ချစ်သည်။ မွေးစ တစ်လ သမီးအတွက် နောင် ဖတ်စရာ စာအုပ်ကြီးစာအုပ်ငယ်ကို အတွဲလိုက်ဂယ်ဆဲ။ ဒေါ်တင်တင်သည် သမီးကို ဘီလပ်ပြန် အမေရိကန်ဆရာဂန်မကြီးဖြစ်အောင် ဘယ်လိုလုပ်ရမပါ့ ဟု အစီအစဉ်ရေးဆွဲနေလေ၏။

ထိုကြောင့် ကလေးကို ချစ်၍မဂရင်း နမ်း၍အားမရရင်းက မိဘကျေးဇူးဆိုတာတွေကို စဉ်းစားမိ၏။ ကလေးအတွက် ရက်လကြာရှည် မအိပ်မနေ စောင့်ရှောက်ရဖန်များသော် မအေ့နို့တဖူးကျေးဇူးကို မြတ်စွာဘုရားတောင် ကျေအောင်မဆပ်နိုင်ဟန်ကို တွေးမိပြန်၏။ ထိုကြောင့် မမှတ်မိသော မအေဘက်က ဆွေသံမျိုးသံကို နားထောင်၍ ရွှေတိဂုံဘုရားတခါ အရောက်မှာ တဂမ်းကွဲအစ်မနှင့် လမ်းဖောက်မိသည်။ သို့သော် ဒေါ်တင်တင်သည် ရုက်စနိုး ရှိသည် ဖြစ်၍ ဆွေမျိုးနီးစပ်သာရှိလေဟန် ခပ်ထန်ထန်နေကာ အလုပ်မအားသည်နှင့် ကြိုးကြားကြိုးကြား ဘုရားဖူးရောက်တိုင်း ဂင်၍ သကြားနှင့်နို့ဆီ ဒရောသောပါး ထည့်သဖြင့် ချိုရဲအီလယ်သော လက်ဖက်ရည်ကိုမှာ၍ တချက်မျှ အာဆွတ်ပြီး ပိုက်ဆံ မရမက ပေးလေ့ရှိသည်။

(၄)

ဒေါ်တင်တင်၏သမီးအလှ ခင်မမသည် အသက်နှစ်ဆယ့်နှစ်နှစ်၌ ဖအေမျှော်လင့်သလို ပညာတတ်မိန်းကလေးလည်းမဖြစ်။ မအေဖြစ်စေချင်သည့် ဆရာဂန်လည်းမဖြစ်။ ခင်မမသည် စိတ်ညစ်ညူးနေကာ အတည်အကျ တစ်နေရာမှာ မနေချင်သလို ဖြစ်လေ၏။ သူသည် အင်းလျားဆောင်၌ ခြောက်နှစ်ကြာမျှ နေခဲ့ပြီး အိမ်ပြန်ခဲ့သော် ဉပစာဒုတိယပိုင်းကိုပင် မအောင်သေး။ ဖအေက ကြိုးကြပ်ဖတ်စေခဲ့သော စာအုပ်ကြီးငယ်တို့ကိုလည်း လွှင့်သာပစ်ချင်နေသည်။ သူ လုပ်ချင်သည်မှာ ဖောင်တိန်ပင်နှင့် နှုတ်ခမ်းထူ၍နီနီရဲရဲကြီး ဆိုးထားဟန် မိန်းမရုပ်ကို ဆွဲခြင်းသာတည်း။

မျက်စိကမူ အလှကိုမြင်သည်။ ဆန်းသည်မှာ ကြည့်လိုက်လျှင်လှသည် မလှဘူးကို အရင်မြင်၏။ ပြီးတော့ မြင်နေသည့်အရာများသည် အပြားလိုက်ရောသွားကာ လက်နှင့်ကိုင်ကြည့်လို့ ထိမိမည် ထင်ရသည်။ တခါတရံတော့လည်း သူသည် အလုံးအပိုင်းများကို မျဉ်းကြောင်းသဏ္ဍာန်မြင်သည်။ လက်နှင့်ယောင်ယမ်းကာ ထပ်ဆွဲမိသည်။ ဒါကတော့ ခမှသာပြောရသည်။ ခမှဖြစ်သည်မဟုတ်။

မှတ်မိသမျှ ငယ်ရွယ်စဉ်ကပင် ဖြစ်ခဲ့လေသည်။

နောက်တခုမှာလည်း နံနက် ထ၍လည်းကောင်း ညနေဆည်းဆာ၌ လည်းကောင်း နက်ရှိုင်းသော မိုး၌ တခါတရံ ငြိမ်သက်၍ တခါတရံ လှုပ်ရှားသော တိမ်ကိုကြည့်ငေးလို့ အချိန်ကုန်ချင်သည်။ နေကပေးသည့် အရောင်ခုနစ်ရောင်သည် ဘေးတိုက်ဖြစ်စေ ကွက်ကျော်ဖြစ်စေ ခုတမျိုး စပ်၍ နောက်တမျိုးစပ်ကာ ပါးစပ်မှ ဖွင့်မပြောသာသော မျက်စိ၌သာထင်ရစ်သော အသွေး နရင့်စုံစီကို ရောနှော ကူးယှက်ဟန်ကို ကြည့်ရင် ငိုချင်သေး၏။

ကောလိပ်မှထွက်ခွာသည့်နှစ်မှာတော့ သူသည် မကျန်းမမာပင်ဖြစ်ချင်သည်။ ထိုနှစ်၌ သူသည် မယ်ရွေးပွဲကိုလည်း ဝင်ခဲ့သေးသည်။ သူ့အဖို့ လုပသော အရိုးအဆစ် ကြွက်သားပေါ်ပြစ်ဟန်သည် မြတ်နိုးဖွယ်ရာတည်း။ ထိုကြောင့်ပင် မှန်ရှေ့၌ရပ်ကာ ကိုယ်လုံးတီးကို တစေ့ငုငု ကြည့်ရှုခဲ့လေပြီ။ ခင်မမသည် ကျေနပ်ဖွယ်ဆုကို ရသေး၏။ သို့သော် ပိုင်းဂန်းလာသောပရိသတ်ကို ရှုံခဲ့ပြီး ရှမ်းပြည်နယ်ရှိဦးလေးအိမ်မှာ အကျင့်တဘာသာ စီ နေသော ဂမ်းကွဲမောင်နမတွေနှင့် သွားနေ၏။

ရှမ်းပြည်နယ်မှာ သူ ဖျားနာခြင်း စ သည် ထင်သည်။ တောရွာကလေးများ၌ သီချင်းကို ပေါက်ပန်းဈေးဆိုသော တေးသည်ကလေးများ၏ ပါးအို့နီကို သူ ချစ်၏။

မြေမှာ အလေ့ကျပေါက်သော ပန်းပွင့်ကိုလည်း လူအချင်းချင်းလို စကားနှင့် နှုတ်ဆက်မိ၏။ ပန်းများ၏ ပျော့ယမ်းနွဲ့ဟန် ခေါင်းငဲ့ဟန် နေခြည် နှင့် မိုးကို တုံ့ပြန်ဟန်အားဖြင့် ပန်းများ၏ ဘာသာစကားကို သူ နားလည်သည် ထင်လေသည်။

နောက်ဆုံး၌ကား သူ့အနား၌ အသက်လေးငါးဆယ်အရွယ် မိန်းမကြီးတယောက် ရပ်နေသည်ဘဲ ထင်မြင်၏။ ကိုယ်က တနေရာကိုကြည့်လျှင် သူက ထင်ရှားစွာ အနားမှာပေါ် သည်။ လှည့်ကြည့်သော်အရိပ်ပင်မရှိပြီ။ ထိုမိန်းမကြီး၌ မျက်ရစ်ထင်ရှား၍ ညို့တိုတိုနေသော မျက်လုံးများရှိ၏။ အပေါ် ရှုံးသွားသောရှေးဆံထုံးနှင့် မဟာနဖူးရှိသည်။ မဟာနဖူးမှာ နဖူးထောင့်နှစ်ဘက်၌ ဇာဂနာနှင့် နတ်ထားသဖြင့် ဖြစ်လာသော မဟာနဖူးတည်း။ ထိုကြောင့် ထောင့်နှစ်ဘက်၌ ဆံယဉ်နများမရှိဘဲ ခပ်ဖြူဖြူပြောင်ပြောင်နေသည်။ ဆတ်တွန့် ပန်းထိုးပဂါကိုလည်း စုံချသည်။ ပန်းထိုးပဂါမှာ စံပင်ပွင့်ဖြူနှင့်ရွက်စိမ်းကော့ကလေးများကိုပင် ထင်ရှားစွာ မြင်သည်။ မိန်းမကြီးက သူ့ကို စကားပြောချင်ဟန်မရှိ။

ရှမ်းပြည်နယ်မှ ပြန်လာပြီး ခင်မမသည် ကျောင်းသို့ ပြန်မသွာတော့ချေ။ အိပ်ရာထဲမှာလဲပြီး စာဖတ်ပြန်လည်း စာထဲ၌ မိန်းမကြီးရုပ်ပုံကို မြင်သည်။ သူ့အခန်းထဲမှာ သည်မိန်းမကြီး လာနေသည်။ ပုန်းကွယ်နေသည်။ သူက မြင်ရသည်။ သည်လိုလဲ ထင်သည်။ တနေ့၌ သူသည် အိပ်ရာမှ ထ၍ခုန်မိ၏။

"ဟုတ်တယ်မေမေ၊ မမ သိပ်လှျမ်းတာဘဲ၊ ခုမှမြင်တယ်၊ သူ့မှာ ဒေါက်ဖိနပ် စီးထားတယ်၊ ခုံကအမြင့်ကြီးပဲ၊ ဖိနပ်က မမတို့ စီးတာမျိုးမဟုတ်ဘူး၊ တကယ့်ဘိုမတွေ စီးတဲ့ ခြေဖမိုးနည်းနည်းကလေး ပေါ်တဲ့ ရှူးဖိနပ်ပဲ၊ သားရေအနက်ပြောင်နဲ့"

"ဘယ်သူလဲသမီး" ဟု မအေက ထိတ်လန့်တကြားမေးသော်……

"မေမေပြောဖူးတဲ့ ဖွားဖွားဖြစ်မှာပေါ့ မေမေ့အစ်မဘိုကတော်ဆိုတာလေ ဟုတ်တယ် မေမေ…. မမ ငယ်ငယ်က သိမ်ကြီးဈေး အပေါ်ထပ်မှာ မြင်ဖူးတဲ့ သီပေါဘုရင့်ဆွေမျိုးဆိုတဲ့ အင်္ဂလန်ရောက်နေတဲ့ အမယ်ကြီးတွေနဲ့ သိပ်တူတာဘဲ။ ပိုက်ဆံအိတ်ကြီးကြီးကို ချိတ် ဒေါက်မြင့် ရှူးဖိနပ်ကြီးစီးပြီး ခေါင်းကတော့ ဆံထုံးနဲ့ ပြီး ပဂါစုံ ချလိုက်သေး"

ဒေါ်တင်တင် ဂရုစိုက်သဖြင့် ဆရာဂန့်သမီးကလေးသည် ပြန် ဂလာ လုလာ သော်လည်း စိတ်သည် ယခင်ကထက် ဂနာမငြိမ် ရှိလေသည်။ ထိုနောင့်ယှက်သော မိန်းမကြီးက မပျောက်ပျက်။

ဖအေကမူ တီးတိုးသက်သာပြောသည်မှာ- "မင်းသမီးကို ယောကျ်ားပေးစားမှပဲ ဖြစ်တော့မယ်"

ကံမကောင်းသဖြင့် ကြားမိသော ခင်မမ သည် ဖအေကို စိတ်နာကာ ရောက်တက်ရာရာကို လှည့်ပတ်သွားလာနေသည်။ သင်္ဘောဆိပ်၌ သူ့ကားကိုရပ်ကာ နာရီပေါင်းများစွာ ငေးမောနေသည်။ သူသည် လှုပ်ရှားနေ၍ ဘေးမှ လူနှင့် ပစ္စည်းပစ္စယ အားလုံးငြိမ်သက်နေသည်လို့ သူ ပြောင်းပြန်ထင်သည်။ စစ်စစ်တော့ ဟောသည် ဟောသည် လူသူနှင့် ဆူသံညံသံ ဗလံတို့၏ သညာသည် တသမတ်တည်း စူးစိုက်လုပ်ချင်ရာ၌ ငြိမ်နေသော မိမိ၏ သညာ သည်တော့ အလုပ်မအား ရက်ဖောက်ယောက်သည်တကားလို့ သူ သိ၏။ ထို သင်္ဘောဆိပ်တွင် ပုသိမ်သင်္ဘောပေါ်တက်သွားသော သူ့အပါးတွင် ရပ်နားနေကျ မိန်းမကြီးကို မြင်လိုက်ရသည်။ မိန်းမကြီးသည် သူ့ကို အမှတ်မထင် တချက် လှည့်ကြည့်သွားသေး၏။ မိမိကို အပြစ်တင်လိုဟန် ရှိသည်။ ဘာကြောင့်လဲမသိ။ ထိုခဏ၌ သူ သွားတော့မှာလား ပြန်မလာတော့ဘူးလား ရယ်လို့ ပူပန်ခြင်း ပြင်းစွာ ဖြစ်လေသည်။ ထူးဆန်းသော စိတ်လှုပ်ရှားမှုတွေ ဖြစ်လာသည်။ ထိုနောက် အိမ်သို့ ကိုယ့်အခန်းသို့ ပြန်ပြေးခဲ့၏။ သည်မှာ သူ ရှိသေးသလား မသိ။ အိမ်သို့ရောက်သော် အခန်းသည် ဟာလာဟင်းလင်း နေသည် ထင်သည်။ သို့သော် ပုသိမ်သင်္ဘောထွက်သေးမည်မဟုတ်။ ခုနစ်နာရီထိုးပြီးမှ ထွက်မည်။ သည်လိုဘဲ သိမြင်သည်။ မိန်းမကြီးကို မီမှဖြစ်မည်။ သူက အပြစ်တင်ချင်သည်။ ဒီတခါမမီလျှင် ဘယ်တော့မှ ဖမ်းလို့ရတော့မယ်မဟုတ်။ ခင်မမကို ခွင့်လွှတ်တော့မည်လည်းမဟုတ်။ ထိုကြောင့် တသက်လုံး စိတ်ချမ်းသာခြင်းလည်း ရရှိတော့မယ်မဟုတ်။ ဒါကြောင့်ပင် ပန်းချီသင်ခန်းစာများကို ယူခဲ့သည်ထင်သည်။ မိန်းမကြီး သင်္ဘောဆိပ်မှဆင်းဟန်ကို အဖန်ဖန် ရေးဆွဲခဲ့လေသည်။

ဒါကြောင့်ပင် အဆုံးတနေ့မှာ သူ၏ပန်းချီကားများကို ပြခန်းများ၌ ပြန်းကနဲ အများအပြား

ဆွဲချိတ်ခဲ့ရသည် ထင်သည်။ ယခုမှဘဲ စိတ်ငြိမ်သက်လေပြီ။ သို့သော် လှည့်ပတ်သွားလာမြဲပင်။

"ဖေဖေတို့ ဒီလောက် ချမ်းချမ်းသာသာ ထားလျက်နဲ့ သမီးရယ်" ဟု ဖအေကဆိုလျှင်-

"ချမ်းချမ်းသာသာထားခဲ့လို့ ဒီလောက် အကြာကြီး စိတ်မချမ်းသာတာပေါ့ အရင်ကတည်းက ညှင်းဆဲခဲ့ရင် အများကြီး စိတ်အေးချမ်းရမယ်" ဟု ခင်မမက ဖြေခဲ့၏။

ဖေဖေနှင့်မေမေ နားလည်လေသလား ခင်မမ မသိ။

(၅)

ယခုတော့ မိဘနစ်ပါးနှင့် မက အစ်ကိုနစ်ယောက်နှင့်ပါ စိတ်ဂမ်းကွဲသည်။ သူတို့အလိုရှိသော အဂတ်အစား ကောင်းစွာ ဂတ်၍ အလုပ်ခွင်သို့ မှန်မှန်သွားသော အထက်တန်းစား ပညာတတ်မိန်းမ ဘယ်နည်းနှင့်မှ မဖြစ်ပြီ။ သင့်တင့်လျောက်ပတ်သော အိမ်ထောင်ပြုခြင်းကိုလည်း ပြုတော့မည်မဟုတ်။ အကြောင်းမူကား သူ မချစ်ကြိုက်သေးသော်လည်း နစ်လိုသူမှာ သူ့လိုပင် ကျောင်းတဂက်တပျက်သာနေဖူး၍ လှည့်ပတ်သွားလာခြင်းကို အတူလုပ်ချင်သည့် သတင်းထောက်တယောက်မျှသာဖြစ်လေ၏။

"ကိုစိုး" လို့ တလုံးတည်း သူ ခေါ်လေ၏။ ကိုစိုး၏ခေါင်းပုံသဏ္ဍာန်ကို သူ သဘောကျ၏။ ကိုစိုးဆံပင်ကြားသို့ လက်ချောင်းများဖွသွင်း စမ်းသပ်ပြီး ထိုလက်များမှတဆင့် ပိတ်ကားပေါ်သို့ ပြောင်းချလိုက်၏။ ပြီးတော့ မှုန်ပြေသော ရာသီဥတုက သွန်းကျလာသော အရောင်ကို ခြယ်သ၏။ ကိုစိုး၏ လက်များ ခြေများကိုလည်း အမူအရာ စုံစေ့အောင် ထား၍ ရေးဆွဲ၏။ ဘာကြောင့် တူရိယာပညာကို မသင်ခဲ့မိပါလိမ့်။ တယောထိုးတံကို ကိုင်ဟန် စန္ဒရားခလုတ်ပြင်၌ရွယ်ဟန်… သိပ်ကိုလှမှာဘဲ၊ သို့သော် ကိုစိုးက အသက်အွန္တရယ်ဖြစ်စေသော လက်နက်ကရိယာကို ကိုင်ချင်ဟန် ရှိလေသည်။ ကိစ္စမရှိပါ။ အရေးကြီးသည်မှာ အတူသွားလာလှည့်ပတ်နေဖို့သာ ဖြစ်သည်။

ထိုကြောင့် နစ်ယောက်အတူ သွားလာလှည့်ပတ်ဆဲ တရံခါ၌ သူတို့နစ်ယောက်သည် ရွှေတိဂုံဘုရားရှိ ဆွေမျိုးတော်သော လက်ဖက်ရည်ဆိုင်သို့ရောက်သည်။ မတော်မဆရောက်သည်လည်းမဟုတ်။ တမင်လာခဲ့သည်လည်းမဟုတ်။ ခင်မမက ဆာသည်။ ကိုစိုးက သည်ဆိုင်မှာ ယခု ထမင်းရောင်းသည်ကိုသိသည်။ သည် မှောင်သော ထိုင်းသော ရေပုပ်သိုးသော နေရာမျိုးကို နစ်ယောက်စလုံးပင် ရောက်ဖူးချင်သည်။ ထိုကြောင့် ညစ်ထပ်ထပ် မိန်းကလေးတယောက် ပန်းကန်ဆေးနေသည်ကို မြင်ရင်ပဲ ဘာမှ မတိုင်ပင်ဘဲ စွတ်ကနဲ ဂင်လာကြခြင်းတည်း။

မိန်းကလေးက ပထမ လန့်ဖျပ်သွားဟန်ရှိ၏။ ပြီးတော့ မပြုံးမရယ်မျက်နှာသေ ဖြူလျော်လျော်နှင့် "ဘာလိုချင်လဲ" ဟု ခပ်ပြတ်ပြတ် ခပ်တိုးတိုးမေးလေသည်။

"ထမင်းရမလား"

"ရပါတယ် ကြက်သားဟင်းနဲ့ ငါးမြင်းချဉ်ရည်ပဲ ရမယ်"

"ဘဲဥရှိလား ကြော်ပေးစမ်းပါ"

"ရှိတယ်"

သို့သော် မိန်းကလေးသည် အတွင်းဘက်သို့ ဝင်သွားပြီး ၁၅ မိနစ်ခန့်ကြာလို့မှ ပေါ်မလာချေ။

"မြန်မြန်လုပ်ပါဗျို့ ဆာလှပြီ" ဟု ကိုစိုးက ဒေါသသံနှင့် တခါအော်မရ နှစ်ခါအော်မှ ထွက်လာပြီး "ဘဲဥမလာသေးလို့ပါ သွားဂယ်ခိုင်းနေတယ်" ဟု ဖြေသေးသည်။

"ဖြစ်မှဖြစ်ရတယ်… ကဲ ရှိတာ ထည့်" ဆိုသော်- "ငါးမြင်းချဉ်ရည် ကုန်သွားပြီ ကြက်သားဟင်းဘဲရှိတယ်၊ အေးနေလို့ နွှေးလိုက်ဦးမယ်နော် နွှေးလိုက်ရမလား" ဟုမေးကာ ပျောက်ကွယ်သွားပြန်သည်။

ကိုစိုးက "ပြန်မလား" ဟုမေးသော် ခင်မမ ဖြေသည်မှာ-

"မပြန်ချင်ဘူး၊ သူ့ကို သေသေချာချာ ကြည့်ချင်တယ်"

နာရီဝက်ကျော်ကျော်ကြာမှ ထမင်းဟင်း ရ၏။ ဒါပေမည့် အားလုံး အေးစက်စက်ပင်။ ဘဲဥကြော်တခုပင် ဆီပူပူလောင်လောင်နှင့်ရှိသည်။ ပိုက်ဆံပေးသော် မိန်းကလေးသည် မှား၍ ပိုအမ်းသေး၏။ ပြန်ပေးသည်ကို နားမလည်လို့ နားလည်အောင် ပြောရသေး၏။ စီးကရက်တဗူး ဂယ်သည်ကိုလည်း ဗီရိုထဲမှ ဆွဲယူပြီး ပေးဖို့ရာကို ဘာမှ မလုပ်တတ်ဘဲ ဖြစ်နေသေး၏။

စိတ်မရှည်နိုင်ဘဲ ထွက်လာမှ "မယူတော့ဘူးလား ဗွီ ယူမလား ဘားမားစတိတ်လား" ဟု လှမ်းအော်မေးကာ ကျန်ရစ်သည်။

ကိုစိုးက "ကိုင်း.. ဒီလောက် ဖျင်းတဲ့ အ တဲ့ လူ သတ္တဂါလည်း ရှိသေးသကိုးနော်။ သနားတော့ သနားပါရဲ့။ ဦးနှောက်က တိရစ္ဆာန်သာသာဘဲ။ သူ့ကလေးလားမသိ ဟို ဘဲဥ သွားဂယ်တဲ့ကောင်လေးဆိုတာလည်း ပါးစပ်ကို တချက်မှ မပိတ်ဘူး။ ထမင်းစားတဲ့နား လားပြီး ငေးနေလိုက်တာ။ မမကို သိပ်အားနာသွားတာဘဲ၊ ဒီဆိုင်ထဲ ခေါ်လာမိတာ"

" မမကိုကော ဘယ့်နှယ့် ထင်သလဲ"

ကိုစိုးက နားမလည်ချေ။

"မမရဲ့ဦးနှောက်ကော ဘယ့်နှယ့်နေသလဲလို့ပြောတာ"

" ဖြစ်မှဖြစ်ရတယ်ကွာ။ မမရဲ့ ဦးနှောက်က အံ့သြစဖွယ် ဦးနှောက်ပဲ၊ စားရရင်

ပုဖွန်ဆီထက်ဆိမ့်ဦးမယ်" ဆိုဆဲ…။

ခင်မမသည် အိမ်ကို အလျင်အမြန် ပြန်ချင်၏။ ခုနက မိန်းကလေး ရုပ်သဏ္ဍာန် သညာမှာ ထင်ဆဲ။ စကားတောင် များများ မပြောချင်။

ခင်မမ၏ "ညီအစ်မဂမ်းကွဲ" အမည်ရှိ မိန်းကလေးနှစ်ယောက်၏ပုံကားသည် စကားပြောစရာတွေ များစွာ ရှိလာစေပြန်၏။ ခင်မမ၏ ခေါင်းနှင့် ရွှေတိဂုံဘုရားစောင်းတန်း ထမင်းဆိုင်မှ ကလေးမ ခေါင်းပုံတို့ ဖြစ်လေ၏။

"မျက်နှာကျပုံက ဆင်သလိုဘဲ၊ တယောက်ကတော့ ပန်းချီဆရာ့မျက်နှာဘဲ၊ ပညာဉာဏ်ရဲ့ ပြယုဂ်ပဲ။ တယောက်က ညစ်ထပ်ပါဗျား။ ပါးစပ်ကလဲ ဟောင်းလောင်း အောက်နှုတ်ခမ်းက တွဲလွဲ ထူပေ့ အ ပေ့ ဆိုတဲ့ရုပ်ပဲ။ ဒါပေမဲ့ ပန်းချီဆရာက ဒီဆန့်ကျင်ဘက်နှစ်ခုကို ဘာကြောင့် ညီအစ်မတော်တယ်လို့ ဆိုရသလဲ"

"သိပ္ပံပညာမှာလို ဆန့်ကျင်ဘက်နှစ်ခု ဆွဲငင်တာကို ဆိုချင်တာလား"

"စိတ်ပညာမှာလို အကောင်းနဲ့အဆိုး တွဲတာပြောချင်တယ်ထင်ပါရဲ့"

"အတွေးနှစ်ခုကို တပြိုင်နက်တဲ ဖော်တာလို့ပဲ ထင်တယ်"

ကိုစိုးကမူ "နာမည်ကို နားမလည်ပါဘူး" ဟုဆိုဆဲ၊ လူပရိသတ်၏ စကားကိုကြား၍ ရယ်မောသော ခင်မမက တည်ကြည်သွားပြီးလျှင် "ပုံတပုံပြောစရာရှိတယ်" ဟု ဆိုလေသည်။

ပုံပြောစရာ တကယ် ရှိပေသည်။ ခင်မမ သိသည်တည်း။ သူ ငယ်စဉ်က ဘုရားသို့ မေမေနှင့်လိုက်လာလျှင် သည်ဆိုင်မှာ ဝင်ပြီး မေမေက လက်ဖက်ရည်သောက် သူက သကြားလုံး စားမြဲတည်း။ သူ စားလေ့ရှိသည်မှာ တကယ့်ကို ငရုတ်သီးစိမ်းတောင့်နှင့်တူအောင်လုပ်သော အနီရောင် အစိမ်းရောင် သကြားတောင့်များ ဖြစ်လေသည်။ မေမေက ပိုက်ဆံ အတင်းပေးလေ့ရှိသည်။ ဒေါ်လေး မမြစိန်က အတင်းပြန်ပေးသည်။ တခါတရံ မေမေ့ကို ပေးလို့မရလျှင် မသိမသာ ခင်မမ လက်ထဲ လာထည့်တတ်သည်။ ထိုအခါ ခင်မမ သည် မေမေ မသိအောင် ကျိတ်ယူခဲ့ကာ အိမ်ပြန်လျှင် ဂယ်စားမြဲပင်။ သည်နေရာကို ပြန်မရောက်သည်မှာ အနှစ်နှစ်ဆယ် ပြည့်တော့မည်။ ခင်မမ ကတော့ သည်နေရာကို ဖြတ်သွားလျှင် လှမ်းကြည့်မြဲ။ ဒေါ်လေးမမြစိန်သေပြီလို့ ကြားလိုက်၏။ ဦးလေးကိုတော့ ပုလိပ်အဂတ်အစားကြီးနှင့် သိမ်ကြီးဈေးထောင့်မှာ တခါ တွေ့လိုက်၏။ သူက ဂါဂန်ဂတ် ကလေးမ ဘဂက အပျိုကြီးဖြစ်လာသည်ကို မှတ်မိနိုင်ခြင်းမရှိ။ သူကသာ ဆံပင်ဖြူရုံ ဖြူလာသော ရုပ်အနည်းငယ် ကြမ်းလာသော ဦးလေးကို မှတ်မိသည်။ အဲ…သူ့နာမည်က ကိုငြိမ်းဘဲ။ ဦးလေးကိုငြိမ်းပဲ။ နှုတ်ဆက်မယ်လုပ်ပြီးမှ နှုတ်မဆက်ခဲ့။ ဘုရားမှာ ထမင်း ဝင်စားစဉ်ကလည်း နှုတ်ဆက်လိုက

နှုက်ဆက်မည် စိတ်ကူးခဲ့သည်မှာ အမှန်တည်း။ အနည်းဆုံး ကိုစိုးကိုပြောပြမည် စိတ်ကူး၏။ ဘာကြောင့်လဲမသိ၊ ဘာမှမလုပ်ဖြစ်။ ယခုပြောပြမည်ရယ်လို့ ရည်ရွယ်ပြန်လည်း စကား ဘယ်လို စ ရမည်။

"ကဲ ပြောပါဦး" ဟု ကိုစိုးကမေးသော် ခင်မမသည် လျှင်မြန်စွာဆုံးဖြတ်ကာ "တိုတိုလေးပါပဲ၊ တလုံးတည်းပြောရမယ်၊ အဲဒီကားရဲ့ ဒုတိယနာမည်ပေါ့" ဟု ပြောပြသည်။

"ကွာခြားခဲ့သည်….. ပေါ့"

"ထူးပြီး နားမလည်ပါဘူး" ဟု ကိုစိုး ဆိုဆဲ……

ခင်မမ တွေးသည်မှာ ပရိသတ်ကို နားလည်အောင် ငါ ပြောမပြနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ပြောပြချင်စိတ် မရှိလို့ပေါ့။ ဒါအမှန်ဆုံး စကားဘဲ၊ ငါ့တာဝန်က ပုံဆွဲပြရုံဘဲ၊ ငါ ဘာမှပြောမပြတဲ့အတွက် ပုံကားဟာ ပိုပြီး ခမ်းနားချင်သူအဖို့ ပိုပြီး ခမ်းနားနိုင်ပါတယ်။ ။

ကြည်အေး

( ရှုမဝ အောက်တိုဘာ ၁၉၅၇ )

# ရထားဘီးနှင့် ခဲလုံးများ




ညနေ ငါးနာရီထိုးလျှင် ချစ်သူလာမယ် ။ ငါးနာရီထက် ဘယ်နည်းနှင့်မှ ပို၍ စောပြီးမပြန်နိုင်သည်ကို သိသည်။ လေးနာရီထိုးကတည်းက စောင့်ရှာသည် ။ ကြို၍စောင့်သော တစ်နာရီသည် ပင်ပန်းခြင်းစင်စစ်ဖြစ်လေ၏ ။ ဘယ်တော့မှ မကုန်နိုင်တော့သည့် တစ်ဒင်္ဂလို့လည်း ဆိုချင်သည်။ လျှပ်တစ်ပက်မျှကြာသော သံသရာလို့လည်း ခေါ်ချင်သည် ။

စောင့်ဆဲတွင် ဂနာမငြိမ်ဖြစ်စမြဲပင် ။ အိပ်ရာပေါ် လှဲလိုက်၏ ။ ပြီးတော့ ဟိုဘက်သည်ဘက် မသိဘဲ ယောင်ယမ်း၍လိုမ့်သည် ။ အိပ်ရာပေါ်က ထထိုင်ပြီး ဖြုတ်ခနဲ စားပွဲဘေးတွင် မတ်တပ်ရပ်လျှက်ရှိပြန်သည် ။ စိတ်က အရှေ့ကပြေးနေလေရာ လူက အတွင်လိုက်လုပ်သော်လည်း

လုပ်မိသမျှ ပြန်ပြီးမမှတ်မိနိုင်ရှိရ၏ ။ လက်ချောင်းများသည် မလှုတော့ဘဲ ကျိုးကြဲမသေမချာဖြစ်ကာ ပစ္စည်းပစ္စယကလေးများကို လှုပ်ဆွဲနေလေသည်။ ထို့နောက် လေတစ်ချက်ချွန်သည်။

ချစ်သူ၌ ယုံကြည်သူမို့ ပူလောင်ခြင်းတော့ မရှိချေ။

ကုလားထိုင်၌ထိုင်ကာ ဘာကိုပဲလုပ်တော့မလိုလိုနှင့် စင်စစ်တော့ ဘာမှလည်း လုပ်မည်မဟုတ် ။ မလုပ်ဘဲ ပြတင်းပေါက်သို့ မျက်နှာမူသည် ။ ပင့်တင်ထားသော ဇာခြင်ထောင်မှ ကြိုးများဖိုးရိုဖားရားကျသည် ။ အရှူးမအကျီလို မသေမသပ်ခုတင်ခြေရင်း တိုင်နှစ်တိုင်ကို သွယ်တန်းထားသည့်ကြိုး၌ မျက်နှာသုတ်ပုဝါ အစိမ်းနုပြောင်တစ်ထည်။ အပြာစင်းသော အဖြူတစ်ထည် အစွန်းအစချင်း ထပ်လျက်ရှိသည်။ ကြည့်ရင်း အဝတ်နှင့်လုပ်သောအရုပ်နှင့်တူသည်ဟု ထင်၏ ။ ကြာကြာတော့ မထင်နိုင်ချေ။ အကြောင်းကား ငါးနာရီထိုးလျှင် ချစ်သူလာမည့်အကြောင်းကား စိတ်တွင်ပို၍ ထင်လင်းနေပေ၏ ။

သို့သော် ခြင်ထောင်ဟိုဘက်၌ ပြတင်းကို တစ်ဝက်ကာသည့် ကန့်လန့်ကာ အဖြူသည် ခပ်ကြမ်းကြမ်းလွင့်ပါးနေပြန်သည် ။ ကိုယ့်ဘက်ကို လွင့်ပါးကာ လက်ဆန့်တန်းခေါ်သလိုပင် ။ ထိုအခါ မိုးသက်လေအေးက သူ့ခေါ်တာမဟုတ်ဘဲနှင့် ဝုတ်ခနဲအပြေးဝင်လာ၏ ။ လေးထောင့် သံဆန်ကာကွက် အပြည့်ကာထားလေရာ လေသည်သာ အစိုင်အခဲဖြစ်ပြီး ပုံသဏ္ဍာန်တစ်ခုခုကို တစ်ခဏဖြစ်စေ ဆောင်နေနိုင်လျှင် လေးထောင့်ကွက်ကလေးများ ကြွေကြကြမည် ဖြစ်သည် ။

ကြည့်စမ်း ။ ထူထဲလေးလံသော ပြတင်းတစ်ဖက်တစ်ချက် ခန်းဆီးရှည်ကြီးပင် ဆင်အရေခွံလို လွန့်လေပြီ ။

နာရီကို မကြည့်ချင်တော့ပေ ။ သံသရာသည် ငါးမိနစ်ကာလပါတကားရယ်လို့ သိရတာ အောက်သက်သက်နှင့် စိတ်အတော်ဆိုးချင်စရာတည်း ။

ကျီးပျိုတစ်ကောင် ပြတင်းရွက်ဘောင်စွန်း၌ လာနား၏ ။ ဟိုကြည့်သည်ကြည့်နှင့် ကြောက်သလိုလိုနေသည့်ကြားက သာမည်ပြင်၏ ။ ကဲလေ ... သာပါဦးရယ်လို့ မမြင်ချင်ယောင်ဆောင်လိုက်ပြန်တော့ ကျီးကလည်း မသိချင်ယောင်ဆောင်ကာ သာလေသည်။

သို့သော် ပြောချင်တယ် ကျီးရယ်၊ မင်းမသာသော်လည်း သူလာမှတော့ အမှန်ပါပဲ ။

ထိုခဏ၌ မျက်မှောင်အနည်းငယ်တွန့်သေး၏ ။ သူလာမယ့်အချိန်မှာ တခြားဧည့်သည်ခေါ်လာချင်တာလား ကျီး။

ကျိုးပျိုက မသိသားဆိုးဝါးစွာပင် ဟန်ကျပန်ကျသာပါသေး၏ ။ ကိုယ်ကတော့ ဂရုမစိုက်တော့ချေ။ ပြတင်းဘက်ကို ငေးမောပြန်လေသည်။ ပြတင်းဟိုဘက်ရှိ မမြင်ရသော လဟာပြင်။ လဟာပြင်ပြီးလျှင်

ဝါမှောင်သော တိုက်ထိပ်တစ်စွန်းတစ်စနှင့် စိမ်းခြောက်သော ယင်းလိပ်လျော့တိလျော့ရဲကို တွေ့သည်။ ထိုနှစ်ခုကြားမှာ အညိုဆေးပျက်ပြယ်သော သွပ်မိုးတံစက်မြိတ်ကို အစအဆုံးမြင်ရသည်။

အရုပ်ဆိုးလှလေခြင်း။

ဟိုးနောက်ဆုံးရှိ ကောင်းကင်ကား ဖြူပေ၏ ။ ထူထပ်၏ ။ ကိုယ်နှင့် နီးစပ်လေသည် ။ သက်န်းမွဲပြာပြာနှင့် တရုတ်ဘုန်းကြီးတစ်ပါး ရျာန်ပြန်သွားချင်လည်း သွားမည်။ တကယ်မြင်သည်မှာတော့ မိုးတိမ်တိုက်များ ဆင်သည်လာသည်ကိုတည်း ။

ကဲ ... ချစ်သူအရောက်နေးတော့မည်။ မိုးကဖြင့် သည်းမည့်မိုးဖြစ်သည်လို့ ချက်ချင်းပြောင်းလဲ အံ့ပွေသော ရာသီက ပြောပြသည်။ တားမနိုင်ဆီးမရဖြိုင်သွန်ကျတော့မည်လေ။ ကျပါစေ ... ။ မျက်ရည်ဆိုသည်မှာ တားဆီးကောင်းသည်မဟုတ် ။ ကိုယ့်ဘာသာပဲ စိတ်ရှုပ်ရသည် ။

မိုးရေထဲတိုးလာမည့်သူကို ကျေးဇူးတင်ခြင်းနှင့်ပင် စောင့်ဦးမည်။ သို့သော် သိပ်အေးမှာ စိုမှာပဲ ။ ရေအစက်စက်နှင့် သီရီမှာကို မတွေ့ချင်ဘူး ။ မိုးရွာတာနှင့် မလာတော့ပြီဆိုလျှင်တော့ ဝမ်းနည်းပြန်ဦးမည်တဲ့။ အားငယ်တတ်၊ အပျက်သာထင်တတ်သူမို့ လာမှာမဟုတ်ပါဘူးဟု ဖြေဖျောက်နှင့်သည်။ စိတ်အေးသွားသည်မှန်သော်လည်း ယောင်ချောက်ကာ တစ်ကိုယ်တည်း ငိုင်လာပြန်လေသည်။

တစ်ကယ်တော့ မိုးတိတ်ရင် သူလာမှာပဲ ။

တံစက်မြိတ်ပေါ်၌ လှုပ်ရှားခြင်းကို ပထမသတိပြုသည်။ ထို့နောက် ခိုတွေ မိုးခိုနားကြသည်ကို သိမြင်သည်။ သူတို့သည် စွတ်စိုသော အတောင်များကို ခါနေကြလေသည်။ အားလုံးညိုပြာပြာအရောင်နှင့် အဖြူပြောက်ကလေး သုံးလေးပြောက်သာ အားရှိစရာမြင်ရသည်။ အမြီးချင်းတေ့ကာ၊ ခေါင်းချင်းတိုက်ကာ၊ ခြေချင်းယှက်ကာ ဖြစ်ကတတ်ဆန်း လှုပ်လှုပ်ရွရွနေကြ၏ ။ မိုးသံကြားက မြင်ရ၏။

ခိုများသည် ကိုယ့်လိုစဉ်းစားနေကြမည်မထင်။ သူတို့သည် ဘယ်ချစ်သူကိုမှလည်း စောင့်နေသည်မဟုတ်။ မိုးတိတ်လျှင် ပျံလိုရာကို ပျံသွားကြမည်။ ဖြန့်လွှာခြုံရုံလာသော ဆည်းဆာပြာ၌ ဝိုက်မျည်းကာ ညည်းသံပြုကြရုံသာ ရှိသည်။ ဒါတောင် အစီအစဉ်မရှိ ၊ ကြုံသလို လုပ်သွားမည့်ခိုများပင် ။

မိုးသည် သည်းပါလေ၏ ။ သည်းပါလေ၏ ။ သည်းပါလေ၏ ။ စိတ်ပင်မကူးလိုက်ရဘဲ ( သို့မဟုတ် စိတ်ကူးကို ဖမ်းမမိလိုက်ဘဲ ) အခန်းထောင့်ဘီရိုသို့ရောက်ကာ လက်များသည် နွားနို့တစ်ခွက် ဖျော်လေပြီ ။

သတ္တိကောင်းလာပြီး နာရီကိုကြည့်သော် တကယ်တော့ကံခေသူမို့ စောင့်စကနင့် စပြီးရေတွက်လျှင် ခုနစ်မိနစ်ကုန်သွားပြီဆိုတာ သိရလေသည်။

ထိုခဏ၌ မိုးဖြုန်းခနဲတိတ်၏ ။ အသံဗလံများ သေဆုံးကုန်ကာ ရေဒီယိုမှ သီချင်းဆိုနေသော ဒိုင်နာရှော၏ အသံကြားရသည်။ ဝေးကွာလှသော ဘယ်အရပ်ကလဲဆိုတာ ဖြုတ်ခနဲစဉ်းစားနေ၏ ။ ထို့နောက် ဒိုင်နာရှော၏ အော်လန်းဆိုင်ကို တစ်ဝက်တစ်ပျက်ညည်းသည်။

ဝမ်းနည်းခြင်းကြွလာပြီး ချက်ချင်းပျောက်သွားပြန်သည်။ မျက်ရည်အောင် မအိုင်လိုက်ရခင် ကိုခိုတို့ ထပ်ပုံကုန်သည် ။ ခေါင်းမာပျင်းရိသော တစ်ကောင်နှစ်ကောင်သာ တွေဝေနေရစ်ကြသည် ။

စောစောကသာသည့် ကျီးလားမသိ၊ ကျီးတစ်ကောင် ပြတင်းပေါက်၏ လေးထောင့်သက္ကာန်ကို ဖြတ်ပြေးသည်။ လေရစ်ဝေ့၍လိုက်သည် ။ မိုးတစ်ပေါက် နည်းနည်းစဉ်ပြန်သည်။ ထိတ်လန့်သွားပြန်သည်။ သို့သော် ဒါနင့်ပြီးသွားသည် ။

မော်တော်ကားဟွန်းသံကြားသည်။ ကလေးများ လမ်းပေါ်ဆင်းဆော့ကြသံ၊ ရယ်မောသံကိုကြားသည်။ ကလေးမိခင်တို့၏ စိတ်မချသောနလုံးခုန်သံလို သိပ်မြန်မှာပဲဟု စဉ်းစားသည်။

လေသည် နွေးလာသည်။ အရာရာသည် ကြည်လင်လာသည်။ ရာသီလင်းလာသည်။ ပြတင်းမှ ကန့်လန့်ကာများက္ကန္တြေရကုန်သည်။ မျက်နှာသုတ်ပဝါများမှ အငွေ့များပွနေသည်။ ကြောင်ကလေးပုစီနင့် ပြိုင်မည့်ဟန်ရှိသည် ။

ကိုယ့်လက်ချောင်းများ၌ လက်သည်းများပြောင်လက်နေသည်။ မာန်သွေးကြွသည်။ လှသည်။ အမြဲပြုပြင်ခဲ့သည်။ နောက်ဆုံး၌ကား ချစ်သူ၏ကိုယ့်စိတ်လိုစောသော ခြေသံကို အဝေးမှ သဲ့သဲ့ပင်ဖြစ်သော်လည်း အရာအထောင်ကြား၌လည်း ခွဲခြားမှတ်မိသည့် သတိဖြင့် ကြားကာ နားဆက်၍ထောင်လေ၏ ။ ။

ကြည်အေး

(သွေးသောက်မဂ္ဂဇင်း ၊ အောက်တိုဘာ ၊ ၁၉၅၃ )

# မှင်စာကလေးရောင်နီ



ရောင်နီသည် မှင်စာကလေးအဖြစ်သို့ လွှန်ခဲ့သော ခုနစ်ရက်ကမှ ရောက်ခဲ့သည်။ လူကလေးကနေပြီး မှင်စာကလေးဖြစ်လိုက်သည်မှာ အင်မတန် မြန်လွန်းလှ၍ ဘာမှန်းပင် မသိလိုက်ပေ။ သူသည် မှင်စာဖြစ်နေမှန်း ကိုယ့်ကိုယ်ကို သိသော်လည်း ပျော်ရမှာလား၊ ဝမ်းနည်းရမှာလား မစဉ်းစားတတ်။ နဂိုစိတ်အတိုင်းဆိုလျှင်တော့ လူတုန်းကရှိသည့်အတိုင်း ပျော်ရွှင်အပြစ်ကင်းသော ကလေးစိတ်ပင် ရှိသည်ဟု ဆိုရမည်။

မှင်စာမဖြစ်ခင်ကတော့ မှင်စာဆိုသည်မှာ တစ္ဆေအငယ်စားပေတည်းဟု သာမည သိသည်။ မှင်စာသည် တစ်စုံတစ်ယောက်ကို ခုနစ်ပတ်ပတ်လိုက်လျှင် ထိုလူ ကိစ္စချောပါရော ဟူ၍လည်း ကြားဖူးသည်။ မှင်စာသည် ကြောင်နက်ကလေးများပမာဆောင်၍ လူကို ပတ်တတ်သလိုလိုလည်း ကြားဖူးနားဝ ရှိလေရကား ရောင်နီအင်မတန်ချစ်သည့် ကြောင်ကလေး မိစိန်ကိုပင် ညဥ့် မှောင်မှောင်များတွင် ခြေကို ခေါင်းနှင့် လာလာပွတ်သည့်အခါ ကြောက်ကြောက်နှင့် ကန်ပစ်တတ်သည်။

မှင်စာဆိုသည်မှာကား အခုထိမသိ။ ရောင်နီသည် မသေခင်က ရောင်နီကလေးအတိုင်းပင် ရှိ၏။ မိမိခေါင်းပေါ်ကို ပြန်စမ်းကြည့်လျှင် နီကြင်ကြင်ရှိ၍ အထွေးလိုက်ခဲသော သျှောင်ထုံးကလေးကို စမ်းမိသည်။ ဆံရစ်ဝိုင်းကလေး ထိုးထိုးထောင်ထောင်ကိုလည်း စမ်းမိသည်။ သျှောင်ထုံးတင်းတင်းထုံးထားသဖြင့် အဖူးအသီးကလေးများ ထနေသော ချာရစ်ဝိုင်းကိုလည်း စမ်းမိသည်။

ထိုအခါ ရောင်နီသည် 'အလို ... မင်စာကလည်း ဒီလိုပါပဲကလား' ဟု အံ့ဩမိလေသည်။ စင်စစ်တော့လည်း ရောင်နီသည် ကလေးသေလျှင် မှင်စာဖြစ်သည်ဟု ဆိုရိုးရှိ၍သာ ကိုယ့်ကိုယ်ကို မှင်စာဟု အမည်တပ်လိုက်ရသည်။ ဘာရယ်လို့တော့ မဟုတ်လှ။

သေခါစကဆိုလျှင် ရောင်နီသည် အလောင်းစင်ဘေးမှ မတ်တတ်ရပ်ကာ အံ့ဩခြင်းသာ ကြီးစွာဖြစ်သည်။ မသာခုတင်မှာ ဘုန်းကြီးကျောင်းမှ ဟောင်းအိုစုတ်ချာလှသော ဘယ်သူသေစဉ်ကစ၍ လှူထားမှန်းမသိသည့် ပွတ်လုံးပွတ်တိုင် မြိုင်မြိုင်နှင့် ခုတင်ပေတည်း။ ထိုခုတင်ကို မသာအိမ်များမှ ငှားကာ အလောင်းစဉ်ပြင်သည်ကို ရောင်နီ အသက်ပိုင်းခြား ဆယ့်နှစ်နှစ်သောကာလတွင် မကြာခဏ မြင်ခဲ့လေပြီ။

ခုတင်သည် ဘယ်လောက်ပင် အိုဟောင်းသော်လည်း သေသည်အထိ ဝါးကြမ်းပြင်ပေါ်တွင် ဖျာမခင်းဘဲ အိပ်ခဲ့ရသော ရောင်နီအဖို့ မိမိ၏ မလှူပ်ရှားတော့သော ရုပ်ခန္ဓာကို ခုတင်ပေါ် အစန့်သား မြင်ရသည်မှာ ကျေနပ်စရာပင်တည်း။

ခုတင်ကို ချစ်တီးပိတ်စိမ်းပါး အဝါကလေးများ တိုင်လေးတိုင်တွင် ချည်ကာ အလယ်လောက်တွင် ဂုန်နီအိတ်ကြိုးဖြင့် တုပ်၍ထားရကာ ခြင်ထောင်ကလေးလိုလို၊ ပွဲထဲက ကန့်လန့်ကာလေးလိုလို ကြည့်၍လှသည်။ ပိတ်စိမ်းပါး၏ အပေါက်ကျဲများထဲသို့ ရွှေချည် ငွေချည်တပ်သော စက္ကူပန်းရောင်စုံကို ခပ်မြိုင်မြိုင် ထိုးထားပြန်ရာ အတော်စိတ်ကြီးဝင်စရာ ခန့်ညားလှ၏။ ရောင်နီ၏ ရုပ်ကလာပ်အပေါ်ကိုမူ အမေ၏ အလှူတိုင်းကိုသော်မှ ထုတ်၍မတင်သည့် အလျားလေးတောင်ရှည်သည့် ပွင့်ရိုက်ဆပ်တွန့်ပုဝါကို ခြုံလွှမ်းထားသည်။

ရောင်နီသည် သေခါစ၌မူကား အလောင်းစင်ဘေးမှ ရပ်ကာ ငိုယိုနေကြသူများကို နားမလည်နိုင်ဘဲ ကြည့်၍နေသည်။ အမေသည် အပူပင်ဆုံးဖြစ်လေ၏။ မျက်လုံးများမှာ နီရဲအစ်မို့ကာ တစ်မျက်နှာလုံး ရောင်နေတော့သည်။ 'အမယ်လေး ဖြစ်မှဖြစ်ရတယ် ရောင်နီကလေးရဲ့' ဟု တတွတ်တွတ် ရွတ်သည်။ ဖွဲ့ဖွဲ့နွဲ့နွဲ့တော့ ဘာမှ မပြောတတ်ရှာ။

တစ်ညဥ့်တွင်မူကား အမေသည် တစ်ရေးပင် မအိပ်တော့ဘဲ အလောင်းစင်နားထိုင်ကာ ကြည့်နေသည်။ နလုံးမခုန်တော့သော ရောင်နီ၏ ရင်ဘတ်ကိုသပ်ကာ သျှောင်ထုံးပြင်ထုံးပေးသည်။

မဝနိုင်သော ကြည့်ခြင်းဖြင့် 'အမယ်လေး ... ပစ်လိုက်ရတော့မှာပါကလားနော်' ဟု ကြိတ်မနိုင်ခဲမရ ပြောကာ မျက်ရည်ပေါက်ကြီးများ စီး၍ကျသည်။

ထိုအခါ၌ ရောင်နီသည် ရောကာ ငိုလိုက်မိလေတော့သည်။ သို့သော်လည်း သူသည် ဘာမှနားလည်လှသည် မဟုတ်သေး၍ ခါတိုင်းလိုပင် အိပ်နေကျ အိမ်ရှေ့ဝါးကြမ်းပြင်ပေါ် သွားကာ အိပ်ပစ်လိုက်သည်။

ရောင်နီ၏ ရုပ်ကလာပ်သည် အလောင်းစင်ပေါ်တွင် သုံးရက်မျှ လျောင်းရသည်။ ထို့နောက် ငွေစက္ကူပြားကလေးများ ဖွေးနေအောင် ကပ်ထားသော ခေါင်းထဲ၌ နေရသည်။ ခေါင်းကလေးမှာ လှလှပပဖြစ်သော်လည်း အလောင်းပေါ်သို့ မီးသွေးမှုန့်များ လောင်းထည့်ကာ အဖုံးပိတ်၍ သံရိုက်ထားလျှင်မူကား မှင်စာကလေးအဖို့ အလွတ်ကြီးပင်ဖြစ်သော်လည်း ကြားထဲက ဝင်၍ မွန်းလိုက်သေးသည်။

အမေသည် အတော်ငိုသည်။ 'ဟဲ့ ... မိုက်ဦးဟဲ့၊ ဟဲ့ ... ဆော့ဦးဟဲ့ ငရောင်နီရဲ့' ဟု ငိုသည်။ ပထမတော့ ရောင်နီ နားမလည်ချေ။

မသာအိမ် လာကြသူများကို အမေက ပြောပြသည်။

'ဒီလောက်ဆော့တဲ့ကလေးနော်၊ သေအောင်ဆော့တဲ့ကလေး၊ ဘယ်လောက်ဆော့သလဲဆိုရင် မြွေပခြုပ်ကို လက်ထိုးထည့်သတဲ့တော်၊ ကြားဖူးကြရဲ့လား၊ ဒီကလေးမှ မသေရင် ဘယ်ကလေး သေဦးမလဲ'

ထို့နောက် အမေသည် ဘယ်လူကိုမျှ အဖက်မလုပ်တော့ဘဲ ထဘီအထက်ဆင်နှင့် မျက်နှာကိုအုပ်ကာ ငုတ်တုတ် ဆောင့်ကြောင့်ထိုင်ပြီး အသံထွက်၍ ငိုသည်။

သည်တော့မှ ရောင်နီ သတိရသည်။ မင်စာဖြစ်သည့်ညနေက သူသည် ရွာဦးဆုတောင်းပြည့်ဘုရားနားက ကွင်းပြင်၌ တခြားသော ကလေးများနှင့် စုရုံးလျက်ရှိသည်။ မြွေအလမ္ပါယ်ဆရာလင်မယားသည် ပခြုပ်ကြီးများကိုယ်စီရွက်ကာ နေရာရွေးလျက်ရှိသည်။ ယောကျ်ားမှာ ထိုးကွင်းမင်ကြောင်များကိုဖော်ကာ တင်ပါးဆုံနှစ်လုံးစလုံးပေါ်သည်အထိ ခါးတောင်းမြှောင်မြှောင် ကျိုက်လျက်နေသည်။ မိန်းမကတော့ ထဘီကို ရှန်သားရင်ဖုံးအင်္ကျီအပေါ်မှထပ်၍ ရင်ရှားဝတ်သည်။ 'အောက်လမ်းဆရာတွေထဲမတော့ ဘယ်သူ့မှ ဗိုလ်မထားဘူးကွနော်' ဟု လင်မယားနှစ်ယောက်သည် တစ်လှည့်စီပင် တစ်ကြိမ်းတည်းကြိမ်းလျက် နေကြလေသည်။

ကလေးများ စု၍ပြီးသော် လူကြီးများ ရောက်လာကြသည်။ ပထမဆုံး ရောက်လာသူများမှာ ရွာထဲ၌ အလုပ်လုပ်မစားသော ဘိန်းစား ကိုညိုကြီး၊ လူမိုက်ထွန်းမြင့် စသော သူများပေတည်း။ ထိုနောက်ကား

အလမ္ပါယ်လင်မယား၏ ရမ်းရမ်းကားကား ကစားပြပုံကြောင့် လူအုပ်ကြီးမားလာသည်။

ယောက်ျားက စပါးအုံးမြွေကြီးတစ်ကောင်ကို ဒူးနှင့်တိုက်၍ ကစားသည်။ လက်နှင့်လည်း ရိုက်ပစ်သေးသည်။ 'ငါ့ညီရဲ့ ... မင်းကို ဘယ်သူက ဖြားယောင်းနေသလဲကွယ့်' ဟု ဆိုကာ ကိုက်ခဲသော ဒဏ်ရာကို ဆေးမည်းမည်း ပျော့စိစိနှင့် ကပ်တတ်သည်။ မိန်းမကမူကား မြွေမျိုးစုံကို တစ်ကောင်ပြီးတစ်ကောင်ထုတ်ကာ လည်မှာဆွဲသည်။

မြွေများသည် တရွရွနှင့် ဟိုသည် လျှောက်နေရကား လူအုပ်ဝိုင်းသည် ကျယ်၍ကျယ်၍ သွားတော့သည်။ ကြောက်တတ်သော မိန်းမများက မိမိတို့သားသမီးများကို ချီပိုးကာ အိမ်ပြန်ပြေးကြသည်။ မြွေအလမ္ပါယ်ဆရာများကလည်း ကြမ်းသည်ထက်ကြမ်းလာရာ အကြီးဆုံးသော စပါးအုံးမြွေကြီးသည် လျှောခနဲ ကိုယ်ကိုဆန့်ကာ ဦးတည်ရာသို့ ပေါက်ရန်ရွယ်လေရာ ထိုအနားမှ လူများသည် ရှဲခနဲ နောက်ဆုတ်ကာ ပြေးကြသည်။

သည်လိုနှင့် နောက်ဆုံးပြီးသွားသော မြွေအလမ္ပါယ်လင်မယားလည်း မြွေနိုင်ဆေးမည်းမည်းကိုရောင်း၊ မြွေအလမ္ပါယ်ပြခ ပိုက်ဆံကိုလည်း ခွက်နှင့်ခံနေကြစဉ် ရောင်နီ၏ အမြဲတောက်ပြောင်စူးရှသော မျက်လုံးအစုံသည် ခါတိုင်းထက် လက်လာလေသည်။

ရောင်နီသည် မကြောက်တတ်သော ကလေးဖြစ်သည်။ သူ့စိတ်သည် အမြဲပျော်ရွှင်သည်။ ကြည်လင်သည်။ ဘယ်အချိန်မဆို သူ့တစ်ကိုယ်လုံးသည် ဖျတ်ခနဲ ဖျတ်ခနဲ လှုပ်ရှားနေသည်။ ဦးနောက်မှာ တဒိတ်ဒိတ်နှင့် လန့်ဖျတ်စွာ ခုန်နေသော နှလုံးသံနှင့်အမျှ ဉာဏ်များနေကာ လျှပ်စီးလက်သလို ဝင်းထိန်လှသည်။ သူသည် မြွေပွဲအစအဆုံးကို ယောက်ျားဖြစ်သူနှင့် အနီးဆုံးနေရာမှ ကပ်ထိုင်ကာ တမေ့တမောကြီး ကြည့်နေခဲ့လေသည်။

ရောင်နီစိတ်ထဲ၌ 'မြွေဆိုတာ ဘယ်မှာကြောက်စရာကောင်းလို့လဲ၊ ဟိုမိန်းမကြီးတောင် ကိုင်ရဲသေးတယ်၊ ငါကိုင်ကြည့်ချင်လိုက်တာနော်၊ မြွေကို ကိုင်ရလျှင် ဘယ်လိုနေမလဲ' ဟု တွေးနေသည်။ ချောကျိကျိနေမလား၊ အဆီတွေ ပေလာမလား။ ရောင်နီသည် မြွေကို အဖော်အပေါင်းများနှင့် ရိုက်သတ်ခဲ့ဖူးသော်လည်း အရှင်လတ်လတ် ကြီးကြီးမားမားများကို မကစားဖူးချေ။

'ပခြုပ်ထဲကို လက်နဲ့ နှိုက်လိုက်ရင် မြွေက ကိုက်မှာလား၊ ငေးကြည့်နေမှာလား'

ဟု တွေးသည်။ ဒါကို အလွန်မှ သိချင်သည်။ 'မြွေက ဟိုဆရာလင်မယားတော့ မကိုက်ဘူး၊ ငါ့ကိုကော ကိုက်မှာလား၊ မကိုက်ပါဘူး'။ သို့သော်လည်း မြွေပခြုပ်ထဲလက်ထည့်လိုက်လျှင် ဘယ်လိုနေမည်ဆိုတာ သိချင်နေသည်။ မတားနိုင်မဆီးနိုင် သိချင်နေသည်။ 'တလက်လက်နဲ့ မြွေလျှာတစ်လစ်ကလေးလောက်တော့ ငါလည်း မြန်ပါသေးတယ်၊ သူ လျှာမထုတ်ခင် ငါ့လက်ကို

ပြန်ရုပ်မှာပေါ့' ဟူ၍လည်း အထင်ကြီးသေးသည်။ သူသည် မြွေက လျှာဖြင့်ပေါက်သည်ဟု အထင်ရှိလေသည်။

ထိုနောက်ကား ရောင်နီ၏ ဦးနောက်ထဲ၌ လူသားကလေးငယ်တို့၏ သိလိုတတ်လိုခြင်းသည် ပွက်ပွက်ထကာ မခံမရပ်နိုင်သည့်အဆုံး၌ ရောင်နီသည် ပခြုပ်ထဲသို့ လက်ဖြင့် ဖျပ်ခနဲနှိုက်ကာ မြွေညိုညိုတုတ်တုတ်ကြီး၏ ခေါင်းကို ပုတ်လိုက်လေသည်။

'ငါသိချင်လို့ပါ၊ ဆော့တာမဟုတ်ပါဘူး'

ဟု ရောင်နီသည် တစ်ယောက်တည်း ပြောသည်။ အမေက အားလုံးက သူဆော့၍ မြွေကိုက်ခံရသည်ဟု ပြောကြ၊ ယုံကြည်ကြသည်ကို သူမခံချင်ပေ။

မသာအိမ်လာသူများကား ကြက်သီးထကြသည်။

'သည်လောက်ဆော့တဲ့ကလေး သေတာကောင်းတယ်'

ဟု ကျိတ်၍ တွေးသူလည်း ရှိချင်ရှိမည်။

တကယ်ဆိုတော့လည်း မခံချင်သာဖြစ်ရသည်။ ရောင်နီသည် အငြိမ်မနေသော ကလေးတစ်ယောက်ပင် ဖြစ်လေသည်။

'တောက်တဲ့ ... တောက် ... တဲ့ ... တဲ့' ဟု ညစဉ်မြည်သော တောက်တဲ့ကို သူမြင်ဖူးချင်သည်။ အမေက ပြောသည်မှာ 'ဟဲ့ ... တောက်တဲ့ဆိုတာ ကလေးတွေ မမြင်ကောင်းဘူး' ဟု ပြောသည်။ သို့သော် တောက်တဲ့ဆိုသည်မှာ ဘယ်လိုဟာပါလိမ့်လို့ သိချင်လှ၍ မရအရဖမ်းလေရာ နောက်ဆုံးတွင် မိရုံမက ဝါးကျည်တောက်ထဲပင် သုံးရက်မျှ ထည့်၍ လှောင်ထားခဲ့သေးသည်။

ဘာမဆို ထူးထူးဆန်းဆန်းကို မြင်ချင်သည်။ ကြားချင်သည်။ သိချင်သည်။ မီးရထားလမ်းဘေးတလျှောက်မှ လိုက်၍လည်း ရထားနှင့် အပြေးပြိုင်ခဲ့ဖူးပြီ။ လေယာဉ်ပျံကိုလည်း ထိုးဆင်းအလာမှာ အသာကလေး ချုံပုတ်ကြားက ချောင်းပြီး ခွနှင့် ပစ်ခဲ့ဖူးပြီ။ ရောင်နီသည် ဘာမဆို လက်တည့်မစမ်းဖူးတာ မရှိ။

မသာချသော် ရောင်နီသည် ခေါင်းပေါ်မှ ခွ၍ထိုင်သွားသည်။ ခေါင်းကစားကြသော် အပေါ်ကစီးရသည်မှာ ပျော်စရာကြီးပေတည်း။ ချောင်းထဲ၌ ပုဆိုးကို ပူစည်ပေါင်းလုပ်၍ မျှောရသလို လှိုင်းစီးရသလို ခံစားရသည်။ အကစားကြမ်းလျှင်မူကား 'အလိုလေးဗျာ၊ လိမ့်ကျပဲ့မယ်' ဟု အော်နေ၏။ အော်၍မရလျှင် ခေါင်းကစားသူများ၏ လက်ကို ပုရွက်ဆိတ်ကိုက်သလိုနေအောင် ဆိတ်လိုက်သည်။

ရောင်နီသည် မှင်စာဖြစ်သည့်နေ့မှစ၍ သူကြားဖူးသည့်အတိုင်း လုပ်လျက်ရှိသည်။ မှင်စာသာ

မဖြစ်လျှင် ဘယ်သည်လို အဆန်းအပြား လုပ်ရမတုံး။ ယခုမသာချသည့်အခါ အိမ်ပေါ်ကဆင်းတာတောင် ကြားဖူးသည့်အတိုင်း အိမ်နောက်ဖေးလှေကားမှ နောက်ပြန်ဆင်းခဲ့သည်။ ဘယ်သူကမျှ ဆန်ကောချမထား၍ စိတ်မကောင်း။ ချထားလျှင် ရောင်နီသည် မိမိ၏ခြေရာကို ထားခဲ့နိုင်မည်ဖြစ်၏။ ဘယ်သူမှ မိမိခြေရာအတွက် ဂရုမစိုက်သော်လည်း ရောင်နီသည် ထင်ချင်သလောက် ထင်ပါစေတော့ဟူသော သဘောနှင့်ပင် ခပ်ဆောင့်ဆောင့် နင်းခဲ့သည်။

ရောင်နီသည် မိမိကို မင်စာအဖြစ်နှင့် လူတွေက ဘယ်လိုသဘောထားမည်ကို သိချင်သည်။ သူသည် အမြဲပင် သိချင်နေသည်။ ဘာပဲဖြစ်ဖြစ် လုပ်ချင်နေသည်။ ဒါကို ဆော့တယ်ခေါ်ဦးမလား။

မှင်စာကလေး ရောင်နီသည် သင်္ချိုင်းရှိ မသာဇရပ်သို့ရောက်သော် မယောင်မလည်နှင့် လူတွေကို အကဲခတ်နေသည်။ ဘာလုပ်ရမလဲ။ ဘာစမ်းကြည့်ရမလဲ။ သူ့နားထဲမှာကား 'ဆော့လွန်းလို့ သေတယ်၊ ဆော့လွန်းလို့ သေတယ်' ဟုသာ ကြားရသည်။ မခံချင်လိုက်လေကွာ။

မိမိ၏ ရုပ်ကလာပ်ကို မြေမြှုပ်သော် ငိုသံများသည် စီကနဲညံသည်။ အလွန်အငိုကောင်းသဖြင့် သူမပါလျှင် ဘယ်မသာမှမစည်သော ရောင်နီ့အဒေါ် ဒေါ်ညီမသည် ဖွဲ့နွဲ့ကာငိုလေပြီ။

'အမယ်လေး ... ငါ့တူလေး ရုပ်ကလာပ် ပုတ်ပြတ်နဲ့ ရောင်းမယ်' ဟု ကာရန်ပြု၍ ငိုသည်။ 'ထဆော့ပါဦးလားဟဲ့' ဟု အော်သည်။

မှင်စာကလေး ရောင်နီသည် မိမိကို စွပ်စွဲနေသော အဒေါ်ကြီး၏ ဆံပင်တစ်မျှင်ကို စိတ်ပေါက်ပေါက်နှင့် ဆွဲနုတ်လိုက်လေတော့သည်။

မသာအခမ်းအနားပြီးသော် မသာပို့သူများကို မီးခြစ်တစ်ဘူး၊ ဆေးပေါ့လိပ်တစ်လိပ် ကမ်းသည်။ အဖေနှင့် အမေသည် သေခြင်းဆိုးသော သားကလေး ကျွတ်လွတ်စေလို၍ မတတ်နိုင်သော်လည်း အကြွေးယူ၍ ကုသိုလ်ပြုကြသည်။ ရေစက်ချ၊ အမျှဝေသော် မှင်စာကလေးသည် သာဓုမခေါ်ချေ။ အကြောင်းမူကား သူသည် မှင်စာလုပ်ရတာ အတော်ပျော်ရွှင်နေသောကြောင့်ပင်တည်း။

'သာဓုခေါ်တာကို ခဏဆိုင်းထားဦးမယ်လေ၊ နောက်မှခေါ်ရင် မရဘူးလား၊ ခုချင်ချင်းတော့ မကျွတ်ချင်သေးပေါင်' ဟု သူက ပြောမိသည်။

အချိန်တန်၍ အိမ်ပြန်ကြသော် မှင်စာကလေး ရောင်နီသည် မြေပုံပေါ်၌ ထိုင်ပြီး နေခဲ့သည်။ အိမ်ကို ပြန်၍မဖြစ်။ အိမ်စောင့်နတ်က နှင်ချတတ်သည်ဆိုသည်။ ဒါလည်း လုပ်ကြည့်ရဦးမည်။ ယခုတော့ သင်္ချိုင်းထဲမှာ တခြားမှင်စာတစ္ဆေများနှင့် မိတ်ဖွဲ့ရဦးမည်။ မင်စာတစ္ဆေလောကကြီးဟာ ဘယ်လိုနေပါလိမ့်မလဲ။

ထိုခဏ၌ တစ္ဆေတစ်ယောက် လျှောက်လာသည်။ ပထမတော့ တစ္ဆေကြောက်တတ်သည့် မွေးကတည်းက နားလည်သောစိတ်ဖြင့် ပြေးမည်ကြံသည်။ နောက်တော့ 'ငါလည်း

တစ္ဆေအငယ်စားပဲဟာ၊ ဘာထူးလို့တုံး' ဟု တွေးရသည်။

'ဗျို့ ... တစ္ဆေကြီး၊ ခင်ဗျား ဘယ်သူတုန်း' ဟု ရောင်နီက မေး၏။

'ငါ့ မမှတ်မိဘူးလားကွ၊ ငါ မနှစ်က နာတာရှည်နဲ့ သေတဲ့ ဦးကြီးမှတ်လေ' ဟု တစ္ဆေကြီးက ပြောသည်။

'ဟ ... ဟုတ်သားပဲ၊ ဦးကြီးမှတ်ပဲ' ဟု သူက ဝမ်းသာအားရ ပြောသည်။

'မင်း ငယ်ငယ်လေးနဲ့ ဘယ့်နှယ် ဒီရောက်နေတာလဲ'

'မြွေကိုက်လို့တဲ့ဗျ'

'လယ်ပုဇွန်လုံး နှိုက်တယ်ပေါ့လေ'

ရောင်နီက အစအဆုံး ပြောပြသည်။ သူ ဘယ်လောက်ကောင်းကြောင်း၊ မဆော့တတ်ကြောင်း၊ သိချင်လို့ စမ်းကြည့်တာသာဖြစ်ကြောင်း ပြောသည်။

'ကဲဗျာ ... ကျုပ်ကို ဆော့လို့သေတာတဲ့၊ ကောင်းသေးလား၊ ဟောဒါ ဘာပါလိမ့်'

ဟု ရောင်နီသည် တစ္ဆေကြီးခေါင်းမှာ ဆောင်းထားသော တစ္ဆေဦးထုပ်ဆိုတာ သည်ဟာပဲ ထင်သည်။ အဲသည်အရာကို လှမ်းကိုင်လိုက်ရာ ဦးမှတ်ကြီးသည် ဒေါသအကြီးအကျယ် ဖြစ်လေသည်။

'ဟေ့ ခွေးကလေး၊ နင်လား မဆော့တာ၊ နင် ဆော့လို့ သေတာတောင် အငြိမ်မနေသေးဘူး၊ မှင်စာကနေပြီး ဘာဖြစ်သွားချင်သလဲ၊ နင့်မအေဟာ နင့်လိုကောင်ကလေးမျိုး တစ်ယောက်တည်းမွေးတာ ကံကောင်းတယ်'

ဟု တစ္ဆေကြီးက ဆဲသည်။

မှင်စာကလေး ရောင်နီသည် စိတ်မကောင်းဖြစ်သွားပြီး မျက်ရည်လည်လာလေ၏။ သူသည် အမေ့ကို သတိရလာသည်။ လွမ်းသည်။ ခါတိုင်းဆိုလျှင် အမေ့ရင်ခွင်ထဲ၌ မှီပြီး ဟိုဟာ သည်ဟာတွေ နားမလည်သမျှ စိတ်ထဲမရှင်းသမျှ မေးနေပြီ။ ပြီးတော့ အိပ်မက်ဆန်းကြယ်များကို ခမ်းခမ်းနားနားမက်ပြီး အိပ်မည်။

သချိုင်းသည် တိတ်ဆိတ်၏။ ဟိုနားမှာ ခွေးဝဲစားတစ်ကောင် ဝပ်နေသည်။ သုဘရာဇာများကိုပင် မတွေ့ရ။ လူဟူ၍ မရှိ။ တစ္ဆေကြီးလည်း ထွက်သွားပြီ။ မှင်စာကလေး ရောင်နီသည် မိမိ၏ မြေပုံပေါ်ထိုင်ကာ 'ငါမဆော့ပါဘူး၊ ဘယ်သူမှလည်း မသိဘူးနော်၊ ငါဘယ်လိုပြောရမလဲ၊ ဘယ်လိုနေမလဲလို့ ငါ နှိုက်ကြည့်တာပါ၊ မြွေက ဒီလောက်မြန်မယ်မထင်လို့ပါ၊ ငါဆော့တာမဟုတ်ပါဘူးကွ၊ သိချင်လို့ စမ်းကြည့်တာပါ'ဟု တစ်ယောက်တည်း ခံပြင်းရင်း ငိုလေ၏။

ကြည်အေး

(ရှုမဝမဂ္ဂဇင်း ၊ ဇူလိုင် ၊ ၁၉၆၂ )

ရေသူမကလေး



## ပေါက်ကျော်ဖို့ ပုံ (၁)

# ရေသူမကလေး

ရှေးရှေးတုန်းက ရေသူတွေနေကြတဲ့ ပင်လယ်ပြင်ကျယ်ကြီးထဲက တစ်နေရာမှာ ပင်လယ်ရေဟာ ပြောင်းပွင့်လှလှကလေးလို ပြာသတဲ့။ ဖန်စ မှန်စကလေးများလို လဲ ကြည်သတဲ့။ အင်မတန်လလဲ နက်ရှိုင်းလို့ ပင်လယ်အောက်ဆုံးကနေပြီး မျှော်စင်တွေ ရာထောင်မက တစ်ခုပေါ်တစ်ခုဆင့်ပါမှ ပယ်လယ်ရေမျက်နှာကို ရောက်နိုင်မတဲ့ ကျော်လေးရဲ့။ ပြီးတော့ ပင်လယ်ရေအောက်မှာ ဘာမှမရှိပါဘူး။ သဲပြင်ချည်း နေမှာပါလို့ မတွေးလေနဲ့ဦး၊ သဲပြင်ချည်း ဘယ်ဟုတ်နိုင်မလဲ။ အံ့ဩစဖွယ် လှပဆန်းကြယ်တဲ့ သစ်ပင်ပန်းမာန်များ ပေါက်ရောက်နေလေရဲ့။ သစ်ရွက်ကိုင်းခက်များဟာ ပေါ့ပေါ့ကလေးတွေမို့ ရေလှိုင်းကလေးများ သိမ့်ခနဲ ပီပီလှုပ်ရုံနဲ့ အသက်ရှိတဲ့အမူအရာနဲ့ လွင့်ပါးလှုပ်ယှက်ကြတယ်။ သစ်ရွက်ကြို သစ်ရွက်ကြားမှာတော့ ငါးကြီးငါးငယ်တွေဟာ လှပလှပြီး သစ်ရွက်ကိုင်းခက် ကြားမှာ ငှက်တွေပျံကူးကြသလို လျှောခနဲ လျှောခနဲ ကူးကြတယ်တဲ့။

ရေသူဘုရင်ရဲ့ နန်းတော်ကတော့ ရေအနက်ဆုံးနေရာမှာ ရှိတယ်။ နန်းတော် နံရံတွေက သန္တာအတိပြီးတဲ့ ရှည်လျားပြီး ဦးချွန်တဲ့ပြတင်းပေါက်များကို ပယင်းနဲ့ လုပ်ထားသတဲ့။ နန်းတော်ခေါင်ကိုတော့ ကနုကမာနဲ့ မိုးလေတော့ လေသုတ်လိုက် လို့ လှိုင်းလုံးကြီးများ တစ်ချက်လောက် အိလာပြီဆိုရင် ကနုကမာခွံတွေက မပြတ်ဟလိုက်၊ စေ့လိုက်နေကြတာမို့ အတွင်းက ပုလဲလုံးတွေ ရွှေရည်၊ ငွေရည် လဲ့နေတဲ့အရောင် ထွက်လာတာပေါ့။ အဲသည်အထဲက ဘုရင့်ဦးသျှောင်မှာ စီတဲ့ ကျောက်သံပတ္တမြားကြီးမှာ အဖိုးထိုက်ဆုံးနေပေလိမ့်မယ် ကျော်ရဲ့။

ရေသူဘုရင်ကြီးက မုဆိုးဖိုကြီးမို့ မအေအိုကြီးက အိမ်ထောင်ကို သိမ်းရ တယ်။ မအေအိုကြီးဟာ မင်းသွေးစင်စစ်မို့ မာနကလဲ မိုးမျှော်အောင်ကြီးတယ်။ ကြီးထိုက်တယ်လေ၊ တခြားရေသူမှန်သမျှ ဘယ်လောက်အဆင့်အတန်းမြင့်နေနေ ရေခွံခြောက်ခွက်ပဲ အမြီးမှာ ဆင်ခွင့်ရသော်လဲ သူကတော့ ဆယ့်နှစ်ခွက်တောင် ဆင်ရပေတာမို့ပေါ့။ ဒါပေမဲ့ သူဟာ အမြော်အမြင်တော့ရှိတယ်။ နေရာတကာမှာ ပြောစရာ တစ်ကွက်မရှိအောင် တော်တယ်။ အထူးသဖြင့် မြေးကလေးခြောက် ယောက်အပေါ် ထားရှိတဲ့မေတ္တာဟာ ကြီးမားလှပါရဲ့။ ရေသူမင်းသမီးကလေး ခြောက်ယောက်ကလဲ အလှကလေးတွေချည်းဖြစ်ပြီး အငယ်ဆုံးကလေးကတော့

လှခေါင်ကြူးလို့ခေါ်ထိုက်သတဲ့။ အသားကလေးက နှင်းဆီပွင့်ဖတ်ကလေးလို နူးညံ့မွတ်အိပြီး မျက်လုံးကလေးများဟာ ပင်လယ်ရေပြာရောင်ရင့်သလောက် ရင့်တယ်။ ဒါပေမဲ့ ရေသူမျိုးပေမို့ ခြေထောက်မပေါက်ရှာလေဘူး။ ရေသတ္တဝါ ငါးပမာပဲ အဖျားမှာ သွယ်ရှူးပြီး မြီးထူးကလေးနဲ့နေရှာတယ်။

ကလေးတွေဟာ နန်းတော်ခန်းဆောင်ကျယ်ထဲမှာ တစ်နေ့ကုန် ကစားပြီး နေတတ်ကြတယ်လေ။ ပတ်လည်နံရံမှာတော့ ပန်းလှလှတွေ ပွင့်ပေါက်နေကြ တာပေါ့။ ပယင်းပြတင်းများ ဖွင့်လိုက်ရင်တော့ လူ့ပြည်က အခန်းတွေအတွင်းကို ပျံလွှားတွေ လမ်းမှားဝင်လာသလို ငါးကလေးတွေက ကူးလာကြပါရော။ ငါးတွေ က ပျံလွှားထက် ရဲတယ် ကျော်ရဲ့။ မင်းသမီးကလေးတွေဆီ ဆိုက်ဆိုက်မြိုက်မြိုက် တိုးလာပြီး လက်နဲ့ခွံ့ကျွေးတာလဲ စားတာပဲ၊ ပွတ်သပ်ပေးလဲ ငြိမ်ခံတာပဲ။

နန်းတော်ရှေ့က ဥယျာဉ်ကြီးထဲမှာတော့ အပြည့်အနှက် ပေါက်နေကြတဲ့ တချို့သစ်ပင်တွေဟာ တောမီးလို ရဲရဲနီပြီး တချို့က ညလို ပြာမှောင်တယ်။ သစ်သီးများက ရွှေလိုဝါပြီး ပန်းပွင့်များက နေလို ထွန်းလင်းပေသေးတယ်။ ဥယျာဉ်မြေ အခင်းဖြစ်တဲ့ သဲပြင်ကတော့ နီလာရောင်အဆင်းမို့ အပေါ်လွှာရေက လဲ ပြာ၊ အောက်ကရေကလဲ ပြာဆိုတော့ ရေအောက်မှာ နေရတယ်တောင် မထင်နိုင်ဘူး။ မိုးပြာအမြင့်ထဲ ရောက်နေသလားလို့ ထင်မှားရတယ်။ ရေငြိမ်နေ စဉ်ဆိုရင်ဖြင့် နေလုံးဟာ ခရမ်းရောင်ပန်းပွင့်နဲ့တူပြီး၊ ပန်းပွင့်ဖတ် ခွက်ထဲက အလင်းရောင်ဟာ ကမ္ဘာလောကပေါ် စီးဖြာလို့ ကျတာကို အတိုင်းသားမြင်နေတာ ပေါ့။

ဥယျာဉ်ထဲမှာ မင်းသမီးကလေးတစ်ယောက်ကို မြေတစ်ကွက်စာ ရကြ တယ်။ သဘောရှိသလို စိုက်ပျိုးဖို့ပေါ့။ တစ်ယောက်က ဝေလငါးပုံ အကွက်ရိုက် ပြီး ပန်းပင်စိုက်တယ်။ တစ်ယောက်က ရေသူမပုံ၊ အငယ်ဆုံးကလေးကတော့ နေသဏ္ဌာန် လုံးဝန်းတဲ့ပုံသဏ္ဌာန်ကို ရွေးချယ်ပြီး စိုက်ပြန်တော့ နေရဲ့အရောင်ကို သူထင်မြင်ရှာတဲ့ အနီရောင်ပန်းပွင့်ပင်များမှ စိုက်သတဲ့။ အတော်ဆန်းတယ်ပေါ့။ အင်မတန်အေးချမ်းပြီး သူ့စိတ်ကူးနဲ့ပဲ သူနေတတ်ပြန်တယ်။ သင်္ဘောပျက်နဲ့ ကြုံလို့ ပစ္စည်းဆန်းကလေးများရရင် တခြားညီမဖော်တွေက ကိုယ်မှာဆင်သလို မဆုံးဘူး၊ သူကတော့ လူသားကျောက်ဆစ်ရုပ်ကလေးပဲ တောင်းခံပြီး သူ့မြေ ကွက်မှာ စိုက်တည်ထားသတဲ့။ ပြီးတော့ ကျောက်ဖြူရုပ်နံဘေးမှာ နီရဲတဲ့ ကျောက် ခက်ပင်တစ်ပင် စိုက်တယ်၊ ကျောက်ခက်ပင်ဟာ တစ်ခဏချင်း ကြီးလာပြီး



ခက်လက်များနဲ့ မြေကိုလွှမ်းပြီး ငြိလေတော့ အမြစ်နုများနဲ့ဖက်ယမ်းမိတယ် ထင်ရအောင် ခက်လက်များရဲ့ ခရမ်းညို့ရိပ်များဟာ ကစားနေတော့တာပေါ့။

မင်းသမီးကလေးဟာ ရေလွှာအပေါ်ဆီက လူသားတွေအကြောင်းများ နား ထောင်လို့မငြီးနိုင်ရှာဘူး။ သင်္ဘောတွေဆောက်ပြီး ပင်လယ်ကူးကြတာတွေ၊ မြို့ တည်ပြီး နေထိုင်ကြတာတွေ၊ တိရစ္ဆာန်ကောင်တွေ ခိုင်းစေလို့နေကြတာတွေကို အဘွားလုပ်သူနားကပ်ပြီး ပြောပြခိုင်းတယ်။ လူ့ပြည်က ပန်းပွင့်တွေဟာ မွှေး ကြိုင်တယ်ဆိုတာ သိရတော့ဖြင့် သိပ်သဘောကျနေတော့တာပဲ။ ပင်လယ်ပန်းတွေ က ရနံ့မှမရှိဘဲကိုး ကျော်ရဲ့။ ပြီးတော့ သစ်တောတွေဟာ စိမ်းတယ်လားပေါ့။ ရောင်စုံတောက်ပတဲ့ သစ်ခက်ကိုင်းတွေကြားမှာ ငါးတွေကလဲ ပျံတယ်လားပေါ့။ အသံကျယ်ကျယ်နဲ့ သီချင်းပီအောင် ဆိုတယ်လားပေါ့။ တကယ်တော့ အဘွား ကြီး ဆိုလိုတာက ငှက်တွေပါ။ ကလေးမက ငှက်မမြင်ဖူးရှာလို့ နားမလည်မှာ စိုးလို့ ငှက်အစား ငါးလို့ပြောရတာ။

'ငါ့မြေး အသက် ဆယ့်ငါးနှစ်ပြည့်တော့ ပင်လယ်ရေမျက်နှာပြင်ပေါ်ကို တက်ခွင့်ရမယ်၊ ဒီတော့မှ လရောင်အောက် ကျောက်ဆောင်ပေါ်ထိုင်ပြီး သင်္ဘော တွေ ခုတ်သွားတာ၊ မြို့တည်ပြီး လူတွေနေကြတာ ကြည့်တာပေါ့' လို့ အဘွားက ပြောတယ်။

နောက်တစ်နှစ်ကြာတော့ သမီးဦးဟာ ဆယ့်ငါးနှစ်ပြည့်လို့ ဝမ်းသာစရာဖြစ် နေတာပေါ့။ ဒါပေမဲ့ မင်းသမီးလေးတွေဟာ တစ်နှစ်ကြီးတစ်နှစ်ငယ်စီ ပေါက်တာ မို့ အထွေးဆုံးကလေးမှာ ငါးနှစ်စောင့်ရဦးမယ် ကျော်။ ဒါပေမဲ့ သမီးဦးက ဆယ့်ငါးနှစ်စေ့တဲ့နေ့မှာ ရေပြင်ပေါ်ဆီက ပြန်လာရင် မြင်ခဲ့သမျှ ပြောပြပါ့မယ်လို့ ကတိထားရှာတယ်။ အဘွားပြောတာကို နားထောင်ရတာ အားမှမရကြတာပဲ။

အထွေးကလေးလောက်တော့ ဘယ်သူမှ ငမ်းငမ်းတက်မဖြစ်ကြတာ မှန် တယ်။ သူကလေးဟာ ညညများမှာ ပြတင်းပေါက်ဖွင့်ပြီး ဝင်လာတဲ့ ငါးကလေး တွေ အလယ်ကနေပြီး ပင်လယ်ရေကြည်ပြာထဲ တိုးလို့မော့်ကြည့်ရှာတယ်။ နေမင်းနဲ့ လမင်းပဲ မြင်ရတာပေါ့။ ရေထဲမှာမို့ နေရောင် လရောင်များဟာ ဖျော့တော့ပြီး မြေပြင်မှာထက်ပိုပြီး အရွယ်ကြီးတယ်ထင်ရရဲ့။ နေမင်း လမင်း ကြားမှာ အရိပ်တစ်ခု ဖြတ်သွားရင် ဒါဟာ ဝေလငါးပါပဲ။ လူတွေအပြည့်တင်တဲ့ သင်္ဘောပါပဲ စသဖြင့် မှန်းဆရရှာတယ်။ လူတွေဆိုရင်လဲ သူတို့အောက် အနက် ရှိုင်းထဲမှာ ရေသူမကလေးတစ်ယောက်ဟာ သင်္ဘောဝမ်းဆီသို့ လက်ဖြူဖြူကလေး နှစ်ခု ဆန့်တန်းပြီး အငမ်းမရ မျှော်မှန်းနေတယ်ဆိုတာ ဘယ်တွေးမိပါ့မလဲ။

မင်းသမီးအကြီးဆုံးကလေး ဆယ့်ငါးနှစ်ပြည့်လို့ ရေမျက်နှာပြင်က ပြန်လာတဲ့အခါတော့ ပြောပြစရာတွေ မနည်းပါလာတယ်လေ။ လရောင်မှာ ပင်လယ်ကမ်းခြေ သဲသောင်ပေါ်ထိုင်ပြီး ပင်လယ်ဆိပ်ကမ်းမြို့ကလေးကိုကြည့်လို့ မီးရောင်တွေ ကြယ်လိုလက်တာ၊ တေးဂီတတီးမှုတ်သံ နားထောင်ရတော အပျော်ဆုံးပဲတဲ့။ လူတွေ ရထားလုံးစီးပြီး သွားတဲ့အသံ တလဲလဲကြားခဲ့ရရဲ့၊ ဘုရားကျောင်းမျှော်စင်မြင့်မြင့်တွေလဲ မြင်ခဲ့ရရဲ့၊ ခေါင်းလောင်းသံလဲ နားထောင်ရရဲ့တဲ့။ အဲသည်ဆီမသွားနိုင်ရှာသူမို့ ပိုပြီးစုံရေမက်ရေရှိတာပေါ့ ကျော်လေးရယ်။

ညီမအထွေးကတော့ ခေါင်းကိုစိုက်နေသတဲ့။ ညကျလို့ ရေပြာပြာကြားက တိုးပြီး အပေါ်ကို ငေးမျှော်ရင်တော့ ဆူညံတဲ့လူနေမြို့ကို အာရုံစောလွန်းလို့ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းသံကိုတောင် ကြားသယောင်ယောင် ထင်မြင်သေးတယ်။

နောက်တစ်နှစ်ကျတော့ ဒုတိယသမီးကလေးဟာ လိုရာကူးခတ်သွာလာခွင့်ရပြန်တယ်။ သူရေမျက်နှာပြင်ရောက်ချိန်မှာ နေကဝင်ဆဲမို့ သဘောအကျကြီးကျပြီး ရေပေါ်မှာ ဒါအလှဆုံးလို့ ကြေညာချက်ထုတ်သလေ။

'ကောင်းကင်ဟာ ရွှေရောင်သမ်းပြီး တိမ်တွေအလှတော့ ပြောမပြနိုင်ပေါင်အေ' လို့ သူကလေးက ဆိုတယ်။

'အခုနီ၊ အခုမရမ်းရောင်ပြောင်းပြီး ခေါင်းပေါ်က ဖြတ်ပြီး လွင့်တယ်၊ နေအကျမှာ ငန်းတွေ ရေပြင်ပေါ်ဖြတ်လို့ ပျံသွားတာကတော့ ပိုမြန်သအေ့၊ လိုက်ပြီးကြည့်ပေမယ့် နေလုံး ပျောက်သွားပြီမို့ တိမ်စွန်ရေပြင်ပေါ်က နှင်းဆီရောင်တွေ မှိန်ကုန်တာပေါ့၊ ဘာမှ မမြင်ရတော့ဘူး'

တတိယမင်းသမီးကလေး အလှည့်ကျတော့ သူက အရဲဆုံးမို့ မြစ်တစ်ကြောနောက်တောင်လိုက်တတ်သွားသတဲ့။ မြစ်ကမ်းနဖူးက စပျစ်ခြံတွေနဲ့ သစ်တောအုပ်လို စိမ်းနေတဲ့ တောင်ငယ်တွေ၊ အဲသည်ကြားက တိုးထွက်ပြီး ပေါ်လွင်တဲ့အိမ်တွေ၊ ရဲတိုက်တွေ တွေ့ခဲ့တယ်။ ငှက်ကလေးများ သီချင်းဆိုသံလဲ ကြားခဲ့တယ်။ နေရှိန်က ပြင်းလွန်းလို့ ရေထဲပြန်ပြီး ငုပ်ပေးမှ သက်သာတယ်။ ဆိပ်တစ်ခုမှာတော့ ရေထဲမှာ ခုန်ပေါက်ကူးခတ်နေတဲ့ ကလေးငယ်တစ်သိုက်နဲ့ တွေ့သေးတော့ ဝင်ပြီး ကစားချင်ပေမယ့် ကလေးတွေက ကြောက်လန့်ပြီး ထွက်ပြေးတယ်။ သတ္တဝါမည်းမည်းကလေးတစ်ယောက်ကလဲ ဟောင်လေတာမို့ သူကိုယ်တိုင်ကြောက်လာပြီး ပင်လယ်ကို ပြန်ပြီးကူးပြေးခဲ့ရသတဲ့။ ဒါပေမဲ့ သစ်တောစိမ်းတွေ၊



တောရိုင်းတွေ၊ ဆူးတောင်မရှိဘဲနဲ့ မကြောက်မရွံ့ ရေကူးနေကြတဲ့ ကလေးတွေကို မမေ့နိုင်ပါဘူးလို့ ဆိုရှာတယ်။

စတုတ္ထမင်းသမီးကလေးကတော့ သိပ်မရဲဘူး။ ပင်လယ်က မကျော်ဘဲနေပြီး အိမ်ရောက်တော့ ဘယ်ဟာက ပိုပြီးများ လှနိုင်ဦးမှာလဲလို့ ထင်သတဲ့။ သင်္ဘောတွေကို အဝေးကြီးက ရွက်လွှင့်သွားတာမြင်ရတာ စင်ရော်တွေနဲ့ တူသတဲ့။ ငါးမန်းကြီးတွေ လူးနေတာလဲ မြင်ခဲ့တယ်။ ဧရာမ ဝေလငါးကြီးတွေ နှာခေါင်းကမှုတ်ထုတ်လို့ ကျလာတဲ့ ရေပန်းပြိုးပြက်တာလဲ မြင်ခဲ့တယ်။

ပဉ္စမမင်းသမီးကလေးအလှည့်မှာတော့ ဆောင်းတွင်းမို့ ပင်လယ်ဟာ စိမ်းနေတယ်။ ရေမျက်နှာပြင်မှာ အိမ်လောက်ရေခဲတုံးကြီးတွေ ပေါလောမျောနေတယ်။ ဒါကို ပုလဲနှင့်တူတယ်လို့ သူကလေးက အဲသည်ပုလဲတုံးကြီးတစ်တုံးပေါ် ထိုင်လိုက်ပြီး လေကြဲ့နဲ့ သူ့ဆံပင်ရှည်ကို လွှင့်တယ်တဲ့။ သင်္ဘောတွေကတော့ အလန့်တကြားနဲ့ ရွက်လွှင့်ပြီး ရေခဲတုံးတွေနဲ့ လွတ်အောင်ပြေးကြတယ်။ ညနေစောင်းတော့ဖြင့် ကောင်းကင်ဟာ မိုးသားနဲ့ထူထပ်ပြီး လျှပ်စစ်နွယ်တွေ ရဲခနဲပြက်၊ မိုးသားကလဲ ထစ်လိမ့်တာမို့ သင်္ဘောတွေက ရွက်ချပြီး ကိုးကွယ်ရာမရရှိကြသတဲ့။ သူကတော့ မြုပ်ချည်ပေါ်ချည်နေတဲ့ ရေခဲတုံးကြီးတွေပေါ်မှာ ထိုင်လိုက်မြဲလိုက်ရင်း ပြာလဲ့လဲ့လျှပ်စစ်မျဉ်းကြောင်းကို အမှတ်မထင်ငေးနေခဲ့တယ်တဲ့ ကျော်ရယ်။

ညီအစ်မတွေဟာ ရေပြင်ပေါ်ရောက်စတော့ အံ့ဩစရာတွေ ကြည့်လို့မဆုံးနိုင်ဘူးပေါ့။ မကြာခင်မှာတော့ ဟောင်းရိုးသွားပြီး ရေအောက်က ကိုယ့်နန်းတော်လောက် ဘယ်မှာမှ ပျော်စရာရှာမတွေ့တော့ဘူး။

ညနေစောင်းများမှာ ညီအစ်မအကြီး ငါးဖော်ဟာ လက်တွဲပြီး ရေပြင်ပေါ်တက်တယ်။ သူတို့ရဲ့အသံကလဲ လူသားများထက် အဆမတန်ပိုမိုလို့ သာယာပါဘိသနဲ့၊ မုန်တိုင်းဆင်ပြီဆိုရင်တော့ သင်္ဘောတွေရှေ့က ကူးခတ်လာပြီး ပင်လယ်အောက်က ချမ်းသာခြင်းအကြောင်းကို ဖွဲ့နွဲ့သီဆိုပြီး သင်္ဘောသားတွေကတော့ သူတို့ရဲ့စကားကို နားမလည်ဘူးပေါ့။ ရေသူတို့ရဲ့ သီချင်းသံကို လေမြူးတဲ့အသံလို့ ထင်ကြတယ်။ ဒါနဲ့ ပင်လယ်အောက်က ပုန်းလျှိုးနေတဲ့ ခမ်းနားကြီးကျယ်ပုံတွေကို မြင်ဖို့ အခွင့်မရတော့ဘူးပေါ့။ တကယ်တော့ သင်္ဘောပျက်လို့ ရေအောက်ရောက်ပြီး ရေသူတို့နန်းတော်ကို ဝင်ခွင့်ရလဲ ထူးဆန်းသမျှကို အသက်ရှင်လျက်တော့ မကြည့်မြင်နိုင်တော့ဘူး။

အငယ်ဆုံးကလေးကတော့ အစ်မတွေကို ငေးမျှော်ကြည့်ရင်း ဖခင်ရဲ့နန်း

တော်ထဲမှာ မလှုပ်မယှက်နဲ့ အထီးတည်း ကျန်ခဲ့ရှာတယ်။ သူကလေးက ငိုချင်လှပေမယ့် ရေသူတို့မည်သည် မငိုနိုင်၊ မျက်ရည်မကျနိုင်တာမို့ ဒါကြောင့် စိတ်ဆင်းရဲခြင်းဖြစ်ရင် လူတွေထက်ပိုပြီး မတန်တဆ ခံစားကြရရှာတယ်။

'ဩော်... ငါသာ ဆယ့်ငါးနှစ်ပြည့်ပါစေတော့၊ လူ့ပြည်နဲ့ လူသားတွေကို ငါသိပ်ချစ်မှာပဲကွယ်'လို့ ညည်းရှာတယ်။

နောက်တော့လဲ သည်လောက်စောင့်ခဲ့ရတဲ့ ကာလကို ရောက်လာရတာပေါ့။

'ညည်းအလှည့်ရောက်ပြီလေ၊ လာ... တခြား ညီအစ်မတွေလို ညည်းကိုလဲ ဆင်ပြင်ပေးရဦးမယ်' လို့ အဘွားလုပ်သူက ခေါ်ပြီး ပုလဲခြမ်းပွင့်ဖတ်တွေနဲ့ ဖြူဖွေးတဲ့ နှင်းပန်းခွေကို ခေါင်းမှာစွပ်ပေးတယ်။ အဆင့်အတန်းမြင့်သူကလေးမို့ အမြီးမှာ ခရုခွံနှစ်ခွက် ချည်ပြန်တယ်။

'နေရကျပ်လိုက်တာ အဘွားရယ်'လို့ ကလေးမက ညည်းတော့ဖြင့် 'လှချင်ရင် နည်းနည်းတော့ ဒုက္ခခံရတာပေါ့အေရယ်' လို့ ဆိုပြန်တယ်တဲ့။

ကလေးမကတော့ လေးလေးလံလံကြီးတွေမို့ မဝတ်ချင် မစားချင်ရှာဘူး။ သူ့မြေကွက်က ပန်းပွင့်နီသီးကလေးတွေ သီပန်ရင် ပိုတောင်လှသေးရဲ့။ ဒါပေမဲ့ ဘာမှ မပြောရဲရှာသူမို့ နှုတ်ဆက်ပြီးပဲ ရေမြှုပ်ကလေးတစ်ဖတ်လို ရေပေါ်ကို တက်လာခဲ့တယ်။

ဘဝမှာ ပထမဆုံးအကြိမ် ရေမျက်နှာပေါ် ပေါ်လာရင်ပဲ နေဟာ မိုးကုပ်စက်ဝိုင်းအောက် နစ်စမို့ တိမ်တိုက်တွေက ရွှေရောင်၊ နှင်းဆီရောင်တွေရုပ်သိမ်းပြီး ညနေကြယ်က အနောက်ဘက်မိုးပျော့မှာ လင်းနေတယ်။ လေက ညင်သာပြီး လန်းဆတ်လေတော့ ရေပြင်ဟာ မှန်သားလို တည်ငြိမ်နေတော့တာပေါ့ ကျော်လေးရဲ့။ သုံးပင်တိုင် ရွက်သင်္ဘောကြီးတစ်စင်းကတော့ ရေငြိမ်ပေါ်သွားနေပြီး တစ်ရွက်တည်းလွှင့်ထားလေရဲ့။ လေက တစ်ချက်မှ အသက်မရှူဘူး။ သင်္ဘောသားတွေတော့ လှေကားထစ်တွေပေါ်၊ ကြိုးခွေတွေပေါ် ထိုင်ပြီး ငြိမ်နေကြပြန်သေးတယ်။

ကုန်းပတ်ပေါ်ဆီက တေးသံ၊ ဂီတသံ ကြားရလေရဲ့။ မှောင်လာတယ်ဆိုရင်တော့ မီးအိမ်ရာထောင်ဟာ ဖျတ်ခနဲ လင်းပြူလာပြီး အလံတွေလဲ တလူလူလွင့်တက်လာတယ်လေ။ ရေသူမကလေးဟာ သင်္ဘောကပ္ပတိန်ရဲ့ အခန်းနားရောက်အောင် ကူးသွားပြီး ရေလှိုင်းကြောင့် သင်္ဘောမြင့်တက်လာတဲ့အခါ ပြတင်းမှန်ကို ဖောက်ပြီးကြည့်မြင်ရတယ်။ အထဲမှာ ဝတ်ကောင်းစားလှနဲ့ လူတွေအများကြားမှာ မျက်လုံးနက်မှောင် ကျယ်ဝန်းလှတဲ့ အလှဆုံးမင်းသားကလေးကို သွားတွေ့တာ



ပေါ့။ ဆယ့်ခြောက်နှစ်ထက် ကြီးဦးမှာ မဟုတ်ဘူး။ သူ့မွေးနေ့အတွက် သဘင်ကျင်းပနေတာပဲ။ သင်္ဘောသားတွေ က,ခုန်နေတဲ့ကြားက မင်းသားလေး ရောက်လာတော့ မီးရှူးမီးပန်းတွေ လွှတ်လိုက်တာ ညဟာ နေ့လားလို့ ထင်ရသလေ။

ရေသူမကလေးမှာ ကြောက်လန့်ပြီး ရေထဲငုပ်နေရသေးတယ်။ ခေါင်းကလေးဖော်ကြည့်တော့ ကြယ်ဟူသမျှ သူ့ဆီကြွေဆင်းလာကြသလား ထင်ရပါသတဲ့။ ဒါမျိုးကို မမြင်လဲ မမြင်စဖူး။ လူတွေဟာ သည်လိုကြီးမားတဲ့ တန်ခိုးရှိကြောင်း မကြားလဲ မကြားစဖူးပါပဲ။ နေအစင်းစင်းဘေးလှည့်နေသလားပေါ့ ကျော်ရဲ့။ ငါးတွေကလဲ လေထဲအရောက် ခုန်ပေါက်ပြီးမြူးကြလေရဲ့။ ကြည်လင်တဲ့ ရေပြင်ပေါ် လင်းထိန်ပြီး အရိပ်တွေ ပေါ်လာလို့ အစုံမြင်ရလေတော့ ညရဲ့တိတ်ဆိတ်ခြင်းနဲ့ ဂီတချိုသံသာဟာ ရောနှောဆဲ။ မင်းသားကလေးရဲ့ ပျော်ရွှင်နေပုံကို ရေသူမကလေးက တွေ့ရရှာတာပေါ့။

ညဥ့်လဲနက်လှပြီ။ ရေသူမကလေးကတော့ မင်းသားကလေးရှိတဲ့ သင်္ဘောနားက မခွာနိုင်ရှာဘူး။ လှိုင်းရိုက်တာခံရင်း ပြတင်းကပဲ ချောင်းကြည့်နေတယ်။ ခုတော့ ရေအောက်အနက်ရှိုင်းထဲက လှုပ်ရှားထကြွပြီး သင်္ဘောဟာ ခပ်မြန်မြန် လှုပ်ရှားနေတယ်။ ရွက်တွေဖွင့်ပြီး လှိုင်းကမြင့်လာ၊ ကောင်းကင်မှာ မိုးသားတွေ စုလာပြီး အဝေးက မိုးခြိမ်းသံကြားရတယ်။ မုန်တိုင်းဆင်လိမ့်မယ် ကျော်လေးရဲ့။ ဒါကြောင့် သင်္ဘောသားတွေလဲ ရွက်တွေ လိပ်ရတာပေါ့။ သင်္ဘောကြီးဟာဖြင့် သောင်းကျန်းနေတဲ့ ပင်လယ်ပေါ်မှာ လှေငယ်လို လှိုင်းလူးတိုင်း မြောက်နေပြီ။ လှိုင်းတွေက တောင်လိုမြင့်ရာက ချောက်လို နိမ့်ဆင်းသွားပြန်တယ်။ ရေသူမကလေးအဖို့တော့ သိပ်ပျော်စရာကြီးပေါ့လေ။ သင်္ဘောသားတွေမှာတော့ အက်ကွဲလာတဲ့ သင်္ဘောပျဉ်စပ်တွေ၊ ရွက်တိုင်ကြီးတွေတောင် ညွတ်ကုန်တာတွေ၊ ရေတွေ ဆောင့်ဝင်လာတာတွေကို တွေ့ရတာပေါ့။ ခဏလောက် သင်္ဘောလူးလိုက်ရတယ်။ ပင်မရွက်တိုင်ကြီးဟာ ကျူရိုးကလေးလို ကျိုးတော့တယ်။ သင်္ဘောဟာ မှောက်ပြီး ရေနဲ့လွှမ်းသွားတော့တာပါပဲ။

ရေသူမကလေးဟာ သင်္ဘောသားတွေရဲ့အန္တရာယ်ကို မြင်ရှာတယ်။ သူကိုယ်တိုင်လဲ သင်္ဘောအပိုင်းအစများကို ကြည့်ရှောင်ရတယ်။ ဒါပေမဲ့ မှောင်ပိန်းနေတာမို့ ဘာမှမသဲကွဲဘူး။ လျှပ်ဝင်းခနဲပြက်လိုက်ရင်တော့ မျက်စိထဲလင်းသွားပြီး မင်းသားကလေးကိုရှာတယ်။ မင်းသားကလေးဟာ ရေနစ်ပြီး သူ့နန်းတော်ကို ရောက်လာတော့မှာပဲလို့ ပထမ ဝမ်းသာသလိုလိုရှိပေမယ့် လူ့ဇာတိပေမို့ ရေသူတိုင်းပြည်ကို အသေကောင်အဖြစ်နဲ့သာ လာရမှာကို ဘယ်ချစ်သူက ကြည့်နိုင်ပါ့မလဲ ကျော်လေးရယ်...။

'သူ မသေရပါဘူးတော်'လို့ အော်ပြီး အန္တရာယ်ကို မကြောက်ဘဲ အပျက် အစီးကြားက မင်းသားလေးကို ရှာတော့ နစ်လုဆဲဆဲ မျက်စိတောင်မဖွင့်နိုင်တော့ တဲ့ ခများကို သွားတွေ့တယ်။ ဒါနဲ့ သူ့ကို ဖေးခေါ်ပြီး ရေပေါ်ဖော့လို့ ရေစီး ကြောင်းနဲ့ မျောခဲ့ရတာပေါ့။

မိုးလင်းချင်ရင်တော့ မုန်တိုင်းက ငြိမ်သွားပြီ။ သင်္ဘောရဲ့အစအနတော့ ဘာမှမကျန်တော့ပါဘူး။ နေဟာ မီးတောက်လို ရေပြင်က ထလာတယ်။ နေ ရောင်နဲ့ မင်းသားကလေးရဲ့ပါးပြင်ဟာ သွေးလျှမ်းလာတယ်ထင်ရပေမယ့် မျက်စိ တော့ မပွင့်ဘူး။ ရေသူမကလေးဟာ မင်းသားကလေးရဲ့ နဖူးကျယ်ကို နမ်းမိ သတဲ့။ စိုနေတဲ့ဆံပင်ကို သပ်ပေးရတယ်။ ဩော်... သူ့မြေကွက်က ကျောက်ဖြူ ရုပ်ကလေးနဲ့ တူလေပြီရယ်လို့ ထပ်ပြီးနမ်းမိဆဲ။ အသက်ရှင်ပါစေရယ်လို့လဲ ဆုတောင်းရရှာတယ်။

သူကလေးဟာ ခြောက်သွေ့တဲ့ မြေပြင်နဲ့ ဆီးနှင်းဖုံးအုပ်တဲ့တောင်တွေကို မြင်ရတယ်။ ကမ်းခြေတစ်လျှောက်မှာ သစ်တောအုပ်ဟာ တန်းနေပြီး သစ်တောဝ မှာတော့ ဘုရားရှိခိုးကျောင်းလား၊ မယ်သီလရှင်ကျောင်းလား မသိ တွေ့ရတယ်။ တစ်စပ်တည်းနေတဲ့ ဥယျာဉ်ထဲမှာတော့ ရှောက်ပင်၊ လိမ္မော်ပင်တွေပေါက်လို့။ ခြံဝဆီကိုတော့ ထန်းပင်ရှည်တွေ ပြန့်လာတယ်။ ပင်လယ်ဟာ သည်နေရာမှာ ကွေ့ဝင်လာပြီး ငြိမ်သက်သော်လည်း နက်ရှိုင်းတဲ့ ပင်လယ်အော်ကလေးဖြစ်နေ ပေတာကိုး။ ချောက်ကမ်းပါးအောက်မှာတော့ သိပ်သည်းတဲ့ သောင်မြေရှိတယ်။ ရေသူမကလေးဟာ အသေလိုဖြစ်နေတဲ့ မင်းသားကလေးကိုသယ်ပြီး သည်ရောက် အောင် ကူးလာလို့ သဲနွေးနွေးဆီ ဆိုက်ရင်လဲ နေကို မျက်နှာလှည့်လျက်သားကျ အောင် အသာချပေးရှာတယ်။

သူ့ရှေ့က ကြီးမားတဲ့ အဆောက်အအုံ အဖြူကြီးဆီက ခေါင်းလောင်းတွေ ထိုးပြီး မိန်းကလေးတွေ ဥယျာဉ်ထဲဆင်းလာကြတယ်။ ရေသူမကလေးဟာ ရေစပ် ကဆင်းပြီး ကျောက်ဆောက်မှာ ကွယ်နေတယ်။ သူ့မျက်နှာကလေးပေါ်သွားမှာ စိုးလို့ ခေါင်းမှာလဲ ရေမြှုပ်ကလေးတွေ ဆောင်းထားလိုက်တယ်။ ပြီးတော့ မင်းသားကလေးကိုပဲ မဝနိုင်အောင်ကြည့်နေရှာတာပေါ့။

မကြာခင် မိန်းကလေးတစ်ယောက်ရောက်လာပြီး အသေလိုထင်ရတဲ့ မင်း သားလေးကို မြင်တော့ လန့်သွားတယ်။ ပြီးမှ မိန်းမဖော်တွေကို ပြန်ခေါ်ရတယ်။ ရေသူမကလေးဟာ မင်းသားလေး အသက်ပြန်ရှင်တာ၊ ဘေးကလူတွေ သူ့ကို ပြုစုကြတာတွေမြင်ရပါရဲ့။ မင်းသားကလေးကတော့ အသက်ကယ်ခဲ့တဲ့သူကလေး



ကို သိလဲမသိ၊ ရှာလဲမရှာတော့ဘူးတဲ့။ မင်းသားကလေးကို လူတွေသယ်ဆောင် သွားကြတော့ ဝမ်းနည်းလွန်းလို့ ရေထဲချက်ချင်းငုပ်ပြီး ဖခင်ရဲ့နန်းတော်ကို ပြန်လာခဲ့သတဲ့ ကျော်ရဲ့။

ပြီးတော့ အလျင်ကထက်ပိုပြီး ငြိမ်ငြိမ်နေတတ်ပြီး သူ့စိတ်ကူးတွေဟာလဲ လွင့်နေတော့တယ်။ အစ်မတွေက အပေါ်မှာ ဘာတွေတွေ့ခဲ့ရသလဲလို့ မေးတာလဲ ဘာမှ ပြန်မဖြေဘူး။

ညနေများမှာ မင်းသားကလေးကို ထားခဲ့ရတဲ့နေရာကို ပြန်လာပြီးကြည့် တယ်။ တောင်ပေါ်က ဆီးနှင်းတွေ အရည်ပျော်ကျတာ မြင်ရပါရဲ့။ ဥယျာဉ်ထဲက သစ်သီးတွေလဲ မှည့်လို့ ခူးကြ ကောက်ကြကုန်ပြီ။ မင်းသားကလေးကို မမြင်ရ တော့ဘူး။ အမြဲတမ်း ဝမ်းနည်းပန်းနည်းနဲ့ ရေအောက်ကိုယ့်နေရာကို ပြန်လာရရှာ တယ်။ သူ့မြေကွက်ကလေးက မင်းသားကလေးနဲ့တူတဲ့ ကျောက်ရုပ်ကလေးကို အမြဲတစေ ထိုင်လို့ကြည့်တာတစ်ခုပဲ စိတ်ဖြေစရာဖြစ်ရတယ်။ သူ့ပန်းပွင့်တွေကို လဲ ဂရုမစိုက်တော့တာမို့ ပန်းမာန်သစ်ပင်တွေဟာ အရိုင်းအလေ့ကျပေါက်ပြီး လှေကားထစ်တွေကိုလဲ ဖုံးပစ်တယ်။ သစ်ပင်ကြီးတွေပေါ်လဲ တက်နွယ်ယှက်သန်း နေလေတော့ သူ့ဥယျာဉ်ငယ်ဟာ ပန်းလိုဏ်ဂူကလေးဖြစ်နေသတဲ့။

နောက်ဆုံးတော့ လွမ်းစိတ်ကို မမျိုသိပ်နိုင်တော့ဘဲ အစ်မတစ်ယောက်ကို ပြောပြတော့ တစ်စတစ်စ ပြန့်ပွားပြီး သူငယ်ချင်းတွေပါ သိကုန်ကြရောတဲ့။ သည်အထဲမှာ မင်းသားကလေး ၁၆ နှစ်ပြည့်ပွဲကိုလဲ ကြည့်ဖူး၊ မင်းသားကလေးနဲ့ မင်းသားကလေး ခမည်းတော်ကိုလဲ သိဖူး၊ သူတို့နိုင်ငံရှိရာလဲ ရောက်ဖူးတဲ့ ရေသူမကလေးတစ်ယောက်ရှိတယ်။ 'လာဟေ့ ညီမလေး' လို့ အစ်မများက ခေါ်ပြီး အားလုံးလက်တွဲလို့ မင်းသားကလေးနိုင်ငံဆီ လာကြတယ်။

သည်နန်းတော်ကတော့ အဝါရောင် ကျောက်တွေနဲ့ မွမ်းမံထားပြီး အဲသည် က ဆင်းလာတဲ့ ကျောက်ဖြူလှေကားဟာ ပင်လယ်အထိ ရောက်တယ်။ နန်း တော်က ရွှေပြာသာဒ်ကြီး အုပ်လို့၊ နန်းတော်တိုင်များကြားမှာတော့ လူပကတိ ထင်ရတဲ့ ကျောက်ဆစ်ရုပ် မိန်းမရုပ်တွေ၊ ယောကျ်ားရုပ်တွေ တည်ထားသတဲ့။ ပြတင်းရှည်ကြီးတွေရဲ့ မှန်တံခါးကနေကြည့်မယ်ဆိုရင် ကြီးကျယ်လှတဲ့ ခန်းမ ဆောင်ကြီးတွေမှာ ပိုးခန်းဆီး ဆီးထားတာတွေ၊ နံရံမှာ ပန်းချီကားချပ်တွေ ချိတ်ဆွဲခြယ်လှယ်ထားတာတွေ အကုန်မြင်နိုင်သတဲ့ ကျော်ရဲ့။ ရေသူမကလေးတွေ ဟာ တအံ့တဩ ငေးကြည့်နေရာမှ အကျယ်ဆုံးအခန်းကြီးထဲမှာ ရွှေပြာသာဒ်ခေါင် ထိတက်တဲ့ ရေပန်းတစ်ခုကို တွေ့တယ်။ နေရောင်ဟာ အပေါ်ကဖြာကျလာပြီး

ရေပန်းပေါ်မှာ လူးလွန့်နေလေတော့ နံဘေးမှာဝိုင်းစိုက်တဲ့ ချစ်စရာ သစ်ပင်ကလေးများ သက်တံရောင် လာဟပ်တာပေါ့။

ရေသူမကလေးဟာ အခုတော့ မင်းသားကလေးနေရာကိုသိပြီး ညနေတိုင်းသည်နေရာ ရေစပ်ပဲလာနေရှာတယ်။ မကြာမကြာပဲ အရဲစွန့်ပြီး ကမ်းနဲ့နီးနီးကို ကပ်လာတယ်တဲ့။ ဒါတင်မက ကျောက်ဖြူလသာဆောင်အောက်က ဖြတ်သွားတဲ့ ချောင်းရိုးအထိ လိုက်လာပြီး လသာဆောင်အောက်မှာ တစ်ယောက်တည်းရှိနေတယ်လို့ သူ့ဘာသာထင်မှတ်တဲ့ မင်းသားကလေးကို လာပြီးကြည့်နေတာပဲ။

တစ်ခါတလေ မင်းသားကလေးဟာ အလံတွေ တလူလူလွင့်တဲ့ ပြိုးပြက်ဆေးခြယ်တဲ့လှေကို စီးပြီး ထွက်လာတာမြင်ရပါရဲ့။ အဲသည်တော့ ရေသူမကလေးဟာ ကမ်းစပ်က ကျူရိုးတွေကြားမှာ ပုန်းကွယ်ပြီး မင်းသားအသံကို နားထောင်ရတယ်။ လှေပေါ်ကများ လူတစ်စုံတစ်ယောက်က သူကလေးရဲ့ ငွေလွှာပဝါပါးကို လှမ်းမြင်ဦးတော့၊ ငန်းဖြူကလေး အတောင်ပံရိုက်နေတယ် ထင်မှာတဲ့။ညများမှာ ပိုက်ချနေတဲ့ တံငါသည်တွေက မင်းသားကလေးရဲ့ ရဲစွမ်းသတ္တိရှိပုံတွေ ပြောဆိုကြတယ်ဆိုရင် ရေသူမကလေးဟာ သိပ်ဝမ်းသာတာပဲ ကျော်ရဲ့။ ကယ်လာတုန်းက သူ့ရင်ဘတ်ပေါ် မင်းသားကလေးရဲ့ ခေါင်းမှီလာတာ၊ မင်းသားကလေးမသိအောင် (အိပ်မက်တောင်မှ မက်မိမှာမဟုတ်ပါဘူး) သူက နမ်းခဲ့မိတာတွေ သတိရရှာတယ်။

လူတွေကို သည်လိုနဲ့ နှစ်သက်ချစ်ခင်လာရှာတယ်။ 'လူဖြစ်လာရင် သိပ်ကောင်းမှာပဲ'လို့ တွေးမိတယ်။ လူ့လောကဟာ ရေသူနိုင်ငံထက် ကြီးကျယ်တယ်ထင်လာတယ်။ လူတွေဟာ သင်္ဘောလုပ်ပြီး ပင်လယ်ကူးနိုင်ပါကလား။ တိမ်ကိုထိုးဖောက်နေတဲ့ တောင်ထိပ်ကိုရောက်အောင် တက်နိုင်ပါကလား။ သစ်တောဖုံးလွှမ်းတဲ့ မြေပြင်ကျယ်ဟာ မျက်စိတစ်ဆုံးပါကလားစသဖြင့်ပေါ့ ကျော်ရယ်။

စိတ်ထဲ မရှင်းလင်းတာ အများအပြားရှိပေမယ့် အစ်မတွေကလဲ မဖြေရှင်းနိုင်ကြဘူး။ ဒါနဲ့ အဘွားအိုကို ပြန်မေးရပြန်တယ်။

'အဘွားရယ်... လူတွေဟာ ရေမနစ်ဘဲနေရင် ဘယ်တော့မှ မသေတော့ဘူးလားအဘွားရယ်၊ ရေအောက်က ရေသူတွေလို သေရမှာပဲလား အဘွားရယ်'လို့ မေးတော့...

'သေတာပေါ့ မြေးရယ်၊ တို့များထက်တောင် အသက်တိုသေးတယ်။ တို့လို အနှစ်သုံးရာ မနေရဘူး' လို့ပြောတယ်။ 'ဒါပေမဲ့ တို့သေရင် ရေမြှုပ်ဖြစ်သွားတာပဲ။ လူတွေလို ဝိညာဉ်မှမရှိဘဲကိုး မြေးရဲ့၊ မြက်ပင်များ အရင်းကဖြတ်လိုက်သလို



လုံးဝဇာတ်ပြတ်သွားတာကလား။ လူတွေမှာတော့ ရုပ်က မြေကြီးဖြစ်သွားဦး၊ ဝိညာဉ်က တို့မသိနားမလည်တဲ့ ကောင်းကင်ဘုံကို ရောက်သွားနိုင်တယ်။ ဘယ်တော့မှ မသေဘဲ နေနိုင်တယ်၊ တို့လို မဟုတ်ဘူး'

'ရေသူတွေကတော့ ဘာဖြစ်လို့ မသေနိုင်တဲ့ ဝိညာဉ်မရှိတာလဲ အဘွားရယ်၊ လူ့ဘဝတစ်ရက်ကို ရေသူ့ဘဝ အနှစ်သုံးရာနဲ့ လဲဝံ့ပါရဲ့။ ဒါမှ ကောင်းကင်ဘုံဆိုတာကို ရောက်ခွင့်ရမှာ အဘွားရဲ့' ဆိုပြန်တော့...

'ဒီလို မပြောကောင်းဘူး မြေးရဲ့၊ ခုလိုအတိုင်းပဲ ကောင်းတယ်၊ ရေသူတွေဟာ လူတွေထက် ချမ်းသာသုခရှိကြတယ်'တဲ့လေ။

'ဒီလိုဖြင့် အဘွားရယ်... သေပြီး အမြှုပ်ပဲ ဖြစ်ရတော့မလား၊ ပင်လယ်ရေသံကို ပြန်မကြားရတော့ဘူးလား၊ ပန်းတွေနဲ့ နေရောင်ကို မမြင်ရတော့ဘူးလား၊ မသေဘဲ နေတဲ့ဝိညာဉ်ကိုရအောင် လုပ်တဲ့နည်းလမ်းများ မရှိဘူးလား အဘွားရယ်' လို့ မကျေနပ်သူကလေးမို့ မေးပြန်တော့...

'ငါ့မြေးကို လူသားတစ်ယောက်က သူ့မိဘအပေါ်ထက် ပိုတဲ့မေတ္တာထားနိုင်ရင်၊ သူ့အသည်းနှလုံးနဲ့ ထပ်တူစုံမက်ရင် ဘုန်းကြီးက လက်ထပ်ပေးတာခံပြီး သစ္စာစောင့်ပါမယ် ကတိထားရင်၊ သူ့ရဲ့ဝိညာဉ်ဟာ ငါ့ရဲ့မြေးဆီ ကူးလာပေလိမ့်မယ်၊ ဒါပေမဲ့ ဒါဟာ မဖြစ်နိုင်ချေဘူး ငါ့မြေး။ မြေပေါ်သားများဟာ တို့ရဲ့အလှပဆုံး အမြီးကို သည်းမခံနိုင်ကြဘူး။ သူတို့မျက်စိထဲ လှတယ်ထင်ရအောင် အမြီးအစား ခြေအတက်နှစ်ချောင်း ငေါက်တောက်ပေါက်ပါမှအေရဲ့'လို့ ပြောပြတယ်။

ရေသူမကလေးခမျာမှာ ချောမွေ့ကျစ်လျစ်ပါလျက်နဲ့ အကြေးခွံပေါက်နေတဲ့ သူ့ကိုယ်ကလေးကိုငုံ့ကြည့်ပြီး သက်ပြင်းချရုံသာ တတ်နိုင်ရှာတယ်။

အဘွားအိုကတော့ အနှစ်သုံးရာလုံးလုံး ရေထဲမှာ လူးလာပျော်ရွှင်နေရတာ အဆုံးသတ်ပြန်တော့ အမှတ်မထင်တာကိုပဲ ကျေနပ်စရာလို့ ထင်သတဲ့။ အေးချမ်းတယ်ထင်သတဲ့။

အဲသည်ညမှာ လူတို့နိုင်ငံမှာ မဖြစ်နိုင်အောင် ဆန်းကြယ်ခမ်းနားလှတဲ့ က,ပွဲတစ်ခုကို ရေသူတို့ ကျင်းပကြတယ်။ ဧည့်ခန်းဆောင်ရဲ့နံရံဟာ ဖန်သားအတိပြီးတဲ့ပြင် တိုးလျှိုပေါက်မြင်နိုင်တယ်။ ကနုကမာတွေကိုလဲ နံရံမှာ စီရရီစိုက်ထားသတဲ့။ ကနုကမာတွေက တချို့နှင်းဆီရောင်၊ တချို့မြက်စိမ်းရောင်ရှိပြီး အရောင်တွေ တဝင်းဝင်းထွက်နေတာမို့ နံရံကိုဖောက်ပြီး မီးထွန်းပေးသတဲ့။ သည်တော့ ရေထဲမှာ ရောင်ပြန်ဟပ်ပြီး ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိတဲ့ ငါးကြီးငါးငယ်တွေရဲ့ အနီရောင်၊ ခရမ်းရောင်၊ ရွှေရောင်၊ ငွေရောင်အကြေးခွံတွေကို နဂိုထက် ပြိုးပြက်စေသတဲ့။

ခန်းမဆောင်ရဲ့ အလယ်ကနေပြီး ကြည်လင်တောက်ပတဲ့ ရေလျှဉ်တစ်ခု စီးထွက်လာပြီး အဲသည်အပေါ်မှာ ရေသူ၊ ရေသူမတွေစုပြီး က,ကြသတဲ့။ သူတို့ရဲ့ သီချင်းသံကလဲ လူသားတွေမမီနိုင်အောင် ချိုမြလှပါသတဲ့။ ရေသူမကလေးကတော့ ရေသူတကာထက်တောင် ပိုမိုသာယာတဲ့အသံနဲ့ သီချင်းဆိုနိုင်သေးတာမို့ အားလုံးက ချီးကျူးစရာဖြစ်နေတာပေါ့။ မြေပေါ်၊ ရေထဲ ဘယ်သူမှ မမီနိုင်တဲ့ သအံ့ရှင်ပေမို့ သူကလေးကလဲ ဝမ်းသာအားရရှိတာပေါ့။ ဒါပေမဲ့ အတွေးတွေကတော့ လူ့ပြည်ဆီရောက်လာပြန်တယ် ကျော်ရေ။ လှပတဲ့ မင်းသားကလေးကို မမေ့ရက်နိုင်ဘူး၊ ဘယ်တော့မှ မသေတဲ့ဝိညာဉ်မရလို့ ဝမ်းနည်းမဆုံးနိုင်ဘူး။

ဒါနဲ့ ဖခင်ရဲ့နန်းတော်က မသိမသာထွက်ခွာလာပြီး သူများတကာ ပျော်ရွှင်နေဆဲကို သူ့မှာတော့ ဥယျာဉ်ငယ်ဆီရောက်ခဲ့တယ်။ စွန့်ပစ်ထားတဲ့ သစ်ပင်ပန်းမာန်များကြားမှာ တတွေးတောတောနဲ့ ထိုင်ပြန်တယ်။ ကျွဲချိုမှုတ်သံတွေကို အဝေးဆီက သဲ့သဲ့ကြားလို့ 'ဩော်... သူကတော့ တောလည်ကစားတော့မယ်၊ သူ့ကို ငါ့မိဘထက်ချစ်ပါရဲ့၊ ငါ့ဘဝမှာ ပျော်ရွှင်ခြင်းကို သူ့လက်ထဲ အပ်လိုက်ချင်ပါရဲ့၊ သူ့အတွက် အကုန်စွန့်ပစ်ရဲပါရဲ့၊ မသေနိုင်တဲ့ဝိညာဉ်ကို လိုချင်တယ်၊ အစ်မတွေက ကခုန်နေကြတုန်း စုန်းမကြီးဆီသွားပြီး အကြံတောင်းဦးမှပဲ' စသဖြင့် တွေးတောရင်း အကြံပေါက်လာတယ်။

ရေသူမကလေးဟာ ရေမြှုပ်ထတဲ့ ကတော့ဆီကို ကူးလာတယ်။ သည်ဘက်ကိုတစ်ခေါက်မှ မရောက်ဖူးဘူး။ လမ်းတစ်လျှောက်မှာ ပန်းလဲမပွင့်ဘူး၊ ပင်လယ်မြက်တောင် မပေါက်ဘူး။ မွဲခြောက်တဲ့ သဲပြင်ကို ဖြတ်ခဲ့မှ ရဟတ်လိုလည်ပြီး အော်နေတဲ့ ဝဲကတော့ဆီရောက်တာပေါ့။ သည်ကတော့ကြီးဟာ ရောက်လာသမျှကို ဖမ်းပြီး အလယ်က ချောက်ထဲဆွဲလှေ့ရှိတယ်။ စုန်းမကြီးဆီရောက်ဖို့ကတော့ သည်ကိုလာရမှာပဲတဲ့ ကျော်ရဲ့။ ပြီးတော့ ဆူပွက်ချွဲကျိုတဲ့အိုင်ကိုဖြတ်ပြီး သစ်တောအုပ်ကိုရောက်မှ စုန်းမကြီးအိမ်ကို တွေ့မှာကိုး။ စုန်းမကြီးအိမ်ကလဲ နွယ်ရှင်တွေဝိုင်းပြီး စိုက်ထားတာမို့ ပတ်လည်မှာ မြွေတွေစောင့်နေသလားထင်ရတယ်။ နွယ်ရှင်တွေဟာ အမြစ်ဆီက အထွက်ဖျားအထိ လက်ချောင်းတွေ ချွဲကျိုကျိုပေါက်ပြီး တလန်းလန်းနဲ့ဆန့်ပြီး ဖမ်းမယ်ပြင်နေတယ်။ မိရင် ဘယ်သူမှ မရုန်းနိုင်အောင် လက်မြဲသတဲ့။

ရေသူမကလေးဟာ ခဏရပ်ပြီး တွေနေသေးတယ်။ ကြောက်ရှာလွန်းလို့ ရင်တဒိတ်ဒိတ်ခုန်နေသတဲ့။ မင်းသားကလေးနဲ့ မသေတဲ့ဝိညာဉ်အကြောင်းများ မစဉ်းစားမိရင် ပြန်လှည့်ဖြစ်မှာ သေချာတယ် ကျော်ရဲ့။ ခုတော့ ဆံပင်ရှည်တွေကို



ထုံးကျစ်ပြီး လက်ကလေးနှစ်ဖက် ရင်မှာပိုက်လို့ ငါးကလေးလို ဖျတ်ခနဲ ကူးပြေးရှာတယ်။ နွယ်ရှင်ရဲ့လက်တွေက မမီနိုင်တော့ဘူး။ တလန်းလန်းပဲ ကျန်ခဲ့တယ်။ နွယ်ရှင်တစ်ပင်တစ်ပင်မှာ လက်ချောင်းပေါင်း ရာထောင်နဲ့ဆုပ်ထားတဲ့ဟာ တစ်ခုခုတော့ ရှိတာချည်းပဲလို့ သိခဲ့ရတယ်။ ရေနစ်ပြီး ကတော့ချောက်ကြီးထဲ ကျလာတဲ့လူတွေရဲ့ အရိုးစုတွေဟာ နွယ်ရှင်တွေကြားက သွားဖြဲနဲ့နေကြတာကို ကြောက်စရာ တွေ့ခဲ့ရတယ်။ မြေပြင်က တိရစ္ဆာန်ကောင်တွေ မိနေတာလဲ မြင်တယ်။ အဲဒါအပြင် ရေသူမကလေးတစ်ယောက်ဟာတောင် နွယ်ရှင်တွေ လက်ထဲမှာမိပြီး လက်တွေက ဖျစ်ညှစ်နေတာကို ခံရတာတွေ့လေတော့ ကံဆိုးသူ မင်းသမီးကလေးအဖို့ ထိတ်လန့်လို့မဆုံးစရာပဲပေါ့။

လွတ်မြောက်လာပြီမို့ ပက်ကျိတုပ်တုပ်ကြီးတွေ တွားသွားနေတဲ့ အချွဲတောထဲမှာ ရေနစ်သေသူတို့အရိုးနဲ့ ဆောက်ထားတဲ့ စုန်းမကြီးအိမ်ကို လာခဲ့ရရှာတယ်။ စုန်းမကြီးဟာ အလှမွေးထားတဲ့ ဖားပြုပ်ကြီးကို ပွတ်သပ်ကစားနေဆဲ။ အချစ်တော် ပက်ကျိတွေက သူ့ကိုယ်ပေါ် ဟိုတက်သည်တက်တက်နေကြသတဲ့။

'ညည်း ဘာကိစ္စနဲ့ လာတယ်ဆိုတာ သိပါတယ်အေ၊ ညည်း အတော်မိုက်မဲတာပဲ။ ဒါပေမဲ့ အလိုပြည့်စေမယ် အလှဆုံးကလေးရေ။ နောက်ဆုံးတော့ ဒုက္ခနဲ့ ရင်ဆိုင်တွေ့မှာပဲ။ ညည်းက အမြီးနေရာမှာ အတက်နှစ်ချောင်းပေါက်ပြီး မင်းသားကလေးအချစ်ကို ယူမယ်ကြံတယ်မဟုတ်လား၊ မသေနိုင်တဲ့ဝိညာဉ်လဲ ရချင်သပေါ့လေ'

အဲသည်လိုပြောပြီး ခွက်ထိုးခွက်လန် ရယ်လိုက်တာ ပေါင်ပေါ်က ဖားပြုပ်ကြီးနဲ့ ပက်ကျိတွေတောင် လိမ့်ကျကုန်သတဲ့။

'ညည်းလာတာ အချိန်ကောင်းပဲ၊ နေကျပြီးမှလာရင်တော့ ဒီတစ်ခါမျိုး ကြုံကြိုက်ဖို့ရာ တစ်နှစ်ထပ်စောင့်ရဦးမယ် သိလား၊ ငါ ဆေးတစ်ခွက် စီရင်ပေးလိုက်မယ်။ အဲဒါကို ယူသွားပြီး မြေပေါ်ရောက်မှသောက်ရင် အမြီးတုံးသွားပြီး ခြေနှစ်ချောင်းပေါက်လိမ့်မယ်။ ဒါပေမဲ့ ဝေဒနာတော့ ကြီးလှသနော်။ ဓားသွားနဲ့ ခွဲသလား ထင်ရအောင် နာမယ်၊ ဆေးသောက်ပြီးရင်တော့ တွေ့မြင်သူတွေအပေါင်းက မြေပေါ်မှာ အလှဆုံးဆိုလောက်တဲ့ လူသားပေပဲလို့ ထင်ကြလိမ့်မယ်။ နဂိုလေ့အတိုင်း လူးလွန့်ပေါ့ပါးပြီးတော့ဖြင့် နေတယ်၊ ဘယ်က,ချေသည်မှ မီနိုင်မယ်မဟုတ်ဘူး။ ဒါပေမဲ့ လမ်းလျှောက်လေသမျှ ဓားသွားပေါ် လျှောက်ရသလို သွေးဖြန်းဖြန်းကျပြီး နာလိမ့်မယ်၊ ခံနိုင်ပါ့မလား'

မင်းသမီးကလေးကလဲ ဝန်ခံရှာတယ်။

'ပြီးတော့ ညည်းဘယ်နည်းမှ ရေသူမပြန်မဖြစ်နိုင်တော့ဘူး။ အစ်မတွေရှိရာ ဖခင်ရဲ့နန်းတော်ကို မပြန်ရတော့ဘူး။ ပြီးတော့ မင်းသားကလေးဟာ သူ့မိဘကို စွန့်ရက်တဲ့အထိ ညည်းကိုစုံမက်မှ၊ ဘုန်းကြီးက ညည်းတို့ကို လက်ထပ်ပေးကြလို့ အကြင်လင်မယားအဖြစ်မှ မသေနိုင်တဲ့ဝိညာဉ်ကို ရမှာနော်။ မင်းသားကလေးဟာ ညည်းကလွဲပြီး တစ်ပါးသူနဲ့ ပေါင်းဖက်တယ်ဆိုရင် အဲဒီမနက်မှာ ရင်ကွဲပြီး သေရမယ်၊ ပင်လယ်ထဲက ရေမြှုပ်ဖြစ်ရမယ်'

မင်းသမီးကလေးဟာ တုန်ခိုက်ခိုက်နဲ့ပဲ

'ကျွန်မ စွန့်ရဲပါတယ်' လို့ ဖြေရှာတယ်။

'ပြီးတော့ ငါ့ပင်ပန်းတဲ့အတွက် အဖိုးအခလဲ ပေးရဦးမယ်အေ့၊ ရေအောက်မှာ အသာယာဆုံးဖြစ်တဲ့ ညည်းအသံနဲ့ မင်းသားကလေးကို ဖြားယောင်းမယ်ကြံပေမယ့် ဒီအသံကို ငါ့ပေးရမယ်၊ ငါပေးမယ့်ဆေးအတွက် ညည်းဆီက အမွန်မြတ်ဆုံးကို လိုချင်တယ်၊ ဘာကြောင့်လဲဆိုတော့ ဆေးကိုစားသွားလို့ထက်အောင်ဟာ ငါ့ရင်က သွေးကိုဖောက်ထည့်ရမှာအေ့'

ရေသူမကလေးက လန့်သွားပြီး

'ကျွန်မမှာ အသံမှမကျန်တော့ရင် မင်းသားကလေးကို ချစ်အောင် ဘယ့်နှယ်လုပ်ရပါ့မလဲ' လို့မေးရှာတယ်။

'ညည်းကိုယ်လုံးကလေး၊ အမူအရာကလေး၊ မျက်လုံးကလေးတွေနဲ့ စကားပြောပေါ့အေရဲ့၊ လူတွေရဲ့အသည်းနှလုံးဟာ ဒီထက်ပိုမခိုင်ဘူး။ ကဲ… ကျေနပ်ရင် သတ္တိကလေးမွေးပြီး လျှာထုတ်စမ်း၊ ဖြတ်ယူရအောင်'

ရေသူမကလေးဟာ ခေါင်းညိတ်ရုံအပြင် ဘာမှမတတ်နိုင်ဘူး။ စုန်းမကြီးကလဲ ဆေးစီရင်စရာမြေအိုးကိုယူပြီး ဖားပြုပ်တွေ၊ ပက်ကျိတွေ တစ်ထွေးကြီးနဲ့ တိုက်ချွတ်ရင်း 'သန့်သန့်ရှင်းရှင်းမှ ကျုပ်က ကြိုက်သတော့' လို့ ပြောသေးတယ်။ ပြီးတော့ သူ့ရင်ဘတ် သူခြစ်ပြီး သွေးနက်တစိမ့်စိမ့်ကျလာတာ အိုးနဲ့ခံရင်း အစီအရင်တွေ တစ်မျိုးပြီးတစ်မျိုးထည့်တာပေါ့။ မြေအိုးက အငွေ့ထွက်ပြီး ရုပ်ပုံတွေ ပေါ်လာလိုက်တာ မြင်ရရင် မကြောက်ဘဲ နေမယ့်သူမရှိဘူး။ ထွက်လာတဲ့ညည်းသံတွေကလဲ မိကျောင်းငိုသံလား ထင်မှတ်ရသတဲ့၊ နောက်ဆုံးတော့ စီရင်လို့ပြီးသွားပြီး ဆေးဟာ ရေလိုကြည်လင်လို့နေပါတော့သတဲ့။

'ရော့… ယူ' လို့ဆိုပြီး ရေသူကလေးရဲ့လျှာကို စုန်းမကြီးက ဖြတ်ယူလိုက်တော့ သူ့ခမျာ စကားလဲမပြောနိုင်၊ သီချင်းလည်းမဆိုနိုင်ဖြစ်ပြီး အ,သွားတာပေါ့။

စုန်းမကြီးက ပြောသေးတယ်။ 'နွယ်ရှင်တွေက ဖမ်းမယ်ကြံရင် ဆေးရည်နဲ့



ပက်လိုက်၊ သင်းတို့လက်တွေ မွမွကြေကုန်လိမ့်မယ်' တဲ့။ ဒါပေမဲ့ ကြယ်လိုအရောင်ထွက်နေတဲ့ဆေးကပ်ကလေးကို ကလေးမလက်ထဲ ကိုင်လာတာမြင်ရုံနဲ့ပဲ ရှောင်ပြေးကြလေတော့ ရေသူမကလေးဟာ အချွဲအိုင်ကြီးကတော့ကိုပါ ကျော်ပြီး လွတ်လာခဲ့နိုင်တယ်။

ဖခင်ရဲ့နန်းတော်ကို ပြန်လှည့်ကြည့်ရင်တော့ အလင်းရောင်တွေငြိမ်းလို့ အားလုံးအိပ်ပျော်နေကြပြီလေ။ မဝင်တော့ပါဘူးတဲ့ ကျော်ရယ်။ ဝင်ရင်လဲ ဘယ်စကားပြောနိုင်တော့မလဲ။ အိမ်ကို တစ်သက်တာစွန့်ခဲ့ရတော့မယ်လို့ တွေးမိပြန်တော့ နှလုံးကွဲရချည့်ရဲ့။ ဥယျာဉ်ထဲ ခိုးဝင်ပြီး အစ်မတွေရဲ့ မြေတစ်ကွက်စီက ပန်းတစ်ပွင့်စီ သတိတရသိမ်းဖို့ ခူးဆွတ်ခဲ့တယ်။ ကိုယ့်လက်ချောင်းကလေးများကိုပဲ အိမ်သားတွေ အမှတ်ထားလို့ အကြိမ်ကြိမ်နမ်းရှုပ်နှုတ်ဆက်ပြီး ရေပြင်တစ်ကြောက တက်ခဲ့တယ်။

မင်းသားလေးရဲ့နန်းတော်ရောက်လို့ သိရင်းစွဲ ကျောက်ဖြူလှေကားထစ်တွေကို တက်ရင်ဖြင့် နေက မထွက်သေးပါဘူး။ လရောင်လဲ့ရွှင်ဆဲပဲ။ ဆေးကလပ်ကလေးကိုမော့ပြီး သောက်လိုက်တယ်။ ဓားနဲ့မွှန်းလေသလား အောက်မေ့ရပြီး မေ့မြောလဲကျသွားရှာတယ်။ ပြန်နိုးလာတော့ နေထွက်နေပြီလေ။ တစ်ကိုယ်လုံးလဲ လောင်ကျွမ်းမတတ် ဝေဒနာဝင်ဆဲ။ ချစ်သူမင်းသားကလေးဟာ မေးမြန်းချင်ဟန်နဲ့ ကျောက်သားလိုနက်မှောင်တဲ့ မျက်လုံးတွေရဲ့အနားမှာ ရပ်ကြည့်နေတာတွေ့ရသတဲ့ ကျော်ရဲ့။

ရေသူမကလေးက ရှက်စနိုးရှိသမို့ မျက်လွှာတွေ ချလိုက်ရင်တော့ သူ့ကိုယ်မှာ ရှည်လျားတဲ့ငါးမြီးအစား ခြေထောက်ကလေးနှစ်ချောင်း ပေါက်နေတာတွေ့သတဲ့။ ဒါပေမဲ့ အဝတ်အစား လစ်နေပေသမို့ ရှက်ရှက်နဲ့ ဆံပင်တွေဖြန့်ပြီး သူ့ကိုယ်သူ ဖုံးကွယ်ဖို့ ကြိုးစားတယ်။ မင်းသားကလေးက နာမည်ဘယ်သူလဲ၊ ဘယ်က ရောက်လာသလဲလို့ မေးတာကိုတော့ စကားမပြောနိုင်သူမို့ ပြုံးပြရုံ၊ မျက်လုံးကြီးလှန်ကြည့်ရုံပြင် ပိုမတတ်နိုင်ရှာဘူး။ မင်းသားကလေးက လက်တွဲပြီး နန်းတော်ဆီခေါ်သွားရင်တော့ စုန်းမကြီးပြောစကား ဘယ်လောက်မှန်တယ်ဆိုတာ သိရရှာတော့တယ် ကျော်။

လမ်းလျှောက်လိုက်တော့ ဓားသွားပေါ်လျှောက်ရသလို ဝေဒနာကြီးပေမယ့် စိတ်ပါလက်ပါ လိုက်သွားတာ လေကလေးများ သုတ်ဖြူးပြေးသလို ပေါ့ပါးလွန်းလို့ သူ့လူးလွန့်လှုပ်ရှားဟန်ကလေးကို မြင်သူအပေါင်းက အံ့ဩကြပါသတဲ့။ နန်းတော်ရောက်တော့ ပိုးဖဲထည်တွေ ဝတ်ရတာမို့ နန်းတော်သူအပေါင်းထက် အဆထောင်သောင်း လှမဆုံးသော်လဲ စကားလဲမပြောနိုင်၊ သီချင်းလဲမဆိုနိုင်ဘူး။

ရွှေချည်ထိုးအဝတ်တွေဝတ်ထားတဲ့ ကျန်မိန်းမများက သီချင်းဆိုပြီး ဖြေဖျော်တဲ့အထဲ တစ်ယောက်ဟာ အသံကအတန်သာနေလေတော့ နားထောင်နေတဲ့ မင်းသားကလေးနဲ့ မိဘများက ဩဘာပေးကြတယ်။ အလျင်က သည်ထက် အများကြီးပိုကောင်းအောင် ဆိုနိုင်ခဲ့တဲ့ ရေသူမကလေးကတော့ ဝမ်းနည်းတာပေါ့။ 'သူ့အတွက် ငါ့အသံကို စွန့်ခဲ့ရတာ မသိရှာလေဘူး'လို့လဲ တွေးမိတယ်။

ဤမိန်းမတွေ က,ခုန်ကြရင်တော့ဖြင့် ရေသူမကလေးဟာထပြီး လက်မောင်းဖြူကလေးကို ဆန့်တန်းလို့ ပျောင်းနွဲ့က,ခုန်ရှာတယ်။ ကျစ်လျစ်တဲ့ ကိုယ်လုံးအလှကလေးဟာလဲ ကျော့ရှင်းပေါ်လွင်လာသတဲ့။ စကားပြောတော့မယ်ထင်ရတဲ့ မျက်လုံးများကလဲ အဓိပ္ပာယ်တွေနဲ့ ပြည့်နှက်နေတာမို့ သီချင်းဆိုလိုက်တာထက် တောင် ပရိသတ်ကို ဆွဲငင်ယူကျုံးနိုင်တာပေါ့။ အထူးသဖြင့် မင်းသားကလေးက အင်မတန်သဘောကျတယ်။ ရေသူမကလေးဟာ ခြေတစ်လှမ်းလှမ်းတိုင်း ဒုက္ခဝေဒနာဖြစ်သော်လဲ မဆုံးနိုင်အောင် က,ရှာတယ်။ မင်းသားကလေးက ရေသူမကလေးကို သူနဲ့အတူနေဖို့ အလိုရှိတာနဲ့ မင်းသားလေးရဲ့အဆောင်တော်နဲ့ကပ်လျက် အခန်းဝယ်မှာ ကြာညောင်သဌာကို ကတ္တီပါလွှလွှနဲ့ပြင်ဆင်ပေးကြရသတဲ့။

မင်းသားကလေးက မြင်းစီးထွက်ရင် သူကလေးကို ယောကျ်ားလိုဝတ်စားပေးပြီး တစ်ပါတည်းခေါ်သွားတတ်တယ်။ သည်လိုနဲ့ နှစ်ယောက်သား မွှေးကြိုင်တဲ့ တောအုပ်တွေကို ဖြတ်သွားကြတဲ့အခါ သစ်ကိုင်းစိမ်းများက သူတို့ ပခုံးကိုဖွေ့မိတယ်။ ငှက်ကလေးတွေကလဲ သစ်ရွက်များကြားက သီချင်းဆိုပေးကြတယ်။ မင်းသားကလေးနဲ့ဆိုရင် တောင်ထိပ်ပေါ်ရောက်အောင်လဲ လိုက်လာတာမို့ ခြေကဒဏ်ရာဖြစ်ပြီး သွေးထွက်တာတောင် နောက်လိုက်နောက်ပါများက မြင်ရတယ်။ သူကလေးကတော့ ပျော်တာပဲ။ တောင်ထိပ်ရောက်ရင်ဖြင့် သူတို့ အောက်ရောက်နေတဲ့ တိမ်တိုက်တွေဟာ ပြည်ရွှာပြောင်းတဲ့ငှက်များလို ပြေးလိုက်ပြီး ကစားကြတာကို အတူကြည့်ကြသတဲ့။

ညတိုင်လို့ သူများတွေ အိပ်ပျော်ရင်တော့ သူကလေးဟာ ကျောက်ဖြူလှေကားထစ်များကဆင်းလာပြီး ခြေထောက်ကလေးတွေကို ပင်လယ်ရေနဲ့စိမ်ရှာတယ်။ အဲသည်အခါကျရင် ရေအောက်က ချစ်ခင်သူများကို သတိရမိတတ်တယ်တဲ့။

တစ်ညတော့ သည်လိုပင်လယ်ရေစိမ်နေတုန်း အစ်မငါးဖော်ဟာ ကြေကွဲဖွယ် တေးသံပြုရင်း လက်တွဲလျက်ပေါ်လာကြတော့ သူက လက်ယပ်ခေါ်မိတယ်။ သူတို့လဲ ချက်ချင်းမှတ်မိပြီး ရေသူမအထွေးလေးကို ဆုံးရှုံးရလို့ ရေအောက်



နန်းတော်မှာ ဘယ်လောက်ပူဆွေးသောကဖြစ်ရတဲ့အကြောင်းကို ပြောပြကြတာပေါ့။ ညတိုင်းပဲ အစ်မတွေကလာပြီး တွေ့ဆုံကြတယ်။ တစ်ခါတော့ ရေမျက်နှာပေါ်ကို နှစ်ပေါင်းများစွာ မရောက်တော့ဘဲရှိတဲ့ အဘွားအိုကိုပါ ခေါ်လာတယ်။ တစ်ခါလဲ ဖခင်ဘုရင်ကြီးကိုယ်တိုင် သရဖူဦးသျှောင်ဆောင်းလို့ လိုက်ပါလာပြန်တယ်။

ရေသူမကလေးကို မင်းသားကလေးက တစ်နေ့ထက်တစ်နေ့ ချစ်ခင်လာတာ မှန်သော်လဲ အကြင်လင်မယားအဖြစ်နေဖို့ကို စိတ်မကူးမိပါဘူးတဲ့။ သို့သော် မသေနိုင်တဲ့ဝိညာဉ်ကိုရဖို့ရာ အကြင်လင်မယားဖြစ်ရပေလိမ့်မယ်၊ မဖြစ်ရင် ရေမြှုပ်အဖြစ်ကိုပြောင်းပြီး ပင်လယ်ရေလှိုင်းနဲ့ မတည်မငြိမ်မျောရတော့မှာပေါ့။

မင်းသားကလေးက ရေသူမကလေးကို ဖက်ယမ်းပြီး နဖူးကလေးများ နမ်းလိုက်ရင်တော့...

'ကျွန်မကို အားလုံးထက်ကို မချစ်ဘူးလားကွယ်'လို့ မျက်လုံးကလေးများနဲ့ မေးရှာသလိုပဲ။ မင်းသားကလေးက ပြောရှာတယ်။

'ဘယ်သူမှ မင်းလောက်သဘောမကောင်းနိုင်တာမို့ အားလုံးထက်ပိုပြီး ချစ်တာပေါ့၊ တစ်ခါက ငါဟာ သင်္ဘောပေါ်မှာရှိပြီး သင်္ဘောပျက်တော့ ရေနစ်လို့ ကမ်းပေါ်လှိုင်းရိုက်ပြီး တင်ခဲ့တယ်။ ဘုရားကျောင်းထဲက အငယ်ဆုံးမိန်းကလေး ထွက်လာပြီး ငါ့အသက်ကို ကယ်ခဲ့တယ်...၊ သူကလေးကို မမေ့ရက်ပေမယ့် သာသနာ့ပေါင်မှာ ပျော်မွေ့ရှာမယ့်သူမို့ ချစ်ရက်နဲ့ လွဲရတယ်၊ မင်းကလေးဟာ သူနဲ့တူလေတော့ ငါ့အဖို့ ဖြေစရာဖြစ်တယ်...၊ ဒါကြောင့် တို့မခွဲရပါဘူး...'တဲ့။

ရေသူမကလေးက မဆိုနိုင်သူမို့ သက်ပြင်းကြီးသာ ချနိုင်ရှာတာပေါ့ကွယ်။ 'သူ့အသက်ကို ကယ်သူဟာ ငါသာဖြစ်တယ်ဆိုတာ မသိရှာဘူး။ ငါကတော့ ပင်လယ်လှိုင်းကြမ်းကြားက သယ်ပိုးလာပြီး ကမ်းစပ်မှာချရတယ်၊ ကျောက်တောင်ကွယ်က ကြည့်နေတုန်း သူချစ်တဲ့ ကလေးမကလေးကို မြင်ခဲ့ဖူးပါရဲ့'လို့ တွေးမိရှာသတဲ့။

သည်နောက် မင်းသားကလေးဟာ နိုင်ငံနီးချင်း ဘုရင့်သမီးတော်တစ်ပါးကို လက်ဆက်ရတော့မယ်လို့ သတင်းဖြစ်လာတယ်၊ ရေသူမကလေးကတော့ ပြုံးရှာတယ်၊ မင်းသားလေးရဲ့သဘောကို သိသူမို့ ပြုံးနိုင်တာပေါ့။

'မိဘအလိုအတိုင်း သတို့သမီးကို သွားကြည့်ရမှာမှန်ပါရဲ့၊ ဒါပေမဲ့ ငါ့ကို အဓမ္မလက်ဆက်ပေးလို့ မရပါဘူး၊ ငါချစ်တဲ့ ဘုရားကျောင်းသူနဲ့ မင်းလောက်တောင် တူမှာမဟုတ်ဘူး။ တကယ်တမ်း ရွေးရတော့မယ်ဆိုရင်တော့ မျက်စိနဲ့

စကားပြောတတ်တဲ့ မင်းကလေးကိုပဲ သဘောကျတာပေါ့' လို့ ပြောပြီး သူ့နှင်းဆီနှုတ်ခမ်းကလေးတွေလဲ နမ်းရဲ့၊ သူ့ဆံခွေကလေးတွေကိုလဲ ကစားရဲ့၊ သူ့ကိုယ်ကလေးကိုလဲ ဖက်ပွေ့လှုပ်ယမ်းလေတော့တယ်။

သူတို့နှစ်ယောက်သား သင်္ဘောပေါ်ရောက်ရင်တော့ 'ပင်လယ်ကိုကြောက်သလားကွယ်' လို့ မင်းသားကလေးက မေးတယ်။

ညကျလို့ လူတွေအိပ်ကုန်ရင် သူကလေးဟာ လသာဆောင်ထွက်ပြီး ပင်လယ်ကို ငုံ့ကြည့်တယ်။ စိတ်ထဲမှာ ဖခင်ရဲ့နန်းတော်ကို မြင်မိသလိုလို၊ အဘွားအိုရဲ့ ခေါင်းစွပ်ငွေပန်းခွေကို မြင်မိသလိုလိုရှိရဲ့၊ အစ်မငါးယောက်ဟာ လက်တွေဆန့်တန်းလျက် ဝမ်းနည်းပန်းနည်းပေါ်လာကြပြန်တယ်။ ရေသူမကလေးက ခေါင်းညိတ်ခေါ်ပြီး အခွင့်အရေးရတုန်း ရှိတဲ့အကြောင်းတွေကိုပြောပြသော်လည်း နံဘေးကို လူရောက်လာတာနဲ့ ရေသူညီမအစ်မတွေ ငုပ်ပျောက်သွားကြတယ်။

နောက်တစ်နေ့နံနက်မှာ သတို့သမီးနိုင်ငံရောက်လို့ ခေါင်းလောင်းတွေထိုး၊ နဲ့တွေမှုတ်၊ စစ်တပ်တွေလှည့်ပြီး အခမ်းအနားနဲ့ကြိုတယ်။ သတို့သမီးကိုမြင်ရတော့ ရေသူမကလေးဟာ သည်လောက်လှပတဲ့သူကို မမြင်ဖူးပါဘူးလို့ ဝန်ခံရှာတယ်။ သတို့သမီးကလေးရဲ့အသားအရေဟာ ကြည်လင်ဖြူနုနေတာမို့ အကြောများကိုတောင် ဖောက်ထွင်းမြင်ရတယ်။ မျက်လုံး မျက်ခုံးကလဲ လှပါဘိသနဲ့တဲ့။

မင်းသားလေးကတော့ 'သူကလေးပါပဲ၊ ငါ့ကို အသက်ကယ်ခဲ့တဲ့ ချစ်သူကလေးပါပဲ'လို့ ဝမ်းသာအားရရှိတယ်။ ရင်တဒိတ်ဒိတ်ခုန်ပြီး ရှက်သွေးဖြန်းရှာတဲ့ သတို့သမီးကို ရင်မှာကပ်သတဲ့။ 'ဝမ်းသာလိုက်တာကွယ်၊ မကြုံစဖူး ကြုံရတယ်၊ မင်းကလေးလဲ ကူပြီး ဝမ်းသာပါဦးကွယ်'လို့ ရေသူမကလေးကိုပြောပြန်တော့ မင်းသားကလေးရဲ့လက်ဖျားကိုပဲ ပါးစပ်က ဖွင့်မပြောသာ မပြောနိုင်တဲ့ ဝမ်းနည်းခြင်းနဲ့ နမ်းရရှာတယ်။ မင်းသားရဲ့ လက်ထပ်ပွဲနေ့ မိုးမသောက်သေးလို့ မသေပျက်ရသေးသော်လဲ သူ့နှလုံးကတော့ ကွဲနှင့်ပြီလို့ ထင်ရှာတယ်။

ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းတွေလဲ ထိုးတယ်။ စေတမန်တွေလဲ တစ်မြို့လုံးအနှံ့ မြင်းလှည်းနဲ့လည်ပြီး မင်္ဂလာပွဲကို ကြေညာတယ်။ ဘုရားစင်ဟူသမျှ ရွှေ့မှာဖြင့် ငွေတန်ဆောင်တိုင်တွေ မွှေးကြိုင်နေအောင် ထွန်းညှိကြတယ်။ ဘုန်းတော်ကြီးတွေကလဲ ရွှေဆီမီးခွက်တွေကို ဝှေ့ယမ်းလေပြီပေါ့။ သတို့သားနဲ့ သတို့သမီးကို ဘုရားမုက္ခပါဠိတော်များရွတ်ဆိုဆဲမှာ လက်ဆက်ပေးလိုက်တယ်။ ရေသူမကလေးဟာတော့ ပိုးနဲ့ရွှေသားအထည်ကိုဝတ်ပြီး သတို့သမီးရဲ့ပဝါကို



နောက်ကမရှာတယ်။ ဘာမှမကြားနိုင်၊ မမြင်နိုင်တော့ဘဲ အဆုံးသတ်ချိန်ကို စောင့်သတဲ့။ သည်ဘဝနဲ့ နောက်သံသရာကိုပါ ဆုံးရှုံးခဲ့ပြီဆိုတာ သူ့ဘာသူသိသတဲ့။

ညနေကျတော့ သတို့သား သတို့သမီးများဟာ သင်္ဘောဆင်းခဲ့ကြတာပေါ့။ အမြောက်တွေပစ်၊ အလံလွှင့်နဲ့ ဆူဆူညံညံရှိလှသလေ။ ကုန်းပတ်အလယ်ခေါင်မတော့ မရမ်းရောင် ရွှေဖျင်နဲ့ ကြာညောင်သဌာဖွဲ့ပြီး ဆင်ပြင်ထားတာပေါ့။ အဲသည်မှာ လေကလဲဖြူးသမို့ သင်္ဘောဟာ ရေပြင်ပေါ်မှာ ညင်သာစွာသွားနေသတဲ့။

မိုးချုပ်တာနဲ့ တစ်ပြိုင်နက် မီးပုံးရောင်စုံတွေ ထွန်းညှိပြီး က,ပွဲကြီးစတင်ပါသတဲ့။ ရေသူမကလေးအဖို့တော့ သူ့ပြည်ကိုစရောက်တဲ့အခါကို သတိရဖို့ဖြစ်တာပေါ့။ သူကိုယ်တိုင်ပဲ ငှက်ကလေးလို ပေါ့ပါးလျင်မြန်ခြင်းနဲ့ ဝင်ရောက်က,ခုန်တယ်။ တစ်ခါမှ သည်လောက်လှပအောင် မက,ဖူးသေးတာမို့ အားလုံးက ဝိုင်းပြီး ဩဘာပေးကြတယ်။ ခြေထောက်မှာ ဝေဒနာဖြစ်သော်လဲ နှလုံးကကွဲနေပြီမို့ ထူးပြီး မနာနိုင်ဘူး ကျော်ရဲ့။ ကိုယ့်ဇာတိရပ်ရွာကို စွန့်ခွာလာပြီး အသံကိုလဲ စွန့်ခဲ့၊ နေ့စဉ်ဝေဒနာကိုလဲခံခဲ့ပြီး ချစ်ရသူမင်းသားကလေးမျက်နှာကို နောက်ဆုံး တွေ့မြင်ခြင်းလည်းဖြစ်တယ်။ မင်းသားကလေးကတော့ သူကလေးဟာ သည်လိုချစ်တတ်ပါလားလို့ သံသယတောင်မဖြစ်ဘူးလေ။

ချစ်သူမင်းသားကလေးနဲ့ နောက်ဆုံးအတူနေခြင်းပဲ။ နက်ရှိုင်းပြာမှောင်တဲ့ ပင်လယ်ပြင်ကို နောက်ဆုံးကြည့်ခြင်းပဲ။ နောက်ဆုံးတွေ့ရတဲ့ ကောင်းကင်ဟာ ပျော်ရွှင်ခြင်းအတိရှိပါရဲ့။ အချည်းနှီးဖြစ်သောသေခြင်းနှင့် နီးကပ်လှသူကလေးဟာ ရောနှောပြုံးရွှင် ကခုန်နေလိုက်တာ သန်းခေါင်တိုင်ပါရောတဲ့။ အဲသည်တော့ မင်းသားကလေးဟာ သတို့သမီးကို တွဲခေါ်ပြီး ကြာညောင်သဌာထဲဝင်သွားပြီး အနားယူတော့သတဲ့။

တိတ်ဆိတ်ငြိမ်သက်ခြင်း အုပ်စိုးခဲ့ပြီး မာလိန်မှူးတစ်ယောက်ပဲ သင်္ဘောပဲ့ကိုင်နေတယ်။ ဝရန်တာပေါ် ရေသူမကလေးဟာ လက်ကလေးထောက်ပြီး အရှေ့မျက်နှာကို မျှော်ငေးရင်း မိုးသောက်ယံရဲ့ နေခြည်ဦးဟာ သူ့ကိုကြေပျောက်စေမယ်ဆိုတာ သိရတာပေါ့။

အစ်မငါးဖော်ဟာ သွေးမရှိတဲ့မျက်နှာတွေနဲ့ ပေါ်လာပြန်တယ်။ သူတို့ရဲ့ ဆံနွယ်ရှည်တွေဟာတော့ ဖြတ်ပစ်ခဲ့ရပြီမို့ အလျင်လို တလွင့်လွင့်မလူးနိုင်တော့ဘူး။

'ဆံပင်ကိုဖြတ်ပြီး စုန်းမကြီးကို အပ်ခဲ့တယ်။ ညီမအထွေးမသေအောင်

သူကစီရင်ပြန်တယ်။ သူပေးလိုက်တဲ့ ဟောဒီဓားမြှောင်နဲ့ နေမတက်ခင် မင်းသားရဲ့နှလုံးကို ထိုးချေပါ။ သူ့ရင်ကသွေး ညီမထွေးခြေပေါ် စီးကျတဲ့အခါ အမြီးပြန်ပေါက်လိမ့်မယ်။ ရေမြှုပ်မဖြစ်ခင် ရေသူတို့နိုင်ငံမှာ အနှစ်သုံးရာနေရဦးမတဲ့။ မြန်မြန်သွားပြီး သတ်ချေပါ ညီမအထွေးရေ၊ အရှေ့ကောင်းကင်မှာ နေလုံးပေါ်ရင် မတတ်နိုင်တော့ပြီဘူး၊ နောက်ကျခဲ့တော့မယ်'လို့ တိုက်တွန်းနှိုးဆော်ပြီး သက်ပြင်းကိုယ်စီနဲ့ ငုပ်သွားပြန်ပါသတဲ့။

ရေသူမကလေးဟာ သတို့သား၊ သတို့သမီးများရှိရာကို သွားပြီး ခရမ်းကြာခြည်ကိုလှစ်လို့ မင်းသားကလေးကို နမ်းသတဲ့။ အရှေ့ကောင်းကင်မှာတော့ တစ်စတစ်စနဲ့ လင်းလို့လာပြီပေါ့။ မင်းသားကလေးကတော့ ချစ်သူသတို့သမီးကို အိပ်မက်ထဲတမ်းတပြီး ယောင်ယမ်းခေါ်ငင်သေးတယ်တဲ့။ ဒုက္ခကြီးလှတဲ့ ရေသူမကလေးရဲ့ လက်ထဲက ဓားမြှောင်ကတော့ တုန်တခိုက်ခိုက်လှုပ်ရှားနေတယ်။ ချက်ချင်းပဲ ဓားမြှောင်ကို ပင်လယ်ထဲ လွှင့်ပစ်လိုက်မိတော့ လှိုင်းတွေ မီးတောက်လို ဝိုင်းထပြီး ရေဟာ သွေးရောင်ရဲသွားသတဲ့။ မှေးမှိန်လာပြီဖြစ်တဲ့ မျက်လုံးများနဲ့ မင်းသားကလေးကို ကြည့်ရာက ပင်လယ်ထဲ ခုန်ချလိုက်တဲ့အခါ ရေသူမကလေးဟာ တဖြည်းဖြည်း ရေမြှုပ်အဖြစ် မလွဲမရှောင်သာ ပြောင်းကြွေသွားတာကို သိရပါသတဲ့။

ဒါကြောင့် ကျော်လဲ ရေသူမကလေးကို ပါးစပ်က မပြောတတ်ဘဲ ချစ်ရဲ့ ချစ်တတ်သူနဲ့တွေ့တဲ့အခါ မင်းသားကလေးလို မတွေဝေစေနဲ့လို့ ပုံကဆိုလိုဟန်ရှိပါရဲ့ကွယ်။

(ဒိန်းမတ်ပြည်သား ဟန်းစ် ခရစ်တီယန် အန်းဒါဆင် ၏ The Little Mermaid ကို ဘာသာပြန်ဆိုပါသည်။)

**မြဝတီ ၁၉၅၄ ခု၊ နိဝင်ဘာလ**
**အတွဲ၃၊ အမှတ် ၁။**

# သီတို့ရွာ



ဆောင်းရာသီဦး တစ်ညနေမှာ သီရဲ့ ဖိတ်ခေါ်ရာကို ကျွန်မရောက်ခဲ့ပါတယ်။
ပင်လယ်ကမ်းခြေတောမြို့လေးအစွန်မှ သူ့ကွန်းခိုအိမ်ဆီသို့ မီးရထားတစ်နာရီခန့် စီးပြီးရောက်ပါသည်။
သီက ဘူတာရုံမှ လာကြိုသည်။ တနင်္ဂနွေနေ့မို့ သူ့ကို အကျႌ ကွက်ကျားဂတ်လို့သာမက
ဘောင်းဘီကျပ်ပါ ဆင်မြန်းလို့ တွေ့ရသည်။ သီက ကျွန်မနှင့်အတူတူ မီးရထားစီးလာသူ တစ်ဦးကို
သိကျွမ်းသေးသည်မို့ ခပ်မြန်မြန်နှုတ်ဆက်ပြီး ကျွန်မတို့ ထွက်လာသည်။ သီရဲ့ မောရစ်မိုင်နာ
ကားစိမ်းပြာကလေးကို ဖုန်လူးလူးနှင့် တွေ့ပါသည်။ ဘူတာရုံမြို့ကလေးမှာ တစ်မြို့လုံးမရမက
ရှာဖွေရေတွက်မှ လမ်းလေးသွယ်သာရှိရှာသော မြို့ကလေးပင်။ မညီညာသော
ပင်လယ်စပ်ကျောက်မြေပေါ် တည်သည်မို့ ဇောက်ထိုးဆင်းသွားသောလမ်းနှင့်
ကွေ့ပိုက်ထောင်တတ်သော လမ်းကျဉ်းကလေးတို့ကို သီက ဂီယာအမျိုးမျိုးထိုး၍မောင်းကာ
ကျွန်မကိုခေါ်လာသည်။ မြို့ကလေး၏ ဈေးပိုင်းလို့ဆိုရမည့် နံချာချာဆိုင်လေး
ငါးဆိုင်ရှိရာအကွက်ကိုလည်း ဖြတ်ခဲ့၏။ ပြာလဲ့သော ပန်းပွင့်နပ်နပ်ကလေးများပွင့်သည့် ခြံစည်းရိုး

စိမ်းစိမ်းမြင့်မြင့်ကာသော ဘုရားကျောင်းကိုလည်း ဖြတ်ခဲ့၏။ ချော်ပါသောကြောင့် ပြာလဲ့သောအုတ်နံရံကို သတိပြုခဲ့မိသည်။ တစ်ခဏအတွင်းမှာပင် ကျွန်မတို့သည် မြို့ပြင်သို့ရောက်ကာ မညီညာသောကွင်းပြင်ကို ဖြတ်လျက်ရှိလေသည်။

" နေသာရင် သိပ်ကောင်းမှာ၊ ဒီနားတစ်ဝိုက်ကို အနှံ့လျှောက်ပြနိုင်မှာ၊ ပြီးတော့ ပင်လယ်ထဲလည်း သွားနိုင်တာပေါ့ " ဟု သီက စကားစပါသည်။

" ဒီလောက်မိုးကို ကျွန်မတို့ဆီမှာ မိုးလို့ မခေါ်ပါဘူး " ဟု ကျွန်မက ရယ်မော၍ ပြောပါသည်။ ပြောရပေမည့် ကောင်းကင်မှာ ညိုုအုံ့ပြာမှိုင်းကာ မိုးသည်းကြီးရွာမည်လို့ ထင်ပါသည်။ စိတ်အနည်းငယ်ရှုပ်မိသည်။ သို့သော် လေခတ်သည်နှင့် မိုးတိမ်များလွင့်စင်ကာ နေရောင်တွေကို တလက်လက်မြင်ရပါသည်။

ကွင်းသည်လည်း အပြာရောင်မှ အစိမ်းရောင်သို့ ကူးဆဲ၊ အဝေး၌ ပြာနမ်းသောပင်လယ်သည် ကျောက်စိမ်းသား၊ မြသားပမာ လဲ့ကြည်နေသည်ကို ဘွားခနဲ မြင်လိုက်ပါ၏။

" ဟော ......ဟိုမှာ ပင်လယ်မဟုတ်လား "

" နောက်တော့ ပင်လယ်ကိုရောက်မယ်လေ၊ ခု ကိုယ်နေတဲ့ ရွာသူရွာသားတွေရဲ့ အကြောင်းကို သိရအောင် တစ်အိမ် နှစ်အိမ် ဝင်ဦးစို့ " ဟု သီက ပြောပါသည်။

သီရဲ့ရွာမှာ တစ်အိမ်နှင့် တစ်အိမ် အနည်းဆုံး တစ်မိုင်ခန့်ဝေးသည်မို့ အိမ်နီးချင်းချင်း စကားပြောချင်လျှင် ဖုန်းနှင့်ပြောရပါမည်တဲ့။ ပြီးတော့ ဖြုန်းခနဲ ကျွန်မတို့သည် ဂါသနာချင်းတူညီသော ဓာတ်ပြားအကြောင်းကို ပြောလျက်ရှိကြသည်။

ထိုစကားကို ဟောသလို စမိသည် ထင်သည်။

" ခုလို လေထန်ရင် သစ်ပင်တွေဟာ ကိုင်းညွှတ်ပြီး လူတွေကို ငုံ့စကားပြောချင်တယ်လို့ ထင်တယ် " ဟု သီက ဆိုသည်။

" သူတို့ရဲ့ လက်ချောင်း ခြေချောင်းတွေဟာ သွယ်ပျောင်းလို့ "

" သစ်ရွက်တွေကလည်း ညီးညံ့လို့ "

ကျွန်မက ပေးမောစွာပင်

" ကျွန်မတို့ဆီမှာ စိန်ပန်းပင်ဆိုတာ ရှိတယ်၊ အရွက်ကလေးတွေ စီလို့ ၊ သီရောက်တုန်းက သတိထားခဲ့မိမလား မသိဘူး၊ ရန်ကုန်ယူနီဘာစီတီဝင်းထဲမှာ နွေဆိုရင် လှိုင်နေတာပဲ၊ ရဲနေအောင်ပွင့်တယ်၊ ကျွန်မကတော့ မိုးဦးမှာ ရွက်စိမ်းတွေ ဖြာတုန်းလေက ပင့်လိုက် ကစားလိုက်ရင်

ရွက်ဖြာစိပ်စိပ်ကလေးတွေ အပြေးကလေးလှုပ်ရှားတော့ ပီယာနိုခလုပ်လေးများကို တီးလိုက်သလိုပဲ မြင်ရတယ်၊ လေရဲ့မမြင်သာတဲ့ လက်ချောင်းသွယ်သွယ် အရာအထောင်နဲ့ပေါ့ "

" ကျွန်မလက်တွေလည်း ဒီနီးပါးတော့ သွက်ပါလိမ့်မယ် " ဟု သီက ပြုံးစူဟန်လုပ်ပြပြီး နှစ်ယောက်သားရယ်မောကြ၏။

" ဟုတ်တယ် ......သီ ပီယာနိုတီးတာ ကောင်းကောင်းနားမထောင်ဖူးသေးဘူး "

" ငယ်ငယ်ကတော့ ပီယာနိုတီးသူ ဖြစ်ချင်တာပဲ၊ ခုထိလည်း ဖြစ်ချင်တုန်းပဲ၊ ကိုယ့်မှာသာ ကလေးရှိရင် ပီယာနိုတီးသူ လုပ်ခိုင်းမှာပဲ၊ သူက မလုပ်ချင်ရင် ဒုက္ခပဲလို့လည်း တွေးတယ်၊ ဒါကြောင့် ကလေးမရအောင်ဘဲ နေတော့တယ် "

" ကျွန်မငယ်ငယ်ကတော့ အဆိုတော်ဖြစ်ချင်တာပဲ၊ ခုထိလည်း ဖြစ်ချင်တုန်းပဲ၊ ကျွန်မ ကလေး ၆ ယောက်ထဲက ၁ ယောက်ဟာ ဂီတ ပညာသည်ဖြစ်ပါစေလို့ ဆုတောင်းရုံပဲ တောင်းပံ့တယ် "

ကျွန်မတို့သည် ခဏတိတ်ဆိတ်ပြီး ကျွန်မကပင် စတင်၍ သတိရပါသည်။

" သီ.....မနဟင် မောင်နမရဲ့ ဒီလာထွက်ဓာတ်ပြား ကြားရပြီးပြီးလား၊ ကျွန်မကတော့ နှစ်ပြားတောင် ဂယ်ထားတယ်၊ ရှုးတယ်ထင်ချင်လည်း ထင်တော့၊ တစ်ချပ်ကိုဖွင့်၊ တစ်ချပ်ကို သိမ်းဖို့ "

 ဘီသိုဗင်ရဲ့ ဆိုနာတာ ကိုးနဲ့ငါး မဟုတ်လား "

"ဟုတ်တယ်၊ ကျွန်မကတော့ အဲဒီသာယာလှတဲ့ ဂီတတစ်မြုံကိုကြုံရင် သီတို့ ခရစ်ယာန်တွေ ဘုရားခသင်ကို ကျေးဇူးတင်တာ နားလည်မိတယ်၊ ဂီတပေးတဲ့ ပျော်ရွှင်မှုကို ကိုယ်နဲ့ မတန်တဆ ရလေတော့ ဘုရားသခင်ရဲ့ ဆုလာဘ်ပဲလို့သာ ဆိုချင်တာ။ အံ့သြစရာ မဟုတ်ဘူးလေ၊ ကျွန်မကတော့ လူ့ဘဝကို ကျေးဇူးတင်ရတယ် ခေါ်မလား၊ ဘဝတရားကြီးမားလှချည်လားလို့ ကြောက်ကောင်းကြောက်ရမလား မသိပါဘူး "

 ဟုတ်တယ်.....လင်ကိုချစ်တယ်၊ သားသမီးကိုချစ်တယ်ဆိုတာက တစ်ခဏ ကြုံကြိုက်လာတဲ့ ဘဝကို တွယ်တာရုံပဲ၊ ဘဝတရားဆိုတာကတော့ လုံးတီးပဲကျန်ဦး၊ အယုတ်ဆုံးဆိုတဲ့ ဘဝက မထွက်ချင်တဲ့ တွယ်တာမှုကိုး ..."

" မျှော်လင့်ချက်ဆိုတဲ့ ပန်းချီကားလိုပေါ့ "

သီက ပြန်၍ကောက်ရပါသည်။

" ဘေသိုဗင်ရဲ့ ပီယာနိုနဲ့တယော တွဲတီးဖို့ စပ်ခဲ့တဲ့ ဆိုနာတာ ၁၀ ပုဒ်ထဲမှာ အဲဒီ ငါးနဲ့ ကိုးဟာ အထင်ရှားဆုံးပဲ၊ ကိုယ်တို့ ငယ်ငယ်က အဲဒါတီးတဲ့ အဆင့်တောင် ရောက်ခဲ့ပါရဲ့၊ ကိုးက ခက်တယ်၊

သိမ်မွေ့နက်နဲတယ်၊ ငှက်ကလေး လည်ချောင်းက ထွက်တဲ့ အသံကလေးတွေပါတယ်၊ ငါဒကတော့ နွေဦးရဲ့ အလှကို ပျော်စရာကောင်းအောင် ပြထားတာပါပဲ "

" သိပ်ချစ်ဖို့ ကောင်းတာပဲ သီရဲ့၊ အဲဒီ ဆိုနာတာ ငါးမှာ ရဲဖိုးဆိုတဲ့ သွက်သွက် မြူးမြူးတီးရတဲ့ တတိယအပိုဒ် ကျတော့ တယောဆရာက ပီယာနိုကို စည်းတစ်စည်း နောက်ကျပြီးတီးတာ ......ပြေးသူက ပြေး၊ လိုက်သူက လိုက်........ခြေညီတော့ ပန်းထွက်က တစ်လှမ်းနောက်ကျနေတာ......ပန်းဝင်ကျတော့လည်း တစ်လှမ်း နောက်ကျနေသလို၊ ရဟူဒီနဲ့ ဟက်ဇီးဘားဆိုတဲ့ မောင်နှမက ပညာချင်းပြိုင်တာထက် မေတ္တာရှေ့ထားပြီး တစ်ယောက်ကိုတစ်ယောက် စ နေ သလိုပါပဲ "

သို့သော် ပင်လယ်၏ တေးကို တကယ်ကြားခဲ့ပြီးမှ သီက သတိရကာ စကားစ ဖြတ်ပါသည်။

" ဟောဒီအိမ်ကို ခဏဝင်ရအောင်၊ ဒါ ကိုယ့်ရွာပဲ၊ ကိုယ့်ရွာဦးက အိမ်ပေါ့ "

လေပါ၍ ထန်လာပါသည်။ ကားပြင်သို့ရောက်လျှင် အလွန်အေးမြသည်ကို လည်း သတိထားမိသည်။ ကားထဲ၌ ကျန်ခဲ့သော ကုတ်အင်္ကျီ ကို ပြန်မယူလိုတော့ဘဲ အောင့်ခံမည် စိတ်ကူးနှင့် ထူထဲသောဆွယ်တာကို အားကိုးကာ ကျဉ်းမြောင်းသော ခြံတံခါးဝမှ ဝင်ခဲ့၏။ ခြံမှာ ရှုပ်ရှုပ်ပင်။ ပန်းတစ်ပွင့်တလေကို လည်း မမြင်ရ။

အိမ်ထဲမှ ထွက်လာသော ဦးကြီးရွယ်နှင့် ဒေါ်ကြီးရွယ်လင်မယားက ပျူပျူငှာငှာနှုတ်ဆက်ကာ အိမ်တွင်းသို့ အတင်းခေါ်ပါသည်။

" အပြင်မှာ အေးလှတယ်၊ အိမ်ထဲဝင် ........အိမ်ထဲဝင် " ဟု အတင်းဆိုပါသည်။

သို့နှင့် ကျွန်မက ခြံထဲမှာ ကြည့်စရာမရှိဘဲ.....လှည့်ပတ်ကြည့်ဆဲ၊ ကြီးဒေါ်က

" သြော် ယောက်ျားကလည်း ဟိုကလေးမ အေးလှရော့မယ်၊ ခေါ်ခဲ့ပါ၊ ဘာပင်တွေများ ပြနေပါလိမ့် " ဟုဆိုသည်။

ကျွန်မက ချမ်းလို့တုန်နေသော်လည်း

" မအေးလှပါဘူး၊ ဝင်ခဲ့ပါ့မယ်၊ ခဏပါ " ဟုတ် ပြောရပါသည်။

အိမ်တွင်းသို့ဝင်လျှင် ဘယ်တော့မှ ပြတင်းဖွင့်ပုံမရသော ဧည့်ခန်းမှာ နွေးလွန်းပြီး မီးဖို၌ ထင်းတုံးကြီးများစိုက်ကာ မီးခိုးအနည်းငယ်အူသည်ကို ကြုံရပါသည်။ မီးဖိုဘေး၌ ကြီးဒေါ်က ဝိုင်အနီတစ်ပုလင်းကို နွေးပါသည်။ ပြီးတော့ တစ်ပုလင်းကုန်လု နီးပါးပင် ဖေငှသောက်ကြရပါသည် ။

သီက ကျွန်မ၏ မျက်နှာကို ပြုံး၍ကြည့်ပြီး ကြီးဒေါ်နှင့် ဦးကြီးကို ငှက်ကလေးများအကြောင်း မေးလေသည်။

ကြီးဒေါ်က အလိုအလျောက် ခြံတွင်းသို့ရောက်လာပြီး ယဉ်နေသောအစာ လာစားတတ်ကြသည့် တစ်ချက်တစ်ချက် အရဲစွန့်၍ အိမ်တွင်းသို့ဝင်တတ်သော ငှက်ကလေးများအကြောင်း ပြောသည်။

" ဟိုဘက်ခြံက မိန်းကလေးကတော့ အတော်ရက်စက်တယ်ဆိုရမယ်၊ ငှက်လာတာ ညစ်ပတ်တယ်ဆိုပြီး အသိုက်တွေ ဖျက်ပစ်တယ် သီရဲ့ " ဟု ကြီးဒေါ်က ဆိုဆဲ ဘကြီးက ခုနပင်လာနားသည့်ငှက်ကလေးများကို လေချွန်၍ ခေါ်ပါသည်။ အိမ်ဝင်ပေါက်မှာ အစာဖြန့်ကြဲ၍ မျှားပါသည်။ ငှက်ကလေးများကမူ ဧည့်သည်ကျွန်မတို့ရှိလို့ထင့်၊ သွေးဆောင်၍မရပါ။ ပူးခနဲ ပျံပြေးကြပါသည်။

အင်မတန် လူနေကျဲသော ရွာမှာမို့ထင့်။ ကျွန်မတို့ နှစ်ယောက်လာလည်သည်ကို ဘကြီး၊ ကြီးတော်လင်မယားသည် ဂမ်းသာမဆုံးရှိဟန်ပြကာ စကားပြောမဆုံးရှိကြပါသည်။

" သို့မိတ်တွေကြီးရဲ့ စာအုပ်ထွက်လာတာ ဖတ်ပြီးပြီးလား " ဟု ကြီးဒေါ်က မေးသည်။

" ဖတ်ပြီးပါပြီ၊ သူတို့ စာအုပ်အကြောင်းပြောဖို့တော့ မတွေ့ရသေးဘူး " ကျွန်မဘက်သို့လှည့်၍ " သို့မိတ်ဆွေကြီးဆိုတာ ကြည်လည်းတွေ့ဦးမှာပေါ့၊ မနက်ဖြန်မြို့ အတူတူပြန်ဖို့ ချိန်းထားတယ်၊ ဟောဒီဘကြီးနဲ့ ကျောင်းနေဖက်ပေါ့ " ဟု ပြောပြသည်။ ပြီးတော့ ကျွန်မ မဖတ်ရသေးသော စာအုပ်ကိုရေးသည် ကျွန်မ မတွေ့ဖူးသေးသည့် သူ့အကြောင်းဆွေးနွေးကြပါသည်။ ကျွန်မ မပျင်းရအောင် ရှင်းလင်းချက်ကလေးများလည်း ဘေးလှည့်ပြီး ထုတ်ကြသည်မို့ ယဉ်ကျေးဖွယ်ရာမှုကို ကျေးဇူးတင်ရပါ၏။

ခဏကြာလျှင်တော့ ဂိုင်အရက်နီကလေးနှင့် နွေးပြီး နေထိုင်လို့ကောင်းလာစဉ်မှာ သီက ခရီးဆက်ဖို့ ထိုင်ရာက ထပါသည်။

ကားပေါ် ပြန်ရောက်၍ ပင်လယ်ဘက်သို့ ဆင်းလက်လာလျှင် သီက ပြော၏။

" သူတို့ လင်မယားနှစ်ယောက်မှာ သားသမီးလည်း မရှိဘူး၊ ကြည် မြင်တယ် မဟုတ်လား၊ ဘယ်လောက်ဧည့်သည်ကို လိုလားနေတယ်ဆိုတာ၊ သူတို့ နှစ်ယောက်ဟာ အနှစ်ဆုံးဆယ်ကျော် အတူတူနေလာကြပြီး ခုတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်လျက်ခင်လျက်နဲ့ပဲ အပျင်းကြီးပျင်းနေကြတာပေါ့ "

" အဘိုးကြီးက ဗဟုသုတကြွယ်တယ် " ဟု ကျွန်မက ပြောဆဲ " အဘွားကြီးကလည်း သိပ်ပြီးနဲ့စပ်လှပြီ မဆိုနိုင်ပေမဲ့ မယားတစ်ယောက်အနေနဲ့ ကျေနပ်စရာပဲ၊ အဘိုးကြီးလုပ်ချင်တာကို အလိုလိုက်ရုံမက ကြိုးစားပြီး အတူပင်လုပ်ကြတာပဲ၊ ခုတော့ ငှက်ကလေးတွေ အကြောင်းပဲ ပြောနေတာ တစ်နှစ်လောက်ရှိပြီလေ " သီက အနည်းငယ်တွေဝေနေပါသည်။ ကျွန်မကတော့ အိမ်ရှိသားသမီး ၆ယောက်ကို သတိရလျှက်ရှိသည်။ ထိုနောက် ကျွန်မတို့သည် ရွာကလေး၏ တစ်ခုတည်းသော ဓာတ်ဆီဆိုင်၌ ရပ်နားကြပါသည်။ နေရောင်ခြည်သည် ပြိုးပြက်လာပါသည်။ သီက နှစ်လိုဖွယ် အပြုံးနှင့်

" နေရောင်ခြည်ကို မြို့က ယူခဲ့သလား " ဟု ကျွန်မကို မေး၏။ ခရီးဆက်မိလျှင်

" ကြည့်.....ဗာဂျီးနီးယား ဝုဖ် ( Virginia Woolf ) ဆင်းသေသွားတဲ့ မြစ်ဆီသွားရအောင် " ဟု ပြောသည်။ ကျွန်မက ခပ်ပေါ့ပေါ့ပင် ကားပေါ်က မဆင်းချင်လှသော်လည်း ခေါင်းညိတ်လိုက်ရာ မြစ်ကမ်းစပ်၌ ရပ်မိကြလျက်သား ရှိလေသည်။ မြစ်ရေကို ကြည့်ရင်း တွေးမောမိပါသည်။

ဤမြစ်ရေသည် လရောင်ဖြာ၍ ကြယ်ပွင့်များငြိတွယ်သည့် တောင်ထွတ်ဖျားမှ လျှောကျစီးဆင်းခဲ့သည် ထင်၏။ ထို့ကြောင့်ပင် သူ့တေးသံလန်းရွှင်လျှင် ကျေးငှက်တို့ သွက်လက်သည်ဖြစ်ရမည်။ သူ့အရောင်သည် ကောင်းကင်ညှို့မှိုင်းနှင့်လိုက်၍ ပြားနှမ်းလျှင် သစ်ပင်ကိုင်းခက်တို့ ညွှတ်ယှက်ဖြာကျ ညည်းတွားကြသည် ဖြစ်ရမည်။ သူ့ဖွာရရာကြွရှင်၍ နေခြည်တွင် လက်လျှင်မှုကား လောက၌ ထူးဆန်းအံ့သြဖွယ်တို့ ဖြစ်ထွန်းကြသည် ဖြစ်ရမည်ပင်။

ထို စိမ်းရွှင်သွက်ကြည်သော မြစ်ရေစပ်၌ သီနှင့် ကျွန်မတို့ ရပ်လျက် အတန်ကြာ နေခဲ့ပါသည်။ လေသည် မြစ်ရေစပ်၌ အမြဲတမ်း ထန်းလျက်နေသည်ထင့်။ ရေတစ်ပိုင်းကုန်းတစ်ပိုင်း ပေါက်လျက်ရှိသော မြက်ပင် ရှည်တို့သည် ယိမ်းနွဲ့ပျောင်းညွှတ်လျက် နေပါသည်။ ဂယက်ပိုင်းများနှင့်အတူ ထောင့်များ၊ ပြောင်းများပါသော ဂယက်များ စိတ်စိတ်ထလာပါသည်။ ဂယက်များ သည်တင်နေသည်လေလား အရပ်တစ်ပါးသို့ မျောကြလေသလား......။

" သူနဲ့ ကိုယ်နဲ့ ဒီအတိုင်းပဲလာပြီး ရပ်လေ့ရှိကြတယ် " ဟု သီက ဖြုန်းခနဲ စကားစပါသည်။

" သူနဲ့ အင်မတန်ခင်ခဲ့တယ် ဆိုရမှာပေါ့၊ ရွယ်တူတော့ မဟုတ်ပါဘူး၊ သူက ကိုယ့်အစ်မကြီးအရွယ်၊ ဒါမှမဟုတ် အဒေါ်ငယ် အရွယ်ပဲ " " သီနဲ့ ကျွန်မလိုပေါ့ " ဟု ကျွန်မက ထောက်ဆဲ။

" ဟုတ်တယ်.......အင်း " ဟု သီက ကြက်သီးထဟန် ပြပါသည်။ က သူ့အမူအယာကို နားလည်သလိုလို ထင်ရပါသည်။

သီ့မိတ်ဆွေသည် ယခု ကျွန်မတို့လာရပ်စဉ်က နေရောင်ခြည်သည် သူ့ရဲ့ကွေ့လိမ်သော ဆံရွှေညိုထဲ တိုးဝင်နွှေးထွေးခဲ့မည် ထင်သည်။ သူ့ရဲ့အရစ်အကြောင်းထင်စ မျက်နှာပြင်ကို ထွန်းလင်းစေခဲ့ဦးမည်။

ကြာပွင့်ရဲ့ ကျက်သရေကို သူ့မျက်နှာက ဆောင်လေမည်လားဟု ကျွန်မ ယစ်မူးတွေးတောမိပါ၏။ " သူ့စာအုပ်တွေကို တော်တော်ဖတ်ဖူးလား " ဟု သီက မေးပြန်ပါသည်။ ကျွန်မက ရှက်ကြောက်စိတ် အနည်းငယ်ဖြင့် " သိပ်တော့ မစုံလင်လှဘူး၊ 'ပိုးဖလံသေဆုံးခြင်း ' အစရှိတဲ့ ဆောင်းပါးတွေတော့ ဖတ်ဖူးပါတယ် " တကယ်တော့ ကျွန်မ ကောင်းစွာ မမှတ်မိပါ။ ကြာမြင့်စွာက ဖတ်ခဲ့ရပြီး ဂရုတစိုက်မရှိခဲ့သည့် အတွက်ဟု ထင်ပါသည်။ စာဖတ်ရာမှာ စနစ်မရှိသည့် အတွက်လို့လည်း လျှောက်လဲချင်သေးသည်။ ကြီးပြင်းခြင်းမြန်သူမို့ အရင်က မကြိုက်ခဲ့ဖူးသည်ကို အခု ဘယ်စိတ်ထားမည်လဲမသိဟု ကိုယ့်ဘာသာ မရှက်မကြောက်ပင် ကျိန်၍ချီးမွမ်းစိတ်နှင့် နေပြန်ပါသည်။

သီက ကျွန်မ၏ နီလာသော မျက်နှာကို မကြည့်ဘဲနေပါသည်။

" အဲလေ စိတ်ဂင်စားပုံတော့ ဘယ်တူမလဲ၊ ကိုယ်က သူနဲ့ တစ်ရွာတည်းနေတယ်၊ သူ့အကြောင်းကို အများနည်းတူသိတယ်၊ အဲဒီအပြင် မိတ်ဆွေရင်းအနေနဲ့ သူများထက်မက သိတာ၊ ရိပ်မိတာ၊ မှန်းဆတာတွေ ရှိတယ်ပေါ့ "

သီနဲ့အတူ ဒီမှာရပ်နေခဲ့ဖူးသူသည် အနီးဆုံးအိမ်နီးချင်းကို တွေ့လိုလျှင် တစ်မိုင်ခွဲသွားမှတွေ့ရသော ပင်လယ်ကမ်းခြေရှိသည့် ရွာငယ်ကလေး၏ ကွင်းအနိမ့်အမြင့်များမှ အော်ဟစ် ညည်းညူမြည်ရှိသော လေကို တိုး၍ လေလွင့်သွားလာခဲ့သည်လားမသိ။ ထိုအခါ ကျောက်ဆောင်ချွန်တတ် ထိုးထွက်သော ပင်လယ်စပ်၌ သူ၏ ရုပ်ပွားကို တွေ့ခဲ့သည်လော၊ စိတ်ပွားကို တွေ့ခဲ့သည်လော။ လူ့ဘဝ၌ မောဟလျော့ပါးခဲ့သည် ဆိုသည်ပင် မေ့ပျောက်ခြင်းလျော့ပါးသည်တည်း။ ထိုအခါမှာ ပျော်ရွှင်ခြင်းဆိုတာ ဘယ်မှာ ရှာနိုင်တော့မည်လဲ၊ သူ့ရဲ့ ဘုရားသခင်သည် ကျွန်မတို့ရဲ့ ရက်စက်မှုကြေကွဲသော ဗုဒ္ဓတရားပမာမှ ဖြေငြိမ်းနိုင်ရာကို ပြခဲ့နိုင်လေရဲ့လား၊ တေးသံဖြင့် ပြွန်းသော ကြယ်ပေါင်းရံခသည့် သုခကောင်းကင်ဘုံကိုသာ အရိပ်အယောင်မျှ ညွှန်လေသလား....။

သူသည် တိမ်တိုက်တို့ဖြင့် လိုက်ပါကာ ကမ္ဘာအနှံ့လှည့်ပတ်၍ သူ ရှာလိုရာကို ရှာလိုစိတ်တော့ ပေါ်မည်ပင်။ ဒါကို အချို့သောသူသာ စိတ်ဂင်စားနားလည်နိုင်ပါလိမ့်မည်။ သီ နားလည်လိမ့်မည်။ ကျွန်မ နားလည်သည် ထင်ပါသည်။ သူ့ကိုချစ်သော လင်သည်ကလည်း တားရမယ် မဟုတ်၊ သူ့အသိုင်းအဝိုင်းကလည်း တားရမယ်မဟုတ်။ သူ ရှာလိုရာကို၊ ရှာချင်စိတ်ကို ကန်တော့ပြီး ဆုမွန်ကောင်းတောင်းကြမည်ပင်။ အကြောင်းမူကား သူတို့သည်လည်း ကျားရှေ့မှောက်သို့ တစ်နေ့ရောက်အောင် သွားချင်သွားမည့်သူများမို့ပေတည်း။

" အဲဒီအချိန်မှာတော့ သူ့ကို တားဖို့ ဆွဲထားဖို့က နောက်ကျနေပြီ၊ ( ဘယ်သူကတော့ တကယ်တမ်းဆို ဆွဲထားချင်မှာလဲ ) သူ့ခင်ပွန်းသည်ကတော့ မတတ်နိုင်တော့ဘူးဆိုတာ သိပေမဲ့လည်း လောကထုံးစံအရ ဆရာဂန်ကို ခေါ်ရတော့တာပါပဲ "

သူဟာ ဆရာဂန်ကို အံ့သြစိတ်နဲ့ ကြည့်ခဲ့လေသလား။ သူ့ဘာသာ သူတော့သိလေသည်။ သည်အချိန်ကို မာရ်နတ်နှင့် တွေ့တယ်ခေါ်ရမလားဟု သူစဉ်းစားခဲ့သည် ထင်သည်။ ဖော့စ်လို သူ ယစ်မူးသည်မဟုတ်သဖြင့် မာရ်နတ် သူ့ကို လာဂယ်သည်တော့ ဟုတ်မည် မထင်ချေ။ ဘုရားသခင်ရဲ့ ဒေါသလေလား၊ သနားမေတ္တာလေလားတော့ သူ မဝေခွဲနိုင်။ တကယ်တော့လည်း လှုပ်ရှားသော စိတ်များသည် အတူတူသာတည်း။ ဒေါသတိုတာလည်း သည်ပုံပင်၊ သနားမေတ္တာဆိုလည်း သည်ပုံပင်။ သူသည် လူတို့၏သတိဟူသော အနှောင်အတည်းမှလွတ်ကာ ထိုကြီးမားသော အထုအထည်ကို ရင်ဆိုင်စဉ် အင်မတန် သေးနပ်လှသည့် လူတို့ရဲ့ အမှုတစ်ရပ်ဖြစ်သော ဆရာဂန်ဆေးပညာဆိုတာက သူ့ကို ဘယ်လို အကျိုးပြုနိုင်မှာလဲ။

ပင်ပန်းလိမ့်မယ်ဆိုတာတော့ သိ၏။ သို့သော် အစွမ်းကုန်လျှော့လိုက်၏။ သို့လျှင် အစွမ်းကုန်အောင် ကြမ်းသောတိုက်ပွဲဖြစ်ပေါ်လေ၏။ သူ့ကို လင်သည်နှင့် ဆရာဂန်က ဝိုင်း၍ချုပ်ရသည်ကိုလည်း သိ၏။ လူအပေါင်းကတော့ တွန့်လိမ်လူးလွန့် ကျန်ရစ်သောရုပ်ကိုသာ မြင်ကြားရမည်။ ဝေဖန်ကြမည်။ သူကတော့ ပင်လယ်စပ်က ချောက်ကမ်းပါးစွန်းသို့ ပြေးတတ်ခဲ့ခြင်း ဖြစ်လေ၏။ အမြင့်သို့ ရောက်လေ တွန်းလှဲမတတ် တွေ့သည်။ သူသည် ကျလျှင်လည်း ကျပစေဟူသောစိတ်ဖြင့် လေမှာလွင့်ကာ သူ့ပါးပြင်များ၊ နားရွက်များကို ယုယသိုင်းခြုံကြလေသည်။ လက်နစ်ဖက်ကို ပိုက်ဖက်ပြီး ဘုရားသခင်ကို ရဲပုံ့စွာရင်ဆိုင်ကာ မျက်နှာစေ့စေ့ကြည့်လိုက်ခြင်းဖြင့် ရပ်၏။

မိုးကြိုးကို သူ ကြုံရမည်ဆိုလည်း ကြုံရလို၏။ ကြောက်ခြင်းမရှိ။ အကြောင်းမူကား ဝင်းလက်လိုက်သော လျှပ်အလင်းရောင်၌ မြင်ရသော သဏ္ဍာန်ကို သူမှတ်သားမိမည်မှာ သေချာသောကြောင့် ပေတည်း။ ဒါသာ အရေးကြီးသည်။

ချောက်ကမ်းပါးသို့မကျပဲ အိမ်သို့ သူ ပြန်လာလျှင်တော့ သတ္တိမွေးသော မျက်နှာထားရှိသည့် လင်သည်ကိုလည်းကောင်း၊ ဆေးထုံးတံဆေးကြောပြီးသော ဆရာဂန်ကိုလည်းကောင်း သူ တွေ့ရလေသည်။ သူသည် မောပန်းလျလျ ပြုံးမြဲပင်။ လင်သည်နှင့်ဆရာဂန်ကို သူကပင် နှစ်သိမ့်လိုသည်။ သူ့ကို နှစ်ယောက်လုံးက နားစေလိုတာ သူသိပါသည်။ သို့သော် အထူးသဖြင့် သည်အချိန်မှာ သူမနားနိုင်။ သူသည် တုန်တခိုက်ခိုက်ဖြင့် ထ၍ စာကြ ည့်ခန်းသို့ ဝင်ခဲ့၏။ တံခါးကန့်လန့်ရှိသမျှကို အကုန်ချ၏။ ပြတင်းပေါက်၌ ခိုရပ်ပြီး ပင်လယ်ဆီ တစ်ချက်ကြည့်သေး၏။ ထို့နောက် ထူးဆန်းအံ့သြကြေကွဲဖွယ်ရာများ စတင်လေသည်။ အကြောင်းမူကား သူ့ဝေဒနာနှင့် ရင်းနှီး၍ရသော စာပေကို လူ့လောကအား သူဖွင့်အန်ရေးချသော ကြောင့် ဖြစ်လေသည်။ " သူ့မှာ သားသမီးရှိရင် သူ့ဖြစ်ပုံဟာ တစ်မျိုးတစ်ဖုံ လာမလား မသိဘူး " ဟု သီက တွေးထင်လေသည်။ " နည်းနည်းလေးသာ ကွဲလွဲနိုင်ပါလိမ့်မယ်" ဟု ကျွန်မက ပြော၏။ ဘာကြောင့်လဲဆိုတော့ ချစ်သူဆိုတာရော၊ သားသမီးဆိုတာရော၊ ညီအစ်ကို မောင်နှမဆိုတာရောဟာ သံသရာရဲ့ လူ့ဘဝတစ်ချီမှာ မတော်တဆကြုံတွေ့ကြခြင်းပဲလို့ ထင်ပါတယ်။

" သားသမီးရှိခဲ့ရင် အင်အားကြီးတဲ့ မေတ္တာတစ်ရပ်ကိုတော့ သူ ကြုံဖူးမှာပေါ့၊ သူ့ကို ကောင်းကျိုးပေးမဲ့ ကိစ္စလည်း ဖြစ်ချင်ဖြစ်မှာပေါ့ "

" ဒါတော့ ဟုတ်ပါတယ် " ဟု ကျွန်မက ဂန်ခံလိုက်ပါသည်။ သို့ပေမဲ့ သူ့လင် ယောကျ်ားက ရပ်ကြည့်ရုံသာ တတ်နိုင်တဲ့ အခါမျိုးမှာ သားသမီးကကော ဘာထပ် လုပ်နိုင်ဦးမှာလဲ၊ သူ့အဖို့ သူ့ကို သဘောပေါက်နိုင်ပါ့မလား၊ သတ္တိမွေးပြီး ရပ်ကြည့်နေနိုင်ပါ့မလားလို့..........သားသမီးတွေအတွက် ငဲ့ညှာပူပင်တဲ့ စိတ်ဒုက္ခသာ ပိုရုံရှိတော့မှာပေါ့။

တစ်ခါတစ်ရံ သူ အင်မတန် မောလျှင်တော့ သားသမီးကို ထွေးပိုက်၍ အများနည်းတူ အေးချမ်းညင်သာသော ဘဝကို သူ တောင့်တရာပေလိမ့်မည်။ သို့ပေမဲ့ သည်ဘဝအဖို့တော့ သူ့ကံကြမ္မာဖန်တီးပုံကို ပြောင်းလဲလို့ရတော့မည် မဟုတ်။ သူ့လိုပင် ရွှေပန်းနှင့် ငွေပန်းကို တစ်လှည့်စီ ဆင်ပန်ရသည့် မိတ်ဖော်များကို သတိရ၏။ သူတို့အထဲမှာ ပန်းချီဆရာဗင်ဂိုရှ်ကို သူ အသနားဆုံးပင်၊ ဗင်ဂိုရှ်၌ မိမိကဲ့သို့ လူတို့အလယ် သို့ ပြန်ရောက်လာလျှင် ချစ်ခင်ကြင်နာသော၊ စောင့်စားရပ်တည်နေသော ချစ်သူ မရှိခဲ့။ လင်သည်ကို ကျေးဇူးတင်ပါသည်။ သူ စောင့်စားနေသည်ကို မြင်ရသောကြောင့်ပင်။ လူတို့အလယ်ရှိ မွေးကြိုင်ပြုံးချိုသော ပန်းပွင့်များ၊ စကားများသော ငှက်ကလေးများကို သူ ဆက်လက်ချစ်ခင်မြင်တွေ့စိတ်ကျန်တာ အမှန်ပင်။ သို့မဟုတ်က ဗင်ဂိုရှ်လိုပင် သူသည် လူတို့အလယ်သို့ ပြန်ရောက်ချင် ပြန်ရောက်လာသည့် သတိပျက် ယွင်းပေတော့မည်။

" သူ စိတ်ရောဂါကုဆေးရုံသို့ မသွားချင်ဘူးလား " ဟု ကျွန်မက မေးလျှင် သီက

" သူဟာ ဟောဒီမြစ်စပ်ကို လာတတ်တယ်၊ ကျွန်မနဲ့ တစ်ခါ သည်နားမှာ ရပ်နေဖူးတယ်၊ ဒီမြစ်ကနေပြီး သူ ခရီးထွက်မယ်ဆိုတာ ပြောပြဖူးပါတယ်၊ သူ့ယောကျ်ားကတော့ ပူပန်တာအမှန်ပေါ့၊ ဒါပေမဲ့ တစ်နေ့သွားရမဲ့ခရီး၊ မငြင်းသာတဲ့ခရီးကို ကိုယ်ကြိုက်တဲ့နည်းနဲ့ သွားခွင့်ရှိတယ်လို့လည်း မဆိုနိုင်ဘူးလား "

" ကျွန်မလည်း ဒီလိုထင်တာပဲ၊ ဒါကို ပိတ်ပင်တဲ့ဥပဒေကတော့ ယဉ်ကျေးမှုတစ်ရပ်သာဖြစ်ရမယ်လေ " သီကဆက်လက်ပြောပြပါသည်။ သူသည် တဖြည်းဖြည်းနှင့် လူတို့ရပ်ရွာမှ ထွက်ခွါသွားခြင်းများ နီးကပ်လာသည်။ သူ့ဘာသာသူ သတိထားပြီး ရုန်းကန်ငြင်းဆိုခြင်းလည်း ဖြစ်လာသည်။ အကြောင်းမူကား ဝေဒနာနှင့်လူနှင့်မမျှသောကြောင့် ဖြစ်ရမည်ပင်။

သူ့ဘာသာသူ သတိထားလေတော့ လင်သည်ကို အချိန်မီကြိုလို့ပြောနိုင်လာသည်။ နှစ်အများ လွန်ခဲ့သည့် တစ်ချိန်တစ်ခါကတော့ လင်သည်ခမျာသည် ပြုံးရွှင်ရုံမျှမက ဉာဏ်ပညာထက်မြက်သော၊ တစ်ပါးသောမိန်းကလေးများထက် စာပေအတတ်ပညာ တစ်ရပ်သာသော သူချစ်သည့်သတို့သမီးကို ယခုလို ဘေးအန္တရာယ်နှင့် ကြုံဟန်ကို မြင်ယောင်မိမယ် မဟုတ်ဟူ၍ စာနာသနားမိ၏။ သူ ယခုတလော တွေးမိသည်မှာ လင်သည်အကြောင်းသာ ဖြစ်လေသည်။ သူ့တစ်ယောက်အဖို့တော့

ပူပင်ခြင်းမရှိ။ ကံကြမ္မာကို သူ မြင်ပြီးသားဖြစ်သည်။ တုန်လှုပ်ခြင်းလည်းမရှိ။ သူတကာနှင့်မတူ၊ ဆိုးရွားသည်ဟုလည်း ယူကျုံးမရ မဖြစ်။ လောက၌ဖြစ်တတ်သော အရာလို့သာ ထင်၏။ ပြီးတော့ ထိုအချိန်အခါများသည် သူ မြတ်နိုးသောစာရေးမှုနှင့် ခွဲခွါလို့ရသည် မဟုတ်သောကြောင့် သူ ကျေနပ်သည်။ ဒါကိုတော့ လူအနည်းငယ်ခန့်ကသာ နားလည်လိမ့်မည်ထင်သည်။ သို့သော် သူမောပြီးဆိုတာတော့ အမှန်ပင်။ လင်သည်ကို သနားအားနာစွာဖြင့် ပြောရ၏။ ထိုင်းမှိုင်းလေးလံစွာ မေ့ပျောက်အိပ်ပျော်သော ဆေးကိုပေးမည့် ဆရာဂန်ကို ခေါ်စေရ၏။ ထို့နောက် သူသည် အခန်းတွင်းသို့ဝင်၍ တံခါးအလုံပိတ်ကာ စောင့်မြဲပင်.........။

စာရေးမှုကိုတော့ အစဉ်ပြုမြဲပင်။ အချိန်များစွာ မကျန်ပြီ။ စာရေးနေလျှင် သူ့စိတ်သည် လူတို့နှင့်ပို၍ကင်းကွာကာ အွန္တရာယ်နှင့် ပို၍ရင်ဆိုင်ရဖို့များတာ မှန်သည်။ သို့သော် စာရေးရမည်မှာ အသက်ရှုထုတ်ရမည်လိုပင်။ တခြားနည်းလမ်းအားဖြင့်သူ အသက်ရှင်နေထိုင်တတ်သည်မဟုတ်။ ဘာအွန္တရာယ်ကိုမှတော့ ကြောက်၍ စာမရေးဘဲနေမည်မဟုတ်။ တစ်ဆောင်းဝင်စ သစ်ရွက်များကျချိန်၊ မြေပြင်ပေါ်၌ အနီအဝါ ခရမ်းပြာညို ရောင်စုံစို့ကာ သစ်ရွက်လူးလိမ့်ပြေးဆဲ၊ လေထန်တတ်သော ပင်လယ်စပ်ရွာကလေး၌ ဆောင်းဦးလေသည် အော်ဟစ်ပြေးလွှားကာ ညအခါများမှာ ကျည်ကျည်ပါအောင် အူဆဲ၊ လေကာယပ်များမှာ ကွယ်ပုန်း၍ ပေါက်ရသည့်လူစိုက်သော သစ်ပင်ပန်းပင်ငယ်တို့ ပင်ပန်းဆဲတစ်နေ့မှာ သူသည် လင်သည်ကို ဆရာဂန်ခေါ်စေရပြန်သည်။

သို့သော် လင်သည်နှင့် ဆရာဂန်တို့ပြန်ရောက်လာသော် သူသည်အလုံပိတ်ကာ အခန်းမှာ လွတ်ထွက်ပြီး သူနှစ်လိုရွေးချယ်ရာ မြစ်စပ်သို့ရောက်ခဲ့ပြီတည်း။ လူတို့ရှပ်ရွာမှာ ရှပ်ခန္ဓာပါ လွှန်ကျွန်ပြီ။ သူ မျောပါသွားရာ မြစ်ရေအယဉ်သည် သူ့ထက် လျင်မြန်စွာ အရှေ့ကသွားသော လှိုင်းဂယက်တို့ကို ထိုသတင်းပင်လယ်သို့ ပါးလိုက်ကြပြီ။

သည်မှာပင် အတန်ကြာလေပြီ။ သူ နစ်မြုပ်ရာမှာတော့ ဂယက်တို့သည် သိုင်းဝိုင်းထကာ လှုပ်ရှားကြပြီးပြန်တော့ လျော့ပြေငြိမ်သက်သွားသော မြစ်ရေပြင်၌ ခါတိုင်းလို လေသာနောက်ယုက်သဖြင့် ဂယက်စိပ်စိပ်ထခြင်းသာ ကျန်တော့မည်။ သူ့ယောကျာ်းကတော့ ဒီအဖြစ်ကိုပဲ ကြည်ဖြူစိတ်ထားတယ် ထင်ပါရဲ့၊ ဒါဟာ သူ့ချစ်ဇနီးအတွက် အကောင်းဆုံးစခန်းပဲလို့ ဆိုရမယ်ပေါ့၊ ပူပင်တာတွေ ဘေးဖယ်လို့ ခေါင်းအေးစိတ်ရှင်နဲ့ တွေးတတ်သူလို့ ဆိုရမှာပေါ့။

" သူကို ကိုယ့်တို့ မနက်ဖြန် မြို့ ပြန်တော့ ကြည့်ပေ့ါ၊ သူ့မိန်းမ မသေခင်က ရေးတာဟူသမျှ သူက တည်းဖြတ်လေ့ရှိတယ်၊ ခုတော့ တစ်ယောက်တည်း ကျန်ခဲ့ပြီးလို့ နှစ်အတော်ကြာနောက်မှာ သူ့စာအုပ်ထွက်ပြီလေ၊ ဖတ်ချင်ရင် ပို့လိုက်မယ် " ဟု သီက ပြောပြီး ကျွန်မတို့သည် ပုံပြောသော မြစ်ကမ်းစပ်မှ ကားကလေးရှိရာသို့ ထွက်ခွါလာကြလေသည်။

ကြည့်အေး

သွေးသောက် မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၆၂

ဂတ္တာ့တိုပေါင်းချုပ်သစ်မှ ကူးယူပါသည်။

( အိမ်ပြန်ကြစို့လား ဂျိမ်းရေ ၏ Facebook Notes မှ တပ်ဆင့်ကူးယူဖော်ပြသည် ။)

# ညှိုးထန်သူ



တငင်ငင်ပင်

ကြင်ချစ်နွမ်းလျ ၊ လွမ်းတမ်းတဟန်

ကမ်းစမြိုင်စပ် ၊ သစ်ရွက်ညပ်သော

တပ်မက်မောရာ ၊ တောခန်းသာမှ

ငှက်ပြာမောက်နီ ၊ မြကျေးအီ၍

ပလီနွဲ့ ချီ ၊ တောင်ယှက်မှီကြ .....

ပီပြင်ပွင့်နှစ် ၊ စံပယ်သစ်လဲ
ကိုင်းဆစ်မြကြား ၊ ငွေကြယ်ပွားပင်
ချော့ဖြားသွေးယူ ၊ လိပ်ပြာကြူမွေး
စိတ်တူချစ်ဆင့် ၊ နှောင်စိတ်ရင့်ခဲ့ .....

သခင့်မေတ္တာ ၊ မယုံသာသော
ကြမ္မာ ဖင့်လေး ၊ နှမထွေးမူ
နှုတ်နေးစိုးရွံ့ ၊ မမေးဝံ့ဘူး
ပြောအံ့မူးမူး ၊ ကြည်နူးစကား
အားနဲ့ ထစ်လှ ၊ တစ်ခွန်းစတိုင်း
နှုတ်ဟဟပင် ၊ ဆိုချင်ခဲခက်
နေ့ညဥ့်ရက်ဆက် ၊ တင်းမာရက်ခဲ့
ပင့်သက်ကြာထွေ ၊ လက်ချောင်းရေ၍
ပြေပြစ်နားလည် ၊ သိမြင်မည်လား
မကြည်လင်ပြန် ၊ ညှိုးထန်မည်လား
စောင့်ရည်ဘဝ ၊ ကိုယ်ထီးတသ
မာနကိုးလဲ ၊ ရင်လှိုက်လှဲ့ရ
ဆင်းရဲနာသစ် ၊ အချစ်ဖြစ်သည် ။ ။

ကြည်အေး
( ရှုမဝမဂ္ဂဇင်း ၊ ၁၉၆၉ ၊ ဒီဇင်ဘာ )

# လွှမ်းအိပ်မက်

## လွှမ်းအိပ်မက်

ကလေးဘဝက အစောစီးဆုံးရုပ်ပုံလွှာများ ပြန်၍မှန်းမြင်သည့်အခါ ပျော်စရာလည်း တွေ့တတ်သည်။ ကြေကွဲဖွယ်လည်း ဖြစ်တတ်လေသည်။

ကျွန်မ၏ အစောဆုံး ရုပ်ပုံတစ်ချပ်မှာတော့ စကားပြောတတ်စ ၃ နှစ်ရွယ်လို့ ထင်သည်။

အကြောင်းမှုကား ကျွန်မ၏မောင်လေးသည် မတ်တတ်ပင် မလျှောက်တတ်သေးသော ကလေးမျှရှိသေးသည်ကို မှတ်မိသောကြောင့်ပင်။

တစ်ညနေခင်းမှာ အိမ်၌ အမေမရှိချေ။ အဖေသည် တစ်နေရာမှ အိမ်သို့ပြန်လာပြီး ကျွန်မတို့မောင်နှမတစ်တွေကို အဝတ်အစားလဲစေတာ မှတ်မိ၏။

ပြီးတော့ ကျွန်မတို့သည် ဂျင်မခါနာဆေးရုံရှေ့မှာ ရပ်လျက်ရှိသည်ကိုသာ သိရတော့လေ၏။

ပြီးတော့ ကျွန်မတို့သည် ပြန်တော့မယ်ဟု အမေ့ကို နှုတ်ဆက်လျက်ရှိလေသည်။ အမေသည် ဆေးရုံကပေးသော အင်္ကျီဖြူကြီးဝတ်ထားပြီး မျက်နှာမကောင်းလှသော်လည်း ပြုံးရယ်လက်ပြနှုတ်ဆက်၏။

ကျွန်မစိတ်ထဲမှာ ကျွန်မတစ်ယောက်ကို ပို၍ချစ်ကြင် သနားစိတ်ထားသည်လို့ ထင်လေသည်။

ပြီးတော့ ကျွန်မ သိပ်ငိုချင်နေသည်ကို ရိပ်မိသောအဖေနှင့် အစ်ကိုငယ် အစ်မငယ်တို့က ကျွန်မ၏လက်ကို ဝိုင်းဆွဲ၍ ခေါ်သွားကြလေသည်။

ထိုအချိန်မှာ အမေသည် မောင်လေးအောက် ကလေးအထွေးဆုံးကလေး ပျက်သဖြင့် ဆေးရုံသို့ တက်ရသည်ဆိုတာ ပြီးမှသိရပါသည်။

နောက်တစ်ပုံလွှာမှာတော့ ကျွန်မသည် တစ်ခါမှမရောက်ဖူးသော နေရာမှာ တစ်ခါမှမမြင်ဖူးသော လူတွေနှင့်နေရ၏။

အမေလည်းမရှိ၊ မောင်လေးကိုလည်း တစ်စုံတစ်ယောက်က ချီထားလေသည်။

တောရွာတစ်ရွာမှာဖြစ်၍ အမေ့ဆွေမျိုးများဆီ ရောက်နေခြင်းပင်။ ကျွန်မစတင်၍ ငိုယိုလျှင် ကျွန်မကို လူကြီးတစ်ယောက်က ကောက်ချီပြီး "အမေ့ဆီသွားမလားကလေး"ဟု မေးပါသည်။

ကျွန်မက "သွားမယ်"ဟု ပြောလိုက်၏။

ပြီးတော့ ကျွန်မသည် ရေတွင်းနားသို့ရောက်နေ၏။ အမေက ရေပုံးဖြင့် ရေဆွဲ၍ လောင်းချိုးနေသည်။ ကလေးအင်္ကျီကလေးများလည်း လျှော်သေးသည် ထင်၏။

အမေသည် အဖေ့ကိုစိတ်ဆိုး၍ ကလေးအငယ်နှစ်ယောက် (ကျွန်မနှင့် မောင်လေး)ကိုခေါ်ကာ အိမ်မှထွက်ခွာသောအခါ ဖြစ်ပါသည်။ ကျွန်မကို ချီထားသောလူကြီးမှာ ဦးလေး ဦးလှ ဖြစ်ပါသည်။

နောက်တစ်ပုံမှာ ကျွန်မတို့၏ ဆိုင်နောက်ဘက်ရှိ ကျယ်ဝန်းလှသော အခန်းကျယ်ကြီးအလယ်မှ ကွပ်ပျစ်ပေါ်တွင်ဖြစ်သည်။

အခန်းတစ်ထောင့်တွင် သောက်ရေအိုးစင်ရှိသည်။ ဆိုင်ရှေ့ခန်းသို့ ဝင်ပေါက်နားမှာ ဆင်းကားစက်ရှိသည်။

ပိုးထည်များ ရိုက်ပို့သော ထင်းရှူးသေတ္တာ ဆယ်လုံးခန့် ဆင့်တင်ထားလျက် ရှိသည်။

ထင်ရှူးသေတ္တာများနားမှာ ဓာတ်မီး မီတာသေတ္တာရှိသည်။

ထိုမီတာသေတ္တာမှာ မှန်ကွက်ကလေးတစ်ခု တပ်လျက်ရှိပြီး မှန်ကွက်အောက်မှာ မီးဖွင့်လျှင် ပန်ကာဖွင့်လျှင် လှည့်ပတ်သွားနေသော အနီရောင်မြားတံကလေး ရှိပါသည်။

အဲဒီအောက်မှာ ပလပ်ပေါက်ရှိလေရာ ကျွန်မတို့မောင်နှမတစ်တွေသည် လက်ညှိုးနှင့် သွားတို့တတ်ကြ၏။

ဓာတ်လိုက်၍ ကျဉ်သွားသော လက်ချောင်းကလေးများကို ပါးစပ်နှင့် ငုံတတ်၏။

ပြီးလျှင် "သိပ်ချိုတာပဲ"ဟု မှတ်ချက်ချတတ်သည်။

အဲဒီမှာ ကျွန်မထက် ငါးနှစ်နီးပါးကြီးသော အစ်မက ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်ခန်းကို ပြောပြသည်။

ကဏ္ဍကမြင်း ရင်ကွဲနာကျလည်း သေရှာရော၊ ကျွန်မလည်း ရှိုက်ကြီးတငင် ငိုလေရာ ဘယ်လိုချော့၍မှမရသည့်အဆုံး၌ ကျွန်မ၏အစ်မသည် စိတ်ညစ်ပြီး အမေ့ကို သွားတိုင်သည်။

အမေက ကျွန်မကို ရယ်သွမ်းသွေးသည်။ ကျွန်မကမူ ငိုချင်သံလောက် အားရပါးရသာ ငိုလျက်နေပါသည်။

ကျွန်မဝမ်းနည်းသည်ကို ရယ်မောရက်သည့် အမေ့ကိုလည်း စိမ်းကားလှသည်လို့ ထင်လေ၏။



နောက်တစ်ပုံမှာ အမေနှင့် အဖေသည် မကြာခဏ ရန်ဖြစ်သည်။

အဖေသည် အိမ်မှာ ကြည့်ရှုစီမံဖို့ခေါ်ထားသော အမေ့ညီမဝမ်းကွဲနှင့် ငြိစွန်းချိန်တည်း။

ကျွန်မသည် ဘာမှ နားမလည်သေးပေသမို့ ဧည့်သည်လာပါစေလို့သာ အမြဲဆုတောင်းနေသည်။

ဧည့်သည်ရှိသည့်အချိန်မှာ အမေနှင့် အဖေ ရန်မဖြစ်။ သို့သော် ဒေါသကြီးသောအဖေသည် "လုံနဲ့ထိုးသတ်မယ်"ဟု အမေ့ကို ကြိမ်းသည်။

ကျွန်မသည် အကြီးအကျယ်ထိတ်လန့်ကာ စတင်ငိုယိုသည်။ ကျွန်မ စားနေသော ပါတာနီတစ်ထုပ်လုံး ဖိတ်ကျသည်။

"ပါတာနီတွေ ဖိတ်ကုန်ပြီ၊ ကောက်ပေးရမယ်"ဟု ကျွန်မ ဆူညံပူဆာပါသည်။

အမှန်ကတော့ သည်လိုလုပ်လျှင် ကျွန်မ၏ ပါတာနီများကို အမေ အဖေတို့ လာကောက်ပေးမည်။

ရန်ဖြစ်တာ ရပ်သွားမည်လို့ ထင်သောကြောင့်ပေတည်း။ သို့သော် ပါတာနီများ ပြန့်ကျဲကုန်ပြီး ကျွန်မ ငိုယိုလျက်နေရသည်ကိုသာ မှတ်မိလေသည်။

ထို့နောက်မှာတော့ သိတတ်မှတ်မိသောအရွယ် ရောက်ခဲ့ပြီမို့ ဘယ်အချိန်မှာ ဘာဖြစ်သည်ဆိုတာ အစီအစဉ်နှင့် ပြောတတ်လေပြီ။

ရှေ့က ဇောစီးစွာသော ရုပ်ပုံလွှာများသာ ဖျားနာသည့်အခါမှာ ချောက်လှန့်လာတတ်၏။

ထပ်တလဲလဲ အိပ်မက်မက်တတ်၏။ အလကားနေရင်း ကြောက်နေပြီး လူတောထဲ မတိုးဝံ့ချေ။

ရွယ်တူကလေးများက နှိပ်စက်လာသမျှ ကြိတ်မှိတ်ခံသည်။ လူကြီးများကိုလည်း မတိုင်ဝံ့ချေ။

လူကြီးများသိသွားလျှင် အဖျင်းတိုက်ခြင်းခံရလျှင် ရှက်ကြောက်စိတ်ဖြင့်သာ နေသည်။

ထို့နောက် ကျွန်မသည် ဥစ္စာစောင့်ပုံပြင်များကို ကလေးဉာဏ်ဖြင့် ခြယ်လှယ် စိတ်ကူးစပြုလေသည်။

ဥစ္စာစောင့်က ဖန်ဆင်းလိုက်သောကြောင့် သစ်ရွက်များမှာရှိသမျှ နေရောင်နှင့်လက်သော မိုးရေစက်အားလုံးတို့သည် စိန်များ၊ ပုလဲများ ဖြစ်ကုန်လေ၏။

ထိုဥစ္စာစောင့်နှင့် ကျွန်မ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်လာ၏။

သူက ပုံပြင်များစွာ ပြောပြ၏။ ထိုပုံပြင်များကို ကျွန်မက အစ်မဖြစ်သူအား တစ်ဆင့်ပြောပြလေသည်။

ကျွန်မ၏အစ်မက ယုံကြည်လောက်သော ပုံပြင်များကို တအံ့တဩနှင့် နားထောင်တတ်၏။

ကျွန်မ၏စိတ်ကူးသက်သက်မျှသာဖြစ်ကြောင်း ပေါ်လျှင်တော့ ဒေါသထွက်ကာ 'ဖိုးဖြီး'ဟု အမည်ပေးကာ ကျွန်မကြောက်သော အဖေ့ကိုမှ သွား၍ တိုင်တောတတ်လေသည်။

မှတ်မှတ်ရရ တစ်ခါမှာတော့ ကျွန်မသည် ဆိုင်ပေါက်ဝမှထွက်၍ ဟိုသည် ကစားငေးမျှော်တုန်း အဖေ့မိတ်ဆွေ ဦးဖိုးမောင်၏ ရွှေဂုဏ်ဇာဘော်လီဆိုင်၌ နာမည်ကျော် ခါးပိုက်နှိုက်တစ်ယောက် ရပ်လျက်နေသည်ကို မြင်သည်။

ထိုမိန်းမသည် အသားညိုညို မျက်လုံးလှလှ ကိုယ်လုံးတုတ်တုတ်နှင့် အသက် ၃၀ ကျော်ခန့် ရှိသေး၏။

သူ့မှာ ကြိမ်ခြင်းတောင်းတစ်ခုကို လက်မောင်း၌ ချိတ်လျက် အမြဲပါ၏။

ဆံရစ်ဝိုင်းရောင်ထုံးနှင့် ၇ နှစ်အရွယ် ကလေးမကလေးတစ်ယောက်လည်း ပါသေး၏။

သူသည် ဆိုင်တစ်ဆိုင်ဝင်မိလျှင် အဝတ်အထည်တစ်ခုခုကို ခြင်းတောင်းထဲ မသိမသာထည့်လိုက်ပြီး ခြင်းတောင်းမှာ ပါသောအဝတ်ဖြင့် အုပ်လိုက်၏။

ပြီးတော့ ကလေးမကို အရင်လွှတ်လိုက်ပြီး နောက်မှ လက်ရှင်းရှင်းနှင့် ထွက်သွားတတ်လေသည်။

ကျွန်မတို့ဆိုင်မှ တစ်ခါ သည်လိုလုပ်သည်ကို ပက်ပင်းပါ မြင်ခဲ့ဖူးသည်။ ဒါနှင့် ကျွန်မသည် အစ်မဖြစ်သူကို ခေါ်ပြ၏။

အဖေက ဇာဘော်လီဆိုင်လိုက်သွားပြီး ဦးဖိုးမောင်ကို လက်တို့၏။

သူတို့သည် ထိုမိန်းမခြင်းတောင်းထဲ၌ ရှာသော် ဘော်လီနှစ်ထည်ကို တွေ့ရလေရာ မိန်းမကို ပုလိပ်လက်ထဲတော့ မအပ်ဘဲ ဆိုပြော၍သာ လွှတ်လိုက်လေသည်။

ထိုအခဏ၌ ကျွန်မ၏စိတ်သည် ထိုမိန်းမနောက်သို့ လိုက်ပါသွားလေသည်။ သူသည် အမှတ်မရှိသေးဘဲ ဈေးအောက်သို့ ထပ်သွားပြန်သည်။

ပိုးထည်ဆိုင်တစ်ဆိုင်ကို ဝင်ပြန်၏။ ရွှေတောင်လုံချည် မန်းကျည်းစေ့အကွက် အညိုရောင်တစ်ထည်ကို ခြင်းတောင်းထဲထည့်၏။



သူ့ကောင်မလေးက အချက်ရှာ၍ ထွက်မည်ပြု၏။ သတ္တိကောင်းသော ကျွန်မသည် တစ်ခါမှ စကားမပြောဖူးသော အဖေ့အရွယ် ကြောက်မက်ဖွယ် ယောကျာ်းကြီးဖြစ်သော ဆိုင်ရှင်ကို ဝင်၍ တည်တည်ကြီးပြော၏။

"ရှင့်ဆိုင်မှာ ခါးပိုက်နှိုက်ဝင်နေတယ် သိရဲ့လား၊ ဟောဒီခြင်းတောင်းထဲမှာ ကြည့်စမ်း"

ကျွန်မသည် ခါးထောက်၍နေဆဲ၊ ထိုမိန်းမထံမှာ သူတို့ရှာကြလျှင် ပစ္စည်းကို တွေ့လေရာ ဝိုင်းရိုက်နက်ကြသည်ကို ကျွန်မ မကြည့်ရက်သည်နှင့် ပြန်လာခဲ့လေ၏။

ဒါကို အစ်မဖြစ်သူအား ပြောပြလျှင် သူက ရယ်ဟဟဖြင့် "ငါမယုံပေါင်၊ နင် ဖြီးတာ၊ နင်ဘယ်တုန်းက ဈေးအောက်ကိုသွားလို့လဲ"ဟု ပြောလေသည်။

ကျွန်မသည် မျက်စိမှိတ်၍ "ဟင်း– သွားလွန်းလို့၊ ခုန ငါအိမ်သာဘက်ကို သွားတယ်မဟုတ်လား၊ အဲဒါဈေးအောက်ထပ်ကိုသွားတာ"

အစ်မက နည်းနည်းယုံလာ၏။

"အဟုတ်လား"

"အဟုတ်ပေါ့၊ အမေ့မေးကြည့်ပါလား (ဒါကတော့ ကျွန်မ၏အမှားပင်။ အမေက သားငါးဈေးဘက်သို့သွားနေသည်။ သို့သော် သက်သေထူမှ ယုံတော့မည်မို့ ဇွတ်နှစ်လိုက်ရခြင်းပင်) အမေလဲမြင်တာပဲ"

"အေး အမေလာရင် ငါမေးကြည့်မယ်"

"မေးလေ"

အစ်မသည် ယုံသွားကာ ကျွန်မကို အသေးစိတ် ဆက်လက်မေးမြန်းလေရာ ထိုမိန်းမ ဘယ်လိုငိုသည့်အကြောင်း၊ နောက်မလုပ်ပါဘူးတွေနှင့် ဘယ်လိုတောင်းပန်သည့်အကြောင်း၊ သူ့ညီမလေးကလည်း နောင်တရပြီဖြစ်သည့်အကြောင်းတွေပါ ကျွန်မက ပြောပြရပါသည်။

ပြီးတော့ ဒီအကြောင်းကို ကျွန်မ မေ့သွားသည်။ သို့သော် အစ်မက မမေ့နိုင်ချေ။ အမေပြန်လာလျှင် ဆီးမေးလေရာ အမေကလည်း စိတ်တိုတိုမို့ သူသာ အအော်အငေါက်ခံရပြီး အရှုးဖြစ်လေရာ ဒေါသသံတရှူးရှူးထွက်ပြီး အဖေ့ သွားတိုင်လေ၏။

ကျွန်မကို အဖေ အကြီးအကျယ်ဆူတာ မှတ်မိ၏။ အရိုက်ခံရသေးသလား မသိ။ သို့သော် အဖေက ကျွန်မ သည်လိုလိမ်ပြောနေလျှင် အမှန်ပြောသည့်အခါမှာတောင် ဘယ်သူကမှ ယုံတော့မည်မဟုတ်ဟု ပြောပါသည်။

ကျွန်မသည် အလွန်ရှက်ကြောက်စွာ သူတို့ကွယ်ရာသို့သွား၍ ငိုကြွေးပါသည်။

၁၀ နှစ်ရွယ်၏ နုနယ်သောနှလုံးသားလည်း နာကျင်လှပါသည်။ ငါဘယ်တော့မှ မလိမ်တော့။

ငါဟာ ဖြီးတတ်တယ်၊ ငါဟာ လူယုတ်မာ၊ မုန်းစရာကောင်းသည်။ စကားထဲ အဖြီးမပါအောင် စကားလုံးလုံး မပြောဘဲနေမှ ဖြစ်တော့မည်။

ပြီးတော့ ဘုရားတစ်ဆူလို ကိုးကွယ်ထားသော အစ်ကို့စကားများကို ဒိုင်ယာရီထဲတွင် ရေးထည့်၏။

"စကားနည်းခြင်းသည် မြတ်သောအကျင့်ဖြစ်၏။ မြတ်သောအကျင့်သည် စခက်၏။

*

ဖြုန်းခနဲ စကားတိတ်သွားပြီး တစ်ယောက်တည်းနေလေ့ရှိသော ကလေးကို အိမ်သားများသည် သတိပြုမိပေသည်။

တယ်ပြီး သိသိမှတ်မှတ်မရှိလှချေ။ အပျိုဖြစ်လာသော အစ်မလည်း ဝတ်ဖို့စားဖို့နဲ့ မအားအောင် ရှိလေ၏။

အစ်ကိုကလည်း အသက်ချင်းကွာလှရုံမက အိမ်မှာကပ်သည်လို့လည်း မရှိလှ။ ကျွန်မသည် အဝတ်ဗီရိုခေါင်မိုးပေါ်ရှိ ဖုန်များထုတက်နေသော မဂ္ဂဇင်းအဟောင်းများကို ချဖတ်သည်။

အိမ်နီးချင်း ဦးဖိုမောင်၏သမီး မယဉ်မင်းကို ဝတ္ထုငှယ်ပေးရင်း လိုက်ဖတ်သည်။

စာအုပ်ဆိုင်များနှင့် သိကျွမ်းကာ ဆိုင်၌မရောင်းရတော့သော ဒဂုန်မဂ္ဂဇင်းအဟောင်းအမြင်းများကို မတ်တတ်ရပ်၍ ဖတ်သည်။

ကျောင်းက အချစ်ဆုံးသူငယ်ချင်း မခင်တင့်နှင့် မာရီမြမြတို့နှင့်လည်း ခါတိုင်းလို ပျော်ပျော်နေလို့မရတော့။ စကားပြောလို့ မကောင်းတော့ချေ။

ကျွန်မသည် စိတ်ကြိုက် သူငယ်ချင်းကောင်းတစ်ယောက် လိုချင်တမ်းတလှတာကို မှတ်မိပါ၏။

ဆိုင်နီးချင်း သူငယ်ချင်း မမအမည်ရှိ ကလေးမလေးကိုလည်း အားမကိုးရလှချေ။ သူနှင့် ကျောင်းအတူ ခဏနေဖူး၏။ သူ့၌ အေးအတူ ပူအမျှစိတ် မရှိခဲ့ချေ။



ကျွန်မ စာအမြဲပြပေးနေကျဖြစ်ပေသည့် ကျွန်မ မတတ်သည့်စာကို သူတတ်လျှင် စိတ်ထဲ ဝှက်ထားတတ်၏။

ကလေးငယ်ပေမယ့် ကျွန်မကို ပြိုင်ဆိုင်စိတ်လည်း ထားတတ်၏။ လောကအရာ၌ ကျွန်မထက် များစွာလည်ပတ်လှ၏။

အဲဒီအချိန်မှာ ကျွန်မသည် ရီရီမြင့်အကြောင်း စတင်ပြောမိလေသည်။

ရီရီမြင့်ကို ကျွန်မ အင်မတန်ချစ်သည်။ ရီရီမြင့်၌ ကျွန်မမှာမရှိသော အရည်အချင်းတွေ အကုန်ရှိသည်။

သူ့အမေအဖေသည် ကျွန်မအမေအဖေလို အိုမင်း၍ ရေးဆန်သူများမဟုတ်။

ပျိုရွယ်၍ သားသမီးနှင့် သူငယ်ချင်းလို နေတတ်၏။ ရန်လည်း ဖြစ်လေ့မရှိကြ။

ရီရီမြင့်သည် ကျွန်မထားချင်သော ဆံပင်ပုံစံမျိုးထားလျက်ရှိပြီး ကျွန်မပြောတတ်ချင်သော အင်္ဂလိပ်စကားကို သွက်သွက်ကြီး ပြောတတ်၏။

ကျွန်မလို ဖြူစပ်စပ် ဖာရစီကုလားမဆင်ရုပ်လည်းမဟုတ်၊ အသားညိုညက်နှင့် မြန်မာချော ချောသေး၏။

သူ့အစ်မနှင့် အစ်ကိုတွေကလည်း ရွယ်တူတွေမို့ သူငယ်ချင်းလို့ ရောနှောရင်းနှီးကြ၏။

ရီရီမြင့်သည် ကျွန်မကို အချစ်ဆုံးလည်းဖြစ်ပေသည်။ ထို့ကြောင့် အမေ့ကို ကျွန်မမပြောဝံ့သော အနာများ၊ ဆီးသီးစား၍ ဝမ်းသွားတာများပါ သူ့ကို ပြဝံ့ ပြောဝံ့လေ့ရှိသည်။

ရီရီမြင့်အကြောင်း ပြောပါများသော် ကျွန်မ၏အစ်မပင် စိတ်ဝင်စားလာလေ၏။

"ဟဲ့– နင့်ရီရီမြင့်က ဘယ်မှာနေသလဲ"

"သူ သော်မဆင်ရိပ်သာမှာနေတာ ဆရာရဲ့၊ တိုလို့တရုတ်တန်းနေတာ မဟုတ်ဘူး၊ သူတို့က ပိုက်ဆံ တို့လောက်မရှိပေမယ့် သိပ်ခေတ်ဆန်တာပဲ၊ အမေတို့လို စိန်တွေသီးနေအောင် မဝတ်ဘူး၊ ကားဝယ်စီးတယ်၊ စန္ဒရားဝယ်တီးတယ်၊ သိလား"

"အိမ်တစ်ခေါက်လောက် ခေါ်ခဲ့ပါလား"

"တစ်ခါတော့ ရအောင်ခေါ်ဦးမယ်"

ကျောင်းမှာဆိုလျှင် ရီရီမြင့်သည် စာတော်လှ၏။ ကျွန်မရနေကျ ပထမနေရာကို နှစ်ယောက်ခွဲယူရ၏။

ကျွန်မ သူ့ကို တကယ်ကြည်ဖြူလှ၏။ မုန့်စားဆင်းချိန်မှာတော့ ကျွန်မသည် ဆရာ၏မုန့်နှင့် ကော်ဖီကို ပြင်ပေးချင်လှပေမယ့် မဝံ့မရဲမို့ အနားမကပ်ဝံ့။

ရီရီမြင့်က ဆရာမအချစ်တော်ပင်။ ဆရာမပင် သူ့ကို ပြောင်းဖူးပြုတ်လည်း ဝယ်ခိုင်းတတ်၏။

ဆန်ခေါက်ဆွဲလည်း ဝယ်ခိုင်းတတ်၏။

ပြီးတော့ ဆရာမသောက်ပြီးသော ကော်ဖီပန်းကန်၊ မုန့်ပန်းကန်များကို မျက်နှာထား ဝင့်ဝင့်နှင့် ရေဘုံဘိုင်မှာ သွားဆေးခွင့်ရသည်။ ကျွန်မကမူ အားကျရုံပင်။

ရီရီမြင့်၏ ပုံပြင်များသည် တဖြည်းဖြည်း စိတ်ဝင်စားဖွယ်ကောင်းလာသည်။

ရီရီမြင့်တို့ အိမ်သားများသည် ကျောင်းပိတ်ရက် ၄-၅ ရက်ရလျှင် ပြည်၊ မန္တလေး၊ မော်လမြိုင် စသည်တို့ကို လည်မြဲ။

ဒီဇင်ဘာလကျောင်းပိတ်လျှင် ကျိုက်ထီးရိုးသွားမြဲ။

နွေကျောင်းပိတ်လျှင် ပြင်ဦးလွင်၊ ကလော၊ တောင်ကြီးသို့ တက်မြဲ။

ပြီးတော့ ခရစ်စမတ်မှာ ဧည့်ခံ၏။ မွေးနေ့ပွဲတွေ ကျင်းပ၏။

ရီရီမြင့်သည် ဘယ်တော့မှ မာနမကြီး၊ ကျွန်မနှင့် ကျောင်းမှာ သီချင်းအတူ ထိုင်ဆိုမြဲ။

ဟာမင်မီရန်ဒါ၏ အိုင်ယိုင်ယိုင်သီချင်းကို အင်မတန် ဆိုတတ်သည်။

ရီရီမြင့်က ကျွန်မ၏လက်ကို ဆုပ်ကိုင်စကားပြောတတ်၏။ ပုခုံးပုတ်၊ ပါးတို့လည်း ပြောတတ်၏။

ကျွန်မကို ချစ်လွန်းလို့ ဖက်ပြီးလည်း ထားတတ်၏။

ပြီးတော့ ကျွန်မဝါသနာမပါသော အပ်ချုပ်ချိန်၊ သိုးမွေးထိုးချိန်မှာ သူက ချည်းပဲ ဒိုင်ခံ၍ ချုပ်ပေး ထိုးပေးတတ်သည်။

သူ့လက်မှာ ကျွန်မလို ချွေးမထွက်ချေ။

"ရီရီမြင့်ကလေ အဆိုအကလဲ သိပ်ကောင်းတာပဲ၊ ကျောင်းကြီးပိတ်ခါနီးကျရင် ကွန်စတ်(ကပွဲ)လုပ်မယ် မဟုတ်လား၊ သူက တစ်ပင်တိုင်လဲကမယ်၊ မေရှင့်သီချင်းတွေလဲ ဆိုမယ်"

(ထိုကပွဲတွင် ကျွန်မ အင်မတန်သီချင်းဆိုချင်၏။ သို့သော် ဆရာက ဆိုခိုင်းသည်ကို ရှက်နေသည်နှင့် မဆိုဘဲနေရာ အရွေးမခံရတော့ချေ။ ကျွန်မနှင့် လမိုင်းမကပ်လှသော ခြေကတစ်ခန်းမှာ ပါမိလျက်သား ဖြစ်ရလေသည်။ ဒါကို နောင်တရလို့မဆုံးခဲ့တာ မှတ်မိပါ၏။)



ကျွန်မ၏အစ်မသည် ရီရီမြင့်ကို ကျောင်းမှာ ရှာလေ့ရှိလာသည်။ သူက ၈ တန်းသူဖြစ်၍ ကျောင်းသူကြီးများနှင့်သာ အပေါ်ထပ်မှာနေ၍ ၂ တန်းရောက်သေးသော ကျွန်မနှင့် ကျောင်းမှာ မုန့်စားဆင်းချိန်မှာတောင် မတွေ့လှ။

ကျွန်မနှင့်တွဲနေသော မခင်တင့်နှင့် မာရီမြမြတို့ကိုတော့ သူသိပြီးသားပင်။

ကျွန်မနှင့် မကွဲမကွာရှိသည်ဆိုသော ရီရီမြင့်ကိုမူ သူ ဘယ်တော့မှ ရှာလို့မတွေ့နိုင်ချေ။ အိမ်ကျလျှင်သာ ရီရီမြင့်အကြောင်း ကျွန်မ မပြတ်ပြော၏။

"ရီရီမြင့်ကလေ နင်တို့အတန်းမှာသင်နေတဲ့ ရှိတ်စပီးယားစကားပြေပုံပြင်တွေကို အကုန်ဖတ်ပြီးသားတဲ့ ဆရာ၊ ယျူလေးလုံးပုံပြင်စာတန်းဆို ၆ ခေါက်ရှိပြီ။ သူရဲကောင်း ၃ ယောက်ဆိုရင် ၃၃ ခေါက်တောင် ဖတ်ပြီးသားတဲ့"

တကယ်တော့ ကျွန်မသာ ရှိတ်စပီးယားပုံပြင်များကို ကျောင်းစာကြည့်တိုက်မှ ငှားဖတ်ခြင်းဖြစ်ကာ ယျူလေးလုံး ပုံပြင်စာတမ်းနှင့် သူရဲကောင်း ၃ ယောက်တို့ကို အစ်မ၏ လွယ်အိတ်ထဲမှထုတ်၍ အထပ်ထပ်ရေတွက်၍ ဖတ်နေခြင်းပေတည်း။

ရီရီမြင့်အကြောင်း ပြောရသည်မှာ မြိန်လှသည်။ ကျွန်မ နှစ်သက်စွာလုပ်သောကိစ္စ၊ ကျွန်မလုပ်ချင်သော၊ ဖြစ်ချင်သော ကိစ္စများကို ပြောရခြင်းပင်။

ကျွန်မနှင့် ရီရီမြင့်သည် ရုပ်ချင်းကွာပေမယ့် ထွေးလုံးရောယှက်ကာ ခွဲပြောလို့မရဘဲရှိသည်ကို ဘယ်သူမှမသိချေ။

ကျွန်မ နှစ်တန်းဖြေခါနီးမှာ စစ်ဖြစ်ပြီး တောမြို့သို့ ထွက်ပြေးရပါသည်။

တောမြို့မှာ ရွယ်တူများစွာနှင့် ပေါင်းရ၏။

အာရှအသင်းတွေ ဝင်ရ၏။

ဂျပန်ကျောင်းပင် နှစ်ရက်တိတိ တက်လိုက်သေး၏။

ပြီးတော့ ကုလားဆရာကြီးတစ်ယောက်နှင့် အင်္ဂလိပ်စာ သင်ရလေသည်။

အစ်ကိုစုထားသော အင်္ဂလိပ်စာအုပ်များကို ဖတ်တတ်လာသည်။ ဆရာကြီးရှာပေးသော စာအုပ်များကို အလွတ်ရလာသည်။

ရွှေရတနာစုအမည်ရှိ အင်္ဂလိပ်ကဗျာတစ်အုပ်လုံးရမတတ် ကျက်သည်။

ရီရီမြင့်အကြောင်း မပြောတော့ချေ။

ရီရီလှဆိုသော မိန်းကလေးတစ်ယောက်နှင့် တွေ့သေးသည်။

နာမည်နှင့် ရုပ်ချင်းဆင်ဆင်မို့ နှစ်လိုမိသေးသည်ပင်။

*

ဒါကတော့ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ကိစ္စပေတည်း။

အနှစ်နှစ်ဆယ်မှာ အမှုနှစ်ရာမက တွေ့ရကာ တစ်သက်တာမျှ ကြာခဲ့သလို တကယ်တော့ ဘဝများစွာ ပြောင်းခဲ့သလိုပင် ထင်ရသည်။

ရီရီမြင့်ဆိုသော နာမည်ကို ဖတ်မိလျှင်တောင် တစ်ခါက စွဲလမ်းခဲ့ရသူကလေးအမည်ပါလားရယ်လို့ သတိမပြုမိချေ။

ဟိုတစ်နေ့ကတော့ အစ်မဖြစ်သူသည် အိမ်လာလည်၏။

ကျွန်မတို့ညီအစ်မတွေ ထွေရာလေးပါး ပြောကြသည်။

ဘယ်လိုကနေ ဆက်သွယ်မိသည်မသိ၊ အစ်မက ဖြုန်းခနဲ မေးသည်မှာ-

"ဟော့ နင့်သူငယ်ချင်း ရီရီမြင့်တစ်ယောက်ကော တစ်ခါမှ ပြန်မတွေ့ဘူးလား"

ကျွန်မသည် ရုတ်တရက် တွေဝေသွားသည် အဓိပ္ပာယ်ကောင်းကောင်းနားမလည်ချေ။ ပြီးတော့ အနည်းငယ်ဝမ်းနည်းလာပြီး ရယ်လည်းရယ်ချင်လှလေသည်။

ကျွန်မရဲ့ ယုံကြည်ရသော သူငယ်ချင်းကောင်း ရီရီမြင့်သည် ဘယ်တုန်းကမှ မရှိခဲ့သည်ကို ကျွန်မ မပြောရက်ပါ။

ကျွန်မရဲ့ ရီရီမြင့်ကို အစ်မဖြစ်သူက နှစ်လိုစိတ်ကလေးကို ဖျက်ဆီးရမှာလည်း နမြောလှပါသည်။

ပြီးတော့ အမှန်ကိုသိသွားလျှင် တိုင်စရာအဖေလည်း သေပြီ။

ဘယ်သူတိုင်မည်ကိုမှ ကျွန်မလည်း မကြောက်ပြီဖြစ်ပေမယ့် ကျွန်မကို ငယ်ငယ်က ဖြီးခဲ့သည့်ကိစ္စတို့ သာမန်မျှထင်မှာ နားမလည်မှာတော့ ကြောက်တာအမှန်ပင်။ ကျွန်မ၏အစ်မက ရိုးလှသည်။ ကျွန်မလို နားလည်လှသည်မဟုတ်။

"တစ်ခါမှ မတွေ့တော့ဘူးကွာ" ဟုသာ အမှန်ဆုံးသစ္စာစကားဖြင့် အစ်မဖြစ်သူကို ပြောပြမြဲ၊ ရီရီမြင့်ပုံပြင်ကို နိဂုံးချုပ်လိုက်ရလေ၏။

(ရှုမဝ၊ ၁၉၆၃ ခု၊ မတ်လ၊ အမှတ် ၁၉၀)